**Supernatural**

သမ္မာကျမ်းစာမှ သွန်သင်ထားသည့် မမြင်နိုင်သော လောကအကြောင်းနှင့် - အဘယ်ကြောင့် အရေးပါပုံ။

Michael S. Heiser

ဘာသာပြန်သူ John Biak Thawng Lian

သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော (**Supernatural)**

မူပိုင်ခွင့် © ၂၀၁၅၊ Michael S. Heiser

Supernatural **Burmese** translation

© ၂၀၁၇၊ Miqlat

ဤဘာသာပြန်ဆိုချက်ထဲတွင် ပါဝင်သည့်အကြောင်းအရာများအားလုံးကို ပြန်လည်ကူးယူပြီး စာရေးသူနှင့် မူပိုင်ခွင့် ပိုင်ဆိုင်ထားသူ၏ ခွင့်ပြုချက်ဖြင့် မည်သည့်ပုံစံဖြင့်မဆို ဖြန့်ဝေနိုင်ပါသည်။ ဤခွင့်ပြုချက်သည် Miqlat. Org မှ ထုတ်ဝေသည့် ဘာသာပြန်ချက်နှင့်သာလျှင် သက်ဆိုင်မှုရှိပါသည်။ Miqlat. Org သည် United States 501 (c) (3) အမြတ်အစွန်းအတွက်မရည်ရွယ်သော အဖွဲ့အစည်း တစ်ခု ဖြစ်ပါသည်။ သို့ဖြစ်၍၊ ဤ ခွင့်ပြုချက်သည် Lexham Press. ISBN မှ ထုတ်ဝေသည့် တူညီသော မည်သည့် ဘာသာစကားနှင့် ဘာသာပြန်ထားခြင်း သို့မဟုတ် အခြား မည်သည့် ဘာသာစကားဖြင့် ဖြစ်ပါစေ အကျုံးမဝင်ပါ။

ဘာသာပြန်သူ - John Biak Thawng Lian

ကျွန်ုပ်၏ မိခင်နှင့် ဖခင်၊ Ed နှင့် Jan Speraw

အဘယ်သူသည် ဤအရာ ပေါ်ထွက်လာမည်ဟု သိမြင်ခဲ့ပါလိမ့်မည်နည်း။

ကျွန်ုပ်တို့ သိထားသည်ဟု ကျွန်ုပ် ထင်မိပါတယ်။

၁ ရာ ၁း၁-၂၈

**မူလအရင်းမြစ်ဖြစ်သော အင်္ဂလိပ်စာ လုပ်ငန်းအား ကျေးဇူးတင်လွှာ**

**သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော** စာအုပ်သည် ကျွန်ုပ်၏ စာအုပ်ဖြစ်သော **မမြင်နိုင်သော နိုင်ငံတော်** အပေါ်တွင် အခြေခံထားပါတယ်။ ထိုစာအုပ်နှင့်စပ်လျဉ်း၍ ကျေးဇူးတင်လွှာထဲတွင် ဖော်ပြထားသည့် စိတ်ကူးအယူအဆများသည် အတိုချုပ် ပုံစံဖြင့် ဖော်ပြထားသည်မှတပါး ဤနေရာတွင် သင့်လျော်မှုရှိပါတယ်။ ကျမ်းစာနှင့်ဆိုင်သော သီသြလောဂျီ၏ ကောင်းကင်ဘုံရှိ အတိုင်ပင်ခံအဖွဲ့ နှင့် မမြင်နိုင်သော လောကသည် ကျွန်ုပ်၏ ပညာရေးဆိုင်ရာ သက်မွေးလုပ်ငန်း၏ အဓိက အကြောင်းအရာများ ဖြစ်လာလိမ့်မည်ဟု ကျွန်ုပ် ဆုံးဖြတ်ချက်ချပြီး မကြာခင်၌ ဖွဲ့စည်းတည်ထောင်ခဲ့သည့် အွန်လိုင်း ဆွေးနွေးခြင်း အဖွဲ့သည် ကျေးဇူးတင်စကားနှင့် ထိုက်သင့်ပါတယ်။ အံ့သြစရာ မရှိပါဘူး၊ ကျွန်ုပ်သည် ၎င်းကို ကောင်းကင်ဘုံရှိ အတိုင်ပင်ခံ လေ့လာခြင်း အဖွဲ့ (The Divine Council Study Group) ဟု ခေါ်ဆိုခဲ့ပါတယ်။ DCSG သည် ကျွန်ုပ်၏ ဒေါက်တာဘွဲ့ကို ရယူခဲ့ပြီးနောက် ၂၀၀၄ ခုနှစ်တွင် အဖွဲ့ကွဲသွားခဲ့ပါတယ်။ ထို့နောက် ကျွန်ုပ်ဟာ Logos Bible Software မှာ စတင်အလုပ်ဝင်ရောက် လုပ်ကိုင်ခဲ့ပါတယ်။ သို့ရာတွင် လေ့ကျင့်ခန်းသည် ကျွန်ုပ်အား စာအုပ် နှစ်ခုစလုံးကို ရေးသားဖို့ ပြင်ဆင်ရာတွင် အထောက်အကူပြုခဲ့ပါတယ်။

**မမြင်နိုင်သော နိုင်ငံတော်** သည် ကျွန်ုပ်၏ ဝက်ဆိုက် အတွင်းပါဝင်သည့်အရာနှင့် ကျွန်ုပ်ရဲ့ ဝတ္ထုဇာတ်လမ်း၊ The Façade ကို စိတ်ဝင်စားမှုရှိသော ထောက်ခံအားပေးသူများအတွက် ကျွန်ုပ် ထုတ်ဝေခဲ့သည့် The Myth That Is True (စစ်မှန်သည့် ဒဏ္ဍာရီ) စာမူ တစ်ခု အနေဖြင့် အစပြုခဲ့ပါတယ်။ ထိုအကြောင်းအရာ အများစုသည် ပထမဦးစွာ သတင်းလွှာ တစ်ခုတွင် ဖော်ပြခဲ့ပြီး၊ နောက်ပိုင်းတွင် ဘလော့ တစ်ခု၌ လစဉ်လတိုင်း မိမိကိုယ်ကို တစ်စုံတစ်ခုအား ထုတ်ဝေရာတွင် တာဝန်ရှိစေရန် စိတ်ကူးအကြံစည်၌ ပါလာခဲ့ပါတယ်။ "ဒဏ္ဍာရီ စာအုပ်" ဟု ခေါ်တွင်လာခဲ့သည့် ပထမ မူကြမ်း အပြည့်အစုံကို ၂၀၁၂ တွင် ပြီးဆုံးခဲ့ပါတယ်။ စာမူကြမ်းသည် စာဖတ်သူများရဲ့ တုံ့ပြန်မှု၏ အကူအညီဖြင့် တိုးတက်ကောင်းမွန်လာခဲ့ပါတယ်။ တိကျသော ပံ့ပိုးကူညီသူများကို မမြင်နိုင်သော လောက၏ ကျေးဇူးတင်လွှာထဲတွင် စာရင်းပြုစုပေးထားပါတယ်။

သို့ဖြစ်၍ **မမြင်နိုင်သော လောကနှင့် သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော** ၏ ထုတ်ဝေဖြန့်ချိခြင်းရဲ့ နောက်ကွယ်မှ အဓိကကျသော တွန်းအားများသည် Faithlife Corporation/ Logos Bible Software တွင်ရှိသော Bob Pritchett, Dale Pritchett နှင့် Bill Nienhuis အလုပ်အမှုဆောင် သုံးဦးတို့ ဖြစ်ပါတယ်။ သူတို့သည် ကျွန်ုပ်၏ စာမူကို ပို၍မြင့်မားသော နောက်အဆင့်သို့ ယူဆောင်သွားရာတွင် အောင်မြင်မှုရရှိရုံသာမကဘဲ၊ သူတို့သည် ၎င်းတွင် ပါဝင်သည့်အရာများ၏ တိုတောင်းသော ဗာရှင်း တစ်ခုအတွက် လိုအပ်ချက်ကိုလည်း ကြိုမြင်ခဲ့ကြပါတယ်။ ထို့ကြောင့် **သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော** ၎င်းတို့ ရူပါရုံ၏ အကျိုးရလဒ် တစ်ခု ဖြစ်ပါတယ်။ **မမြင်နိုင်သော လောက**

စာအုပ်ကို **တည်းဖြတ်ပေးခဲ့သော** ကျွန်ုပ်၏ အဲဒီတာ Dave Lambert သည် **သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော** စာအုပ်ကိုလည်း တည်းဖြတ်ပေးခဲ့ပါတယ်။ သူရဲ့ကျွမ်းကျင်မှုနှင့် အတွေ့အကြုံ၏ အကျိုးကျေးဇူးကို စာမျက်နှာ တစ်ခုစီတိုင်းတွင် တွေ့မြင်နိုင်ပါသည်။ ခရစ်ယာန်တိုင်းက ပါဝင်သည့် အရာကို နားလည်သဘောပေါက်စေနိုင်ရန် သူက ကျွန်တော့်ကို အဆင့် တစ်ခု၌ စာရေးသားခြင်း ပေါ်တွင် အာရုံစူးစိုက်စေခဲ့ပါတယ်။ နောက်ဆုံးတွင်၊ ကျွန်ုပ်သည် ကျွန်ုပ်၏ ဇနီးသည် Drenna ကို ကျေးဇူးတင်ပါသည်။ ကျွန်ုပ် လုပ်ဆောင်သည့်အရာတိုင်းကို ဖြစ်မြောက်လာစေရန် သူမက ပြုလုပ်ပေးပါသည်။

## ဤ ဘာသာပြန်ဆိုခြင်းအတွက် ကျေးဇူးတင်လွှာ

Miqlat. Org ၏ အလှူရှင်များကို ကျွန်ုပ် ကျေးဇူးတင်စကား ပြောကြားချင်ပါသည်။ သင်တို့၏ ပေးကမ်းစွန့်ကြဲခြင်း မရှိပါက၊ ဤ ဘာသာပြန်ဆိုခြင်း အစီအစဉ်သည် ဖြစ်မြောက်ခဲ့လိမ့်မည် မဟုတ်ပါ။

## မာတိကာ


**အခန်း တစ်** - သမ္မာကျမ်းစာကို ယုံကြည်ခြင်း

**အခန်း နှစ်** - မမြင်နိုင်သော နိုင်ငံတော် - ဘုရားသခင်နှင့် မကောင်းသော သဘာဝလွန် အုပ်စိုးသူများ

**အခန်း သုံး** - ယခင်နှင့် အနာဂတ် ရှင်ဘုရင်များ

**အခန်း လေး** - ကောင်းကင်နှင့်သက်ဆိုင်သော ဆန့်ကျင်ပုန်ကန်မှုများ

**အခန်း ငါး** - သဘာဝလွန် ပထဝီဝင်

**အခန်း ခြောက်** - နတ်ကပတ်တော်၊ အမည်နာမ နှင့် ကောင်းကင်တမန်

**အခန်း ခုနစ်** - စစ်ပွဲ၏ စည်းမျဉ်းများ

**အခန်း ရှစ်** - အထွတ်အမြတ်ထားသော နေရာ

**အခန်း ကိုး** - သန့်ရှင်းသော စစ်ပွဲ

**အခန်း  တစ်ဆယ်** - ရိုးစင်းသော မြင်ကွင်း၌ ဖုံးကွယ်ထားခြင်း

**အခန်း  တစ်ဆယ့်တစ်** - သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော ရည်ရွယ်ချက်

**အခန်း  တစ်ဆယ့်နှစ်** - မိုးတိမ်များကို စီးသောသူ

**အခန်း  တစ်ဆယ့်သုံး** - ကြီးမားသော ကပြောင်းကပြန်ဖြစ်စေခြင်း

**အခန်း  တစ်ဆယ့်လေး** - ဤလောကနှင့်မစပ်ဆိုင်ပါ

**အခန်း  တစ်ဆယ့်ငါး** - ဘုရားသခင်၏ သဘောသဘာဝနှင့် သဟာဇာတဖြစ်သောသူများ

**အခန်း  တစ်ဆယ့်ခြောက်** - ကောင်းကင်တမန်များအား အုပ်စိုးခြင်း

နိဂုံး

အပြစ်မှလွှတ်ခြင်းအတွက် ဆုတောင်းခြင်း

# အခန်း တစ်

## သမ္မာကျမ်းစာကို ယုံကြည်ခြင်း

သမ္မာကျမ်းစာက ပြောဆိုထားသောအရာတို့ကို သင် အမှန်တကယ် ယုံကြည်မှုရှိပါသလား။

ထိုအရာသည် ထိုအရာသည် အများအားဖြင့် ခရစ်ယာန်များ ဖတ်ရမည့် စာအုပ်တစ်အုပ်တွင် တစ်မူထူးခြားသော မေးခွန်း တစ်ခုနှင့် တူနေပါသည်။ သို့ရာတွင် တစ်မူထူးခြားသော မေးခွန်း တစ်ခု ဖြစ်သည်ဟု ကျွန်ုပ် မထင်ပါ။ သမ္မာကျမ်းစာတွင် အလွန် ထူးဆန်းသော အချို့အရာများ ပါဝင်ပါသည်။ အထူးသဖြင့် မျက်မှောက်ခေတ် ကာလတွင်၊ လက်ခံရန် ခက်ခဲသောအရာများ ဖြစ်ပါတယ်။

ကျွန်ုပ်သည် ဘုရားသခင်က လူ့ဇာတိကိုခံယူ၍ ဤလောက၌ နေထိုင်ကာ ယေရှုဟူသော အမည်ကို ခံယူပြီး လက်ဝါးကပ်တိုင်ပေါ်၌ အသေခံခဲ့ကာ သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့သည်ဟူသော ကြီးမားသော သဘာဝလွန်ဖြစ်ရပ်နှင့်သက်ဆိုင်သည့် သွန်သင်မှုများအား ရည်ညွှန်းပြောဆိုနေခြင်း မဟုတ်ပါ။ ကျွန်ုပ်သည် ဘုရားသခင်က ဣသရေလလူမျိုးတို့ကို ပင်လယ်ကိုဖြတ်၍ သူတို့အတွက် ခြောက်သွေ့သော လမ်းတစ်ခုကို ဖန်တီးပေးခြင်းအားဖြင့် အီဂျစ်ပြည်မှ ကယ်တင်ခဲ့သည့် အချိန်ဖြစ်သည့် ထွက်မြောက်ရာကဲ့သို့သော အံ့ဘွယ်နိမိတ်လက္ခဏာ ပုံပြင်များကိုပင် တွေးတောနေသည်မဟုတ်ပါ။ သူတို့သည် ထိုအရာများကို ယုံကြည်ကြပါတယ်ဟု ခရစ်ယာန်အများစုက ပြောဆိုကြပါလိမ့်မည်။ အကယ်၍ သင်သည် ဘုရားသခင်နှင့် ယေရှုကို မယုံကြည်ပါက၊ သို့မဟုတ် သူတို့သည် အံ့သြဘွယ်ရာ နိမိတ်လက္ခဏာများကို လုပ်ဆောင်နိုင်သည်ဟု ယုံကြည်မှုမရှိပါက၊ သင်သည် ခရစ်ယာန် တစ်ဦးဖြစ်သည်ဟု အဘယ်သို့ သင် ပြောဆိုနိုင်ပါမည်နည်း။

၎င်းအစား၊ ကျွန်ုပ်သည် သမ္မာကျမ်းစာထဲရှိ ကောင်းစွာ လူသိမများသော သဘာဝလွန်ဖြစ်ရပ်နှင့် သက်ဆိုင်သည့် သွန်သင်မှုများကို ရည်ညွှန်းပြောဆိုနေခြင်းဖြစ်ပါတယ်။ ဤအရာများသည် အသင်းတော်အတွင်း၌ သွန်သင်မှု ရှားပါးသည့် သမ္မာကျမ်းစာထဲမှ အစိတ်အပိုင်းများ ဖြစ်ပါတယ်။

ဥပမာ တစ်ခုရှိပါတယ်။ ၃ ရာ ၂၂ တွင်၊ အာဟပ် အမည်ရှိသည့် ကောက်ကျစ်သော ဣသရေလလူမျိုး ရှင်ဘုရင်တစ်ပါး၏ ပုံပြင်အကြောင်းအရာ တစ်ခု ရှိပါတယ်။ သူသည် သူ၏ စစ်တပ်ကို ယုဒလူမျိုး ရှင်ဘုရင်၏ စစ်တပ်နှင့် ပူးပေါင်းကာ အတူတကွဂိလဒ်ပြည်၊ ရာမုတ်မြို့ဟု ခေါ်တွင်သည့် နေရာ တစ်ခု၌ ရန်သူကို စစ်ချီချင်ခဲ့ပါတယ်။ ယုဒလူမျိုး ရှင်ဘုရင်သည် ရှေ့ရေးကို သိချင်ခဲ့ပါတယ်။ ထိုမြို့ကို စစ်ချီပါက မည်သည့်အရာ ဖြစ်လာမည်ကို သူက သိချင်ခဲ့ပါတယ်။ ထို့ကြောင့် ရှင်ဘုရင် နှစ်ပါးသည် အာဟပ်၏ ပရောဖက်တို့အား ၎င်းတို့၏ ကံကြမ္မာကို ပြောကြားရန် စေခိုင်း

ခဲ့ပါတယ်။ ပရောဖက်အားလုံးက မင်းများအတွက် တိုက်ပွဲတွင် အောင်မြင်မှုရရှိလိမ့်မည်ဟု လျှောက်ခဲ့ကြပါတယ်။ သို့ရာတွင် ထိုပရောဖက်များသည် အာဟပ်မင်း ကြားချင်ခဲ့သော အရာကို သာ ပြောကြားခဲ့ခြင်းဖြစ်ပြီး၊ ဘုရင်နှစ်ပါးစလုံးကလည်း ၎င်းအရာကို သိရှိခဲ့ကြပါတယ်။ ထို့ကြောင့်၊ သူတို့သည် မိက္ခာ အမည်ရှိ၊ ဘုရားသခင်၏ ပရောဖက်ကို မေးမြန်းရန် ဆုံးဖြတ်ခဲ့ကြပါတယ်။ သူပြောသော အရာသည် အာဟပ်အတွက် သတင်းကောင်း မဟုတ်ပါ -

> မိက္ခာကလည်း၊ သို့ဖြစ်၍ ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်ပါ။ ထာဝရဘုရားသည် ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသည်ကို၎င်း၊ ကောင်းကင်ဗိုလ်ခြေ အပေါင်းတို့သည် လက်ျာတော်ဘက်၊ လက်ဝဲတော်ဘက်၌ ရပ်နေကြသည်ကို၎င်း ငါမြင်ပြီ။ ထာဝရဘုရားကလည်း၊ အာဟပ်သည် ဂိလဒ်ပြည်၊ ရာမုတ်မြို့သို့ စစ်ချီ၍ ဆုံးစေခြင်းငှါ ဘယ်သူသွေးဆောင်မည်နည်းဟု မေးတော်မူလျှင်၊ အခြံအရံတော်တို့သည် တစ်ယောက် တစ်နည်းစီ ပြန်လျှောက်ကြ၏။ တစ်ဖန် ဝိညာဉ်တစ်ပါးသည် လာ၍ ထာဝရဘုရားရှေ့တော်၌ ရပ်လျက်၊ အကျွန်ုပ် သွေးဆောင်ပါမည်ဟု လျှောက်လျှင်၊ ထာဝရ ဘုရားက အဘယ်သို့ သွေးဆောင်မည်နည်းဟု မေးတော်မူသော်၊ အကျွန်ုပ်သွား၍ ထိုမင်းကြီး၏ ပရောဖက်အပေါင်းတို့ထဲမှာ မုသာစကားကို ပြောတတ်သောစိတ်ဝိညာဉ်ဖြစ်ပါမည်ဟု ပြန်လျှောက်သော်၊ သင်သည် သွေးဆောင်၍ နိုင်လိမ့်မည်။ ထိုသို့သွား၍ ပြုလော့ဟု မိန့်တော်မူ၏။ သို့ဖြစ်၍ ထာဝရဘုရားသည် မုသာစကားကို ပြောတတ်သော စိတ်ဝိညာဉ်ကို မင်းကြီး၏ပရောဖက် အပေါင်းတို့၌ သွင်းတော်မူပြီ။ မင်းကြီး၏ အမှုမှာ အမင်္ဂလာစကားကို ပြောတော်မူပြီဟု ဟောလေ၏ (၃ ရာ ၂၂:၁၉-၂၃)။

သမ္မာကျမ်းစာက သင့်အား လက်ခံယုံကြည်စေချင်သည့်အရာကို သင် နားလည်သဘောပေါက်ခဲ့ပါသလား။ ထာဝရဘုရားသည် မြေကြီးပေါ်မှာ ဖြစ်လာမည့်အရာအား ကောင်းကင်ဗိုလ်ခြေတို့နှင့် တွေ့ဆုံ ဆွေးနွေးပြီး ဆုံးဖြတ်ခဲ့ကြပါတယ်။ ၎င်းဟာ အမှန်တကယ်ဘဲ သမ္မာကျမ်းစာရဲ့ ဆိုလိုရင်း ဖြစ်ပါသလား။ မှန်ပါတယ်။

ယုဒ ကျမ်းထဲတွင် နောက်ထပ် ဥပမာ တစ်ခု ရှိပါတယ် -

> ထိုမှတစ်ပါး၊ မိမိတို့ အခွင့်အရာကို မစောင့်၊ မိမိတို့ နေရာအရပ်ကို စွန့်ပစ်သော ကောင်းကင်တမန်တို့ကို ကြီးစွာသောနေ့၌ စစ်ကြောစီရင်ခြင်းအလို့ငှါ၊ ထာဝရ ချည်နှောင်ခြင်းအားဖြင့် မှောင်မိုက်ထဲမှာ ချုပ်ထားတော်မူ၏ (ယု ၁း၆)။

ထာဝရဘုရားသည် နာခံမှုမရှိသော ကောင်းကင်တမန် အုပ်စုတစ်စုကို မြေအောက် အကျဉ်းထောင် တစ်ခုသို့ ပို့ဆောင်ခဲ့သည်ဟု သမ္မာကျမ်းစာက ဆိုလိုထားပါသလား။ မှန်ပါတယ်။ ကျွန်

တော် ပြောခဲ့သလိုဘဲ၊ သမ္မာကျမ်းစာထဲမှာ ထူးဆန်းတဲ့အရာတွေ အများကြီးရှိနေပါတယ်၊ အထူးသဖြင့်၊ မမြင်နိုင်တဲ့၊ ဝိညာဉ်ရေးရာ လောကအကြောင်းအရာတွေဖြစ်ပါတယ်။ ကျွန်တော်ဟာ ယေရှုက လူ့ကိုယ်ခန္ဓာဖြင့် ပေါ်ထွက်လာပြီး - အသက်ရှင်၍ အသေခံခဲ့သည့် ဘုရားသခင်ဖြစ်တယ်ဆိုသော သမ္မာကျမ်းစာ၏ လူသိများသော သဘာဝလွန်ဖြစ်ရပ်အကြောင်း သွန်သင်ချက်များအား အခက်အခဲမရှိ ယုံကြည်သော ခရစ်ယာန်များစွာကို တွေ့ဆုံခဲ့ဖူးပါတယ်။ သို့ရာတွင် ရှင်ယုဒသြဝါဒစာထဲမှ ကျမ်းပိုဒ်များ သို့မဟုတ် အာဟပ် အကြောင်းအရာများသည် သူတို့ကို စိတ်မသက်မသာဖြစ်စေကြပါတယ်၊ ဒါကြောင့် သူတို့သည် ၎င်းတို့ကို မသိကျိုးကျွန်ပြုထားကြပါတယ်။ ဤအကြောင်းအရာ ဖြစ်ပေါ်လာခဲ့သော တနင်္ဂနွေနေ့တွင် ကျွန်ုပ်သည် ဘုရားကျောင်းထဲ၌ ရှိနေခဲ့ပါတယ်။ တစ်ကြိမ်တွင် ၁ ပေတရု နှင့်စပ်လျဉ်း၍ အတွဲလိုက် တရားဟောနေသော သင်းအုပ်ဆရာရှိရာ အသင်းတော် တစ်ပါးသို့ ကျွန်ုပ်နှင့် ကျွန်ုပ်၏ဇနီးသည်တို့သည် သွားရောက်ပါဝင်ခဲ့ပါတယ်။ ထိုမနက်၌ သူသည် ၁ ပေ ၃း၁၈-၂၂ အကြောင်းကို ဟောကြားဖို့ရန် ဖြစ်ပါတယ်။ သူသည် တရားဟောပလ္လင်နောက်တွင် ထရပ်လိုက်ပြီး၊ "ကျွန်တော်တို့ ဒီကျမ်းချက်တွေကို ကျော်လိုက်ကြမယ်၊ ဒီကျမ်းချက်တွေက အလွန် ထူးဆန်းလို့ပါပဲ" သူက ပြောဆိုခဲ့ပါတယ်။ ထူးဆန်းတယ်လို့ သူ ဆိုလိုတာကတော့ ထိုကျမ်းချက်များသည် သူ့ရဲ့ သီသြလောဂျီနှင့် ကိုက်ညီမှုမရှိသော သဘာဝလွန်ဖြစ်ရပ်နှင့်သက်ဆိုင်တဲ့ အသေးစိတ်အချက်အလက်များ ပါဝင်နေသောကြောင့် ဖြစ်ပါတယ်။

ထိုကျမ်း ချက်မှ ဥပမာ တစ်ခု ဖြစ်ပါတယ် -

> ခရစ်တော်သည် ကိုခန္ဓာအားဖြင့် အသေသတ်ခြင်းကိုခံ၍ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်တော်မူသည်ဖြစ်၍ ငါတို့ကို ဘုရားသခင်အထံ တော်သို့ ပို့ဆောင်ခြင်းငှါ၊ ဖြောင့်မတ်တော်မူသော သူသည် မဖြောင့်မတ်သော သူတို့အတွက် ဒုစရိုက်အပြစ်များကြောင့် တစ်ခါခံတော်မူ၏။ ထိုဝိညာဉ်တော်အားဖြင့်လည်း ကြွသွားတော်မူ၍ ယခု ထောင်ထဲမှာ လှောင်ထားသော ဝိညာဉ်တို့အား တရားဟောတော်မူ၏။ ထိုဝိညာဉ်တို့မူကား၊ ရှေးကာလ နောလေက်ထက်၌၊ နည်းသောသူတည်းဟူသော လူရှစ်ယောက်တို့ကို ရေအားဖြင့် ကယ်ဆယ်သောသင်္ဘောကို တည်လုပ်စဉ်တွင် ဘုရားသခင်၏ ခွင့်ဦးတော်သည် ဆိုင်းလင့်တော်မူ တော်မူသော်လည်း၊ နားမထောင်သော ဝိညာဉ် ဖြစ်သတည်း။ (၁ ပေ ၃း၁၈-၂၀)

ဤဝိညာဉ်များသည် မည်သူတို့ ဖြစ်ပါသလဲ။ မည်သည့်နေရာတွင် ဤဝိညာဉ်များကို ထောင်ထဲ၌ ချုပ်နှောင်ထားပါသလဲ။ ထိုသင်းအုပ်ဆရာသည် အဖြေကို မသိပါ သို့မဟုတ် အဖြေကို မနှစ်သက်ခဲ့ပါ။ ထို့ကြောင့် သူသည် ဤကျမ်းချက်များအား အလွယ်တကူ လစ်လျူရှုရန် ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။

ကျမ်းတတ်ပုဂ္ဂိုလ် တစ်ဦးအနေဖြင့်၊ ထူးဆန်းသော ကျမ်းပိုဒ်များသည် အမှန်တကယ်၌ အလွန်အရေးကြီးသည်ကို ကျွန်ုပ် နားလည်သဘောပေါက်ထားပါသည်။ သူတို့သည် ဘုရားသခင်၊ ဝိညာဉ်လောကအကြောင်းနှင့် ကျွန်ုပ်တို့၏အကြောင်းအရာနှင့်စပ်လျဉ်း၍ တိကျသော စိတ်ကူးအယူအဆများအား သွန်သင်ပေးထားပါတယ်။ ကျွန်ုပ်တို့သာ ဤခက်ခဲ၍ စိတ်ရှုပ်ထွေးစေသော ကျမ်းပိုဒ်များကို သတိပြုမိပြီး၊ သူတို့ ဆိုလိုသည့်အရာကို နားလည်သဘောပေါက်နိုင်ပါက၊ ၎င်းသည် ဘုရားသခင်၊ အခြားသော လူများ၊ အသက်တာရှိ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်နှင့် ကျွန်ုပ်တို့၏ နောက်ဆုံးကံကြမ္မာအကြောင်းနှင့်စပ်လျဉ်းပြီး ကျွန်ုပ်တို့ တွေးခေါ်သည့် နည်းလမ်းကို ပြောင်းလဲ ပေးပါလိမ့်မည်။

ကောရိန္သုမြို့၌ရှိသော အသင်းတော်ထံ တမန်တော် ပေါလု ရေးသားသည့် ပထမ စာစောင်တွင်၊ ထိုအသင်းတော်ရှိ ယုံကြည်သူများသည် ၎င်းတို့၏ အငြင်းပွားမှုများကို ဖြေရှင်းရန် တစ်ဦးနှင့် တစ်ဦးသည် တရားရုံးသို့ ခေါ်ဆောင်သွားနေကြခြင်းကြောင့် ရှင်ပေါလုသည် စိတ်ပျက်ခဲ့ရပါတယ်။ ၎င်းသည် သူတို့၏ အချိန်နှင့် အားအင်ကို ဖြုန်းတီးခြင်း ဖြစ်ပါတယ်။ ၎င်းသည် ယေရှုနောက်သို့ လိုက်သော ယုံကြည်သူများနှင့်စပ်လျဉ်း၍ အပျက်သဘောဆောင်သော ဖော်ညွှန်းချက် ဖြစ်သည်ဟု ရှင်ပေါလုက ဆိုထားပါတယ်။ ငါတို့သည် ကောင်းကင်တမန်တို့ကို တရားစီရင်မည်ဟု မသိ ကြသလော။ သို့ဖြစ်၍ လောကီအမှုကို စီရင်ထိုက်သည် မဟုတ်လော။ (၁ ကော ၆း၃)

**လောကီအမှုကို တရားစီရင်မည်လော။ ကောင်းကင်တမန်တို့ကို တရားစီရင်မည်လော။**

ထို စိတ်ရှုပ်ထွေးစရာကောင်းသော ကျမ်းချက်ထဲရှိ ရှင်ပေါလု ပြောဆိုထားသည့် အကြောင်းအရာမှာ လက်ခံယုံကြည်ရန် ခက်ခဲလှပါတယ်။ သို့ရာတွင် ၎င်းဟာ သင် အသက်ရှင်နေထိုင်သည့် နည်းလမ်းကို ပြောင်းလဲစေနိုင်ပါသည်။ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့ အသက်တာများနှင့် ကံကြမ္မာများကို သဘာဝလွန် ဝိညာဉ်များ၏ လှုပ်ရှားမှုများနှင့် ဆက်နွယ်ပေးထားပါတယ်။ ကျွန်ုပ်တို့သည် တစ်နေ့တစ်ချိန်တွင် လောကီအမှုအရာတို့ကို တရားစီရင်ပါလိမ့်မည်။ ရှင်ပေါလု ဆိုထားသည့်အတိုင်း ကျွန်ုပ်တို့သည် ကောင်းကင်တမန်တို့ကို တရားစီရင်ပါလိမ့်မည်။ ထိုအကြောင်းအရာအကြောင်းကို ကျွန်ုပ်သည် နောင်တွင် ထပ်၍ ရေးသားသွားပါမည်။

ဤအကြောင်းအရာများကို ကောရိန္သုမြို့၌ရှိသော အသင်းတော်နှင့် ကျွန်ုပ်တို့ထံ၌ ရှင်ပေါလု ပြောဆိုနိုင်ရခြင်း၏ အကြောင်းအရင်းမှာ သမ္မာကျမ်းစာ၏ အကြောင်းအရာသည် ဘုရားသခင်က ကျွန်ုပ်တို့ကို အဘယ်သို့ ဖန်ဆင်းထားပြီး၊ ကျွန်ုပ်တို့သည် သူ၏ ကောင်းကင်နှင့်သက်ဆိုင်သော မိသားစုဝင်များ၏ အစိတ်အပိုင်း ဖြစ်လာစေရန် ဆန္ဒရှိသည့်အကြောင်း ဖြစ်ပါတယ်။ သမ္မာကျမ်းစာက မိသားစု ဆက်နွယ်မှုများအား ဖော်ပြထားသည့် ဝေါဟာရများကို တမင်ရည်ရွယ်၍ အသုံးပြုထားပါတယ်။ ဘုရားသခင်၊ ယေရှု၊ မမြင်နိုင်သော နိုင်ငံတော်၏ ကောင်းသော ဝိညာဉ်များနှင့်

ယုံကြည်သူများကို နေအိမ် တစ်ခုအား အားလုံး အတူတကွ မျှသုံးပြီး အလုပ်လုပ်နေကြသည်ဟု ဖော်ပြထားပါတယ်။ ဘုရားသခင်က လူသားများကို သူရဲ့ မိသားစု၏ အစိတ်အပိုင်း ဖြစ်စေချင်ပြီး၊ ဖန်ဆင်းခြင်းအရာအားလုံးကို အုပ်စိုးမည့် သူ၏ နိုင်ငံတော်ထဲတွင် ပါဝင်စေချင်ပါသည်။ ဆိုရိုးစကားတစ်ခုရှိပါတယ် - ကောင်းကင်ဘုံ၌ ရှိသကဲ့သို့၊ မြေကြီးပေါ်မှာလည်း တည်ရှိပါစေ။ ဤဆိုရိုးစကားသည် သခင်ဘုရား၏ ပဋ္ဌနာတော်ထဲရှိ စိတ်ကူးများနှင့် စကားရပ်များ ဖြစ်ပါတယ် (မဿဲ ၆း၁၀)။ အစဦးကတည်းကပင်၊ ဘုရားသခင်သည် သူ၏ လူသားမျိုးနွယ် မိသားစုကို ပြီးပြည့်စုံသော ကမ္ဘာတစ်ခုတွင် သူနှင့်အတူနေထိုင်စေချင်ခဲ့ပါတယ်။ သူသည် လူသားများအား မမြင်နိုင်သော နိုင်ငံတော်ထဲတွင် သူ ဖန်ဆင်းထားသည့် ဝိညာဉ်မိသားစုနှင့် ပေါင်းစည်းစေချင်ခဲ့ပါတယ်။ ဤ ကောင်းသော ဝိညာဉ်များအား တစ်ခါတစ်ရံ၌ ဘုရားသခင်၏ ကောင်းကင် စစ်တပ် သို့မဟုတ် အမှုထမ်းများဟု ခေါ်လေ့ရှိပါတယ်။ ဤစာအုပ်သည် ဘုရားသခင်၏ အစီအစဉ်၊ ထိုအစီအစဉ်အား ဘုရားသခင်ထံမှ ဝိညာဉ်များ၏ ဆန့်ကျင်ခြင်း၊ အစပိုင်းမှာတင် အစီအစဉ်၏ ရှုံးနိမ့်ခြင်းနှင့် ဘုရားသခင်ရဲ့ အစီအစဉ်၏ အနာဂတ်ကာလတွင် အပြည့်အဝ အောင်မြင်မှုအကြောင်း ဖြစ်ပါတယ်။ ဤ အရာသည် သမ္မာကျမ်းစာ၏ အကြောင်းအရာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့သည် ပုံပြင်မှ အချက်အလက်အားလုံးကို ထည့်သွင်းမဖော်ပြပါက၊ ကျွန်ုပ်တို့ဟာ သမ္မာကျမ်းစာ၏ ဝမ်းမြောက်စရာနှင့် နာကျင်မှုကို တွေ့ကြုံခံစားနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့၏ သမိုင်းဖြစ်စဉ်နှင့် ကမ္ဘာ့အကြောင်းအရာ၏ အရေးကြီးသော အစိတ်အပိုင်းများဖြစ်သည့် သဘာဝလွန် သက်ရှိများကိုလည်း ထည့်သွင်းဖော်ပြရပါမည်။ ပုံပြင်ဇာတ်ကြောင်းသည် စုံလင်မှုမရှိပါ၊ အကယ်၍ ဤအချက်အလက်များကို ကျွန်ုပ်တို့ သမ္မာကျမ်းစာ သင်ကြားပို့ချသူများမှ မသိကျိုးကျွန်ပြုထားပါက၊ ကျွန်ုပ်တို့သည် နားလည်မှုလွဲမှားကုန်ပါလိမ့်မည်။

ဘုရားသခင်၏ ကောင်းကင်ဘုံရှိ အမှုဆောင်အဖွဲ့သားများသည် သမ္မာကျမ်းစာပါ လူသားများ၏ ဖြစ်စဉ်နှင့် အဓိကမကျသော သို့မဟုတ် အရေးမပါသော သို့မဟုတ် ဆက်နွယ်မှုမရှိသော သူများ မဟုတ်ပါ။ ၎င်းအစား၊ သူတို့သည် အဓိကကျသော အခန်းကဏ္ဍတစ်ရပ်တွင် ပါဝင်ကြပါတယ်။ သို့ရာတွင်၊ ယနေ့ခေတ် သမ္မာကျမ်းစာ ဖတ်ရှုသူများသည် သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော အသေးစိတ်အချက်အလက်များကို နားလည်သဘောပေါက်ခြင်းမရှိဘဲ မကြာခဏဆိုသလို ၎င်းတို့အား ဖတ်လေ့ရှိကြပါတယ်။ သဘာဝလွန် နိုင်ငံတော်သည် သမ္မာကျမ်းစာထဲရှိ အရင်းနှီးဆုံးသော ပုံပြင်ဇာတ်ကြောင်းများစွာထဲတွင် တည်ရှိပါသည်။ သို့သော်လည်း၊ များစွာသောလူတို့သည် ၎င်းတို့ကို မမြင်တွေ့ကြပါ။ သဘာဝလွန် နိုင်ငံတော်အကြောင်းကို သမ္မာကျမ်းစာက ပြောဆိုထားသည့်အရာအား ကျွန်တော် လေ့လာတွေ့မြင်ခြင်းမတိုင်ခင်အထိ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် သမ္မာကျမ်းစာအကြောင်းကို ကျွန်ုပ်အား သွန်သင်ပေးခဲ့ကြပါတယ်။ ဤအကြောင်းအရာအကြောင်း ကျွန်တော် လေ့လာသင်ယူခဲ့ပြီးသည့်အရာကို ယခုအခါ မိတ်ဆွေတို့အား ကျွန်ုပ် မျှဝေချင်ပါတယ်။

ဒါပေမဲ့ အစပိုင်းမှာ ကျွန်တော် မေးခဲ့တဲ့ မေးခွန်းကို မမေ့လိုက်ပါနဲ့။ *သမ္မာကျမ်းစာက ပြောဆိုထားသောအရာတို့ကို သင် အမှန်တကယ် ယုံကြည်မှုရှိပါသလား။* အကယ်၍ သင်သည် ၎င်းကို ယုံကြည်မှုမရှိပါက၊ မမြင်နိုင်သော နိုင်ငံတော်အကြောင်း သမ္မာကျမ်းစာက အမှန်တကယ် ပြောဆိုထားသည့်အရာနှင့် သင်၏အသက်တာနှင့် ၎င်းအရာဟာ မည်သို့ တစ်ခုကိုတစ်ခုကဖြတ်နေသည်ကို လေ့လာသင်ယူရန်မှာ သင့်အတွက် ဘာအကျိုးမှရှိလိမ့်မည်မဟုတ်ပါ။ ၄ ရာ ၆း၈-၂၃ တွင်၊ ပရောဖက် ဧလိရှဲသည် နောက်တစ်ဖန်၊ ဒုက္ခရောက်နေခဲ့ပါတယ်။ စိတ်ဆိုးနေသော ဘုရင် တစ်ပါးသည် ဧလိရှဲ၏ နေအိမ်ကို ဝိုင်းရံရန် စစ်သည်တော်များကို စေလွှတ်ခဲ့ပါတယ်။ ဧလိရှဲ၏ အစေခံသည် ရန်သူ့စစ်သားများကို မြင်သောအခါ၊ အလွန်ကြောက်ရွံ့ခြင်းဖြစ်ခဲ့ပါတယ်။ ဧလိရှဲက "မစိုးရိမ်နှင့်။ ငါတို့ဖက်၌နေသောသူတို့သည် ရန်သူတို့ဖက်၌နေသောသူတို့ထက် သာ၍ များကြသည်ဟု" ပြောဆိုခဲ့ပါတယ်။ အစေခံ သဘောမတူနိုင်ခင်တွင်၊ ဧလိရှဲက ဆုတောင်းလိုက်ပါတယ်၊ "အိုထာဝရဘုရား၊ ဤသူသည် မြင်နိုင်မည့်အကြောင်း သူ၏ မျက်စိကို ဖွင့်တော်မူပါ။" ဘုရားသခင်က ချက်ချင်း အဖြေပေးခဲ့ပါတယ် - "ထာဝရဘုရားသည် ထိုလုလင်၏ မျက်စိကို ဖွင့်တော်မူသဖြင့်၊ ဧလိရှဲပတ်လည်၌ တစ်တောင်လုံးသည် မီးမြင်း၊ မီးရထားနှင့် ပြည့်သည်ကို မြင်လေ၏။"

ဧလိရှဲ၏ ဆုတောင်းခြင်းသည် သင့်အတွက် ကျွန်ုပ်၏ ဆုတောင်းခြင်းနှင့်အတူတူပဲဖြစ်ပါသည်။ သင်တို့သည် နောက်တစ်ဖန် သမ္မာကျမ်းစာအကြောင်းကို နည်းလမ်းဟောင်းအတိုင်း မစဉ်းစားနိုင်တော့စေရန် ဘုရားသခင်က သမ္မာကျမ်းထဲတွင်ရှိသောအရာကို မြင်နိုင်မည့်အကြောင်း သင်တို့၏ မျက်စိများကို ဖွင့်စေတော်မူပါ။

## အခန်း နှစ်

### မမြင်နိုင်သော နိုင်ငံတော် - ဘုရားသခင်နှင့် မကောင်းသော သဘာဝလွန် အုပ်စိုးသူများ

သဘာဝလွန်ဖြစ်ရပ်နှင့် လူသာမန်တို့ထက်သာလွန်သောသူတို့ကို အလွန်စိတ်ဝင်စားကြပါတယ်။ မကြာသေးသော နှစ်များ၏ ဖျော်ဖြေတင်ဆက်မှု လုပ်ငန်းအကြောင်းကိုသာ စဉ်းစားကြည့်ပါ။ ထောင်ပေါင်းများစွာသော စာအုပ်များ၊ ရုပ်မြင်သံကြား ပြပွဲများနှင့် လွန်ခဲ့သော ဆယ်စုနှစ်၏ ရုပ်ရှင်လုပ်ငန်းများသည် ကောင်းကင်တမန်များ၊ ဂြိုလ်သားများ၊ ကြောက်မက်ဖွယ်သတ္တဝါကြီးများ၊ နတ်ဆိုးများ၊ မကောင်းဆိုးဝါးများ၊ စုန်းမများ၊ မျက်လှည့်ပညာ၊ သွေးစုပ်ဖုတ်ကောင်းများ၊ သမန်းဝံပုလွေများနှင့် လူစွမ်းကောင်းများအကြောင်းဖြစ်နေပါတယ်။ ဟောလီးဝုဒ် ရုပ်ရှင်လုပ်ငန်း၏ အောင်မြင်မှုအရှိဆုံးသော ရုပ်ရှင်များဖြစ်သည့် X-Men, Avengers, the Harry Potter ဇာတ်လမ်းတွဲများ၊ Superman နှင့် Twilight ဇာတ်လမ်းတွဲများသည် သဘာဝလွန်ဖြစ်ရပ်ကို အသားပေးထားပါတယ်။ တီဗွီရုပ်သံ ပြပွဲများသည်လည်း ဤအကြောင်းအရာပေါ်မှာ အခြေပြုထားပြီး အလွန်အောင်မြင်မှုရရှိထားသည့် အစီအစဉ်များရှိကြပါတယ်။ သို့ရာတွင် ဤအကြောင်းအရာများသည် သဘာဝလွန် ဇာတ်လမ်းအများအပြားအား စာအုပ်ထဲနှင့် အနုပညာလက်ရာဖြင့် ဖန်တီးထားသည့် ပန်းချီများတွင် ရေးသားဖော်ပြခဲ့သည့် ရုပ်ရှင်များနှင့် ရုပ်မြင်သံကြားတို့မတိုင်မီကပင် လူအများနှစ်သက်ပြီးသား ဖြစ်ပါတယ်။

အဘယ်ကြောင့် ဤ သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော အကြောင်းအရာသည် အလွန် ကျော်ကြားရပါသလဲ။

အဖြေ တစ်ခုမှာ လူတို့သည် ပုံပြင်ဇာတ်လမ်းများကို ၎င်းတို့၏ ရိုးရိုးသာမန် ဘဝများမှ လွတ်မြောက်ရန် အသုံးပြုချင်ကြသောကြောင့်ဖြစ်ပါတယ်။ သဘာဝလွန် ဖြစ်ရပ်နှင့်ဆိုင်သော ပုံပြင်ဇာတ်လမ်းများသည် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏ ကမ္ဘာထက် ပို၍စိတ်ဝင် စားစရာကောင်းပြီး ပျော်စရာကောင်းသည့် ကမ္ဘာတစ်ခုကို ကမ်းလှမ်းထားပါတယ်။ စကြဝဠာ အရွယ်အစား တစ်ခု လောက်ကျွန်ုပ်တို့ကို စိတ်လှုပ်ရှားစေသည့် အကောင်းနှင့်အဆိုးအကြောင်း တစ်စုံတစ်ရာ ရှိပါတယ်။ ကျွန်ုပ်တို့သည် လူစွမ်းကောင်းများနှင့် လူဆိုးသရုပ်ဆောင်တို့၏ ဆန့်ကျင်ဘက် အလွန်ကြီးမားသော ရင်ဆိုင်တိုက်ခိုက်မှုကို ကြည့်ရှုရန် စိတ်အားထက်သန်ကြပါတယ်။ အလွန်ကျော်ကြားသော The Lord of the Rings ရုပ်ရှင်ထဲတွင်၊ Gandalf, Frodo နှင့်အခြားသော အဖွဲ့သားများသည် အမှောင်ဝိညာဉ် Sauron နှင့်ဆန့်ကျင်ပြီး ရန်းကန်ခဲ့ကြပါတယ်။ လူဆိုး သရုပ်ဆောင်သည် ကျွန်ုပ်တို့၏ လက်တွေ့ကမ္ဘာရဲ့ ပြင်ပမှဖြစ်ပါက၊ ထိုအခါ အောင်ပွဲသည် ပို၍ ခမ်းနားကြီးကျယ်ပုံပေါ်ပါလိမ့်မည်။

ဒုတိယ အဖြေမှာ ဒေသနာကျမ်းထဲတွင် ထာဝရဘုရားသည် "လူစိတ်နှလုံးကိုလည်း အနန္တကာလ၌ စွဲလန်းစေတော်မူပြီဟု" ဆိုထားသကဲ့သို့ လူတို့သည် ကျွန်ုပ်တို့ရဲ့ကမ္ဘာ၏ ပြင်ပအကြောင်းအရာ များအား စွဲလန်းလာသောကြောင့် ဖြစ်ပါတယ် (ဒေ ၃း၁၁)။ သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော တစ်စုံတစ်ရာအား ကျွန်ုပ်တို့ကို တမ်းတစေသည့် တစ်စုံတစ်ရာသည် လူတို့အထဲတွင် ရှိပါတယ်။ တမန်တော် ပေါလုက ဤတမ်းတခြင်းအကြောင်းအရာကိုလည်း ရေးသားခဲ့ပါတယ်။ ကျွန်ုပ်တို့၏ တမ်းတခြင်းသည် ဘုရားသခင် ဖန်ဆင်းထားသော ဤကမ္ဘာထဲတွင် အသက်ရှင်နေခြင်းမှ ရောက် လာပါသည်ဟု သူက ရေးသားခဲ့ပါတယ်။ ဤကမ္ဘာကြီးနှင့် ၎င်းအထဲ၌ရှိသော အရာအားလုံးသည် ဖန်ဆင်းရှင် တစ်ပါးက ပြုလုပ်ထားလျက်ရှိသော အရာရာတိုင်းကို ညွှန်ပြနေပါတယ်။ ဤအရာ သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင် သဘာဝတရားနှင့်ဆိုင်သော နိုင်ငံတော်အပြင် သဘာဝလွန်နှင့်ဆိုင် သော နိုင်ငံတော်တစ်ခု ရှိသည်ဟု အဓိပ္ပါယ်ရပါတယ် (ရော ၁း၁၈-၂၃)။ အမှန်စင်စစ်၊ ဘုရား သခင်ကို သိရှိရန် ဤ တမ်းတခြင်းသည် အလွန် စွမ်းအားကြီးသောကြောင့် လူတို့က ၎င်းကို ရည် ရွယ်ချက်ရှိရှိဖြင့် ချုပ်ထိန်းရပါသည်ဟု ပေါလုက ဆိုထားပါတယ် (ရော ၁း၁၈)။

သို့ရာတွင်၊ စာအုပ်များ၊ ရုပ်ရှင် များနှင့် ဒဏ္ဍာရီ ပုံပြင်ဇာတ်လမ်းများအထဲရှိ သဘာဝလွန်ဖြစ်ရပ် များအကြောင်းကို ကျွန်ုပ်တို့စဉ်းစားသကဲ့သို့ ကျွန်ုပ်တို့ဟာ သမ္မာကျမ်းစာထဲတွင်ရှိသောအကြောင်း အရာများကို တူညီသော နည်းလမ်းဖြင့် မစဉ်းစားကြပါ။ ဤနည်းလမ်းအတိုင်း စဉ်းစားခြင်းအတွက် ကောင်းမွန်သော အကြောင်းပြချက်များ ရှိပါတယ်။ တစ်ချို့သော သမ္မာကျမ်းစာ ပုံပြင်ဇာတ်လမ်း များတွင် လူတို့သည် သာမန်ပုံသာ ပေါ်ပါတယ် သို့မဟုတ် ကျွန်ုပ်တို့၏ အဖိုးကဲ့သို့ ဖြစ်နိုင်ပါတယ်။ သူတို့သည် စွမ်းအားကြီးမားကြတယ် သို့မဟုတ် လူစွမ်းကောင်းများကဲ့သို့ ဖြစ်ကြတယ်ဟု မခံစား ကြပါ။ သင်သည် ဤ သမ္မာကျမ်းစာ ပုံပြင်ဇာတ်လမ်းများကို ငယ်ရွယ်စဉ်ကတည်းကပင် ကြားခဲ့ပြီး သားဖြစ်နိုင်ပါတယ်။ ယခုအခါ ၎င်းတို့သည် သင့်အတွက် စိတ်ဝင်းစားစရာမ ကောင်းတော့ပါ။ ပုံပြင်ဇာတ်လမ်းများသည် အခြားသော ယဉ်ကျေးမှုတစ်ခုတွင် ဖြစ်ပေါ်ခဲ့သောကြောင့် ၎င်းတို့သည် သင့်အတွက် အဓိပ္ပါယ်မဲ့နေနိုင်ပါသည်။ ဝေးလံလှသော ယဉ်ကျေးမှုများနှင့် သမ္မာကျမ်းစာ ပုံပြင် များအထဲရှိ ထိုလူများသည် ကွဲပြားစွာ ဝတ်ဆင်ပြီး နေထိုင်အသက်ရှင်လျှင်တောင်မှ သူတို့သည် ကျွန်ုပ်တို့နှင့် တူညီမှုရှိနိုင်သေးသည်ကို နားလည်သဘောပေါက်ရန် ကျွန်ုပ်တို့အတွက် ခက်ခဲပါ တယ်။

သို့ရာတွင် သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော အကြောင်းအရာများက ကျွန်ုပ်တို့၏ စိတ်အာရုံကို အဘယ်ကြောင့် ဖမ်းစားထားသည်ဆိုသော ပို၍ကြီးမားသော အကြောင်း ပြချက် တစ်ခုမှာ သမ္မာ ကျမ်းစာထဲရှိ သဘာဝလွန် လောကအကြောင်းကို မည်သို့ စဉ်းစားသင့် ကြောင်း ကျွန်ုပ်တို့အား ညံ့ဖျင်းစွာ သွန်သင်ထားသောကြောင့်ဖြစ်တယ်ဟု ကျွန်ုပ် ထင်ပါသည်။ ဘုရားကျောင်း တရား ဟောချက်များတွင် နှစ်ပေါင်းများစွာ ကျွန်ုပ် ကြားနာခဲ့ရပြီးသောအရာများက သဘာဝလွန်ဖြစ်ရပ်

များကို ငြိုးငွေ့စရာဖြစ်အောင်လုပ်ဆောင်ပေးပါတယ်။ ထို့ထက် ပို၍ဆိုးသည်မှာ၊ အသင်းတော် အတွင်းရှိ သွန်သင်ချက်သည် သဘာဝလွန် လောက၏ စွမ်းအားကို ဖြတ်တောက်ပေးပါတယ်။ သွန်သင်ချက်များက သဘာဝလွန် လောကကို စွမ်းအားမဲ့ပုံ ပေါ်စေပါတယ်။

ခရစ်ယာန်များက မမြင်နိုင်သော နိုင်ငံတော်အကြောင်းနှင့်စပ်လျဉ်း၍ တွေးထင်ထားသည့်အရာ အများစုမှာ မှန်ကန်မှုမရှိပါ။ ဥပမာ တစ်ခုမှာ သမ္မာကျမ်းစာထဲရှိ ကောင်းကင်တမန်တို့၌ အတောင် များ မရှိကြပါ။ Cherubim တို့သည် အတောင်များ ပါရှိကြပါတယ်။ သို့သော်လည်း သူတို့ကို ဘယ် သောအခါမှ ကောင်းကင်တမန်များဟု မခေါ်ဆိုထားပါ။ ကောင်းကင်တမန်များသည် အမြဲတမ်း လူသားပုံစံဖြင့် ထွက်ပေါ်လာလေ့ရှိပါတယ်။ နောက်ထပ် ဥပမာ တစ်ခုမှာ နတ်ဆိုးများတွင် ဦးချို များနှင့် အမြီး တစ်ခု မပါရှိကြပါ။ နောက်ထပ် ဥပမာ တစ်ခုမှာ နတ်ဆိုးများသည် ကျွန်ုပ်တို့ကို အ ပြစ်ဒုစရိုက်ကျူးလွန်ရန် အတင်းအဓမ္မမစေခိုင်းကြပါ။ လူသားများအနေဖြင့် ကျွန်ုပ်တို့ဟာ ၎င်းတို့၏ လွှမ်းမိုးမှုမပါရှိဘဲ အလွယ်တကူ အပြစ်ဒုစရိုက်ကျူးလွန်နိုင်စွမ်းရှိကြပါသည်။ သမ္မာကျမ်းစာက နတ်ဆိုးစွဲကပ်ခြင်းကို ဆိုးဝါးသော အခြေအနေ တစ်ခုအနေဖြင့် ဖော်ပြထားပါတယ်။ သို့ရာတွင် မကောင်းသော သဘာဝလွန် သက်ရှိအရာများသည် တစ်ကြိမ်တွင် လူတစ်ဦးအား တိုက်ခိုက်ခြင်း ထက် ပို၍ထိရောက်မှုရှိသော နည်းလမ်းများစွာဖြင့် ထိခိုက်ပျက်ဆီးမှု ပို၍များအောင် လုပ်ဆောင် နိုင်ပါတယ်။ ထို့အပြင်၊ သမ္မာကျမ်းစာက အမှန်တကယ် သွန်သင်ပေးထားပါတယ်။ ကောင်းကင် တမန်များနှင့် နတ်ဆိုးများသည် အခြားသော သဘာဝလွန် သက်ရှိအရာများနှင့် နှိုင်းယှဉ်ကြည့်ပါ က ပို၍စွမ်းအားလျော့နည်းသော ဝိညာဉ်များ ဖြစ်ကြပါတယ်။ ကျွန်ုပ်သည် ဘုရားကျောင်းထဲတွင် ပို၍စွမ်းအားကြီးသော သက်ရှိအရာများနှင့် ကျွန်ုပ်တို့ကို ဖျက်ဆီးမည့် ၎င်းတို့၏ အစီအစဉ်များအ ကြောင်း သွန်သင်နေသည်ကို မည်သည့်အခါမျှ မကြားခဲ့ဖူးပါ။

**မကောင်းသော သဘာဝလွန် ခေါင်းဆောင်များသည် အမှန်တကယ် ရှိပါတယ်။**

သမ္မာကျမ်းစာက ပြောသောအရာတို့ကို သင် အမှန်တကယ် ယုံကြည်မှုရှိမရှိအား ကျွန်ုပ်သည် သင်တို့ကို အခန်း တစ်တွင် မေးမြန်းခဲ့ပါတယ်။ ကျွန်ုပ်သည် သင် ကျောင်းတက်ခဲ့စဉ်အချိန်ကကဲ့ သို့ မေးခွန်းတို တစ်ခုကို သင့်အား ပေးသွားပါမည်။

ဘုရားသခင်က သူ ဆုံးဖြတ်ချက်ချမှတ်ထားသောအရာကို ပြီးမြောက်စေဖို့ရာ ပစ်မှတ်ထားသော ကောင်းမွန်သောဝိညာဉ် အဖွဲ့တစ်ဖွဲ့ ပိုင်ဆိုင်ထားသည်ဟု သမ္မာကျမ်းစာက ပြောဆိုထားပါသလား။ သင်၏ အဖြေမှာ မည်သို့ ဖြစ်ပါသလဲ။ အဖြေမှာ "ဟုတ်ပါတယ်" ဖြစ်ပါသည်။ ဤ သစ္စာရှိသော ဝိညာဉ် အဖွဲ့သားများကို ဘုရားသခင်၏ အစုအဝေး၊ ကောင်စီ သို့မဟုတ် တရားစီရင်ရာအရပ်ဟု ရည်ညွှန်းထားပါသည် (ဆာလံ ၈၉း၅-၇၊ ဒံ ၇း၁၀)။ ဤ ဝိညာဉ် ကောင်စီအကြောင်းနှင့်စပ်လျဉ်း၍ အရှင်းလင်းဆုံးသော ကျမ်းချက် တစ်ခုမှာ ဆာလံ ၈၂း၁ ဖြစ်ပါတယ်။ "ဘုရားသခင်သည် ဘုရား

တို့၏ ပရိသတ်၌ ရပ်လျက်နေတော်မူ၍ ဘုရားတို့အလယ်၌ စီရင်တော်မူ၏ဟု" သမ္မာကျမ်းက ဆိုထားပါတယ်။

အကယ်၍ သင်သည် ၎င်းအကြောင်း စဉ်းစားပါက၊ ထိုအရာသည် အံ့သြဖွယ်ရာကောင်းသော ကျမ်းချက် တစ်ခု ဖြစ်ပါတယ်။ ကျွန်ုပ်သည် ၎င်းဆိုလိုသည့်အရာအား ပထမဦးဆုံးအကြိမ် အမှန် တကယ် သုံးသပ်ဆင်ခြင်သည့်အခါ၌ ကျွန်ုပ်ကို စိတ်မသက်မသာဖြစ်စေခဲ့ပါတယ်။ ကျမ်းချက်၏ အဓိပ္ပါယ်သည် အလွန် ရှင်းလင်းပြီး ရိုးရှင်းပါသည်။ အခြားသော ကျမ်းချက်များကဲ့သို့၊ ဆာလံ ၈၂း၁ ကို ၎င်း၏ အဓိပ္ပါယ်ကို အတည်ပြုရန် သမ္မာကျမ်းထဲရှိ အခြားသော ကျမ်းချက်များနှင့် နှိုင်းယှဉ်ရပါမည်။ ဤကျမ်းချက်ထဲတွင် ကျွန်ုပ်တို့သည် "သဘာဝလွန် အစိုးရမင်းများ" နှင့် ထိုဝေါ ဟာရကို မည်သို့ အနက်ဖွင့်ဆိုသင့်ကြောင်း သမ္မာကျမ်းစာက ပြောဆိုထားသည့်အကြောင်းအရာ ကို နှိုင်းယှဉ်ဖို့လိုအပ်ပါတယ်။

"သဘာဝလွန် အုပ်စိုးသူများ" ကို ဘာသာပြန်ဆိုထားသည့် မူလ ဟေဗြဲ စကားလုံးမှာ အဲလော ဟင်မ်း (Elohim) ဖြစ်ပါတယ်။ အဲလောဟင်းမ် သည် ခမည်းတော် ဘုရား၏ အမည်နာမ တစ်ခု ဖြစ်သည်ဟု သင်းအုပ်ဆရာအများအပြားက သွန်သင်ထားကြပါတယ်။ သို့ရာတွင် ဟေဗြဲ ဘာသာ စကား၌ ၎င်းသည် ပို၍ ယေဘုယျဆန်သော အဓိပ္ပါယ် တစ်ခု ရှိပါတယ်။ စကားလုံးသည် ဝိညာဉ် လောကမှ မည်သည့် သက်ရှိကိုမဆို ရည်ညွှန်းထားပါတယ်။ ထို့အကြောင်းကြောင့် သင်သည် အဲလောဟင်းမ်ကို တစ်ခါတစ်ရံ၌ ဘုရားသခင်အတွက် အသုံးပြုထားကြောင်း တွေ့မြင်ပါလိမ့်မည် (က ၁း၁)၊ သို့ရာတွင် နတ်ဆိုးများကိုလည်း အဲလောဟင်းမ်ဟု ခေါ်ဆိုကြပါတယ် (တရား ၃၂း၁၇)၊ ထို့အပြင် သေဆုံး သူတစ်ဦး၏ ဝိညာဉ်အားလည်း အဲလောဟင်းမ်ဟု ခေါ်ဆိုကြပါတယ် ( ၁ ရာ ၂၈း၁၃)။ သမ္မာကျမ်းစာထဲတွင်၊ သဘာဝလွန် နိုင်ငံတော်၌ သဘာဝအလျောက် တည်ရှိသည့် မည် သည့် ဝိညာဉ်ကိုမဆို အဲလောဟင်းမ်ဟု ခေါ်ဆိုထားပါသည်။

ဟေဗြဲ ဝေါဟာရ အဲလောဟင်းမ်သည် ခမည်းတော် ဘုရားသာ ပိုင်ဆိုင်ထားသည့် သတ်သတ် မှတ်မှတ်ဖြစ်သော ပင်ကိုယ်အရည်အသွေး တစ်စုံကို မရည်ညွှန်းထားပါ။ ဘုရားသခင်သည် အခြား သော သဘာဝလွန် အစိုးရမင်းများနှင့် ဝိညာဉ်များအားလုံးထံမှ ကွဲပြားခြားနားသည်ဟု သမ္မာကျမ်း စာက ရှင်းရှင်းလင်းလင်း သွန်သင်ပေးထားပါတယ်။ သို့ရာတွင် သဘာဝလွန် နိုင်ငံတော်ထဲရှိ ဝိညာဉ်အားလုံးကို အဲလောဟင်းမ်ဟု ခေါ်ဆိုနိုင်ပါသည်။ ဥပမာအနေဖြင့်၊ သမ္မာကျမ်းက ဝိညာဉ် များအား သမ္မာကျမ်းစာ၏ ဘုရားသခင်ကို ကိုးကွယ်ရန် မိန့်ကြားထားပါတယ် (ဆာ ၂၉း၁)။ ထာဝ ရဘုရားသည် ကြီးမြတ်သောဘုရား၊ ဘုရားတကာတို့ထက် ကြီးမြတ်သောဘုရင် ဖြစ်တော်မူ၏ (ဆာ ၉၅း၃၊ ၁၄၈း၁-၅)။ "ကောင်းကင်တွင် ထာဝရဘုရားနှင့် အဘယ်သူပြိုင်နိုင်သနည်း။ ဘုရား သခင်၏ သားတို့တွင် ထာဝရဘုရားနှင့် အဘယ်သူ တူသနည်း" ဟု ဆာလံ ၈၉း၆-၇ ဆိုထားပါ

တယ် (၃ ရာ ၈း၂၃၊ ဆာ ၉၇း၉)။   "ဘုရားသခင်သည် သန့်ရှင်းသူတို့၏ ပရိတ်သတ်တွင် အလွန် ကြောက်ရွံ့ဖွယ်ဖြစ်တော်မူ၏။" ဣသရေလလူမျိုးတို့၏ ဘုရားသခင်သည် ပြိုင်ဘက်မရှိကြောင်းကို သမ္မာကျမ်းစာ ရေးသားသူတို့သည် အင်မတန်မှ ရှင်းလင်းပြတ်သားကြပါတယ်။ သူသည် "ဘုရား တကာတို့၏ ဘုရား" ဖြစ်ပါတယ် (တ ၁၀း၁၇၊ ဆာ ၁၃၆း၂)။

"သန့်ရှင်းသူတို့၏ ပရိတ်" ထဲရှိ ဤသက်ရှိ ဝိညာဉ်များသည် အစစ်အမှန် ဖြစ်ကြပါတယ်။ ဤစာ အုပ်၏ ပထမဦးဆုံးသော အခန်းထဲတွင်၊ ဘုရားသခင်က ကောင်းကင်ဘုံရှိ သူ၏ အမှုထမ်းများနှင့် တွေ့ဆုံခဲ့သည်ဆိုသော စာပိုဒ် တစ်ခုကို ကျွန်ုပ် ကိုးကားဖော်ပြခဲ့ပါတယ်။ အာဟပ်မင်း မည်သို့ သေဆုံးရမည်နှင့်စပ်လျဉ်း၍ သူတို့သည် စုဝေးပြီး ဆုံးဖြတ်ခဲ့ကြပါတယ်။ ထိုစာပိုဒ်ထဲတွင်၊ ဤ ကောင်းကင် အဖွဲ့အစည်း၏ အဖွဲ့သားများကို ဝိညာဉ်များဟု ခေါ်ဆိုထားပါတယ်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို ယုံကြည်ပါက၊ ကျွန်ုပ်တို့ဟာ ဝိညာဉ် လောကသည် အမှန်တကယ်ဖြစ်ကြောင်း ယုံကြည်ရပါမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ဘုရားသခင် ဖန်းဆင်းထားသော ဝိညာဉ်များ သည်လည်း ထိုနေရာတွင် နေထိုင်ကြကြောင်းကို ယုံကြည်ရပါမည်။ ကျွန်ုပ်တို့ဟာ ဘုရားသခင်၏ သဘာဝလွန် ကောင်စီသည်လည်း အမှန်တကယ်ဖြစ်ကြောင်း ယုံကြည်ရပါမည်။ ကျွန်ုပ်တို့ဟာ ဤ အရာများကို မယုံကြည်ပါက၊ သဘာဝလွန် နိုင်ငံတော်အကြောင်း သမ္မာကျမ်းစာက သွန်သင်ထား သည့်အရာကို ကျွန်ုပ်တို့ အမှန်တကယ် နားမလည်း၍ ဖြစ်ပါသည်။

အကြောင်းမှာ သမ္မာကျမ်းစာက ဤ ကောင်စီဝင်များကို ဝိညာဉ်များအနေဖြင့် သတ်မှတ်ဖော်ပြ ထားသောကြောင့် ကျွန်ုပ်တို့ဟာ သူတို့ကို ကျောက်တုံး သို့မဟုတ် သစ်သား ရုပ်တုများ မဟုတ် သည်ကို သိထားကြပါတယ်။ ရုပ်တုများသည် ဘုရားသခင်အတွက် ကောင်းကင်ဘုံရှိ ကောင်စီတွင် အလုပ်မလုပ်ကြပါ။ ရှေးခေတ်ကာလနှင့် ယခုကာလ၌လည်း လူတို့သည် ရုပ်တုများကို ပြုလုပ်ကြ သည်မှာ အမှန်ဖြစ်ပါတယ်။ သို့ရာတွင် လူတို့က သူတို့၏ ကိုယ်တိုင်လက်များနှင့် ပြုလုပ်ထားသည့် ရုပ်တုများသည် အမှန်တကယ် သဘာဝလွန် စွမ်းအားရှိသူများ မဟုတ်သည်ကို သူတို့ သိထားကြ ပါတယ်။ ဤ ရုပ်တုများသည် ၎င်းတို့၏ ဘုရားများ လာရောက်၍ ယဇ်ပူဇော်မှုများကို လက်ခံရန်နှင့် သူတို့၏ နောက်လိုက်များအား ပညာဗဟုသုတကို ပေးရန် ဝင်ရောက်လာနိုင်သည့် ခန္ဓာပိုင်းဆိုင်ရာ နေအိမ်သာ ဖြစ်ပါတယ်။ လူတို့သည် ရုပ်တုထဲသို့ လာရောက်ပြီး နေရာယူရန် ဝိညာဉ် ခေါင်း ဆောင် တစ်ဦးကို ခေါ်ဖို့ရာ ရိုးရာဓလေ့များကို ဆောင်ရွက်ကြပါလိမ့်မည်။ ထို့နောက်တွင် သူတို့က ဝိညာဉ်သည် သူတို့၏ ဆုတောင်းချက်များကို အဖြေပေးလိမ့်မည်ဟု မျှော်လင့်ခဲ့ကြပါတယ်။

## ကောင်းစီ ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ငန်း

ဆာလံ ၈၂း၁ ၏ ကောင်စီ အဖွဲ့ဝင်များကို  အခန်းငယ် ၆ တွင် "အမြင့်ဆုံးသော ဘုရား၏ သား တော်များ" ဟု ခေါ်ဆို ကြပါသည်။ "ဘုရား၏သားတော်များ" သည်လည်း သမ္မာကျမ်းစာထဲရှိ

အခြားသောနေရာများတွင် ဖော်ပြထားပါတယ်။ သူတို့သည် ယောဟ ၁း၆၊ ၂း၁ စသည်တို့တွင် အစဉ်သဖြင့် ဘုရားသခင်၏ မျက်မှောက် တော်ထဲတွင် ရှိနေတတ်ကြပါသည်။ ယောဘ ၃၈း၇ တွင် ဘုရားသခင်က ကမ္ဘာမြေကြီးကို စတင်ပုံဖော်ပြီး လူသားများကို ဖန်ဆင်းသောအခါ၌ ဘုရား၏ သားတော်များသည် တည်ရှိနှင့်ပြီးသားဖြစ်သည်ဟု ကျွန်ုပ်တို့ကို ပြောဆိုထားပါတယ်။

ထိုအရာသည် အင်မတန်မှ စိတ်ဝင်စားစရာကောင်းပါသည်။ ဘုရားသခင်က ဤ သက်ရှိ ဝိညာဉ်များကို သူ၏ သားတော်များဟု ခေါ်ဆိုထားပါတယ်။ ဘုရားသခင်က သူတို့ကို ဖန်ဆင်းထားသောကြောင့်၊ သူတို့အတွက် "မိသားစု" ဝေါဟာရများအား အသုံးပြုထားခြင်းမှာ အဓိပ္ပါယ်ရှိပါသည်။ သင်၏ ကလေးကို သင်၏ သား သို့မဟုတ် သမီးဟု သင် ရည်ညွှန်းသည့် နည်းလမ်းနှင့် ဆင်ပါသည်။ သင်သည် သူတို့ကို ဖန်ဆင်းရာတွင် ပါဝင်ပါသည်၊ ထို့ကြောင့် သင်သည် မိသားစုဝင် ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့၏ ခမည်းတော်ဖြစ်သည့်အပြင်၊ ဘုရားသခင်သည် သူတို့၏ ဘုရင်လည်း ဖြစ်ပါတယ်။ ရှေးခေတ်ကာလတွင်၊ ဘုရင်များသည် အစိုးရ ရာထူးနေရာများတွင် သူတို့၏ ဆွေမျိုးများကို အသုံးပြုခြင်းအားဖြင့် မကြာခဏ အုပ်ချုပ်လေ့ရှိခဲ့ကြပါတယ်။ ဖခင် သေဆုံးပြီးနောက်တွင်၊ ဘုရင်၏ သားတော်သည် နောက်ဘုရင် ဖြစ်လာပါသည်။ နိုင်ငံတော်ကို အုပ်စိုးခြင်းအမှုသည် မိသားစုနှင့်သက်ဆိုင်သော လုပ်ငန်း တစ်ခု ဖြစ်ပါတယ်။ ဘုရားသခင်သည် ကောင်းစီဝင်များအထက်၌ရှိသော ဘုရင်ဖြစ်ပါတယ်။ သူ၏ သားတော်များသည် သားတော်တစ်ပါးအနေဖြင့် သူတို့၏ မိသားစု ဆက်နွယ်မှုကြောင့် ဘုရားသခင်၏အောက်တွင် အဆင့်အတန်းရှိပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ဟာ ဤစာအုပ်တစ်လျှောက်တွင် ဆွေးနွေးသွားမည်ဖြစ်သည့်အတိုင်း၊ ဆိုးဝါးသော တစ်စုံတစ်ရာသည် ဖြစ်ပျက်သွားခဲ့ပါတယ်။ တစ်ချို့သော ဘုရား၏ သားတော်တို့သည် ခမည်းတော်ဘုရားကို သစ္စာမဲ့လာခဲ့ကြပါတယ်။

ဘုရား၏သားတော်များသည်လည်း ဆုံးဖြတ်ချက်ချမှတ်နိုင်သူများ ဖြစ်ကြပါတယ်။ မြေကြီးပေါ်မှာ လူသားများ ကြုံတွေ့သောအရာတို့သည် ဘုရားသခင်နှင့် သက်ဆိုင်မှုရှိတယ်ဆိုတာကို ၃ ရာ ၂၂ (နှင့် အခြား ကျမ်းပိုဒ်များစွာ) မှ ကျွန်ုပ်တို့ သိထားကြပါတယ်။ ဘုရားသခင်က အာဟပ်မင်း သေဆုံးရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း ဆုံးဖြတ်သောအခါ၊ ဘုရားသခင်သည် သူ၏ ကောင်းစီဝင်များအား မည်သို့ သေဆုံးရမည့်အကြောင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခွင့်ပေးခဲ့ပါတယ်။

ဆာလံ ၈၂ နှင့် ၃ ရာ ၂၂ သည် သမ္မာကျမ်း စာထဲတွင် ဘုရားသခင်၏ ကောင်စီဝင် အစည်းအဝေးများအကြောင်း ရေးသားဖော်ပြထားသည့် နှစ်ခုတည်းသော အစည်းအဝေးများ မဟုတ်ပါ။ အခြားသော ကောင်းစီ အစည်းအဝေးများစွာသည် အချို့ အင်အားကြီး တိုင်းနိုင်ငံများအား မည်သည့်အရာ ဖြစ်လာမည်ဆိုတာကို ဆုံးဖြတ်ပေးခဲ့ကြပါတယ်။

ဒံယေလ ၄ တွင်၊ ဗာဗုလုန် နိုင်ငံ၏ မင်းကြီး၊ နေဗုခဒ်နေဇာသည် နှစ်ပေါင်းများစွာ လူစိတ်ပျောက်အောင် လုပ်ဆောင်ခံရခြင်းဖြင့် ဘုရားသခင်၏ ပြစ်ဒဏ်ပေးခြင်းကို ခံခဲ့ရပါတယ်။ ထိုဆုံးဖြတ်ချက်ကို "အမြင့်ဆုံးသော ဘုရားသခင်၏ အမိန့်" (ဒံ ၄း၂၄) နှင့် "စောင့်ကြည့်သူတို့၏ အမိန့်" အားဖြင့်လည်း ချမှတ်ခဲ့ခြင်းဖြစ်ပါတယ် (ဒံ ၄း၁၇)။ "စောင့်ကြည့်သူ" သည် ဘုရားသခင်၏ ကောင်စီအတွင်းရှိ သဘာဝလွန် အမှုထမ်းတစ်ဦးအတွက် သုံးနှုန်းထားသော ဝေါဟာရ တစ်ခု ဖြစ်ပါတယ်။ သူတို့ဟာ ဘယ်သောအခါမှ အိပ်စက်ခြင်း မပြုကြဘဲ လူသားများ၏ အရေးကိစ္စများအပေါ်တွင် အမြဲတမ်း စောင့်ကြည့်နေကြသည်ပုံကို ၎င်းက ရည်ညွှန်းထားပါတယ်။

ကောင်စီ အဖွဲ့ဝင်များသည် ဘုရားသခင်၏ အုပ်စိုးခြင်း၌ ပါဝင်လုပ်ဆောင်ကြသည်ကို ဤ ဘုရားသခင်၏ ကောင်စီ အစည်းအဝေးများ၏ သမ္မာကျမ်းစာပါ အကြောင်းအရာများက ကျွန်ုပ်တို့ကို ပြောဆိုထားပါတယ်။ အနည်းဆုံး အချို့ ကိစ္စများတွင်၊ ဘုရားသခင်က သူ ပြီးမြောက်အောင်လုပ်ဆောင်ချင်သည့်အရာအား ဆုံးဖြတ်ချက်ချတတ်ပါတယ်၊ သို့ရာတွင် သူ၏ ဝိညာဉ် ကောင်စီ အဖွဲ့ဝင်များအား ၎င်းဟာ မည်သို့ ဖြစ်ပျက်ရမည်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ပြုလုပ်ရန် လွတ်လပ်မှုကို ပေးထားပါတယ်။

ကောင်းကင်တမန်များသည်လည်း ဘုရားသခင်၏ ကောင်စီထဲတွင် ပါဝင်လုပ်ဆောင်ကြပါတယ်။ သမ္မာကျမ်းစာ၏ မူရင်း ဘာသာစကားများထဲတွင်၊ ကောင်းကင်တမန်ဟု ဘာသာပြန်ဆိုထားသည့် ဝေါဟာရများသည် အမှန်စင်စစ် "သတင်းပေးပို့သူ" ဟူ၍သာ အဓိပ္ပါယ်ရပါတယ်။ ကောင်းကင်တမန် စကားလုံးသည် အမှန်စင်စစ် အလုပ်အကိုင် ဖော်ပြမှု တစ်ခုသာ ဖြစ်ပါတယ်။ ကောင်းကင်တမန်များသည် လူတို့ထံသို့ သတင်းစကားများကို ပို့ဆောင်ပေးကြပါတယ်။ ကောင်းကင်တမန်များနှင့် ၎င်းတို့၏ တာဝန်များနှင့် အခြားသော ကောင်စီ အဖွဲ့ဝင်တို့၏ တာဝန်များအကြောင်းကို စာအုပ်၏ နောက်ပိုင်းတွင် ကျွန်ုပ်တို့ ပို၍ လေ့လာသွားပါမည်။

**အဘယ်ကြောင့် ဤအရာသည် အရေးပါပါသလဲ**

ယခုအချိန်ထိ သင် ဖတ်ရှုပြီးသောအရာမှန်သမျှအား သင်၏ တုံ့ပြန်မှုမှာ၊ "မှန်ပါတယ်၊ အလွန်စိတ်ဝင်စားစရာကောင်းတယ် - ငါ အဲဒါကို အရင်က သမ္မာကျမ်းစာထဲမှာ ဘယ်တုန်းကမှ မမြင်ဖူးဘူး"ဟု ဖြစ်နိုင်ပါသည်။ ဒါပေမဲ့ ဤ သတင်းအချက်အလက် အားလုံးက သင်ရဲ့ နေ့စဉ် အသက်တာအတွက် ဘယ်လို ခြားနားမှု ရှိပါသလဲ။ ဤအရာအားဖြင့် ကျွန်ုပ်၏ အသင်းတော် လည်ပတ်သည့်နည်းလမ်းကို မည်သို့ အကျိုးသက်ရောက်မှုရှိစေသင့်ပါသလဲ။ အဖြေမှာ ၎င်းက ဘုရားသခင် ဘယ်သူဘယ်ဝါဖြစ်ကြောင်း ကျွန်ုပ်တို့၏ နားလည်သဘောပေါက်ခြင်းနှင့် ကျွန်ုပ်တို့သည် သူနှင့် မည်သို့ ဆက်နွယ်သင့်ကြောင်းကို အမှန်ဖြစ်အောင်ပြင်ပေးပါတယ်။ ၎င်းဟာ မြေကြီးပေါ်ရှိ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ မည်သို့ ဖြစ်သင့်ကြောင်း နားလည်သဘောပေါက်စေရန် ကျွန်ုပ်တို့ကို အထောက်

အကူပြုပါသည်။ ဤအရာကို ပို၍ပြည့်စုံစွာ ရှင်းပြရန်၊ ကျွန်ုပ်သည် ဤကဲ့သို့ အပိုင်းကဏ္ဍ တစ်ခုဖြင့် အခန်း တစ်ခုစီတိုင်းကို အဆုံးသတ်သွားပါမည်။ အခန်းထဲတွင် ကျွန်ုပ်တို့ လေ့လာခဲ့သည့် သမ္မာတရားများ၏ လက်တွေ့ကျသော အရိပ်အမြွက်များကို ထောက်ပြသည့် အပိုင်းကဏ္ဍ တစ်ခုဖြစ်ပါတယ်။

ဤအခန်းထဲတွင်၊ ကျွန်ုပ်တို့ဟာ သမ္မာကျမ်းစာက ဘုရားသခင်၏ သဘာဝလွှမ်းနှင့်ဆိုင်သော စီမံခန့်ခွဲမှု၊ သူ၏ကောင်းကင်ဘုံရှိ ကောင်စီ၊ ဝိညာဉ် အဖွဲ့အစည်းတို့အား မည်သို့ ဖော်ပြထားပုံကို ဆွေးနွေးပြီးဖြစ်ပါတယ်။ ထိုအရာက ကျွန်ုပ်တို့ကို ဘုရားသခင်အကြောင်းနှင့် ဘုရားသခင်က ကျွန်ုပ်တို့နှင့် မည်သို့ ဆက်နွယ်မှုရှိပုံကို ပို၍နားလည်စေအောင်လည်း အထောက်အကူဖြစ်စေပါတယ်။

ပထမဦးဆုံး၊ ဘုရားသခင်သည် ကောင်းကင်ဘုံ၌ ဝိညာဉ်  မိသားစု တစ်စု ပိုင်ဆိုင်ထားပါတယ်။ ထို့ကြောင့် ဝိညာဉ်လောက၌ သူသည် လုပ်စရာများ ရှိပါတယ်။ ထိုအရာသည် ဘုရားသခင်က မြေကြီးပေါ်ရှိ သူ၏ လူသားမျိုးနွယ် မိသားစုနှင့် ဘယ်လို ဆက်နွယ်ချင်သလဲဆိုသည့်ပုံစံအတွက် နမူနာပုံစံ တစ်ခု ဖြစ်ပါတယ်။ နောက်လာမည့် အခန်းတွင် ဤအကြောင်းကို ကျွန်ုပ်တို့ ပို၍ ဆွေးနွေးသွားပါမည်။ ဒါပေမဲ့ ဒီမှာ ဥပမာ တစ်ခု ရှိပါတယ် - ဘုရားသခင်က အဘယ်ကြောင့် အမှုတော်ထမ်း အဖွဲ့ တစ်ဖွဲ့ကို လိုအပ်ရပါသလဲဟု သင် စဉ်းစားနေနိုင်ပါတယ်။ ဘုရားသခင်ဟာ ၊ဝိညာဉ်လောက၌ပင်၊ ဘယ်အရာကိုမှ လုပ်ဆောင်ပေးစရာ အကူအညီကို မလိုအပ်ပါဘူး။ သူဟာ ဘုရားသခင် ဖြစ်ပါတယ်။ ဒါပေမဲ့ သူဟာ စွမ်းအားပိုနည်းသော သက်ရှိ ဝိညာဉ်များကို အလုပ်ကိစ္စများဆောင်ရွက်ရန် အသုံးပြုတတ်သည်ဟု သမ္မာကျမ်းစာက ရှင်းလင်းစွာဆိုထားပါတယ်။

ဘုရားသခင်က ကောင်းကင်ဘုံရှိ ကောင်စီအဖွဲ့ကို မလိုအပ်ပါ၊ ဒါပေမဲ့ သူဟာ အသုံးပြုရန် တစ်ခုကို ရွေးချယ်ခဲ့ပါတယ်။ သူဟာ ကျွန်ုပ်တို့ကိုလည်း မလိုအပ်ပါဘူး။ သူ ရွေးချယ်ခဲ့ပါက၊ ဘုရားသခင်သည် တစ်လောကလုံးမှာရှိတဲ့ လူသားများကို သတင်းကောင်းအကြောင်း ဟောပြောနိုင်စွမ်းရှိပါတယ်။ ဘုရားသခင်က သူ့ထံသို့ သူတို့ ပြန်လှည့်လာသင့်ကြောင်း သတင်းစကားအား အယောက်စီတိုင်းကို ပေးနိုင်ခဲ့ပါတယ်။ ဘုရားသခင်က သူ၏အသံကို သူတို့၏ ခေါင်းထဲသို့ ထည့်ပေးခြင်းအားဖြင့် သူတို့သည် အခြားသူများအား ချစ်ခြင်းမေတ္တာပြသသင့်ကြောင်း လူပုဂ္ဂိုလ်အယောက်တိုင်းကို သွန်သင်ပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သူ မပြုလုပ်ပါဘူး။ ထို့အစား၊ သူသည် သင်နှင့် ကျွန်ုပ်ကဲ့သို့သော လူများကို အလုပ်ပြီးမြောက်စေရန် အသုံးပြုတတ်ပါတယ်။

ဒုတိယအနေဖြင့်၊ ဘုရားသခင်သည် အရာရာတိုင်းကို သူ ဖြစ်စေချင်သည့် နည်းလမ်းအတိုင်း ဖြစ်ပေါ်လာစေဖို့ အဖြစ်အပျက်များအား ကြိုတင်စီရင်ထားနိုင်စွမ်းရှိပါတယ်။ ဒါပေမဲ့ သူ မပြုလုပ်ပါဘူး။ အာဟပ်မင်းကြီး၏ အကြောင်းအရာတွင်၊ ဘုရားသခင်က သူ၏ ကောင်းကင်ဘုံရှိ ကောင်စီ အဖွဲ့ဝင်

များကို သူ လုပ်ချင်သည့်အရာအား ဘယ်လို ဆောင်ရွက်ရမလဲဆိုတာကို ဆုံးဖြတ်စေခဲ့ပါတယ်။ သူသည် သူတို့၏ လွတ်လပ်မှုအား အသုံးပြုရန် သူတို့ကို အခွင့်ပေးခဲ့ပါတယ်။ ထိုအရာက ဖြစ်ပျက်သမျှသော အရာတိုင်းသည် ကြိုတင်စီမံထားခြင်းမဟုတ်ကြောင်းကို ကျွန်ုပ်တို့အား သွန်သင်ထားပါတယ်။ ထို့အပြင်၊ ထိုအရာသည် ဝိညာဉ်လောက၌သာ မှန်ကန်ခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့၏ လက်တွေ့လောက၌လည်း အမှန်တရားဖြစ်ပါသည်။

သမ္မာကျမ်းစာထဲတွင်၊ သဘာဝလွန် နိုင်ငံတော်သည် စည်းစနစ်ကျသော ရာထူးဂုဏ်သိမ်အဆင့်ဆင့် ရှိပါသည်။ ဘုရားသခင်သည် ဘုရင်ဖြစ်ပါတယ်။ သူ့အတွက် အလုပ်လုပ်သောသူတို့သည် သူ၏ မိသားစုဝင်များ ဖြစ်ကြပါတယ်။ သူတို့သည် ဘုရားသခင်၏ အုပ်ချုပ်ရေးတွင် ဩဇာအာဏာ ပိုင်ဆိုင်ကြပါသည်။ သူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ထဲတွင် ဖြစ်ပျက်သောအရာ၌ ပါဝင်ကြပါတယ်။

သမ္မာကျမ်းစာက လူတို့အကြောင်း တူညီသောအရာအား ပြောဆိုထားသည်မှာ အံ့ဩစရာကောင်းပါတယ်။ အစကတည်းက ဒေင်ဥယျာဉ်တွင်၊ ဘုရားသခင်က လူသားများအား သူနှင့်အတူ ဤလောကကို အုပ်စိုးရန် ဖန်ဆင်းခဲ့ပါတယ်။ "အချင်းတို့၊ များပြားစွာ မွေးဖွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့ဟု" ဘုရားသခင်က အာဒံနှင့် ဧဝကို ပြောခဲ့ပါတယ် (က ၁း၂၈)။ အာဒံနှင့် ဧဝသည် ဘုရားသခင်၏ သားသမီးများ၊ ဘုရားသခင်၏ မြေကြီးပေါ်ရှိ မိသားစုဝင်များ ဖြစ်ကြပါတယ်။ ဘုရားသခင်သည် သူတို့နှင့်အတူ နေထိုင်ချင်ခဲ့ပြီး တစ်လောကလုံးကို ဒေင်ဥယျာဉ်ကဲ့သို့ ပြုလုပ်ရာ၌ သူတို့ကို ပါဝင်စေခဲ့ပါတယ်။

ထိုအရာသည် စာဖတ်သူအများစုအဖို့ ရင်းနှီးမှုရှိသော အယူအဆ တစ်မျိုး ဖြစ်ပါတယ်။ မရှင်းသောအရာမှာ ဒေင်ဥယျာဉ်ထဲတွင် အာဒံနှင့် ဧဝတို့သာလျှင် ဘုရားသခင်၏ မိသားစုဝင်များ မဟုတ်ကြပါ။ ဘုရားသခင်၏ ဝိညာဉ် မိသားစုသည်လည်း ထိုနေရာ၌ ရှိနေခဲ့ကြပါတယ်။ ဒေင်ဥယျာဉ်သည် ဘုရားသခင် ကိုန်းဝပ်တော်မူသည့် နေရာဖြစ်ခဲ့ပါတယ်။ ဘုရားသခင် ကိုန်းဝပ်တော်မူသည့် နေရာ၌ သူ၏ မိသားစုသည်လည်း နေထိုင်ကြပါသည်။ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံကို ဘုရားသခင်နှင့် သူ၏သစ္စာရှိသော သက်ရှိ ဝိညာဉ်များ - သူ၏ သဘာဝလွန် မိသားစုနှင့်အတူ ကျွန်ုပ်တို့ နေထိုင်ရမည့် နေရာကဲ့သို့ တွေးထင်ကြပါတယ်။ ထိုအရာသည် မူလက ရည်ရွယ်ထားသည့် နည်းလမ်းဖြစ်ပြီး၊ အနာဂတ်တွင် ဖြစ်လာမည့် နည်းလမ်းလည်း ဖြစ်ပါတယ်။ သမ္မာကျမ်းစာက သစ်လွင်ပြီး၊ တစ်ကမ္ဘာလုံးနှင့်ဆိုင်သော ဒေင် တစ်ခုအနေဖြင့် မြေကြီးပေါ်သို့ ဆင်းသက်လာမည့် ကောင်းကင်နှင့် အဆုံးသတ်ထား၍ ကောင်းစွာ အံ့ဝင်ဂွင်ကျဖြစ်ပါတယ် (ဗျာ ၂၁-၂၂)။

ကျွန်ုပ်တို့၏ ကံကြမ္မာကို နားလည်ရန်၊ ကျွန်ုပ်တို့ဟာ ဘုရားသခင်၏ မိသားစု နှစ်စုမှ တူညီသော နေရာကို နေထိုင်ခဲ့သည့် အချိန်ကာလသို့ ပြန်သွားဖို့ လိုအပ်ပါတယ်။ ကျွန်ုပ်တို့ဟာ ဒေင်ဥယျာဉ်

ဆီသို့ ပြန်သွားပြီး၊ ပုံပြင်ထဲရှိ အသေးစိတ်အချက်အလက်များကို နောက်တစ်ဖန် ပြန်ကြည့်ဖို့ လို အပ်ပါတယ်။

# အခန်း သုံး

## ယခင်နှင့် အနာဂတ် ရှင်ဘုရင်များ

ကျွန်ုပ်တို့ဟာ ဘုရားသခင်၏ ကောင်းကင်ဘုံရှိ ကောင်စီ၊ သူ၏ ဆုံးဖြတ်ချက်များကို လုပ်ဆောင်သည့် သူ၏ ဝိညာဉ် မိသားစုအကြောင်း တိုတောင်းသော မိတ်ဆက်ခြင်း တစ်ခု ရှိခဲ့ပြီးဖြစ်ပါတယ်။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ နောက်ထပ် ရေးသားစရာ အများကြီး ရှိပါသည်။ ယေရှုနှင့် စာတန်ကဲ့သို့ အရေးပါသော သက်ရှိများသည် မည်ကဲ့သို့ ဤအထဲတွင် ဝင်ဆံ့ကြကြောင်းအား ကျွန်ုပ်တို့ တွေးတောဖို့ရန် လိုအပ်ပါတယ်။ သို့ရာတွင် ကျွန်ုပ်တို့သည် မမြင်နိုင်သော၊ ဝိညာဉ် လောက၌ ဖြစ်ပျက်နေသော အရာများကို ထပ်၍ မဆွေးနွေးခင်၌၊ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ အကြောင်းကို အသစ်သောနည်းလမ်း တစ်မျိုးဖြင့် စဉ်းစားဖို့ လိုအပ်ပါတယ်။ သူ၏အမှုတော်ထမ်း ကောင်စီကို အသုံးပြုခြင်းအားဖြင့် ဝိညာဉ်လောကရှိ ဘုရားသခင်၏ အုပ်စိုးခြင်းသည် မြေကြီး ပေါ်မှာ သူ အုပ်ချုပ်သည့် ပုံစံအတွက် နမူနာပုံစံ တစ်ခု ဖြစ်ပါတယ်။ မြေကြီးပေါ်၌ ဘုရားသခင်၏ အုပ်စိုးခြင်းသည် ကျမ်းတတ်ပုဂ္ဂိုလ်များ ခေါ်ဝေါ်ကြသည့် ဘုရားသခင်၏ နိုင်ငံတော် ဖြစ်ပါသည်။ မြေကြီးပေါ်ရှိ ဘုရားသခင်၏ နိုင်ငံတော်သည် ကမ္ဘာဦးကျမ်းထဲရှိ၊ ဧဒင်ဥယျာဉ်ထဲ၌ အစပြုခဲ့ပါ တယ်။

## ဧဒင် - ဘုရားသခင်၏ ဌာနချုပ်

"ဧဒင်ဥယျာဉ်" ဟု သင် ကြားသောအခါ၊ ပထမဦးဆုံး သင် စဉ်းစားသည့်အရာမှာ မည်သည့်အရာ ဖြစ်ပါသလဲ။ လူအများစုသည် အာဒံနှင့် ဧဝကို စဉ်းစားမိကြပါသည်။ ဧဒင်သည် သူတို့၏ နေအိမ် ဖြစ်ပါတယ်။ ထိုနေရာသည် ဘုရားသခင် သူတို့ကို ထားသည့် နေရာဖြစ်ပါတယ် (က ၂း၁၅-၂၅)။

သို့ရာတွင် ဧဒင်သည်လည်း ဘုရားသခင်၏ နေအိမ်ဖြစ်ကြောင်းကို လူအများစုက နားလည်းသ ဘောပေါက်ခြင်းမရှိကြပါ။ ယေဇကျေလက ဧဒင် ဥယျာဉ်အား "ဘုရားသခင်၏ ဥယျာဉ်" ကဲ့သို့ ရည်ညွှန်းပြောဆိုထားပါတယ် (ယေ ၂၈း၁၃၊ ၃၁း၈-၉)။ ဤအရာသည် အံ့သြစရာမဖြစ်သင့်ပါ။ အံ့သြစရာဖြစ်မည့်အရာမှာ၊ ဧဒင်ကို "ဘုရားသခင်၏ ဥယျာဉ်" ဟု ခေါ်ဆိုပြီးနောက်ချက်ခြင်းတွင်၊ ယေဇကျေလက ၎င်းကို "ဘုရားသခင်၏ သန့်ရှင်းသောတောင်" ဟု ခေါ်ဆိုထားပါသည် (၂၈း၁၄)။ ရှေးဟောင်း ကိုးကွယ်မှု ဘာသာအယူဝါဒ အများအပြားတွင်၊ တန်ဖိုးကြီးသော ဥယျာဉ်များနှင့် ဝင်ခွင့်မပြုသော တောင်များကို သဘာဝလွန်ဖြစ်သော အုပ်စိုးသူများ၏ နေအိမ်ဖြစ်သည်ဟု သတ် မှတ်ခဲ့ကြပါတယ်။ သမ္မာကျမ်းစာက ဥယျာဉ်နှင့် တောင် နှစ်ခုစလုံးကို ဧဒင်အား ဖော်ပြရန် အသုံး ပြုထားပါတယ်။ ဧဒင်သည် ဘုရားသခင်၏ နေအိမ်ဖြစ်ပါတယ်၊ ထိုအရာမှာ ၎င်းဟာ သူ၏ ဌာနချုပ်

ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပါတယ်။ ၎င်းသည် သူ၏ နိုင်ငံတော်နှင့်ဆိုင်သော စီမံခန့်ခွဲမှုအား ဦးစီး ဦးရွက်ပြုခဲ့သည့် နေရာ ဖြစ်ခဲ့ပါတယ်။

ထို့ကြောင့် ဘုရားသခင်ရှိသည့် နေရာ၌၊ သူ၏ အမှုတော်ထမ်း ကောင်စီသည်လည်း သူနှင့်အတူ ရှိပါလိမ့်မည်။

**ဘုရားသခင်၏ ပုံသဏ္ဍာန်ဆောင်သူများ**

ဘုရားသခင်နှင့် သူ၏ ကောင်စီ နှစ်ခုစလုံးသည် ဧဒင်ဥယျာဉ်ထဲတွင် ရှိခဲ့ကြသည်ဟု သမ္မာကျမ်း စာထဲရှိ အရေးကြီးဆုံးသော ကျမ်းချက် တစ်ခုက ကျွန်ုပ်တို့ကို သွန်သင်ထားပါတယ်။ ကမ္ဘာဦး ကျမ်း ၁း၂၆ တွင် "ငါတို့ ပုံသဏ္ဍာန်နှင့်တညီ၊ တစ်သဏ္ဍာန်တည်း လူကို ဖန်ဆင်းကြစို့" ဟု ဘုရား သခင်က ဆိုထားပါတယ်။ ဘုရားသခင်က ဤနေရာတွင် လူသားများကို ဖန်ဆင်းမည့် သူ၏ အစီ အစဉ်ကို အုပ်စု တစ်စုအား ကြေညာနေခြင်းဖြစ်ပါတယ်။ သူသည် မည်သည့် အုပ်စုကို စကားပြော နေခြင်းဖြစ်ပါသလဲ။ သူ၏ ကောင်းကင်ဘုံရှိ ဝိညာဉ် မိသားစုဖြစ်သည့်၊ ကောင်စီကို ပြောဆိုနေခြင်း ဖြစ်ပါတယ်။ သူသည် သုံးပါး တစ်ဆူ၏ အခြားသော အဖွဲ့ဝင်များအား ပြောဆိုနေခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့သည် ဤအရာကို သိကြပါတယ်၊ အကြောင်းမှာ သားတော် သို့မဟုတ် ဝိညာဉ်တော်က မသိသောအရာကို ခမည်းတော် ဘုရားက မသိရှိနိုင်ပါ။ ဘုရားသခင်၏ အမှုတော်ထမ်း အဖွဲ့သည် ဘုရားသခင်က လုပ်ဆောင်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည့် အသစ်သောအရာ တစ်ခုကို လေ့လာ သင်ယူနေကြပါတယ်။

ဘုရားသခင်၏ ကြေညာခြင်းသည် နားလည်ရ လွယ်ကူပါသည်။ ၎င်းဟာ ကျွန်ုပ်က၊ "ပီဇာမုန့် စားကြရအောင်ဟု" သူငယ်ချင်းတချို့ကို ပြောဆိုခြင်းနှင့် တူပါသည်။ ဤအပိုင်းသည် ရှင်းလင်းပါ သည်။ ဒါပေမဲ့ ကျွန်ုပ်တို့ မလွဲချော်ချင်သည့် အခြားသောအရာများ ရှိပါသည်။ ဘုရားသခင်က လူ သားများကို ဖန်ဆင်းခြင်းအမှုအရာအား အမှန်တကယ် လုပ်ဆောင်သောအခါ၌၊ သူ၏ ဝိညာဉ် ကောင်စီကို ဖန်ဆင်းခြင်း လုပ်ငန်းတွင် ပါဝင်စေခဲ့ခြင်းမရှိပါ။

အာဟပ်နှင့်စပ်လျဉ်း၍ ကောင်းကင်ဘုံရှိ ကောင်စီ အစည်းအဝေးတွင်၊ ဝိညာဉ်များသည် ဆုံးဖြတ် ချက် လုပ်ငန်းစဉ်၌ ပါဝင်လှုပ်ရှားခဲ့ကြပါတယ်၊ သို့ရာတွင် ဤအစည်းအဝေး၌၊ သူတို့သည် နား ထောင်ရုံမျှသာနားထောင်ကြပြီး၊ ပါဝင်ပတ်သက်ခြင်းမရှိခဲ့ကြပါ။ နောက်ကျမ်းပိုဒ်ထဲတွင် (ကမ္ဘာ ၁း ၂၇) လူသားများကို ဖန်ဆင်းသောအခါ၌၊ ဘုရားသခင် တစ်ဦးတည်းကသာ ဖန်ဆင်းခြင်းအမှုကို လုပ်ဆောင်နေသူ ဖြစ်ပါတယ်။ လူသားများကို ဖန်ဆင်းခြင်းအမှုသည် ဘုရားသခင် တစ်ဦးတည်း ကသာ လုပ်ဆောင်ခဲ့သည့်အရာ ဖြစ်ပါတယ်။ ကျွန်ုပ်၏ ပီဇာ ဥပမာကို ပြန်သွားသည့်အခါ၊ "ပီဇာမုန့် စားကြရအောင်ဟု" ကျွန်ုပ် ပြောဆိုခဲ့လျှင်၊ ထို့နောက်၌ ကျွန်ုပ်သည် အယောက်တိုင်းကို

ကျွန်ုပ်၏ ကားဖြင့် ပီဇာမုန့် စားသောက်ဆိုင်သို့ ခေါ်ဆောင်သွားပြီးနောက်၊ ၎င်းအရာအားလုံးအတွက် ငွေပေးချေခဲ့ပါတယ်။ ကျွန်ုပ် တစ်ယောက်တည်းကသာ အလုပ်အားလုံးကို လုပ်ဆောင်နေသူ ဖြစ်ပါမည်။ ထိုအရာသည် ဘုရားသခင်က လူသားများကို ဖန်ဆင်းခဲ့သည့်အချိန်နှင့် ဆင်ပါသည်။

ဘုရားသခင် တစ်ဦးတည်းကသာ လူသားများကို ဖန်ဆင်းသောသူ ဖြစ်တယ်ဆိုတာဟာ အဓိပ္ပါယ်ရှိပါသည်။ သူ၏ သက်ရှိ ဝိညာဉ် ကောင်စီအဖွဲ့ဝင်များသည် ထိုသို့သော တန်ခိုးစွမ်းအားမျိုးကို မပိုင်ဆိုင်ထားကြပါ။ သို့ရာတွင်၊ ထိုအရာက နောက်ထပ် တစ်မူထူးခြားသော ရလဒ်ကို ထွက်ပေါ်လာစေပါတယ်။ ကမ္ဘာဦးကျမ်း ၁း၂၇ တွင်၊ "ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏၊" ဒါဆိုရင် ဘာကြောင့် ပုံပြင်က "ငါတို့၏ ပုံသဏ္ဍာန်ဟု ပြောဆိုခဲ့ပါသလဲ" (အခန်းငယ် ၂၆)။

ဘုရားသခင်နှင့် သူ၏ဝိညာဉ် ကောင်စီ အဖွဲ့ဝင် နှစ်မျိုးစလုံးသည် "ပုံသဏ္ဍာန်ကို" အတူတကွ ပိုင်ဆိုင်ထားကြပါတယ်ဟု ဤအရာက အဓိပ္ပါယ်ရပါသည်။ "ပုံသဏ္ဍာန်" က ဘာကို ဆိုလိုကြောင်း နောက်၌ ကျွန်ုပ် ရှင်းပြပါမည်။ ဒါပေမဲ့ ယခုလောလောဆယ်အတွက် ဘုရားသခင်က လူသားများအားလည်း ဤ "ပုံသဏ္ဍာန်ကို" ရရှိစေချင်ပါသည်။ "ပုံသဏ္ဍာန်" က ဘာကိုပဲ ဆိုလိုသည်ဖြစ်ပါစေ၊ ဘုရားသခင်က လူသားများအား ဖန်ဆင်းပြီးနောက်တွင် သူတို့လည်းဘဲ ထိုပုံသဏ္ဍာန်ကို အတူတကွ ပိုင်ဆိုင်ကြပါလိမ့်မည်။ ကျွန်ုပ်တို့သည် အချို့နည်းလမ်းများတွင် ဘုရားသခင်နှင့် တူညီရုံသာမကဘဲ ကျွန်ုပ်တို့သည် သက်ရှိ ဝိညာဉ် ကောင်စီနှင့်လည်း အချို့သော နည်းလမ်းများတွင် တူညီကြပါသည်။

ကျွန်ုပ်တို့အားလုံး၌ ထိုမျှလောက် ဆင်တူခြင်း ရှိသည့်အရာကို "ဘုရားသခင်၏ ပုံသဏ္ဍာန်" စကားစုအားဖြင့် ဆက်သွယ်ပေးထားခြင်းဖြစ်ပါတယ်။ ဘုရားသခင်က လူသားများကို သူ၏ ပုံသဏ္ဍာန်ကဲ့သို့ ဖန်းဆင်းထားပါသည်။ လူသားဖြစ်ခြင်းသည် ဘုရားသခင်၏ ပုံသဏ္ဍာန်ဆောင်သူ ဖြစ်ပါတယ်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကိုယ်စားပြုသူများ ဖြစ်ကြပါတယ်။ ဘုရားသခင်၏ ပုံသဏ္ဍာန်ဆောင်ခြင်းဆိုသည်မှာ ဘုရားသခင် ကျွန်ုပ်တို့အား ပေးထားသည့် "အရည်အချင်း" တစ်ခုမဟုတ်ပါ။ ဘုရားသခင်၏ ပုံသဏ္ဍာန်သည် အသိဉာဏ်၊ သို့မဟုတ် စိတ်ခံစားချက်များ၊ သို့မဟုတ် ဖန်တီးနိုင်စွမ်းရှိခြင်း မဟုတ်ပါ။ ကျွန်ုပ်တို့ထံ၌ တစ်စုံတစ်ရာ ဖြစ်ပျက်နိုင်ပြီး၊ ကျွန်ုပ်တို့သည် အရည်အချင်းများလည်း ဆုံးရှုံးနိုင်ပါသည်၊ သို့ရာတွင် ကျွန်ုပ်တို့ဟာ ဘုရားသခင်၏ ပုံသဏ္ဍာန်ဆောင်သူဖြစ်ခြင်း၏ အဆင့်အတန်းကို မဆုံးရှုံးနိုင်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပုံသဏ္ဍာန်အား ဆုံးရှုံးနိုင်ပါက၊ ကျွန်ုပ်တို့သည် လူသားဖြစ်ခြင်းမှ ရပ်တန့်သွားပါလိမ့်မည်။ လူသားတိုင်းသည်၊ သန္ဓေတည်ချိန်မှစ၍ သေဆုံးသည်အထိ အမြဲတမ်း လူသားဖြစ်ပြီး၊ အမြဲတမ်း ဘုရားသခင်၏ ပုံသဏ္ဍာန်

ဆောင်သူသာ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် လူ့ဘဝသည် တိရိစ္ဆာန် ဘဝထက် ထူးခြားမှုရှိပြီး၊ ကွဲပြား ခြားနားပါသည်။

ပုံသဏ္ဍာန်ဆိုသည်မှာ ဘုရားသခင်၏ ကိုယ်စားလှယ်ဟု အဓိပ္ပါယ်ရပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား ဘယ်လို ကိုယ်စားပြုပါသနည်း။ ဘုရားသခင်က သူ၏ ဩဇာအာဏာကို ကောင်း ကင်ဘုံ ကောင်စီ၏ သက်ရှိ ဝိညာဉ်များနှင့် ဝေမျှအသုံးပြုသည်ကို ပြီးခဲ့သော အခန်းထဲတွင် ကျွန်ုပ် တို့ တွေ့ခဲ့ရပါတယ်။ ဘုရားသခင်က သူ၏ ဩဇာအာဏာအား မြေကြီးပေါ်ရှိ လူသားများနှင့်လည်း ဝေမျှအသုံးပြုပါသည်။ ဘုရားသခင်သည် မြင်၍ရနိုင်သောနှင့် မြင်၍မရနိုင်သော အရာအားလုံး၏ မြင့်မြတ်သော ဘုရင် ဖြစ်ပါတယ်။ သူသည် အုပ်စိုးပါသည်။ သူသည် ထို အုပ်စိုးမှုအား ဝိညာဉ် လောကရှိ သူ၏ ဝိညာဉ် မိသားစုနှင့် ဝေမျှထားပါသည်။ သူသည် ၎င်းအား လက်တွေ့ လောကရှိ လူများနှင့်လည်း ဝေမျှအသုံးပြုပါသည်။ ကျွန်ုပ်တို့ဟာ ဤနေရာ၌ရှိနေခြင်းမှာ ဘုရားသခင်နှင့် အတူ သူ၏အစီစဉ်၌ ပါဝင်လုပ်ဆောင်ရန်ဖြစ်ပါတယ်။ ကျွန်ုပ်တို့သည် သူနှင့်အတူ ပျော်မွေ့နိုင်မည့် ခြောက်ပြစ်ကင်းသော နေရာ တစ်ခုအဖြစ် ဤကမ္ဘာကြီးအား ဖန်တီးချင်ပါသည်။

နှစ်ပေါင်းများစွာ ကြာပြီးနောက်တွင်၊ ဘုရားသခင်သည် သူ၏ပုံသဏ္ဍာန်ကိုတုရန် အကောင်းဆုံး သော နည်းလမ်းအား လူသားများကို ပြပေးခဲ့ပါတယ်။ ယေရှုသည် ဘုရားသခင်၏ပုံသဏ္ဍာန်ကို ဆောင်ခြင်း၏ အမြင့်ဆုံးသော ဥပမာ ဖြစ်ပါတယ်။ သူ့ကို မြင်၍မရနိုင်သော ဘုရားသခင်၏ ပုံသ ဏ္ဍာန်တော် ဖြစ်သည်ဟု ခေါ်ထားပါသည် (ကော ၁း၁၅)။ ဘုရားသခင်အဖြစ်တော်၏ထပ်တူပုံသ ဏ္ဍာန်ဖြစ်သည်ဟု သတ်မှတ်ထားပါသည် (ဟေ ၁း၃)။ ကျွန်ုပ်တို့သည် ကောင်းမွန်စွာ ဘုရားသခင် ကို ကိုယ်စားပြုစေဖို့အလို့ငှါ ယေရှုအား တုပရန် ကျွန်ုပ်တို့ကို မိန့်ဆိုထားပါတယ် (ရောမ ၈း၂၉၊ ၂ ကော ၃း၁၈)။

## ကောင်စီ နှစ်ခု၊ ကံကြမ္မာ တစ်ခု

သမ္မာကျမ်းစာက လမ်းညွှန်ပြနေသော လမ်းကို သင် မြင်တွေ့နေမည်ဟု ကျွန်ုပ် မျှော်လင့်ပါသည်။ လူသားများသည် ဘုရားသခင်ရဲ့ နိုင်ငံတော်၏ စီမံခန့်ခွဲမှုထဲတွင် ပါဝင်ကြရမည်ဖြစ်ပါတယ်။ လူ သားများဟာ မြေကြီးပေါ်ရှိ ဘုရားသခင်၏ ကောင်းစီ၌ ပါဝင်ရန် ရည်ရွယ်ထားပါတယ်။ ဘုရား သခင်သည် ကျွန်ုပ်တို့ကို သူ၏ဝိညာဉ် မိသားစုနှင့်အတူတကွ သူ၏မျက်မှောက်တော်ထဲတွင် နေ ထိုင်စေချင်ခဲ့ပါတယ်။ ကျွန်ုပ်တို့ကို ဘုရားသခင်အား ထာဝရ မွေ့လျော်ပြီး သူ့ကို အစေခံရန် ဖန် ဆင်းထားခြင်းဖြစ်ပါတယ်။ ဘုရားသခင်သည် လူသားများကို ဖန်ဆင်းခဲ့သော အစမှာပင် ဤအရာ ကို မြေကြီးပေါ်ရှိ ဒေင်ဥယျာဉ်ထဲတွင် အစပြုချင်ခဲ့ပါတယ်။ ဒေင်သည် ကောင်းကင်နှင့် မြေကြီးက ကန့်လန့်ဖြတ်သည့်နေရာ ဖြစ်ပါသည်။ ဘုရားသခင်နှင့် သူ၏ ဝိညာဉ် ကောင်စီဝင်များသည် လူ သားများကဲ့သို့ တူညီသော နေရာအား နေရာယူရမှာ ဖြစ်ပါတယ်။

သို့ရာတွင် ဘုရားသခင်က မည်သည့် ရည်ရွယ်ချက်ဆီသို့ လူသားများအား လုပ်ဆောင်စေချင်ခဲ့ပါ သလဲ။

ဘုရားသခင်က အာဒံနှင့် ဧဝကို မိန့်ကြားခဲ့ပါတယ်၊ "အချင်းတို့ များပြားစွာ မွေးဖွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ .......... အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော တိရိစ္ဆာန် အပေါင်းတို့ကိုငင်း အုပ်စိုးကြလော့" (က ၁း၂၈)။ ဤအရာသည် ဘုရားသခင်၏ ပုံသဏ္ဌာန်ကို ဆောင်သူများအတွက် တာဝန် ဖြစ်ခဲ့ပါတယ်။ သူတို့သည် သူ၏ ဖန်ဆင်းခြင်းအရာများအပေါ်၌ အစေခံ -ဘုရင် များအနေဖြင့် ဘုရားသခင်ကို အစေခံကြပါလိမ့်မည်။ လူသားများ၏ အလုပ်မှာ ကမ္ဘာကြီးအား ပြန့်နှံ့၍ တစ်လောကလုံးကို ဧဒင်ကဲ့သို့ ဖြစ်လာအောင် လုပ်ဆောင်ရန် ဖြစ်ပါတယ်။ ထိုအလုပ်သည် လူသားနှစ်ဦးအတွက်တော့ အင်မတန်မှ ကြီးမားလွန်းပါသည်။ ဘုရားသခင်က အာဒံနှင့်ဧဝကို သားသမီးများ မွေးဖွားစေချင်ခဲ့ပါတယ်။

ကျွန်ုပ်တို့ သိထားသကဲ့သို့၊ အာဒံ၊ ဧဝနှင့် ၎င်းတို့၏ သားသမီးများသည် ဤတာဝန်၌ ကျရှုံးခဲ့ကြ ပါတယ်။ လူသားများဟာ ဒုစရိုက်အပြစ်ကို ပြုခဲ့ကြပါတယ်။ အကယ်၍ လူသားများသည် အပြစ်ကို မကျူးလွန်ခဲ့ပါက၊ ကမ္ဘာမြေကြီးသည် တဖြည်းဖြည်းနှင့် ဧဒင်ဥယျာဉ်ကဲ့သို့ နေရာတိုင်းတွင် ဖြစ် ပေါ်ပြောင်းလဲလာပါလိမ့်မည်။ ကျွန်ုပ်တို့သည် ပြီးပြည့်စုံသော မြေကြီးတစ်ခုပေါ်၌ ထာဝရအသက် ကို ရရှိပိုင်ခဲ့ကြပါလိမ့်မည်။ လူသားများသည်လည်း အကောင်းမွန်ဆုံးသော ငြိမ်သက်ခြင်းဖြင့် ဘုရားသခင်နှင့် သူ၏ ဝိညာဉ်မိသားစုနှင့်အတူ နေထိုင်ရပါလိမ့်မည်။

သို့သော်လည်း လူသားများသည် ဘုရားသခင်ကို နာခံခြင်းမရှိခဲ့ကြပါ သို့မဟုတ် သူ၏ အစီစဉ်ကို မလိုက်နာခဲ့ကြပါ။ ဘုရားသခင်သည် လူသားများကို ချစ်သောကြောင့် အာဒံနှင့် ဧဝကို ခွင့်လွှတ် ပေးခဲ့ပါတယ်။ ဒါပေမဲ့ ၎င်းအချိန်မှစ၍ သူတို့၏ သားသမီးများသည် သူတို့၏ မိဘများကဲ့သို့ ဖြစ် လာခဲ့ကြပါသည်။ သူတို့သည် ဘုရားသခင်နောက်သို့ မလိုက်လျှောက်ကြတော့ပါ။ ကျွန်ုပ်တို့အား လုံးသည် အပြစ်ဒုစရိုက်ကိုပြုကြသဖြင့် သေဆုံးရန် ထိုက်တန်ကြပါတယ် (ရော ၆း၂၃)။ ကျွန်ုပ်တို့ သည် ယခုအခါ သေမျိုးများဖြစ်ကြပါတယ်၊ သို့ရာတွင် ကျွန်တို့သည် ဘုရားသခင်နှင့် ကင်းကွာ သောကြောင့် ကျွန်ုပ်တို့ အားလုံးဟာ မကြာမီမှာ အပြစ်ဒုစရိုက်ကိုပြုလုပ်ကြပါတယ်။ ကျွန်ုပ်တို့ဟာ မိမိတို့၏ အပြစ်ဒုစရိုက် လုပ်ဆောင်မှုများနှင့် သေခြင်းတရားမှ လွတ်မြောက်ဖို့ရန် လိုအပ်ပါတယ်။

ကျွန်ုပ်တို့အတွက် ကောင်းကင်ဘုံရှိ ဘုရားသခင်၏ မိသားစုနှင့် ပူးပေါင်းရန်၊ သူ၏ကောင်စီ၏ အစိတ်အပိုင်းတွင် ပါရှိရန်နှင့် သူ၏ မျက်မှောက်တော်ထဲတွင် နေထိုင်ရန် သူ၏အစီအစဉ်သည်၊

ကျွန်ုပ်တို့ကို သမ္မာကျမ်းစာက သွန်သင်ထားသော အံ့ဩဘွယ်ရာများအား တွေ့မြင်စေရာတွင် အထောက်အကူ ဖြစ်စေပါသည်။

သမ္မာကျမ်းစာက ယေရှုကို ယုံကြည်သူများအား "ဘုရားသခင်၏ သားတော်များ" သို့မဟုတ် "ဘုရားသခင်၏ သားသမီးများ" ဟု ခေါ်ဆိုထားပါတယ် (ယော ၁း၁၂၊ ၁၁း၅၂၊ ဂ ၃း၂၆၊ ၁ ယော ၃း၁-၃)။ ထို့ကြောင့် ယုံကြည်သူများအား "ဘုရားသခင်၏ မိသားစုအထဲသို့ မွေးစားခြင်းခံသူများ" အနေဖြင့် ဖော်ပြထားပါတယ် (ဂ ၄း၅-၆၊ ရော ၈း၁၄-၆)။ ထို့ကြောင့် ကျွန်ုပ်တို့ကို "ဘုရားသခင်နှင့် သူ၏ နိုင်ငံတော်၏ အမွေစားအမွေခံများ" ဟု ဆိုထားပါတယ် (ဂ ၄း၇၊ တိ ၃း၇၊ ယာ ၂း၅)။ ယုံကြည်သူများသည် "ဘုရားသခင်၏သဘောသဘာဝကို ဆက်ခံသူများ" ဟု ၎င်းက ဆိုထားပါတယ် ( ၂ ပေ ၁း၄၊ ၁ ယော ၃း၂ ကိုလည်း ကြည့်ပါ)။ ထိုအကြောင်းကြောင့် ယေရှုက ဘုရားသခင်၏ ပရဒိသုဥယျာဉ်၌ရှိသော ယုံကြည်သူများအား "အသက်ပင်၏အသီးကို စားသုံးရန်" ခွင့်ပြုမည်ဟု ပြောဆိုခဲ့ပါတယ်။ ဒါကြောင့် ယေရှုက တိုင်းနိုင်ငံများအား သူ၏ အုပ်စိုးခြင်း အခွင့်ကို ကျွန်ုပ်တို့နှင့် ဝေမျှသွားမည်ဟု ကတိတော်ထားခဲ့ပါတယ် (ဗျာ ၂း၂၆-၂၈)။ သူက မိမိ၏ရာဇပလ္လင်ကိုပင် ဝေမျှ အသုံးပြုသွားမည်ဟု ပြောဆိုခဲ့ပါတယ် (ဗျာ ၃း၂၁)။ ကျွန်ုပ်တို့သည် ဤကမ္ဘာမြေကြီးပေါ်၌ ကျွန်ုပ်တို့၏ အသက်တာအားဖြင့် ရှေ့ဆက် အသက်ရှင်နေထိုင်ကြပါသည်၊ သို့ရာတွင် ယုံကြည်သူများ အနေဖြင့် ကျွန်ုပ်တို့ဟာ ဧဒင်ဥယျာဉ်ဆီသို့ ပြန်သွားနေကြပါတယ်။ တစ်နေ့နေ့တွင် ကောင်းကင်နိုင်ငံသည် ဤကမ္ဘာမြေကြီးအား ဧဒင်ကဲ့သို့ နောက်တဖန် ပြန်ဖြစ်စေရန် ပြန်ရောက်လာပါလိမ့်မည်။ ကမ္ဘာသစ်ကဲ့သို့သော ဧဒင်ဥယျာဉ်ထဲတွင် အုပ်စိုးခြင်း - ထိုအရာသည် နောက်အသက်တာ၌ ကျွန်ုပ်တို့ လုပ်ဆောင်နေလိမ့်မည့်အရာ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အာဒံနှင့်ဧဝတို့ကို မူလက ကူညီထုတ်လုပ်ပေးရန် ရည်ရွယ်ထားသောအရာအား အကျိုးခံစားကြရပါလိမ့်မည်။ ကောင်းကင်နိုင်ငံတော်ရှိ ထာဝရ အသက်သည် မိုးတိမ် တစ်ခုအပေါ်တွင် ထိုင်နေခြင်း၊ စောင်း တစ်လက်ကို တီး၍ တစ်ချိန်လုံး သီချင်းဆိုနေခြင်းအကြောင်း မဟုတ်ပါ။ ကောင်းကင်နိုင်ငံတော်သည် သစ်လွင်၍ ပြီးပြည့်စုံသော ဖန်ဆင်းခြင်းကို ရှာဖွေတွေ့ရှိခြင်းနှင့် မွေ့လျော်ခြင်းပင် ဖြစ်ပါတယ်။ ၎င်းဟာ ဘုရားသခင်၊ ယေရှုနှင့် "ပုံသဏ္ဍာန်ဆောင်သူများ၊" ယုံကြည်သောသူများနှင့် သစ္စာရှိသော ဝိညာဉ်များနှင့် စိတ်ကူးကြည့်၍မရနိုင်သည့် ပြည့်ဝသော ဆက်ဆံရေး တစ်ခုအကြောင်းအရာ ဖြစ်ပါတယ်။

## အဘယ်ကြောင့် ဤအရာသည် အရေးပါမှုရှိပါသလဲ

ဤ သတင်းအချက်အလက်မှ လာသည့် ကျွန်ုပ်တို့၏ အသက်တာများအား ပြောင်းလဲစေသင့်သော အတွေးအခေါ်များစွာ ရှိပါသည်။ ကျွန်ုပ်တို့၏ အသက်တာများက ဘယ်လိုမျိုး ဘုရား သခင်ကို ကိုယ်စားပြုသင့်သလဲဆိုတာနှင့် သူ၏ အစီအစဉ်များအား ပြီးမြောက်အောင် ဘယ်လို ကူညီသင့်သလဲဆိုတာကို ကျွန်ုပ်တို့ဟာ အမြဲတမ်း စဉ်းစားဆင်ခြင်ရင်း နေထိုင်သွားသင့်ပါတယ်။ မကြာခဏ

ဆိုသလို ကျွန်ုပ်တို့ဟာ သူရဲ့ အစီအစဉ်ကို အပြည့်အဝ နားမလည်ကြပါ။ သို့ရာတွင် ကျွန်ုပ်တို့သည် တစ်နေ့စီတိုင်း၌ ကျွန်ုပ်တို့ဟာ ဘုရားသခင်ကို ကိုယ်စားပြုသင့်တယ်ဆိုတာကို သတိယပါက ကျွန်ုပ်တို့သည် ခြားနားစွာ အသက်ရှင်ကြပါလိမ့်မည်။

ဘုရားသခင်၏ မူလအစီအစဉ်မှာ တစ်လောကလုံးကို ဒေင်ဥယျာဉ်ကဲ့သို့ ပြုလုပ်ရန် ဖြစ်ပါတယ်။ ဘုရားသခင်သည် လူသားများအား သူ၏ကောင်းမွန်သော အုပ်စိုးခြင်းကို တစ်လောကလုံး၌ ကျယ်ပြန့်စေရာတွင် ပါဝင်လုပ်ဆောင်စေချင်ခဲ့ပါတယ်။ ဘုရားသခင်က အာဒံနှင့်ဧဝကို သားသမီးများမွေးဖွားရန်နှင့် ဖန်ဆင်းခြင်းအရာများ၏ ဘဏ္ဍာစိုး/ ရှင်ဘုရင်များဖြစ်လာရန် မိန့်ကြားခဲ့ပါတယ် (က ၁း၂၆-၂၈)။ အာဒံနှင့်ဧဝက အပြစ်ကျူးလွန်ပြီးနောက်တွင် ထိုအမိန့်ကို မေ့လျော့သွားခြင်းမရှိခဲ့ပါ။ ထိုအစား၊ ဘုရားသခင်သည် အလွန်ဆိုးဝါးသော ရေလွှမ်းမိုးခြင်းပြီးနောက်တွင် သူ၏ အစီအစဉ်ကို နောဧထံ၌ ထပ်တလဲလဲပြောကြားခဲ့ပါတယ် (က ၈း၁၇၊ ၉း၁)။ ဒေင်ဥယျာဉ်သည် ပျက်ဆီးသွားခဲ့ပါတယ်၊ သို့သော်လည်း ဘုရားသခင်က ၎င်းကို နဂိုအတိုင်းပြန်ဖြစ်စေချင်ခဲ့ပါတယ်။ နောက်ဆုံးတွင်၊ ဘုရားသခင်၏ အုပ်စိုးခြင်းနှင့် သူ၏ နိုင်ငံတော်သည် ဤလောကသို့ ယေရှု ပြန်ကြွလာသည့်အခါ၌ စုံလင်စွာဖြင့် ပြန်လည်ရောက်လာပါလိမ့်မည်။ ဘုရားသခင်က ကောင်းကင်သစ်တစ်ခုနှင့် လောကသစ်တစ်ခုကို ဖန်ဆင်းရန် ကတိပြုထားပါတယ်။ ဗျာဒိတ်ကျမ်း ၂၁ နှင့် ၂၂ က အသစ်သော ဖန်ဆင်းခြင်းကို ဖော်ပြထားပါတယ်၊ ထို့အပြင် ၎င်းဟာ ဒေင်ဥယျာဉ်နှင့် အများကြီး တူပါတယ်။ ကျွန်ုပ်တို့သည် ဒေင်ဥယျာဉ်အသစ်ကို စောင့်နေစဉ်တွင် ဘုရားသခင်၏ သမ္မာတရားနှင့် ယေရှု၏သတင်းကောင်းတရားအကြောင်းကို နေရာတိုင်းတွင် ဖြန့်ဝေနိုင်ပါသည်။ ကျွန်ုပ်တို့သည် သွားတဲ့နေရာတိုင်း၌ ကျွန်ုပ်တို့ တွေ့ဆုံသမျှလူတိုင်းကို ဘုရားအား ကိုယ်စားပြုပေးနိုင်ပါတယ်။ ကျွန်ုပ်တို့သည် လူတို့အား ယခု ဘုရားသခင်နှင့် ဆက်နွယ်မှုရှိစေရန်နှင့် ဘုရားသခင်၏ အစီအစဉ်ကို ယေရှု ပြီးမြောက်မည့် နေ့ရက်အချိန်နှင့် ဒေင်ဥယျာဉ်ကို နဂိုအတိုင်းပြန်ဖြစ်စေမည့် နေ့ရက်အား စောင့်မျှော်ရန် ဖိတ်ခေါ်ရမည့် ဘုရားသခင်၏ ကိုယ်စားလှယ်များ ဖြစ်ကြပါတယ်။

မိမိတို့ကိုယ်ကို ဘုရားသခင်၏ ကိုယ်စားပြုသူများ - သူ၏ ပုံသဏ္ဍာန်ဆောင်သူများအနေဖြင့် သတိရှိစွာ တွေးတောခြင်းသည် - ကျွန်ုပ်တို့ ချမှတ်သော ဆုံးဖြတ်ချက်များသည် အရေးပါပါသည်ဟု အဓိပ္ပါယ်ရောက်ပါသည်။ ခရစ်ယာန်တို့သည် ဘယ်သောအခါမှ အပြစ်ထောင်ချောက်ထဲ၌ မကျရောက်တော့ဘဲ၊ ဘုရားသခင်၏ အစီအစဉ်ကို ပြည့်စုံစေရာတွင် အကူအညီပေးနိုင်ပါသည်။ ဤအရာကို လုပ်ဆောင်ဖို့ရန် ဘုရားသခင်က ကျွန်ုပ်တို့အား တန်ခိုးစွမ်းအင် ပေးရန် သန့်ရှင်းသော ဝိညာဉ်တော်အား စေလွှတ်ပေးပြီးဖြစ်ပါတယ်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ဆက်နွယ်မှုရှိသည့် အသက်တာဟာ ကောင်းမြတ်မှုရှိနိုင်ကြောင်း သတင်းအား ဖြန့်ဝေရမည်ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ လူတို့ကို မည်ကဲ့သို့ ထိုအရာအား သူတို့ အကျိုးခံစားနိုင်ကြောင်းကိုလည်း ပြောပြရမည်ဖြစ်ပါတယ်။ ကျွန်ုပ်တို့၏ အသက်တာများသည် လူအမြောက်အများနှင့် အပြန်အလှန်ဆက်သွယ်လျက်

ရှိနေပါသည်။ ကျွန်ုပ်တို့နှင့် ၎င်းတို့၏ ထိုဆုံစည်းမှု မှတ်ဉာဏ်များသည် သူတို့၏ အသက်တာများ အထဲရှိ အကြောင်းအရာများစွာကို အကျိုးသက်ရောက်မှု ရှိစေလိမ့်ပါမည်၊ ထို့အပြင် သူတို့နှင့် တွေ့ ဆုံသည့် အခြားသော သူများအပေါ်၌ပင်လျှင် ရှိကောင်းရှိနိုင်ပါသည်။ လူတို့ ရှင်သန်နေထိုင်သော နည်းလမ်းက ဘုရားသခင်နှင့်ဆက်ဆံရေးရှိသော အသက်တာတစ်ခုကို သို့မဟုတ် ဘုရားသခင် မပါရှိသော အသက်တာတစ်ခုကို ထင်ရှားစေပါသည်။ အသက်တာအတွက် အခြားသော ရွေး ချယ်စရာ မရှိပါ။

လူသားအားလုံးသည် ဘုရားသခင်၏ ပုံသဏ္ဍာန်ဆောင်သူများဖြစ်ကြတယ်ဆိုသော အသိတရား ဟာလည်း လူသားအားလုံးသည် အရေးပါတယ်ဆိုတာကို ကျွန်ုပ်တို့အား မြင်တွေ့ရန် ပြသပေးသင့် ပါတယ်။ ဤအရာဟာ ဘယ်သူသေရမယ် ဘယ်သူအသက်ရှင်ရမယ်ဆိုတဲ့ အရာနှင့် သက်ဆိုင် သည့် ဆုံးဖြတ်ချက် တစ်ခုထက် အများကြီးပိုပါသည်။ ကျွန်ုပ်တို့ လေ့လာသင်ယူခဲ့ပြီးသောအရာ သည် ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး မြင်သည့်ပုံစံနှင့် ဆက်ဆံသည့်ပုံစံကို ပြောင်းလဲစေသင့်ပါတယ်။ လူမျိုးရေးခွဲခြားခြင်းသည် ဘုရားသခင်၏ ကမ္ဘာထဲတွင် နေရာမရှိပါ။ တရားမျှတမှုမရှိခြင်းသည် ဘုရားသခင်ကို ကိုယ်စားပြုခြင်းနှင့် သဟဇာတမဖြစ်ပါ။ နေအိမ်၊ အလုပ်၊ သို့မဟုတ် အစိုးရအဖွဲ့ အစည်းအတွင်း၌ - အာဏာကို အလွဲသုံးစားပြုခြင်းသည် ဘုရားသခင်၏ နည်းလမ်း မဟုတ်ပါ။ အာဒံနှင့် ဧဝသည် အပြစ်ကျူးလွန်ခဲ့ကြပါတယ်၊ သို့သော်လည်း ဘုရားသခင်က သူတို့ကို မျှတစွာ ဆက်ဆံခဲ့ပါတယ်။ ထို့ကြောင့် မတရားခြင်းအမှုသည် လူတို့နှင့် ကျွန်ုပ်တို့ ထိတွေ့ဆက်ဆံပုံ၌ နေ ရာမရှိပါ။ ထို့အပြင် လူသားအားလုံးသည် ဘုရားသခင်၏ ပုံသဏ္ဍာန်ဆောင်သူများဖြစ်ကြပါတယ်။

ဘုရားသခင်ကို ကိုယ်စားပြုခြင်းဆိုသည်မှာ သူ့ကို ဂုဏ်ပြုသည့် အလုပ်တိုင်းဟာ ဝိညာဉ်ရေးဆိုင် ရာ နေရာ တစ်ခုဖြစ်သည်ဟု ဆိုလိုပါသည်။ သင့်လျော်သော တာဝန်တိုင်းသည် ကျွန်ုပ်တို့၏ ကမ္ဘာ ကို ဒေင်ဥယျာဉ်ဆီသို့ ရွှေ့ပြောင်းခြင်း၏ အစိတ်အပိုင်း ဖြစ်နိုင်ပါတယ်။ ကျွန်ုပ်တို့ဟာ ဘုရားသခင် ၏ ပုံသဏ္ဍာန်ကိုဆောင်သောသူများအား ကောင်းကြီးပေးနိုင်ပါတယ် - သို့မဟုတ် ဆန့်ကျင်ဘက် လုပ်ဆောင်ပေးနိုင်ပါတယ်။ ဘုရားသခင်က အမှုတော်ဆောင်များကို ၎င်းတို့၏ အလုပ်အကိုင် ကြောင့် သာ၍ သန့်ရှင်းသော သို့မဟုတ် သာ၍ ထူးခြားသော လူပုဂ္ဂိုလ်များဟု မထင်မှတ်ထားပါ။ ဘုရားသခင်သည် လူတစ်ဦးစီတိုင်းက သူတို့ နေထိုင်တဲ့နေရာတိုင်းကနေ သူ့ကို ဘယ်လို ကိုယ် စားပြုတယ်ဆိုတဲ့အကြောင်း ဂရုစိုက်ပါတယ်။ ကျွန်ုပ်တို့သည် မှောင်မိုက်တန်ခိုးကို ဆန့်ကျင်လျက် ဘုရားသခင်က လူတိုင်းအား တွေ့ကြုံခံစားစေချင်သည့် အသက်တာကို ဝေမျှရင်း ရပ်တည်ကြပါ တယ် - သို့မဟုတ် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုကို ဆန့်ကျင်ရင်း ရပ်တည်ကြပါတယ်။ ကျွန်ုပ်တို့ လုပ်ဆောင်သည့်အရာဟာ ခမ်းနားကြီးကျယ်စရာ မလိုအပ်ပါဘူး၊ ၎င်းကို လုပ်ဆောင်ဖို့ သာ လိုအပ်ပါတယ်။

ဘုရားသခင်၏ အစီအစဉ်သည် လူသားများနှင့် ဧဒင်အတွက် ခမ်းနားကြီးကျယ်ပါသည်။ သို့ရာတွင် လူသားများ အပြစ်ကျူးလွန်သောအခါ၊ ထိုအစီအစဉ်သည် လျှင်မြန်စွာ မေးမှိန်ပျောက်ကွယ်သွားခဲ့ပါတယ်။ ဘုရားသခင်သာလျှင် ပြည့်စုံသောသူ ဖြစ်ပါတယ်။ ဘုရားသခင်က လူသားများနှင့်ဝိညာဉ်များကို ကောင်းသော ရွေးချယ်မှုများ သို့မဟုတ် ဆိုးဝါးသော ရွေးချယ်မှုများ ပြုလုပ်ရန် လွတ်လပ်မှု ပေးထားခဲ့ပါတယ်။ သို့သော်လည်း လူသားများနှင့် ဝိညာဉ်များသည် ဘုရားသခင်ကဲ့သို့ စုံလင်သောသူများ မဟုတ်ကြပါ၊ ထို့ကြောင့် ၎င်းတို့၏ လွတ်လပ်မှုသည် အလွန် ဆိုးဝါးသော အကျိုးရလဒ်များ ရှိလာနိုင်ပါသည်။

## အခန်း လေး

### ကောင်းကင်နှင့်သက်ဆိုင်သော ဆန့်ကျင်ပုန်ကန်မှုများ

ကျွန်ုပ်သည် ယခင် အခန်းကို မစုံလင်သော သက်ရှိအရာများဖြစ်ကြသည့်၊ ဝိညာဉ် သို့မဟုတ် လူသား၏ လက်ထဲ၌ရှိသည့် လွတ်လပ်သော ရွေးချယ်လုပ်ပိုင်ခွင့်သည် ဘေးဒုက္ခရောက်စေသော အကျိုးရလဒ်များကို ရရှိလာစေနိုင်သည်ဟူသော အယူအဆဖြင့် အဆုံးသတ်ခဲ့ပါတယ်။ ၎င်းကို ဘေးဒုက္ခ တစ်ခုဟု ခေါ်ဆိုခြင်းသည် လုံလောက်စွာ ပြင်းထန်သော ဝေါဟာရ တစ်ခုပင် မဟုတ်ပါ။ သမ္မာကျမ်းစာထဲရှိ အစပိုင်း အခန်းများ၌ ရေးသားဖော်ပြထားသည့် ဘေးဒုက္ခရောက်စေသော အကျိုးရလဒ်များ၏ ဥပမာအချို့ကို ကျွန်ုပ် ဖော်ပြပေးသွားပါမည်။ ၎င်းတို့အားလုံးသည် လူသား များနှင့် သက်ရှိ ဝိညာဉ် နှစ်မျိုးစလုံးက ကြောက်မက်ဖွယ်ကောင်းသောအရာများ လုပ်ဆောင်ထား ခြင်းကို ပါဝင်ပတ်သက်စေပါသည်။

ဘုရားသခင်က မမြင်နိုင်သော နိုင်ငံတော်၏ သက်ရှိ ဝိညာဉ်များနှင့် မြေကြီးပေါ်ရှိ လူသားများကို သူ၏ တန်ခိုးအာဏာအား ဝေမျှရန် ဆုံးဖြတ်ခဲ့သည်ကို သတိယပါ။ ဤအရာက ဝိညာဉ်များနှင့် လူသားများသည် ဘုရားသခင်၏ ဆုံးဖြတ်ချက်များအား ကောင်းမွန်စွာ လုပ်ဆောင်ပေးခြင်းအား ဖြင့် နှစ်မျိုးစလုံးက သူ့ကို ကိုယ်စားပြုရမည်ဟု အဓိပ္ပါယ်ရပါတယ်။ ထိုအရာသည် "ငါတို့ ပုံ သဏ္ဍာန်နှင့်တစ်ညီ၊ တစ်သဏ္ဍာန်တည်း လူကို ဖန်ဆင်းကြစို့" ဟု ဘုရားသခင်က ပြောဆိုသော အခါ၌ သူရဲ့ အစီအစဉ်၏ ဆိုလိုရင်း ဖြစ်ပါတယ် (က ၁း၂၆)။ ထို့နောက်တွင် ဘုရားသခင်က လူ သားများကို သူ၏ ပုံသဏ္ဍာန်နှင့်အညီ တစ်သဏ္ဍာန်တည်း ဖန်ဆင်းခဲ့ပါတယ်။ သက်ရှိ ဝိညာဉ်များ နှင့် လူသားများသည် ဘုရားသခင်၏ ပုံသဏ္ဍာန်ဆောင်သူများ ဖြစ်ကြပါတယ်။ တွဲဖက်အုပ်ချုပ် သူများအနေဖြင့် ကျွန်ုပ်တို့ဟာ သူရဲ့ တန်ခိုးအာဏာကို မျှဝေအသုံးပြုပြီး၊ သူ့ကို ကိုယ်စားပြုကြပါ တယ်။

ထိုအရာသည် အံ့သြဖွယ်ရာကောင်းသော အစီအစဉ် တစ်ခု ဖြစ်ပါတယ်။ လွတ်လပ်စွာရွေးချယ် လုပ်ပိုင်ခွင့်သည် ဘုရားသခင်ကဲ့သို့ ဖြစ်ခြင်း၏ အစိတ်အပိုင်း ဖြစ်ပါတယ်။ ကျွန်ုပ်တို့တွင် လွတ် လပ်စွာရွေးချယ်လုပ်ပိုင်ခွင့်မရှိပါက၊ ကျွန်ုပ်တို့ဟာ ဘုရားသခင်ကို ကိုယ်စားပြုနိုင်မည်မဟုတ်ပါ။ လွတ်လပ်စွာရွေးချယ်လုပ်ပိုင်ခွင့်မရှိဘဲ၊ ချစ်ခြင်းမေတ္တာနှင့် အနစ်နာခံခြင်းတို့သည် မတည်ရှိနိုင်ပါ။ အကယ်၍ သင်သည် ချစ်ခင်နှစ်သက်ရန် ညွှန်ကြားချက်ပေးထားခံရပါက၊ သင်သည် ဆုံးဖြတ်ချက် တစ်ခုကို ပြုလုပ်လိုက်ခြင်းမဟုတ်ပါ။ ၎င်းသည် စစ်မှန်သော ချစ်ခြင်းမေတ္တာ မဟုတ်ပါ။

သင် ပြောရမည့် စကားလုံးများနှင့် သင် ပြုလုပ်ရန် အတင်းအဓမ္မစေခိုင်းခြင်းခံရသည့် လုပ်ဆောင် ချက်များသည် အစစ်အမှန်မဟုတ်ပါ။ လွတ်လပ်စွာရွေးချယ်လုပ်ပိုင်ခွင့် သို့မဟုတ် ညွှန်ကြားချက်

ပေးခံရခြင်း အကြောင်းတို့ကို စဉ်းစားကြည့်မိခြင်းသည် - Star War, The Return of the Jedi ရုပ်ရှင် တစ်ကားကို ကျွန်ုပ်အား သတိယမိစေခဲ့ပါတယ်။ Obiwan Kenobi ဟု အမည်ရှိသည့် ဇာတ်ကောင်တစ်ဦးသည် Luke ကို၊ "သူ၏ ဖခင်သည် လူသားထက် စက်ရုပ်နှင့် ပို၍ တူလာပြီဖြစ်ကြောင်း" ပြောပါတယ်။ သို့ရာတွင် ထိုအရာမှာ အမှန်မဟုတ်ကြောင်း ဇာတ်လမ်း၏ နောက်ပိုင်း၌ ကျွန်ုပ်တို့ တွေ့မြင်ရပါတယ်။ Luke ၏ ဖခင်ဟာ သူရဲ့သား Luke ကို ယုတ်ညံ့သော ဧကရာဇ်မင်းလက်မှ ကယ်တင်နိုင်ဖို့ရန် အသေခံခဲ့ပါတယ်။ သူ၏ဖခင်သည် ထိန်းချုပ်ညွှန်ကြားမှု အောက်၌ ရှိသော စက်ပစ္စည်း တစ်ခု မဟုတ်ခဲ့ပါ။ သူ၏ ဆုံးဖြတ်ချက်သည် သူ၏ နှလုံးသားမှ ပေါ်လာခဲ့ပါတယ်။ သူသည် လူသား တစ်ဦးအဖြစ်ရှိနေခဲ့ပြီး၊ လွတ်လပ်စွာရွေးချယ်လုပ်ပိုင်ခွင့် ရှိခဲ့ပါတယ်။

သို့ရာတွင် လူသားများနှင့် ဝိညာဉ်များအား လွတ်လပ်စွာရွေးချယ်လုပ်ပိုင်ခွင့်ကို ပေးထားခြင်းသည် ကြီးမားသော ပြဿနာ တစ်ခု ဖြစ်ပေါ်လာစေရန် ခွင့်ပြုထားပါတယ်။ အသိဉာဏ်ရှိသော သက်ရှိများအား လွတ်လပ်မှုကို ပေးထားခြင်းသည် ၎င်းတို့ဟာ မှားယွင်းသော ရွေးချယ်မှုများ သို့မဟုတ် ရည်ရွယ်ရှိစွာဖြင့်ပင် ဆန့်ကျင်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပါတယ်။ ဘုရားသခင် တစ်ဦးတည်းကသာ စုံလင်မှုရှိသော သက်ရှိအရာ ဖြစ်သောကြောင့် ဤအကျိုးရလဒ်သည် အင်မတန်မှ ဖြစ်ပေါ်နိုင်ခြေရှိပါသည်။ သူဟာ စုံလင်မှုရှိပြီးဖြစ်သဖြင့် သူတစ်ဦးတည်းသာလျှင် မည်သည့်အမှားမျိုးကိုမှ မလုပ်ဆောင်နိုင်သောသူဖြစ်ပါတယ်။ မစုံလင်သော သက်ရှိအရာများအား ပေးထားသည့် ဤလွတ်လပ်မှုကြောင့် ကိစ္စရပ်များသည် ဒေဝဉယျာဉ်ထဲ၌ လွဲချော်နိုင်ခဲ့ပါသည်၊ လွဲချော်ခဲ့ပါသည်၊ လွဲချော်တတ်ပါသည်။

**ပရဒိသုဘုံရှိ အခက်အခဲပြဿနာ**

ဒေဝဉယျာဉ်အထဲရှိ အခြေအနေကို စဉ်းစားကြည့်ပါ။ အာဒံနှင့် ဧဝတို့သာလျှင် လူသားများ ဖြစ်ကြပါသည်။ ဘုရားသခင်နှင့် သူ၏ ဝိညာဉ် ကောင်စီဝင်များလည်း ထိုနေရာ၌ ရှိနေခဲ့ကြပါတယ်။ ဒေဝဟာဆိုရင် ကမ္ဘာမြေကြီး၏ ကျန်နေရာများဆီသို့ ဒေဝကို ပျံ့နှံ့သွားစေရန် ဘုရားသခင်၏ အစီအစဉ်အတွက် ဌာနချုပ်ဖြစ်ပါတယ် (က ၁း၂၆-၂၈)။ သို့သော်လည်း ကောင်စီအဖွဲ့ဝင် တစ်ဦးသည် ဘုရားသခင်၏ အစီအစဉ်ကြောင့် ဝမ်းမြောက်ဝမ်းသာမဖြစ်ခဲ့ပါဘူး။

ဘုရားသခင်၏ ကောင်စီသည် ဒေဝထဲ၌ နေထိုင်ကြကြောင်း ကမ္ဘာဦးကျမ်း အခန်း ၃ ထဲတွင် အသေးစိတ်အချက်အလက်အချို့လည်း ရှိပါသည်။ အာဒံနှင့် ဧဝ အပြစ်ကျူးလွန်ပြီးနောက်တွင်၊ ဘုရားသခင်က အခန်းငယ် ၂၂ တွင် ဤသို့ ဆိုထားပါတယ် - "ထာဝရအရှင် ဘုရားသခင်ကလည်း လူသည် ငါတို့တွင် တစ်ပါးပါးကဲ့သို့ဖြစ်၍၊ ကောင်းမကောင်းကို သိတတ်၏။" ထို စကားစုသည် ကမ္ဘာဦးကျမ်း အခန်း ၁း၂၆ တွင် ကျွန်ုပ်တို့ မြင်တွေ့ခဲ့သည့် ဝိညာဉ် ကောင်စီကို ညွှန်ပြနေသော တူညီသော ဘာသာစကားအမျိုးအစား ဖြစ်ပါတယ် ("**ငါတို့** ပုံသဏ္ဌာန်နှင့်တညီ")။

ယခုအခါတွင် ကမ္ဘာဦးကျမ်း အခန်း ၃ ၏ အကြောင်းအရာထဲရှိ မြွေကြီးသည် အမှန်စင်စစ် မြွေတစ်ကောင် မဟုတ်သည်ကို ကျွန်ုပ်တို့သည် သိထားသင့်ပါသည်။ သူသည် အကယ်စင်စစ် တိရိစ္ဆာန် တစ်ကောင် မဟုတ်ပါ။ သူသည် မြွေတစ်ကောင်၏ အသွင်သဏ္ဍာန်ကို ဆောင်ထားပြီး၊ ဧဝထံ၌ ပေါ်လာခဲ့သည့် ကောင်းကင်စီမှ သက်ရှိ ဝိညာဉ် တစ်ဦး ဖြစ်ပါတယ်။ ဗျာဒိတ် ၁၂း၉ တွင် စာရေးသူ ယောဟန်က ဤ "မြွေကြီး" သည် စာတန်ဟုလည်း ခေါ်သည့် နတ်ဆိုးဖြစ်သည်ဟု ဆိုထားပါတယ်။

အချို့သော ခရစ်ယာန်တို့က ဗျာဒိတ်ကျမ်း ၁၂း၇-၁၂ သည် နတ်ဆိုးနှင့် အခြားသော ဝိညာဉ်များဟာ ဖန်ဆင်းပြီး သိပ်မကြာခင်၌ ဆန့်ကျင်ပုန်ကန်ခဲ့ကြသည်ဟု အဓိပ္ပါယ်သက်ရောက်ကြောင်း ထင်ထားကြပါတယ် -

> ကောင်းကင်၌ စစ်ဖြစ်၏။ မိက္ခေလနှင့် သူ၏ ကောင်းကင်တမန်တို့သည် နဂါးကို စစ်တိုက်ကြ၏။ နဂါးနှင့် သူ၏ တမန်တို့သည် စစ်တိုက်၍ မနိုင်ကြ။ ကောင်းကင်၌လည်း သူတို့ နေစရာမရှိ။ ထိုအခါ ဤလောကတစ်နိုင်ငံလုံးကို လှည့်ဖြား၍ မာရ်နတ် စာတန်အမည်ရှိသော ရှေးမြွေဟောင်း နဂါးကြီးကိုင်၊ သူနှင့်အတူ သူ၏ တမန်တို့ကိုင်၊ မြေကြီးသို့ ချလိုက်ကြ၏။ (ဗျာ ၁၂း၇-၉)

ကောင်းကင်ဘုံ စစ်ပွဲသည် ယေရှု မေရှိယ၏ ဖွားမြင်ခြင်းနှင့် ဆက်စပ်မှုရှိကြောင်း ဖော်ပြထားပါတယ် (ဗျာ ၁၂း၄-၅၊ ၁၀) -

> သားကိုဖွားလုသော မိန်းမသည် ဖွားသောအခါ နဂါးသည် ထိုသားကို ကိုက်စားမည်အကြံနှင့် မိန်းမရှေ့၌ ရပ်နေ၏။ ထိုမိန်းမသည် လူမျိုးတကာတို့ကို သံလှံတံနှင့်အုပ်စိုးလတံ့သော သားယောကျ်ားကို ဖွားမြင်၏။ ထိုသားကို ဘုရားသခင်ထံသို့င်၊ ပလ္လင်တော်သို့င်၊ ချီယူတော်မူ၏ .....
>
> ကောင်းကင်ဘုံ၌ ကြီးသောအသံကား၊
>
> ယခုမှ ကယ်တင်ခြင်းဖြစ်၏။
>
> တန်ခိုးတော်လည်း ဖြစ်၏။
>
> ငါတို့ ဘုရားသခင်၏ နိုင်ငံတော်နှင့် ခရစ်တော်၏ အာဏာစက်လည်းဖြစ်၏။
>
> အကြောင်း မူကား၊ ငါတို့ ညီအစ်ကိုများကို ငါတို့ ဘုရားသခင်ရှေ့တော်၌
> နေ့ညဉ့်မပြတ် ပြစ်တင်သော ရန်သူကို အောက်သို့ချလေပြီ။

ကောင်းကင်ဘုံရှိ ဝိညာဉ်များက ဒေင်ဥယျာဉ်ထဲရှိ အခြေအနေမတိုင်မီ ဆန့်ကျင်ပုန်ကန်ခဲ့ကြသည်ဟု သမ္မာကျမ်းစာက မဆိုထားပါ။ ဤ ကောင်းကင်ဘုံရှိ ဝိညာဉ် တိုက်ပွဲသည် ယေရှု ဖွားမြင်သည့် အချိန်ကာလ၌ ဖြစ်ပျက်ခဲ့သည်ဟု ၎င်းက ဆိုထားပါတယ်။ သို့ရာတွင် ဒေင်ဥယျာဉ်ထဲရှိ အခြေအနေသည် မြွေကြီးပေါ်နှင့် ကောင်းကင်ဘုံရှိ အရာများစွာကို ပြောင်းလဲစေခဲ့သော ရလဒ်များစွာကို ထွက်ပေါ်လာစေခဲ့ကြောင်းအား ကမ္ဘာဦးကျမ်း အခန်း ၃ ၏ အကြောင်းအရာမှ ကျွန်ုပ်တို့ လေ့လာတွေ့ရှိရပါသည်။

မြွေကြီး၏ ပြစ်မှုမှာ ဘုရားသခင်၏ အမိန့်အာဏာကို ငြင်းပယ်ရန် လွတ်လပ်စွာ ရွေးချယ်ခဲ့သော ကြောင့် ဖြစ်ပါတယ်။ အာဒံနှင့်ဧဝသည် ဘုရားသခင်၏ ကောင်စီ အဖွဲ့ဝင်များ ဖြစ်လာမည်ဟုလည်း ဘုရားသခင်က ဆုံးဖြတ်ထားပြီး ဖြစ်ပါတယ်။ သူတို့ဟာ ဒေင်ကို တစ်လောကလုံးအထိ တိုးချဲ့သွားမည့် အစီအစဉ်အား တာဝန်ယူသွားပါလိမ့်မည်။ သို့ရာတွင် မြွေကြီး/ နတ်ဆိုးသည် အာဒံနှင့် ဧဝက ဤအရာအား လုပ်ဆောင်မည်ကို မလိုချင်ခဲ့ပါ။ စာတန်က မိမိကိုယ်ကို ထာဝရဘုရား၏ နေရာ၌ ထားခဲ့ပါတယ်။ သူက သူ၏ စိတ်ထဲတွင် ဤသို့ ဆိုခဲ့ပါတယ် - "ကောင်းကင်ပေါ်သို့ ငါတတ်မည်။ ဘုရားသခင်၏ ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါ ချီးမြှောက်မည်။ မြောက်မျက်နှာဘက် ဗျာဒိတ် တော်တောင်ပေါ်မှာ ငါထိုင်မည်" (ဟေ ၁၄း၁၃)။

စာတန်ဟာ ဖြစ်လာလိမ့်မည်ဟု သူ တွေးထင်ထားခဲ့သည့်အရာ၌ အလွန် မှားယွင်းသွားခဲ့ပါတယ်။ မြွေကြီးသည် ဧဝကို လှည့်ဖြားခဲ့ပါတယ်၊ ထိုအရာသည် နောက်တွင် အာဒံအား အပြစ်ကျူးလွန်စေခဲ့သဖြင့်၊ စာတန်ဟာ ဘုရားသခင်၏ အိမ်တော်မှ မောင်းထုတ်ခြင်းခံခဲ့ရပါတယ် (ယေဇ ၂၈း၁၄-၁၆)။ သူသည် ကောင်းကင်ဘုံမှ မြေကြီးပေါ်သို့ နှင်ထုတ်ခံခဲ့ရပါတယ် (ဟေ ၁၄း၁၂)။ ကမ္ဘာမြေကြီးသည် ယခုအခါ သက်ရှိအရာများအားလုံး သေဆုံးရမည့် နေရာ ဖြစ်လာခဲ့ပါသည်။ ကမ္ဘာမြေကြီးသည် အသက်တာ မတည်မြဲသော နေရာ ဖြစ်ပါတယ်။ အသက်၏ အရှင်သခင် ဖြစ်လာမည့်အစား၊ စာတန်သည် သေခြင်းတရား၏ အရှင်သခင် ဖြစ်လာခဲ့ပါတယ်။

မြွေကြီး၊ နတ်ဆိုးနှင့် စာတန်ဟူ၍ ခေါ်သည့် မဟာရန်သူကြီးသည် ယခုအခါ လူသားအားလုံးအပေါ်၌ ဩဇာအာဏာ ရရှိသွားခဲ့ပြီးဟူ၍ ဤအရာက အဓိပ္ပါယ်သက်ရောက်ပါတယ်။ ဒေင်ဥယျာဉ်ထဲရှိ ဤ ဖြစ်ရပ်များသည် လူသားများအတွက် ထာဝရရှင်သန်ခြင်းအား ဆုံးရှုံးခြင်းဟု ဆိုလိုပါသည်။ ယခုအခါ လူသားများသည် ထာဝရ အသက်ကို ပြန်လည်ရရှိဖို့ရန် သူတို့အား ဘုရားသခင်ထံသို့ ပြန်လည်၍ရွေးဝယ်ရပါလိမ့်မည်၊ သို့မှသာလျှင် သူတို့သည် အသစ်သော ဒေင်တစ်ခုတွင် ဘုရားသခင်နှင့်အတူ နောက်တစ်ဖန် နေထိုင်နိုင်ပါလိမ့်မည်။

အာဒံနှင့် ဧဝတို့ လုပ်ဆောင်ခဲ့သည့်အရာ၏ အကျိုးရလဒ်များမှာ ဘုရားသခင်ထံမှ လာသော ကျိန်ခြင်းအမင်္ဂလာ တစ်သီတသန်းကြီး ဖြစ်ပါတယ်။ မြွေကြီးအပေါ်ရှိ ကျိန်ခြင်းအမင်္ဂလာသည် ဗျာဒိတ်

တစ်ခု ပါဝင်ပါသည်။ ဧဝရဲ့ မျိုးနွယ်များများသည် မြွေကြီး၏ မျိုးနွယ်များနှင့် အစဉ်မပြတ် တိုက်ခိုက်နေကြရလိမ့်မည်ဟု ဘုရားသခင်က ဆိုခဲ့ပါတယ် - "ထာဝရအရှင် ဘုရားသခင်သည် မြွေကိုခေါ်၍ သင်သည် ဤအမှုကိုပြုသောကြောင့်၊ သားယဉ်၊ သားရဲအပေါင်းတို့ထက် ကျိန်သင်သည်ခြင်းကိုခံရ၏။ သင်သည် .... သင်နှင့် မိန်းမကိုငှင်း၊ သင်၏ မျိုးနွယ်နှင့် မိန်းမ၏ မျိုးနွယ်ကိုငှင်း၊ ငါသည် ရန်ငြိုးဖွဲ့စေမည်" (က ၃း၁၄-၁၅)။ မည်သူတို့သည် ဧဝ၏ မျိုးနွယ်များ ဖြစ်ကြပါသလဲ။ အသက်ရှင်နေထိုင်ခဲ့သည့် လူသားအားလုံးသည် ဧဝထံမှ ဆင်းသက်လာခဲ့ပါသည်။ မည်သူတို့သည် မြွေကြီး၏ မျိုးနွယ်များ ဖြစ်ကြပါသလဲ။ ထိုအရာသည် ဧဝထံမှ ဆင်းသက်လာသော ဇီဝဗေဒဆိုင်ရာ သားသမီးများမှ အနည်းငယ် ကွဲပြားပါသည်။ တမန်တော် ယောဟန်က ကျွန်ုပ်တို့ကိုယေရှုအား မုန်းတီးသော ဂျူးလူမျိုး ခေါင်းဆောင်များကဲ့သို့သော ဥပမာများကို ပေးထားပါတယ်။ "သင်တို့သည် သင်တို့၏ အဘတည်းဟူသော မာရ်နတ်မှ ဆင်းသက်လာကြ၏" ဟု ယေရှုကသူတို့ကို ဆိုခဲ့ပါတယ် (ယော ၈း၄၄)။ ယေရှုက သူ၏ သစ္စာဖောက်၊ ယုဒကို နတ်ဆိုး တစ်ကောင်ဟု ခေါ်ဆိုခဲ့ပါတယ် (ယော ၆း၇၀)။ မြွေကြီး၏ မျိုးနွယ်များသည် မြွေကြီး/ နတ်ဆိုး လုပ်ဆောင်သကဲ့သို့၊ ဘုရားသခင်၏ အစီအစဉ်နှင့် ဆန့်ကျင်၍ ရပ်တည်သောသူမှန်သမျှကို ဆိုလိုပါသည်။

### မကောင်းသော မျိုးစေ့

ဒေင်ဥယျာဉ်၌ အာဒံနှင့် ဧဝတို့၏ ကျရှုံးခြင်းပြီးနောက်တွင်၊ နောက်ထပ် ပြဿနာများ ဖြစ်ပေါ်လာရန်မှာ အချိန်အကြာကြီး မစောင့်ခဲ့ရပါ။ အာဒံနှင့် ဧဝတို့၏ သားသမီးများထဲမှ တစ်ဦးသည် လူသတ်သမား တစ်ဦး ဖြစ်လာခဲ့ပါတယ်။ ကာဣနသည် သူ၏ညီ အာဗေလကို သတ်ခဲ့ပါတယ်။ ကာဣန၏ ဤအပြုအမူဟာ သူသည် "မာရ်နတ်နှင့်သက်ဆိုင်ကြောင်း" ဖော်ပြနေပါသည် (၁ ယော ၃း၁၂)။ လူသားမျိုးနွယ် လူဦးရေသည် တိုးပွားလာခဲ့သလို၊ မကောင်းမှုဒုစရိုက်သည်လည်း တိုးပွားလာခဲ့ပါတယ် (က ၆း၅)။

ထို့နောက်ပိုင်းတွင်၊ ကောင်းကင်ဘုံ၌ အချို့သော ဝိညာဉ်တို့၏ နောက်ထပ် ပုန်ကန်မှု ရှိခဲ့ပါတယ်။ ဤ ကြီးမားသော အပြစ်ကို တနင်္ဂနွေ နံနက်ပိုင်း တရားဟောချက်များ၌ သွန်သင်ပေးခြင်းမရှိကြပါ။ သို့သော်လည်း ၎င်းသည် မြေကြီးပေါ်တွင် မကောင်းမှုဒုစရိုက်အပြစ် ပြန့်ပွားခြင်းအပေါ်၌ ကြီးမားသော အကျိုးသက်ရောက်မှု တစ်ခု ရှိခဲ့ပါတယ်။ ဤတစ်ကြိမ်တွင်၊ ပုန်ကန်သူ တစ်ဦးထက် ပို၍ရှိခဲ့ပါတယ်။ ကမ္ဘာဦးကျမ်း ၆း၅ တွင် ဖော်ပြထားသည့် လူသားမျိုးနွယ်မှတဆင့် ပျံ့နှံ့သော မကောင်းမှုသည် ကမ္ဘာဦးကျမ်း ၆း၁-၄ ရှိ ပုံပြင်ထဲတွင် ၎င်း၏ အရင်းအမြစ်ကို ရှင်းပြထားပါသည်။ ပုံပြင်ထဲတွင် ဘုရားသခင်၏ သားတို့သည် ကောင်းကင်ဘုံရှိ ၎င်းတို့၏ အပ်စပ်သော နေရာကို စွန့်ခွာ၍ မြေကြီးပေါ်သို့ ဆင်းကြွလာကာ (Nephilim) ကိုယ်ကြီးမားသူများဟု လူသိများသော သားသမီးများကို ရရှိခဲ့ကြပါတယ်။

ကမ္ဘာဦးကျမ်းထဲရှိ သမ္မာကျမ်းစာသည် အသေးစိတ်အချက်အလက် များပြားစွာ မပေးထားပါ။ သို့ရာတွင် ပုံပြင်၏ အသေးစိတ်အချက်အလက်များကို သမ္မာကျမ်းစာ၏ အခြားသော နေရာများတွင် ဖော်ပြထားပါသည်။ ထို့အပြင်၊ ဤဖြစ်ရပ်အကြောင်း ရေးသားထားသော ဂျူးလူမျိုးတို့၏ စာအုပ်အများအပြား ရှိပါသည်။ ဤစာအုပ်များကို သမ္မာကျမ်းစာအုပ်ထဲတွင် ထည့်သွင်းထားခြင်းမရှိပါ၊ သို့ရာတွင် ဓမ္မသစ်ကျမ်း ရေးသားပြုစုသူများက ဤအကြောင်းအရာများကို သိထားခဲ့ကြပြီး၊ ၎င်းတို့ကို မိမိတို့၏ စာများဖြစ်သည့် ဓမ္မသစ်ကျမ်းထဲတွင် ကိုးကားဖော်ပြခဲ့ကြပါတယ်။

ဥပမာအနေဖြင့်၊ ပေတရုနှင့် ယုဒသည် ရေလွှမ်းမိုးခြင်းမတိုင်မီ အပြစ်ကျူးလွန်ခဲ့သော ကောင်းကင်တမန်များအကြောင်းကို ရေးသားခဲ့ကြပါတယ် (၂ ပေ ၂း၄-၆၊ ယု ၅-၆ ကိုလည်း ကြည့်ပါ)။ ဤ အပြစ်ဒုစရိုက်ကို ကျူးလွန်ခဲ့ကြသော ဘုရားသခင်၏ သားတို့အား ဘုရားသခင်က မြေကြီးအောက်၌ အကျဉ်းချထားသည်ဟု သူတို့နှစ်ဦးစလုံးက ဆိုထားပါတယ်။ နောက်ဆုံးသော နေ့ရက်များအထိ သူတို့ကို ထိုနေရာ၌ ချုပ်နှောင်ထားပါတယ်။ သူတို့သည် ဘုရားသခင်၏ နောက်ဆုံးသော တရားစီရင်ခြင်း၌ ပါဝင်ပါလိမ့်မည်။ ဤအကြိမ်သည် သမ္မာကျမ်းစာက ခေါ်ဆိုသော "သခင်ဘုရား၏ နေ့" ဖြစ်ပါတယ်။

ပေတရုနှင့် ယုဒ၏ အရင်းအမြစ်များသည် ကျမ်းတတ်ပုဂ္ဂိုလ်များအတွက်တော့ ကောင်းစွာသိထားပြီးသား ဖြစ်ပါတယ်။ ပထမ အရင်းအမြစ် တစ်ခုမှာ ၁ ဧနောက် ဟု ခေါ်ဆိုသော စာအုပ် တစ်အုပ်ဖြစ်ပါသည်။ ၎င်းသည် ယေရှု အသက်ရှင်ခဲ့သည့် အချိန်ကာလအတောအတွင်း၌ ဂျူးလူမျိုးများအကြား ရေပန်းစားခဲ့ပါတယ်။ ကနဦး ခရစ်ယာန်များသည်လည်း ၎င်းကို ဖတ်ခဲ့ကြပါတယ်။ သို့ရာတွင် ၎င်းကို သန့်ရှင်းပြီး ဘုရားသခင် မှုတ်သွင်းတော်မူထားသည့်အရာဟု မယူဆခဲ့ကြပါ။ သို့သော်လည်း ပေတရုနှင့် ယုဒတို့သည် အချို့သော ပါဝင်သည့်အရာများဟာ ၎င်းတို့ ရေးသားခဲ့သည့် စာစောင်များထဲတွင် ထည့်သွင်းဖော်ပြရလောက်အောင် မှန်ကန်မှုရှိပြီး၊ အရေးပါသည်ဟု တွေးထင်ခဲ့ကြပါတယ်။

ဤ စာစောင်များသည် ဘုရားသခင်၏ သားတို့ဟာ လူသားမျိုးနွယ်ကို ဘုရားနှင့်ဆိုင်သော အသိဉာဏ်ပညာကို ပေးခြင်းအားဖြင့် "အကူအညီပေး" ချင်ခဲ့ပါသည် သို့မဟုတ် သူတို့ဟာ မိမိတို့၏ ကိုယ်ပိုင် "ပုံသဏ္ဍာန်ဆောင်သူများ" အား ဖန်ဆင်းခြင်းအားဖြင့် ဘုရားသခင်ကို အတုခိုးချင်ခဲ့ကြသည်ဟု ဆင်ခြင်သုံးသပ်ထားပါတယ်။ စာစောင်များထဲတွင် နတ်ဆိုးများ ပေါ်ထွက်လာသော နေရာအတွက် ရှင်းပြချက် တစ်ခု ထည့်သွင်းထားပါတယ်။ နတ်ဆိုးများသည် ပုန်ကန်သူ ဝိညာဉ်များနှင့် လူသားမျိုးနွယ် အမျိုးသမီးများ၏ အမျိုးအနွယ်များဖြစ်သည့် သေဆုံးပြီးသော Nephilim (ကိုယ်ခန္ဓာကြီးမားသူများ) ၏ ဝိညာဉ်များ ဖြစ်ကြပါတယ်။ ၎င်းတို့သည် ရေလွှမ်းမိုးခြင်းမတိုင်မီနှင့် အတောအတွင်း၌ သေဆုံးသွားခဲ့ကြပါတယ်။ ကိုယ်ခန္ဓာကြီးမားသူ ဝိညာဉ်များသည် မြေကြီးပေါ်၌ လှည့်လည်သွားလာ၍ လူသားများအား နှောင့်ယှက်တိုက်ခိုက်ကာ ကိုယ်ခန္ဓာတစ်ခုကို နောက်တစ်ဖန် ပိုင်ဆိုင်ရန် ရှာဖွေနေသော နတ်ဆိုး ဝိညာဉ်များ ဖြစ်ကြပါသည်။

သမ္မာကျမ်းထဲတွင်၊ (ကမ္ဘာဦးကျမ်း ၆း၁-၄) ၏ Nephilim မျိုးနွယ်များကို အာနကနှင့် ဇမိမ် မျိုးနွယ်ဟု ခေါ်ဆိုထားပါတယ် (တော ၁၃း၃၂-၃၃၊ တရား ၂း၁၀-၁၁)။ အချို့သော ဇမိမ်တို့သည် လူသေ

တို့၏ မြေအောက် လောကတွင် ရှိကြပါသည် (ဟေ ၁၄း၉-၁၁)။ ဤနေရာသည် မြွေကြီးကို ကောင်းကင်ဘုံမှ အောက်သို့ ပစ်ချလိုက်သော နေရာဖြစ်ပါတယ်။ ဓမ္မသစ်ကျမ်း ရေးသားပြုစုသူ များက ထိုနေရာကို နောက်ပိုင်းတွင် ငရဲ ဟု ခေါ်ဆိုထားပါသည်။

ကနဦး ဂျူးလူမျိုး စာရေးသူများသည် ကမ္ဘာဦးကျမ်း ၆း၁-၄ ၏ ကြောက်စရာကောင်းသော အကျိုး ရလဒ်များကို နားလည်သဘောပေါက်ခဲ့ကြသည်ဟု ဤ အယူအဆများက ကျွန်ုပ်တို့ကို ဖော်ပြထား ပါတယ်။ ဘုရားသခင်၏ ပုန်ကန်သူ သားတို့သည် ၎င်းတို့၏ ကိုယ်ပိုင် ဒေဝဥယျာဉ်ကို ဖန်တီးရန် ကြိုးစားနေခဲ့ကြပါတယ်။ သူတို့ဟာ ဘုရားသခင်ရဲ့ အစီအစဉ်နှင့် ကွဲပြားမှုရှိသော နည်းလမ်း တစ်ခု အားဖြင့် ဝိညာဉ်များနှင့် လူသားများ အတူတကွနေထိုင်နိုင်မည့် နေရာ တစ်ခုကို ပြုလုပ်ရန် ကြိုးစားနေခဲ့ကြခြင်းဖြစ်ပါတယ်။ မြေကြီးပေါ်တွင် ဖြစ်ပျက်နေသင့်သည့်အရာကို ဘုရားသခင် ထက် သူတို့က ပို၍ သိခဲ့ကြသည်ဟု ပုန်ကန်သူ ဝိညာဉ်များက ယုံကြည်ခဲ့ကြပါတယ်။ သူတို့ဟာ မြွေကြီး လုပ်ဆောင်ခဲ့သကဲ့သို့ တူညီသော လမ်းကို လျှောက်လမ်းနေခဲ့ကြပါတယ်။ သူတို့သည် ကမ္ဘာမြေကြီးအတွက် ဘုရားသခင်၏ အစီအစဉ်ကို ပြောင်းလဲလုပ်ဆောင်နေခဲ့ကြပါတယ်။ ၎င်း သည် ဆိုးဝါးသော အခြေအနေ တစ်ခုကို ပို၍ဆိုးဝါးသွားအောင်ပင် ဖြစ်ပေါ်စေပါတယ်။

ကမ္ဘာဦးကျမ်း ၆း၁-၄ ၏ ကြောက်စရာကောင်းသော ဖြစ်ရပ်များသည် ဘုရားသခင်အား တမင်ရည် ရွယ်သော အတိုက်အခံပြုခြင်းသာမကဘဲ၊ မြွေကြီးကဲ့သို့ပင်၊ ၎င်းဟာ ဒီထက်ပင်ဆိုးဝါးသော အရာ များ ပေါ်ထွက်လာတော့မည့်ဟူသော နိမိတ်လက္ခဏာ တစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ မောရှေနှင့် ယောရှု၏ လက်ထက်၌ ကတိတော် နယ်မြေကို ပြန်လည်ရယူရန် တိုက်ခိုက်နေသောအချိန်တွင်၊ သူတို့သည် လူကောင်ကြီးမားသော မတူညီသော မျိုးနွယ်စုများနှင့် တိုက်ခိုက်ခဲ့ရပါတယ် (တရား ၂-၃)။ ဤ လူကောင်းကြီးမျိုးနွယ်ဝင်များကို အမျိုးမျိုးသော အမည်များဖြင့် ခေါ်ဝေါ်ကြပါတယ်။ တောလည်ရာကျမ်း ၁၃း၃၂-၃၃ တွင် သူတို့ကို အာနကလူမျိုးများဟု ခေါ်ကြပါသည်။ သူတို့ဟာ အထူးသဖြင့် နီဖလင်မ် (Nephilim) မျိုးနွယ်၏ သားမြေးစဉ်ဆက်များဖြစ်ကြသည်ဟု ဆိုကြပါ တယ်။ နီဖလင်မ်မျိုးနွယ်တို့သည် ကမ္ဘာဦးကျမ်း ၆း၁-၄ ရှိ ပုံပြင်ထဲမှ ဘုရားသခင်ရဲ့ သားများ၏ သားမြေးစဉ်ဆက်များဖြစ်ကြသည်ကို သတိယပါ။ ဣသရေလလူမျိုးတို့သည် ဤ ရောမ လူကောင် ကြီးများအား ဒါဝိဒ် အသက်ရှင်နေထိုင်ခဲ့သည့် အချိန်ကာလအထိ တိုက်ခိုက်နေခဲ့ကြောင်းကို ဓမ္မဟောင်းကျမ်းက ကျွန်ုပ်တို့အား ပြောဆိုထားပါတယ်။ ဒါဝိဒ်က ဂေါလျတ် အမည်ရှိသော လူဘီ လူးကြီး တစ်ကောင်ကို သတ်ဖြတ်ခဲ့ဖူးပါတယ် (၁ ရာ ၁၇)။ ထို့နောက်တွင်၊  ဂေါလျတ်၏ ညီအစ် ကိုများအား ဒါဝိဒ်၏ စစ်သားအချို့က သတ်ဖြတ်ခဲ့ကြပါတယ်။ ဤအရာသည် လူဘီလူးကြီးများ၏ အဆုံးသတ် နိဂုံးဖြစ်ပါတယ် (၂ ရာ ၂၁း၁၅-၂၂)။

**အဘယ်ကြောင့် ဤအရာသည် အရေးပါမှုရှိပါသလဲ**

ကမ္ဘာဦးကျမ်း ၃ ၏ မြွေကြီးအပေါ်ရှိ ဘုရားသခင်၏ ကျိန်ခြင်းအမင်္ဂလာနှင့် ကမ္ဘာဦးကျမ်း ၆း၁-၄ ရှိ ဘုရားနှင့်ဆိုင်သော ပုန်ကန်ခြင်းသည် ကျမ်းတတ်ပုဂ္ဂိုလ်များက ခေါ်ဆိုသော ဝိညာဉ်ရေးဆိုင်ရာ တိုက်ပွဲ ဖြစ်ပါသည်။ ဤအရာသည် ကောင်းသောအရာနှင့် မကောင်းသောအရာအကြားရှိ တိုက်ပွဲ ဖြစ်ပါသည်။ ၎င်းသည် ဘုရားသခင်နှင့် သူ၏ လူသားမျိုးနွယ်အား မကောင်းဆိုးဝါး သက်ရှိများ၏ ဆန့်ကျင်တိုက်ခိုက်သည့် ရှည်လျားသော စစ်ပွဲ တစ်ခု ဖြစ်ပါသည်။ ၎င်းဟာ - ကမ္ဘာမြေကြီးနှင့် မမြင်နိုင်သော ဝိညာဉ်တို့၏နိုင်ငံတော် - နယ်မြေ နှစ်ခု၏ စစ်မြေပြင်များ၌ တိုက်ခိုက်ရသော စစ်ပွဲ တစ်ခု ဖြစ်ပါတယ်။

ဤအကြောင်းအရာများသည် အင်မတန်မှ ထူးခြားဆန်းကြယ်ပါသည်၊ သို့သော်လည်း သူတို့က အရေးပါသော သင်ခန်းစာ တစ်ခုကို သွန်သင်ပေးထားပါတယ် - လူသားများအတွက် သူရဲ့ အစီအစဉ်နှင့်စပ်လျဉ်း၍ ဘုရားသခင်မှာ ဝိညာဉ် ရန်သူများ ရှိပါတယ်။ ဘုရားသခင်ဟာ ယနေ့ထိတိုင် ထိုရန်သူများ ရှိဆဲဖြစ်ပါတယ်။ ကမ္ဘာမြေကြီးနှင့် လူသားများအတွက် ဘုရားသခင်၏ အစီအစဉ်ကို ဆန့်ကျင်မှုသည် ဝိညာဉ် လောကနှင့် လူသားတို့၏အထဲတွင် သက်ဝင်လှုပ်ရှားလျက်ရှိပြီး၊ ပြင်းထန်ပါသည်။ သို့ရာတွင် ကောင်းကင်နှင့် မြေကြီး ဘယ်လို ပြန်လည်ပေါင်းစည်းကြမည့်ဆိုတဲ့အရာ အတွက် ဘုရားသခင်၌ အစီအစဉ် တစ်ခု ရှိပါသည်။ ရန်လိုသော ရန်သူများကို ပြစ်ဒဏ်ပေးပါလိမ့်မည်။ လူသားများသည် ဘုရားသခင်အဖို့ အလွန် တန်ဖိုးကြီးမားပါသည်။ လူသားမျိုးနွယ် မိသားစုအတွက် ဘုရားသခင်၏ မူလ အစီအစဉ်မှာ ပြောင်းလဲခြင်းမရှိ သို့မဟုတ် ရပ်တန့်သွားခြင်း ရှိမည်မဟုတ်ပါ။

ဤ သမ္မာကျမ်းစာ ပုံပြင်များသည် ကျွန်ုပ်တို့ကို အပေါင်းလက္ခဏာပြသော သင်ခန်းစာများကို လည်း သွန်သင်ပေးထားပါတယ်။ ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်သည့် ရှည်လျားသော စစ်ပွဲကို ဘုရားသခင်က ဝိညာဉ်များနှင့် လူသားများအား သူ၏ပုံသဏ္ဍာန်ဆောင်သူများအနေဖြင့် လွတ်လပ်သော ရွေးချယ်လုပ်ပိုင်ခွင့်များနှင့်အတူ ဖန်ဆင်းရန် ဆုံးဖြတ်ခဲ့သော အချိန်ဆီသို့ ပြန်လည်၍ ခြေရာခံနိုင်ပါသည်။ ဤအရာက ဘုရားသခင်ဟာ မကောင်းမှု၏ အကြောင်းတရား မဟုတ်သည်ကို ကျွန်ုပ်တို့အား ဖော်ပြထားပါသည်။

ဘုရားသခင်က သူ၏ ပုံသဏ္ဍာန်ဆောင်သူများအား မနာခံဘဲနေရန် ကြိုတင်စီစဉ်ခဲ့တယ် သို့မဟုတ် အကူအညီပေးခဲ့တယ်ဆိုတဲ့အကြောင်း သမ္မာကျမ်းစာထဲ၌ သဲလွန်စ မရှိပါ။ သူတို့ မနာခံလာအောင် ဘုရားသခင်က ကြိုတင်၍ဆုံးဖြတ်ထားခဲ့ခြင်းမရှိပါ။ ဒီအရာ ဖြစ်လာမည်ကို ဘုရားသခင်က သိထားခဲ့ပါတယ်။ သို့သော်လည်း ထိုအရာက ၎င်းကို ဖြစ်ပေါ်လာစေခဲ့သည်ဟု မဆိုလိုပါ။ ကျွန်ုပ်တို့ဟာ ထိုအရာကို ၁ ရာ ၂၃း၁-၁၄ ရှိ အကြောင်းအရာမှ ရှင်းလင်းစွာ သိထားပါသည်။

ဤအရာက ကိလမြို့ကို ဖိလိတ္တိလူတို့ထံမှ ဒါဝိဒ် ကယ်တင်ခဲ့သော အချိန်ကာလအကြောင်းကို ကျွန်ုပ်တို့အား ဖော်ပြထားပါတယ်။ စစ်ပွဲပြီးနောက်တွင်၊ ဒါဝိဒ်သည် မြို့ထဲ၌ ရှိခဲ့သည်ကို ရှောလုက သိသွားခဲ့ပါတယ်။ ဒါဝိဒ်သည် သူ၏ နိုင်ငံတော်ကို လုယူတော့မည်ဟု သူက တွေးထင်ခဲ့သဖြင့် ရှောလုက ဒါဝိဒ်ကို သတ်ဖြတ်ရန် ကြိုးစားနေခဲ့သည်မှာ အချိန်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ရှောလုက ဒါဝိဒ်ကို မြို့ထဲတွင် ထောင်ဖမ်းရန် မျှော်လင့်ချက်ဖြင့် ကိလမြို့သို့ သူ၏ စစ်တပ်အား စေလွှတ်ခဲ့ပါတယ်။ ဒါဝိဒ်က ရှောလု၏ အစီအစဉ်ကို ကြားသိသောအခါ၊ ဘုရားသခင်ကို မေးလျှောက်ခဲ့ပါတယ် -

"ကိလမြို့သားတို့သည် အကျွန်ုပ်ကို သူ၏ လက်၌ အပ်ကြမည်လော။ ကိုယ်တော်၏ ကျွန်ကြားသည့်အတိုင်း ရှောလုသည် လာမည်လော။ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်၏ ကျွန်အား အမိန့်ရှိတော်မူအကြောင်း တောင်းပန်ပါ၏ဟု မေးလျှောက်သော်၊ ထာဝရဘုရားက၊ ရှောလု လာလိမ့်မည် ..... သင့်ကို အပ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။" (၁ ရာ ၂၃း၁၁-၁၂)

ထိုအခါ ဒါဝိဒ်က ကျွန်ုပ်တို့ လုပ်ဆောင်မည့်အရာကို လုပ်ဆောင်ခဲ့ပါတယ်။ သူဟာ မြန်နိုင်သမျှ မြန်မြန် မြို့ကို စွန့်ခွာသွားခဲ့ပါတယ်။ ဒါကြောင့် ဘုရားသခင်၏ အဖြစ်အပျက်များအား ကြိုတင်သိမြင်ခြင်းသည် သူတို့ကို ကြိုတင်၍ ဆုံးဖြတ်ထားခဲ့ခြင်းဖြစ်သည်ဟု မဆိုလိုကြောင်း ထိုအရာက ကျွန်ုပ်တို့ကို ဖော်ပြနေပါတယ်။ ဘုရားသခင်သည် အဖြစ်အပျက် နှစ်ခု ကြိုတင်သိမြင်ခဲ့ပါတယ်၊ သို့ရာတွင် ၎င်းတို့ဟာ ဘယ်သောအခါမှ အမှန်တကယ် မဖြစ်ပျက်ခဲ့ပါဟု ၁ ရာ ၂၃ က ဖော်ပြထားပါတယ်။ ဝိညာဉ်တို့၏ ပုန်ကန်မှုနှင့် လူသားတို့၏ ကျရှုံးမှုများ ရှိလာမည်ကို ဘုရားသခင်က ကြိုတင်သိမြင်ခဲ့ပါတယ်၊ သို့ရာတွင် ၎င်းသည် သူက ထိုအရာများ ဖြစ်ပေါ်လာအောင် ပြုလုပ်ခဲ့သည်ဟု မဆိုလိုပါ။ ကြိုတင်သိမြင်ခြင်းသည် ကြိုတင်ဆုံးဖြတ်သတ်မှတ်ခြင်းကို မလိုအပ်ပါ။

ကျွန်ုပ်တို့သည် အာဒံနှင့် ဧဝတို့ရဲ့ အပြစ်ဒုစရိုက်၏ ဖြစ်စဉ်ကို ဤ နားလည်သဘောပေါက်ခြင်းနှင့် မြင်တတ်ဖို့ လိုအပ်ပါတယ်။ အာဒံနှင့် ဧဝ ကျရှုံးမည်ကို ဘုရားသခင်က သိခဲ့ပါတယ်။ သူသည် မအံ့သြခဲ့ပါ။ သူသည် အရာအားလုံးကို သိနေခဲ့ပါတယ်။ ဘုရားသခင်သည် လူသားများနှင့် စာတန်ဟု ခေါ်ဆိုသော ပုန်ကန်သူ ဝိညာဉ်တို့ထံမှ မကောင်းမှုနှင့် ပုန်ကန်မှုတို့၏ ဝင်ရောက်လာခြင်းကို ကြိုတင်သိမြင်ခဲ့ပါတယ်။ ဒါပေမဲ့ ဤအရာသည် ဘုရားသခင်က ၎င်းကို ဖြစ်ပေါ်စေခဲ့သည်ဟု မဆိုလိုပါ။

ကျွန်ုပ်တို့သည် တူညီသော နည်းလမ်းဖြင့် ကျွန်ုပ်တို့၏ အသက်တာထဲတွင် ကျွန်ုပ်တို့ ကြုံတွေ့ရသော မကောင်းမှုကို နားလည်သဘောပေါက်ဖို့ လိုအပ်ပါတယ်။ ဘုရားသခင်က ပုန်ကန်သူများနှင့် ၎င်းတို့၏ လှုပ်ရှားမှုများကို ကြိုတင်သိမြင်ခဲ့ပါတယ်၊ သို့ရာတွင် သူဟာ ၎င်းကို ပြင်ဆင်ဖို့ရန် အစီအစဉ် တစ်ခုနှင့် အဆင်သင့်ရှိနေခဲ့ပါတယ်။ ကျွန်ုပ်တို့သည် မွေးဖွားလာပြီး၊ အပြစ်သားများ ဖြစ်

လာကာ ကြိမ်ဖန်များစွာ ကျရှုံးမည်ကိုလည်း သူက သိထားပါသည်။ သို့သော်လည်း ဘုရားသခင်က ထိုကျရှုံးမှုများကို မဖြစ်ပေါ်စေခဲ့ပါ။ ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်သည့်အခါ၌၊ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များအတွက် ကျွန်ုပ်တို့တွင် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့ အပြစ်ကျူးလွန်ခြင်းသည် ကျွန်ုပ်တို့က အပြစ်ကျူးလွန်ရန် ရွေးချယ်သောကြောင့် ဖြစ်ပါတယ်။ ဘုရားသခင်က ၎င်းကို ဖြစ်ပေါ်စေခဲ့သည်ဟု ကျွန်ုပ်တို့ မဆိုနိုင်ပါ။ ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်သောအခါ၌ ကျွန်ုပ်တို့တွင် ရွေးချယ်စရာမရှိခဲ့လို့ပါဟု မဆိုနိုင်ပါ။

ဒါပေမဲ့ ဘုရားသခင်က ကျွန်ုပ်တို့ကို ချစ်ပါတယ်။ "ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူခဲ့ပါတယ်" (ရော ၅း၆-၈)။ သူသည် ကျွန်ုပ်တို့ ဘာလုပ်မယ်ဆိုတာကို သိသော်ငြားလည်း ကျွန်ုပ်တို့ကို ချစ်ပါတယ်။ သူသည် အပြစ်ဒုစရိုက်ပြုရန် လွတ်လပ်မှုကို ကျွန်ုပ်တို့အား ပေးထားရုံသာမကဘဲ၊ သတင်းကောင်းကို လက်ခံယုံကြည်ရန်နှင့် ယေရှုအတွက်သာ အသက်ရှင်ရန် ရွေးချယ်ဖို့ လွတ်လပ်မှုကိုလည်း ပေးထားပါတယ်။

ထို့အပြင် လူသားများ၊ ခရစ်ယာန်များထံ၌ပင် မကောင်းသောအရာများ ဖြစ်ပျက်တတ်သည်ကို ဘုရားသခင်က သိထားပါတယ်။ မကောင်းမှုသည် ဤလောကထဲတွင် ရှိပါသည်၊ အကြောင်းမှာ လူသားများနှင့် ဝိညာဉ်များထံ၌ မကောင်းမှု ပြုလုပ်ရန် လွတ်လပ်မှု ရှိနေပါသည်။ ကျွန်ုပ်တို့၏ ဘုရားသခင်သည် အလွန်ဆိုးရွားသော ဖြစ်ရပ်များကို ဖြစ်ပေါ်စေသည့် ဆိုးသော ဘုရား တစ်ပါး မဟုတ်ပါ။ ဘုရားသခင်သည် သူ၏အစီအစဉ် ဖြစ်မြောက်လာစေရန် ကြောက်ရွံ့စရာကောင်းသော ပြစ်မှုများနှင့် ဒုစရိုက်အပြစ်များ ဖြစ်ပေါ်လာဖို့ မလိုအပ်ပါဘူး။ သူသည် မကောင်းမှုနှင့် အချိန်ကာလကို မလိုအပ်ပါ။ သူ၏ အစီအစဉ်များသည် မကောင်းမှုမပါရှိသော်လည်းဘဲ အောင်မြင်ပါလိမ့်မည်။ သူသည် မကောင်းမှုကို အနိုင်ယူပါလိမ့်မည်၊ ထို့နောက် အဆုံးတွင် ၎င်းကို တရားစီရင်ပြီး ဖျက်ဆီးပစ်ပါလိမ့်မည်။

ကျွန်ုပ်တို့သည် အဘယ်ကြောင့် ဘုရားသခင်က မကောင်းမှုကို ယခုချက်ချင်း မဖယ်ရှားပါသနည်းဟု မေးမြန်းနိုင်ပါသည်။ အကြောင်းအရင်း တစ်ခု ရှိပါတယ် - ဘုရားသခင်အတွက် မကောင်းမှုကို ဖယ်ရှားဖို့ရင် သူသည် သူ၏ ပုံသဏ္ဌာန်ဆောင်သူများဖြစ်သော်လည်းဘဲ၊ သူ့လိုမျိုး မပြည့်စုံသည့် လူသားများနှင့် ဝိညာဉ်များကို ရှင်းလင်းဖယ်ရှားဖို့ လိုအပ်ပါလိမ့်မည်။ ထိုအရာသည် မကောင်းမှု ပြဿနာကို ဖြေရှင်းပေးပါလိမ့်မည်။ သို့ရာတွင် ၎င်းဟာ ဝိညာဉ်များနှင့် လူသားများအတွက် သူ၏ မိသားစုထဲတွင် တည်ရှိရန်နှင့် သူနှင့်အတူ အုပ်စိုးရန် ဘုရားသခင်၏ မူလ အစီအစဉ်သည် အလွန်ကြီးမားသော အမှား တစ်ခုသာ ဖြစ်သည်ဟု အဓိပ္ပါယ်သက်ရောက်ပါလိမ့်မည်။ ဘုရားသခင်သည် အမှားများ မပြုလုပ်တတ်ပါ။

ထို့အပြင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်က လူသားများကို ဘယ်သောအခါမှ လွတ်လပ်မှုအား မပေးခဲ့လျှင် ကောင်းလိမ့်မည်ဟု ဆန္ဒရှိနေနိုင်ပါသည်။ ဒါပေမဲ့ ထိုအရာသည်လည်း ကောင်းမွန်လိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်တို့ကို လွတ်လပ်မှု ပေးခြင်းအားဖြင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အသိစိတ်မရှိသော ကျွန်များနှင့် စက်ရုပ်များ ပြုလုပ်ရန် မရွေးချယ်ခဲ့ပါ။ ထိုအရာသည် လွတ်လပ်စွာ ရွေးချယ်လုပ်ပိုင်ခွင့် ရှိခြင်း၏ အခြားနည်းလမ်း ဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် လွတ်လပ်မှုသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့ မျှဝေပိုင်ဆိုင်သည့် ပင်ကိုယ်အရည်အချင်း တစ်ခု ဖြစ်ပါတယ်။ လွတ်လပ်မှုမရှိဘဲ ကျွန်ုပ်တို့ဟာ ဘုရားသခင်၏ ပုံသဏ္ဍာန်ဆောင်သူများ မဖြစ်နိုင်ကြပါ။ ဘုရားသခင်သည် စက်ရုပ် တစ်ရုပ် မဟုတ်ပါ။ သူသည် ကျွန်ုပ်တို့ကို သူနှင့်တူအောင် ဖန်ဆင်းခဲ့ပါတယ်။ ထိုအရာသည်လည်း အမှား တစ်ခု မဟုတ်ပါ။ အခြားသော ဆုံးဖြတ်ချက် ပြုလုပ်ရန်အတွက် ဘုရားသခင်သည် သူ၏ မိသားစုထဲတွင် လူသားများ ရှိနေခြင်း စိတ်ကူးကို အင်မတန်မှ ကြိုက်နှစ်သက်လွန်းခဲ့ပါတယ်။ ဘုရားသခင်သည် ကမ္ဘာမြေကြီးကို မဖန်ဆင်းခင်၌ လူသားမျိုးနွယ်ကို ရွေးနုတ်တော်မူရန်၊ ဒုစရိုက်အပြစ်ကို ဖျက်ဆီးရန်၊ ဒေင်ဥယျာဉ်ကို အသစ်ပြုပြင်ရန်နှင့် မျက်ရည်များအားလုံးကို သုတ်ပေးရန် အစီအစဉ် တစ်ခု ရှိခဲ့ပါတယ် (ဗျာ ၇း၁၇၊ ၂၁း၄)။

ဘုရားသခင်ကို ဆန့်ကျင်သည့် ရှည်လျားသော စစ်ပွဲအကြောင်း ကျွန်ုပ်တို့၏ ပြန်လည်သုံးသပ်ခြင်းမှာ ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဘုရားသခင်၌ စစ်ပွဲ နည်းဗျူဟာ တစ်ခု ရှိပါသည်။ သို့ရာတွင် ဘုရားသခင်က သူ၏ ပထမဦးဆုံးသော လှုပ်ရှားမှုကို မပြုလုပ်ခင်၌ အခြေအနေသည် ပိုလိုပင် ဆိုးဝါးသွားပါလိမ့်မည်။

## အခန်း ငါး

### သဘာဝလွန် ပထဝီဝင်

လွန်ခဲ့သော အခန်းတွင် ကျွန်ုပ် ရေးသားခဲ့သည့် ဝိညာဉ် ပုန်ကန်မှုများသည် အခြေခံသဘောထား ချင်း တူညီကြပါတယ်။ သူတို့ နှစ်ခုစလုံးသည် လူသားများအတွက် ဘုရားသခင်၏ အစီအစဉ်နှင့် ဘုရားသခင်၏နိုင်ငံတော်အား ကျယ်ပြန့်စေခြင်းအတွက် ဘုရားသခင်၏ အစီအစဉ်အား လွှဲပြောင်း ရယူခြင်းကို ပစ်မှတ်ထားသော သဘာဝလွန်ပုန်ကန်မှုများ ဖြစ်ကြပါသည်။ ဤအခန်းထဲတွင် ကျွန်ုပ် တို့သည် ဝိညာဉ်များမဟုတ်ဘဲ၊ လူသားများနှင့် အစပြုခဲ့သော နောက်ထပ် ပုန်ကန်မှု တစ်ခုကို ကြည့်ကြပါမည်။

ဤ နောက်ထပ် ပုန်ကန်မှုသည် ကျွန်ုပ်တို့ အားလုံးအပေါ်တွင် ယနေ့ထိတိုင် အကျိုးသက် ရောက် ဆဲရှိသော ပြဿနာ တစ်ခုကို ဖန်တီးပေးခဲ့ပါတယ်။ ပုန်ကန်မှုသည် လူသားများနှင့် အစပြုခဲ့ပါ တယ်၊ သို့သော်လည်း ၎င်းတွင် သက်ရှိ ဝိညာဉ်များလည်း ပါဝင်ပတ်သက်ခဲ့ပါသည်။ ပုန်ကန်သူ များနှင့် ဘုရားသခင်အကြားရှိ ဤ တိုက်ပွဲသည် လူသားများနှင့် ကမ္ဘာမြေကြီးအတွက် ဘုရား သခင်၏ အကြံအစီတော်အား ပို၍များပြားသော အပျက်အစီးများကိုပင် ဖြစ်ပေါ်စေခဲ့ပါတယ်။ ယေရှု ပြန်ကြွလာခြင်း မတိုင်မီအထိ ဤ အပျက်အစီးကို ပြုပြင်၍ရနိုင်မည်မဟုတ်ပါ။

### ဗာဗုလုန် ရဲတိုက်

ဗာဗုလုန် ရဲတိုက် ပုံပြင် (ကမ္ဘာဦးကျမ်း ၁၁း၁-၉) သည် လူသိအများဆုံးသော သမ္မာကျမ်းစာ ပုံပြင် များထဲမှ တစ်ပုဒ်ဖြစ်ပြီး၊ နားလည်မှု အနည်းဆုံးလည်း ဖြစ်ပါတယ်။ ကလေးငယ်များသည် ၎င်း၏ အကြောင်းအရာကို ဘုရားသခင်က လူသားများ၏ ဘာသာစကားများကို ရှုပ်ထွေးအောင်လုပ် ဆောင်ခဲ့သည့် အချိန်ကာလအနေဖြင့် ဓမ္မစကူးလ် (Sunday School) တွင် လေ့လာသင်ယူခဲ့ကြ ပါတယ်။

ရေလွှမ်းမိုးခြင်းပြီးနောက်တွင်၊ ဘုရားသခင်သည် အာဒံနှင့်ဧဝကို ပေးခဲ့သော မြေကြီးတစ်ခုလုံး၌ ပျံ့နှံ့ရန် မိန့်ဆိုချက်ကို ပြန်လည်ပြောပြခဲ့ပါတယ်။ ဘုရားသခင်က လူသားများကို သူ့အား ကိုယ်စား ပြုရန်နှင့် သူ၏ နိုင်ငံတော်အား ကျယ်ပြန့်စေရန် အလိုရှိဆဲဖြစ်ပါတယ်။ သို့ရာတွင်၊ နောက်တစ်ဖန် ၎င်းဟာ ဖြစ်မလာခဲ့ပါဘူး။ လူသားများသည် ပျံ့နှံ့နေထိုင်ရန် ငြင်းဆန်ခဲ့ကြပါတယ်။ ၎င်းတို့၏ နှလုံးသားထဲရှိ ပုန်ကန်မှုနှင့်အတူ၊ သူတို့ဟာ သူတို့၏ အတူတကွ နေထိုင်ရန် စိတ်ကူးသည် ပို၍ ကောင်းသည်ဟု တွေးထင်ခဲ့ကြပါတယ်။ ထို့ကြောင့် သူတို့သည် လူစုခွဲခံရခြင်းမှ ရှောင်ရှားရန် ဗိမာန်တော် တစ်ခု တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြပါတယ် (က ၁၁း၄)။ သူတို့၏ စဉ်းစားတွေးခေါ် မှုသည် ထူးဆန်းပုံပေါ်ခဲ့ပါသည်။ မှန်ပါတယ်။ အံ့သြဖွယ်ရာကောင်းသော ဗိမာန်တော် တစ်ခုသည်

သူတို့ကို ကျော်ကြားစေပါလိမ့်မည် (က ၁၁း၄)။ သို့ရာတွင် ထိုအရာက သူတို့ကို မြေကြီး အနှံ့တွင် ပျံ့ကြဲခြင်းမှ ဘယ်လိုမျိုး ကာကွယ်ပေးပါလိမ့်မည်နည်း။

အဖြေသည် ဗိမာန်တော်နှင့် ဆက်နွယ်နေပါသည်။ ကျမ်းတတ်ပုဂ္ဂိုလ်များနှင့် ရှေးဟောင်းသုတေသနပညာရှင်များက ထိုရှေးဟောင်း လူသားတို့ နေထိုင်ခဲ့သည့် နေရာ၏ ထုံးတမ်းဓလေ့များအကြောင်းကို သိထားကြပါတယ်။ ထိုနယ်မြေကို ဗာဗုလုန်ဟု ခေါ်ဆိုပြီး၊ ထိုနေရာရှိ လူတို့သည် လေးထောင့်လှေကထစ်များနှင့် မျှော်စင်များ (ziggurat) ဟု ခေါ်သော ဗိမာန်တော်များကို တည်ဆောက်ခဲ့ကြပါတယ်။ မျှော်စင်၏ ရည်ရွယ်ချက်မှာ လူသားများအဖို့ ဝိညာဉ်များနှင့် တွေ့ဆုံနိုင်မည့် နေရာ တစ်ခုကို စီစဉ်ပေးရန် ဖြစ်ပါတယ်။ လူတို့သည် မြေကြီးပေါ်ရှိ သူတို့၏ ဗိမာန်တော်အတွင်းသို့ မမြင်ရသော ဝိညာဉ်များကို ခေါ်ဆောင်လာချင်ခဲ့ကြပါတယ်။ လူသားများသည် ဤလောကကို ဒေဝ်ဥယျာဉ်ကဲ့ မပြုလုပ်ချင်ခဲ့ကြပါ။ သူတို့ဟာ ဘုရားသခင်ကို သိရှိနားလည်ခြင်းနှင့် နိုင်ငံတော်ကို ကျယ်ပြန့်စေရန် အလိုမရှိခဲ့ကြပါ။

ဤအရာသည် ဘုရားသခင်၏ အကြံအစည်နှင့် ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ ဘုရားသခင်သည် စိတ်မပျော်မရွှင်ဖြစ်ခဲ့ပါတယ်။ ဘုရားသခင်က သူ၏ ဝိညာဉ် ကောင်စီဝင်များကို ပြောခဲ့ပါတယ်၊ "လာကြ၊ ဆင်းသက်ကြကုန်အံ့။ သူတို့သည် အချင်းချင်း နားမလည်စေခြင်းငှါ သူတို့၏ စကားကို ရှုပ်ထွေးကြကုန်အံ့ဟု မိန့်တော်မူ၏" (က ၁၁း၇)။ ဘုရားသခင်က ထိုသို့ လုပ်ဆောင်ခဲ့ပါတယ်၊ ထိုနောက် လူတို့သည် ရုတ်တရက် ဆက်သွယ်ပြောဆို၍ မရတော့သည့်အခါ၌၊ သူတို့သည် ကွဲပြားသွားခဲ့ကြပြီး၊ မြေကြီးပေါ်တွင် ပျံ့နှံ့သွားခဲ့ပါသည်။ ဤဖြစ်ရပ်သည် ကမ္ဘာဦးကျမ်း ၁၀ တွင် စာရင်းပြုစုထားသော တိုင်းနိုင်ငံများ အဘယ်သို့ တည်ရှိလာခဲ့ပုံကို ရှင်းပြထားပါတယ်။

ထိုအရာသည် ခရစ်ယာန် အများစုက သိထားသော ပုံပြင် ဖြစ်ပါသည်။ ယခုအခါ သူတို့ မသိသေးသော အပိုင်းကို ကျွန်ုပ် ရှင်းပြပါရစေ။

## ဘုရားများနှင့် ၎င်းတို့၏ တိုင်းနိုင်ငံများ

ကမ္ဘာဦးကျမ်း ၁၁ သည် ဗာဗုလုန် ဗိမာန်တော်တွင် ဖြစ်ပျက်ခဲ့သောအရာကို ဖော်ပြပေးသည့် တစ်ခုတည်းသော သမ္မာကျမ်း ကျမ်းပိုဒ် ဖြစ်ပါတယ်။ တရားဟောရာကျမ်း ၃၂း၈-၉ ကလည်း ၎င်းအကြောင်းအရာကို ဖော်ပြထားပါတယ် -

> အမြင့်ဆုံးသော ဘုရားသည် အာဒံ၏အမျိုးအနွယ်ဖြစ်သော လူမျိုးတို့ကို ပိုင်းခြား၍ အမွေမြေကို ဝေပေးသောအခါ၊ ဣသရေလအမျိုးတို့ အရေအတွက်ကို ထောက်ရှု၍၊ လူမျိုးတို့ နေရာ အပိုင်းအခြားကို စီရင်တော်မူ၏။ ထာဝရဘုရား၏အဖို့ကား၊ လူမျိုးတော်တည်း။ ယာကုပ်အမျိုးသည် အမွေခံတော်မူရာဖြစ်သတည်း။

အချို့သော သမ္မာကျမ်းစာ ဘာသာပြန်ချက်များသည် ထိုပထမစာကြောင်းထဲတွင် "ဘုရားသခင်၏ သားတော်များ" အစား "ဣသရေလလူမျိုးများ" ဟု ရေးသားထားပါတယ်။ သို့သော်လည်း ဣသရေလလူမျိုးများသည် ဗာဗုလုန် ရဲတိုက်၏ အချိန်ကာလ၌ မတည်ရှိခဲ့သေးပါ။ ဘုရားသခင်က အာဗြဟံကို ဗာဗုလုန် ရဲတိုက်ပြီးနောက်မှသာလျှင် ခေါ်ခဲ့ပါတယ် (က ၁၂)။ "ဣသရေလအမျိုး" ဆိုသည်မှာ မှန်ကန်မှုမရှိနိုင်ပါ။ "ဘုရားသခင်၏ သားတော်များသည်" Dead Sea Scrolls ဟုခေါ်ဆိုသော ရှေးဟောင်း စာအုပ်များထဲတွင် ရေးသားထားသည့်အတိုင်းလည်း ဖြစ်ပါသည်။ ဤစာအုပ်များသည် သမ္မာကျမ်းစာ၏ လူအများသိထားသော ရှေးအကျဆုံး စာရွက်စာတမ်းများ ဖြစ်ပါ တယ်။ ပို၍အသစ်အဆန်းဖြစ်သော အင်္ဂလိပ် ကျမ်းစာအုပ်များသည် ထိုစာကြောင်းကို ပြုပြင်ရေးသားထားပြီး၊ ယခုအခါ "ဘုရားသခင်၏ သားတော်များ" ကို အသုံးပြုထားကြပါတယ်။

စကားလုံးများသည် အရေးကြီးပါသည်။ ဘုရားသခင်က တိုင်းနိုင်ငံများအား ပိုင်းခြားသောအခါ၊ သူတို့ကို ဘုရားသခင်၏ သားတော်များအကြားတွင် ခွဲဝေပိုင်းခြားလိုက်ခြင်းဖြစ်ပါတယ်။ ဘုရားသခင်သည် သူ၏ ကောင်းကင်ဘုံရှိ ကောင်စီဝင်များထံတွင် တိုင်းနိုင်ငံများအား ခွဲဝေပေးခဲ့ခြင်းဖြစ်ပါတယ်။ ဤအရာသည် အခြားသော ဘုရားများအား တိုင်းနိုင်ငံများက လာရောက် ကိုးကွယ်ရခြင်း၏ အကြောင်းအရင်းအတွက် သမ္မာကျမ်းစာ၏ ဖြေရှင်းချက် ဖြစ်ပါတယ်။ ဤဖြစ်ရပ်မတိုင်ခင်အထိ၊ ဘုရားသခင်သည် လူသားအားလုံးနှင့် တိုက်ရိုက် ဆက်နွယ်မှု တစ်ခု ရှိချင်ခဲ့ပါတယ်။ သို့ရာတွင် ဤပုန်ကန်မှုကြောင့် ဘုရားသခင်က ထိုအရာကို ပြောင်းလဲခဲ့ပါတယ်။ ဘုရားသခင်က သူ၏ ဝိညာဉ် ကောင်စီ အဖွဲ့ဝင်များအား ဆန့်ကျင်ပုန်ကန်သော တိုင်းနိုင်ငံများကို အုပ်ချုပ်ရန် ခွင့်ပြုပေးခဲ့ပါတယ်။

ဘုရားသခင်က လူသားများကို နောက်တစ်ဖန် တရားစီရင်လိုက်ခြင်းဖြစ်ပါတယ်။ ဘုရားသခင်သည် အရင်တုန်းက ရေးလွှမ်းမိုးခြင်းနှင့်ဆိုင်သော တရားစီရင်မှုကို စေလွှတ်ခဲ့ပါတယ်။ လူသားများသည် ဘုရားသခင် နောက်တော်သို့လိုက်လျှောက်ရန် နောက်တစ်ဖန် ငြင်းဆန်ခဲ့ကြပါတယ်။ လူသားများသည် ဒေင်ဥယျာဉ်၌ အစပြုခဲ့ပြီးသော ဘုရားသခင်၏ အစီအစဉ်ကို မလိုက်နာလိုကြပါ။ ထို့ကြောင့် ယခုအခါ ဘုရားသခင်က အသစ်သော လူသား မျိုးနွယ်စု တစ်စုကို ဖန်ဆင်းရန် ဆုံးဖြတ်ခဲ့ပါတယ်။ ဤ လူသားမျိုးနွယ်အသစ်သည် သူ၏ လူမျိုးနွယ် ဖြစ်ပါလိမ့်မည်။ ဤလူများသည် ဣသရေလလူမျိုးနွယ်ဖြစ်သည်ဟု တရားဟောရာ ၃၂း၉ က ဆိုထားပါတယ်။ ဘုရားသခင်က ဤလူသားမျိုးနွယ်အသစ်ကို အာဗြဟံအား သူ ခေါ်သောအခါ၌ စတင်ခဲ့ခြင်းဖြစ်ပါတယ်။ အာဗြဟံကို ခေါ်တော်မူခြင်း (က ၁၂) သည် သမ္မာကျမ်းထဲတွင် စင်စစ် နောက်လာမည့် ပုံပြင် ဖြစ်ပါတယ်။

ဘုရားသခင်က သူရဲ့ ဝိညာဉ် ကောင်စီ အဖွဲ့ဝင်များအား တိုင်းနိုင်ငံများကို ခွဲဝေပေးခြင်းသည် ဓမ္မဟောင်းကျမ်း တစ်အုပ်လုံးကို နားလည်သဘောပေါက်စေရာတွင် ကျွန်ုပ်တို့အား အထောက်

အကူဖြစ်စေပါသည်။ ၎င်းဟာ မည်သို့ အထောက်အကူပြုပါသလဲ။ ကျန်ရှိသော ဓမ္မဟောင်းကျမ်းသည် ဣသရေလလူမျိုးတို့၏ ဘုရားသခင်နှင့် သူ၏လူမျိုး ဣသရေလမျိုးနွယ်တို့၏ အကြောင်းအရာသာ ဖြစ်ပါတယ်။ သူတို့ဟာ အခြားသော တိုင်းနိုင်ငံများ၏ ဘုရားများနှင့် သူတို့၏လူများနှင့် အမြဲတမ်း တိုက်ခိုက်နေခဲ့ရပါတယ်။ ဤ တိုက်ပွဲသည် ဘုရားသခင်၏ မူလ အစီအစဉ် မဟုတ်ခဲ့ပါ။ မှန်ပါတယ်၊ ဗာဗုလုန်၌ တိုင်းနိုင်ငံများအား သူ လုပ်ဆောင်ခဲ့သောအရာမှာ ၎င်းတို့၏ ပုန်ကန်မှုအတွက် တရားစီရင်ခြင်း တစ်ခု ဖြစ်ပါတယ်။ သို့ပေမဲ့လည်း၊ ဘုရားသခင်သည် တိုင်းနိုင်ငံများကို ပုန်ကန်သူ ဝိညာဉ်များက အုပ်စိုးခဲ့လိမ့်မည်ဟု ဘယ်တုန်းကမှ မရည်ရွယ်ခဲ့ပါဘူး။ ဘုရားသခင်က တိုင်းနိုင်ငံများကို ထာဝရ စွန့်ပစ်ထားရန် မကြံစည်ခဲ့ပါဘူး။ ဘုရားသခင်သည် အာဗြဟံနှင့် ပဋိညာဉ်စာချုပ်ကို ပြုလုပ်ခဲ့သောအခါတွင်၊ သူက သူရဲ့ အစီအစဉ်ထဲ၌ ရှင်းလင်းစွာ ဆိုထားပါတယ် - "သင့်အားဖြင့်၊ မြေကြီးပေါ်ရှိ လူမျိုးအပေါင်းတို့သည် ကောင်းကြီးခံစားရလိမ့်မည်။" ဤကောင်းကြီးမင်္ဂလာသည် အာဗြဟံနှင့် သူ၏သားမြေးစဉ်ဆက်များမှတဆင့် ရောက်လာပါလိမ့်မည် (က ၁၂း၃)။ ဘုရားသခင်သည် လူသားမျိုးနွယ်များကို သူ၏ မိသားစုထဲသို့ ပြန်လည်ခေါ်ဆောင်လာရန် စီစဉ်နေခဲ့ပါသည်။

ရှင်ပေါလုက ဤအရာအားလုံးကို သိထားခဲ့ပါတယ်။ အေသင်မြို့ရှိ တပါးအမျိုးသား အတွေးခေါ်ပညာရှင်များထံ သူ၏ ဟောကြားချက်ထဲတွင်၊ သူက ဆိုထားပါတယ် - ဘုရားသခင်သည် မြေတစ်ပြင်လုံး၌ နေရသော လူအမျိုးမျိုးတို့ကို တစ်သွေးတည်းနှင့် ဖန်ဆင်းတော်မူ၍ သူတို့အား သူတို့အား ခွဲဝေစီမံသော အချိန်ကာလကိုင်း၊ သူတို့၏ နေရာအပိုင်းအခြားကိုင်း၊ မှတ်သားတော်မူ၏။

> အကြောင်းမူကား၊ လူတို့သည် ဘုရားသခင်ကို ရှာစမ်းသဖြင့် တွေ့ကောင်းတွေ့ကြလိမ့်မည် အကြောင်းတည်း။ သို့ဆိုသော်လည်း၊ ဘုရားသခင်သည် ငါတို့တွင် အဘယ်သူနှင့်မျှ ဝေးတော်မူသည်မဟုတ်။ (တ ၁၇း၂၆-၂၇)။

မောရှေအားဖြင့်၊ ဘုရားသခင်သည် သူ၏ လူမျိုး၊ ဣသရေလလူမျိုးတို့အား "ကောင်းကင်ဘုံမှ ဝိညာဉ်များကို" မကိုးကွယ်ကြရန် သတိပေးခဲ့ပါတယ် (တရား ၄း၁၉-၂၀)။ ဘုရားသခင်၏ အစီအစဉ်မှာ လူသားများသည် သူ့ကို ဆက်လက် ရှာဖွေပြီး၊ ပုန်ကန်သူ ဝိညာဉ်များအား မကိုးကွယ်ရန်ဖြစ်သည်ဟု တမန်တော် ၁၇း၂၆-၂၇ က ရှင်လင်းစွာဆိုထားပါသည်။

သို့သော်လည်း တိုင်းနိုင်ငံများအပေါ်တွင် ဩဇာအာဏာ ခန့်အပ်ထားခြင်းခံရသည့် ဝိညာဉ် ကောင်စီဝင်များသည် ဆန့်ကျင်ပုန်ကန်ကြပြီးနောက်၊ သူ၏ အစီအစဉ်ကို နည်းလမ်း နှစ်သွယ်ဖြင့် စတင်နှောင့်ယှက်လာခဲ့ကြပါတယ်။

ဘုရားသခင်သည် သူ၏ ကောင်စီဝင်များအား စုဝေးစေခဲ့သည်ကို ဆာလံ ၈၂း၁ တွင် ယခင်က လည်း ကျွန်ုပ်တို့ တွေ့မြင်ခဲ့ပါတယ်။ ပုံပြင် အပြည့်အစုံက ကျွန်ုပ်တို့အား အဘယ်ကြောင့်ဖြစ်သည် ကို ကျွန်ုပ်တို့အား ပြောပြထားပါတယ်။ တိုင်းနိုင်ငံများအပေါ်တွင် သြဇာအာဏာ ခန့်အပ်ခြင်းခံထား ရသည့် ဘုရားသခင်၏ သားတော်များသည် ထိုတိုင်းနိုင်ငံများအား မတရားသဖြင့် အုပ်စိုးခဲ့ကြပါ တယ်။ သူတို့သည် ဘုရားသခင်၏ အစီအစဉ်နှင့် ကွဲလွဲခြားနားသော နည်းလမ်းများဖြင့် ပုန်ကန် ထကြွပြီး လုပ်ဆောင်ခဲ့ကြပါတယ်။ ဘုရားသခင်သည် ဖြောင့်မတ်သဖြင့် နေရာတိုင်းတွင် တရားမျှ တခြင်းကို အလိုရှိပါတယ်။ အစည်းအဝေး စတင်သည်နှင့်တစ်ပြိုင်နက် ဘုရားသခင်က သူတို့ကို စွဲချက်တင်ခဲ့ပါတယ် - "သင်တို့သည် မတရားသောသူတို့၏မျက်နှာကို ထောက်၍ အဘယ်မျှကာ လပတ်လုံး မတရားသဖြင့် စီရင်ကြမည်နည်း" (ဆာလံ ၈၂း၂)။ ၎င်းတို့၏ တရားမျှတမှုမရှိခြင်း အကြောင်း သူတို့ကို ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်ပြီးနောက်၊ သူတို့သည် တိုင်းနိုင်ငံတို့အား ကူညီရန် အဘယ်သို့ ပျက်ကွက်ခဲ့ကြောင်း ဘုရားသခင်က ဖော်ပြခဲ့ပါတယ်။ သူတို့သည် သူတို့ကို မှောင်မိုက်သော လမ်းထဲတွင် လျှောက်လှမ်းရန် အားပေးအားမြှောက်ပြုခဲ့ကြပြီး၊ သူတို့သည် စစ် မှန်သော ဘုရားဆီသို့ ပြန်ရာလမ်းအား ရှာတွေ့အောင် သူတို့ကို အကူအညီမပေးခဲ့ကြပါ - "သူတို့ သည် မသိ၊ နားမလည်ကြ။ မှောင်မိုက်၌ ကျင်လည်ကြ၏။ မြေကြီးတိုက်မြစ် အပေါင်းတို့သည် လှုပ် ရှားလျက်ရှိကြ၏" (ဆာလံ ၈၂း၅)။

ဘုရားသခင်၏ လူမျိုး၊ ဣသရေလလူမျိုးတို့ပင်လျှင် "သူတို့ကို ခွဲဝေပေးထားခြင်းမရှိသော" ဤပုန် ကန်သူ ဝိညာဉ်များအား မကြာခဏ စတင် ဝတ်ပြုကိုးကွယ်ခဲ့ကြပါတယ် (တရား ၂၉း၂၆၊ ၃၂း၁၇ ကိုလည်း ကြည့်ပါ)။ ကောင်စီ အဖွဲ့ဝင်များသည် ဘုရားသခင်အပေါ်တွင် သစ္စာတည်မြဲမှု မရှိခဲ့ကြ ပါ။ ဘုရားသခင်၏ တုံ့ပြန်မှုသည် မြန်ဆန်ပြီး ပြင်းထန်ခဲ့ပါတယ် (ဆာလံ ၈၂း၆-၇)။ "သင်တို့သည် ဘုရားဖြစ်ကြ၏။ ရှိသမျှတို့သည် အမြင့်ဆုံးသော ဘုရား၏ သားဖြစ်ကြ၏ဟု ငါဆိုသတည်း။ သို့ သော်လည်း သင်တို့သည် လူကဲ့သို့သေ၍၊ အခြားသော မင်းကဲ့သို့ ဆုံးရှုံးခြင်းသို့ ရောက်ကြလိမ့် မည်။"

ဝိညာဉ်တို့၏ ကောင်စီသည် ၎င်းတို့၏ ထာဝရရှင်သန်ခြင်းကို ဆုံးရှုံး၍ (ဆာ ၈၂း၇) လူသားများကဲ့ သို့ သေဆုံးကြပါလိမ့်မည်။ ဤ တရားစီရင်ခြင်းသည် အဆုံးသတ် ကာလနှင့် ဆက်နွယ်နေသည် ကို ကျွန်ုပ်တို့သည် အခြားသော ကျမ်းပိုဒ်များအားဖြင့် သိရပါသည် (ဟေ ၃၄း၁-၄)။ ဆာလံ ၈၂ ၏ အဆုံးသတ်၌ ဘုရားသခင်က နောက်ဆုံးတွင် လူမျိုးအပေါင်းတို့ကို သူ၏အမွေအနေဖြင့် ပြန်လည် ပိုင်ဆိုင်မည့် နေ့ရက်ကို စာရေးသူက မျှော်လင့်ထားပါတယ်။ နောက်ပိုင်းတွင် ကျွန်ုပ်တို့ မြင်တွေ့ မည့်အတိုင်း၊ ဘုရားသခင်က ဤ အစီအစဉ်ကို ပြီးမြောက်အောင်လုပ်ဆောင်ပါလိမ့်မည်၊ ၎င်းကို ဓမ္မသစ်ကျမ်းထဲတွင် ရှင်းပြထားပါတယ်။

## တရားဟောရာကျမ်း ၃၂ လောကီ ရှုထောင့်အမြင်

တရားဟောရာကျမ်း ၃၂း၈-၉ တွင် တိုင်းနိုင်ငံများအပေါ်၌ ဩဇာအာဏာ ပေးထားခြင်းခံရသော ဝိညာဉ်များအကြောင်း ကျွန်ုပ်တို့ လေ့လာသင်ယူခဲ့သည့်အရာကို၊ "တရားဟောရာကျမ်း ၃၂ လောကီ ရှုထောင့်အမြင်" ဟု ကျွန်ုပ်တို့ ခေါ်ဆိုသွားပါမည်။ မြေကြီးသည် အပိုင်းပေါင်းများစွာဖြင့် ခွဲခြားထားပြီး ဘုရားသခင်နှင့် သူ၏ အစီအစဉ်ကို ဆန့်ကျင်ပုန်ကန်သည့် မတူညီသော တန်ခိုးကြီးသော ဝိညာဉ်များက အုပ်ချုပ်နေကြသည်ဟု ဤ လောကီ ရှုထောင့်အမြင်က နားလည်ထားပါတယ်။ ကမ္ဘာမြေကြီး၏ အစိတ်အပိုင်း အချို့ကို ဘုရားသခင်အတွက် ရည်စူးထားပါတယ်။ ကျွန်ုပ်တို့က ဤ နယ်မြေကို "သန့်ရှင်းသည်" ဟု ဆိုကြပါတယ်။ မြေကြီး၏ အခြားသော အပိုင်းများကို ပုန်ကန်သူ ဝိညာဉ်များအား ရည်စူးထားပါတယ်။ တရားဟောရာကျမ်း ၃၂ လောကီ ရှုထောင့်အမြင်ကို သမ္မာကျမ်းစာထဲရှိ နေရာ အတော်များများတွင် ဖော်ပြထားပါတယ်။ ဥပမာအနေဖြင့်၊ ဒံယေလကျမ်းထဲတွင် တစ်ပါးအမျိုးသား တိုင်းနိုင်ငံများကို ဝိညာဉ်များ "မင်းများ" က အုပ်စိုးနေကြသည်ဟု ၎င်းက ဆိုထားပါတယ် (ဒံ ၁၀း၁၃၊ ၂၀-၂၁)။ နောက်ထပ် ဥပမာ တစ်ခုမှာ၊ ဒါဝိဒ်သည် ရှောလုမင်းထံမှ ထွက်ပြေးတိမ်းရှောင်သောအခါတွင်၊ ဣသရေလတိုင်းပြည်မှ ဖိလိတ္တိလူတို့၏ နယ်မြေထဲသို့ အတင်းအဓမ္မ တွန်းထုတ်ခြင်းကိုခံခဲ့ရပါတယ်။ ၁ ရာ ၂၆း ၁၉ တွင် ဒါဝိဒ်သည် ငိုကြွေးခဲ့ပါသည် - "အခြားတစ်ပါးသော ဘုရားတို့ကို ဝတ်ပြုတော့ဟု ဆိုလျက် ကျွန်တော်ကို ထာဝရဘုရား၏ အမွေတော်မြေ၌ မနေစေခြင်းငှါ ယနေ့ပင် နှင်ထုတ်ကြပါသည်တကား။" ဒါဝိဒ်သည် အခြားတစ်ပါးသော ဘုရားကို ပြောင်းလဲကိုးကွယ်နေခဲ့ခြင်း မဟုတ်ပါ။ ဘုရားသခင်သည် ဣသရေလတိုင်းပြည်ထဲတွင်သာ ရှိခဲ့သည်ဟု ဒါဝိဒ်က ပြောဆိုနေခဲ့ခြင်း မဟုတ်ပါ။ သို့သော်လည်း ဒါဝိဒ်က၊ ဣသရေလနယ်မြေသည် ဘုရားသခင်ထံ ဆက်ကပ်ထားပါသောကြောင့် ၎င်းကို သန့်ရှင်းသောနယ်မြေဟုခေါ်ဆိုကြကြောင်း ဆိုထားသည်။ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရန် သင့်လျော်သော နေရာမှာ သူ့ထံ၌ ဆပ်ကပ်ထားသော နယ်မြေ ဖြစ်ပါတယ်။ ဒါဝိဒ်သည် အခြားသော ဝိညာဉ်ထံတွင် ရည်စူးထားသော နယ်မြေတွင် သောင်တင်နေသော ခိုလှုံသူ တစ်ဦး ဖြစ်ခဲ့ပါတယ်။

တရားဟောရာကျမ်း ၃၂ လောကီ ရှုထောင့်အမြင်ကို ဖော်ပြသည့် ကျွန်ုပ် အနှစ်သက်ဆုံးသော ပုံပြင်မှာ ၄ ရာ ၅ ဖြစ်ပါတယ်။ နေမန်သည် ဆီးရီးယား စစ်တပ်တွင် ဗိုလ်ချုပ်တစ်ဦး ဖြစ်ပါတယ်။ သူသည်လည်း နူနာရောဂါ စွဲကပ်နေခဲ့ပါသည်။ နေမန်သည် ယော်ဒန်မြစ်ထဲတွင် ခုနစ်ကြိမ်တိုင်အောင် ရေချိုးရန် ဧလိရှဲ၏ ညွှန်ကြားချက်များကို လိုက်နာပြီးနောက်တွင်၊ နေမန်သည် အလွန်အံ့ဩဖွယ်ကောင်းစွာ နူနာရောဂါမှ ပျောက်ကင်းသက်သာသွားခဲ့ပါတယ်။ နေမန်သည် ပြန်သွားပြီး ဧလိရှဲအား ပြောပြခဲ့ပါတယ်၊ "ဣသရေလပြည်မှတစ်ပါး အဘယ်ပြည်၌မျှ ဘုရားသခင် မရှိသည်ကို ယခု အကျွန်ုပ်သိပါ၏" (၄ ရာ ၅း၁၅)။ ပရောဖက်သည် ကုသခြင်းအတွက် မည်သည့် ငွေကိုမျှ လက်ခံခြင်းပြုမည်မဟုတ်ပါ၊ ထို့ကြောင့် နေမန်သည် ကိုယ်တော်ကျွန်သည် မြည်းနှစ်စီးနှင့် တင်၍

မြေအနည်းငယ်ကို ဆီးရီးယားရှိ နေအိမ်သို့ ယူသွား၍ရနိုင်မည်လောဟု တောင်းလျှောက်ခဲ့ပါတယ်။ မြေမှုန့်။ အဘယ်ကြောင့် မြေမှုန့်ကို တောင်းဆိုခဲ့ပါသလဲ။ အကြောင်းမှာ ထိုမြေမှုန့်သည် ဣသရေလလူမျိုးတို့၏ ဘုရားသခင်နှင့် သက်ဆိုင်သောကြောင့် ဖြစ်ပါတယ်။ ၎င်းသည် ဘုရားသခင်အတွက် ရည်စူးထားပါတယ်။ ၎င်းသည် သန့်ရှင်းစင်ကြယ်ပါသည်။

ကျွန်ုပ်တို့သည် တူညီသော အတွေးအခေါ်ကို ဓမ္မသစ်ကျမ်းထဲတွင် တွေ့ရပါတယ်။ ရှင်ပေါလုက (ဧ ၁း၂၀-၂၁၊ ၃း၁၀၊ ၆း၁၂၊ ကော ၁း၁၆၊ ၂း၁၅) - အစိုးရခြင်းတန်ခိုးများ၊ အာဏာစက်များ၊ တန်ခိုးအာဏာများနှင့် ရာဇပလ္လင်များကို ပုန်ကန်သူ သက်ရှိ ဝိညာဉ်များအတွက် အမျိုးမျိုးသော ဝေါဟာရများအား အသုံးပြုထားပါတယ်။ ဤ ဝေါဟာရများအားလုံးတွင် တူညီသောအရာ ဘာရှိပါသလဲ။ သူတို့ကို နယ်မြေ အပိုင်းအစများအပေါ်ရှိ တန်ခိုးအာဏာအား ဖော်ပြရန် အသုံးပြုထားခြင်း ဖြစ်ပါတယ်။

တမန်တော် ပေါလုက ကောရိန္သုမြို့ရှိ ယုံကြည်သူများထံသို့ သူ ကြားထားသော အမှား တစ်ချို့ကို ပြင်ဆင်ရန် စာနစ်စောင် ရေးခဲ့ပါတယ်။ ပထမ စာစောင်ထဲတွင်၊ ရှင်ပေါလုက အသင်းတော် လူကြီးများအား နောင်တမရဘဲ မတရားသောမေထုန်၌မှီဝဲပြီး အသက်ရှင်သန်နေသည့် ခရစ်ယာန် လူငယ်တစ်ဦးကို နှင်ထုတ်ရန် ပြောဆိုခဲ့ပါတယ် (၁ ကော ၅း၁-၁၃)။ ရှင်ပေါလုသည် ဤလူကို စာတန်၏ လက်ထဲသို့ အပ်နှံကြရန် သူတို့အား ရေးသားခဲ့ပါတယ် (၁ ကော ၅း၅)။ ဤအရာသည် မည်သို့ အဓိပ္ပါယ်ရှိပါသနည်း။

ကျွန်ုပ်တို့တွင် တရားဟောရာကျမ်း ၃၂ လောကီ ရှုထောင့်အမြင် တစ်ခု ရှိမှသာလျှင်၊ ရှင်ပေါလု၏ ညွှန်ကြားချက်များသည် အဓိပ္ပါယ်ရှိပါသည်။ ဣသရေလလူမျိုးတို့သည် ဘုရားသခင်၏ လူများဖြစ်ကြပြီး၊ ၎င်းတို့၏ နယ်မြေသည် ဘုရားသခင်ထံ ရည်စူးထားကြောင်း ဤ လောကီ ရှုထောင့်အမြင်က သွန်သင်ပေးထားပါသည်။ ထိုနယ်မြေအတွင်းရှိ ဘုရားသခင်၏ မျက်မှောက်တော်က ၎င်းအား သန့်ရှင်းစေပါတယ်။ ဣသရေလလူမျိုးတို့သည် အီဂျစ်ပြည်မှ တောကန္တရထဲသို့ ခရီးထွက်သွားသည့်အခါ၌၊ ဘုရားသခင်၏ မျက်မှောက်တော်သည် ရွက်ဖျင်တဲ ဗိမာန်တော်ထဲတွင် နေထိုင်ခဲ့ပါတယ်။ ဣသရေလလူမျိုးတို့သည် အနားယူပြီး စခန်းချသောအခါ ပဋိညာဉ် သေတ္တာတော်ကို စခန်း၏ အလယ်၌ ရွက်ဖျင်တဲဖြင့် ချထားပါတယ်။ ဤအရာသည် ဣသရေလလူမျိုးတို့၏ စခန်းကို သန့်ရှင်းသော၊ ဘုရားသခင်အတွက် ရည်စူးထားသော နေရာအနေဖြင့် မှတ်သားပေးပါတယ်။ နောက်ပိုင်းတွင် ဣသရေလလူမျိုးတို့သည် ၎င်းတို့၏ နယ်မြေအသစ်ထဲတွင် နေထိုင်ပြီးနောက်တွင် ဘုရားသခင်၏ မျက်မှောက်တော်သည် ဂျေရုဆလင်မြို့ရှိ ဗိမာန်တော်ထဲတွင် နေထိုင်ခဲ့ပါတယ်။ ဘုရားသခင်၏ မျက်မှောက်တော်သည် ထိုနယ်မြေကို သန့်ရှင်းသော၊ ဘုရားသခင်ကို ရည်စူးထားသော မြေနေရာဖြစ်လာခဲ့ပါတယ်။ ဘုရားသခင်နှင့် သူ၏ ဣသရေလလူမျိုးတို့သည် အိမ်သို့ ပြန်

ရောက်လာခဲ့ကြပါတယ်။ ဒါပေမဲ့ ယနေ့တွင်၊ ဘုရားသခင်သည် သူ့ကို လက်ခံယုံကြည်သော သူတို့၏ အထဲတွင် နေထိုင်ပါသည်။ ယုံကြည်သူများသည် ဘုရားသခင်၏ ဗိမာန်တော် ဖြစ်ကြပါ တယ် (၁ ကော ၆း၁၉၊ ၂ ကော ၆း၁၆၊ ရော ၈း၉)။ ထိုအရာမှာ ယုံကြည်သူများသည် ဘုရားသခင် ထံ ရည်စူးထားသည်ဟု အဓိပ္ပါယ်သက်ရောက်ပါသည်။ သူတို့ကို ခရစ်တော်၏ ကိုယ်ခန္ဓာဟု ခေါ်ပါ သည်။ ယုံကြည်သူများသည် ဘုရားသခင်၏ လူအသစ်များ ဖြစ်ကြပါတယ်။ သူတို့ကို ဣသရေလ လူမျိုးနွယ်အသစ်ဟု ခေါ်ပါတယ်။ ရှင်ပေါလုက ထိုအရာကို ဂလာတိ အခန်း ၃ တွင် ရှင်းပြထားပါ တယ် -

အာဗြဟံ၏ စစ်မှန်သော သားသမီးများမှာ ဘုရားသခင်ကို ယုံကြည်သောသူများ ဖြစ်ကြပါတယ်....

> ယုံကြည်ခြင်းရှိသောသူသည် အာဗြဟံ၏ သားဖြစ်သည်ဟု အမှန်သိမှတ်ကြလော့။ အ ဘယ် သို့နည်းဟူမူကား၊ သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင် ၏ သားဖြစ်ကြ၏။ ခရစ်တော်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင် ဝတ်ဆောင်သောသူဖြစ်ကြ၏။ ယေရှုခရစ်၌ ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ၊ လူ လွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်း ဖြစ်ကြ၏။ ခရစ်တော်နှင့် စပ်ဆိုင်လျှင် အာဗြဟံ အမျိုးအနွယ်ပင်ဖြစ်၍၊ ဂတိတော်အတိုင်း အမွေခံ၏အရာ၌ တည်ကြ၏။ ဂလာတိ ၃း၇၊ ၂၆-၂၉

ယုံကြည်သူများနှင့် သူတို့ စုဝေးကြသော နေရာများသည် သန့်ရှင်းသော မြေဖြစ်သောကြောင့်၊ ဒုစရိုက်အပြစ်ကို ဖယ်ရှားရပါမည်။ ရှင်ပေါလုသည် ၎င်း၏ ကာမဂုဏ် အပြစ်များကို ရပ်တန့်ရန် ငြင်းဆန်သော အသင်းတော်အတွင်းရှိ လူကို ယုံကြည်သူများ၏ အစုအဝေးမှ မောင်းထုတ်စေချင်ခဲ့ ပါတယ်။ ထိုလူသည် ဘုရားသခင်အား ရည်စူးထားသော အစုအဝေးမှ အတင်းနှင်ထုတ်ခံရပါလိမ့် မည်။ ထိုလူသည် ပုန်ကန်သူ ဝိညာဉ်များအား ရည်စူးထားသော မယုံကြည်သူများအကြားသို့ ပြန် လည်၍ ရောက်သွားပါလိမ့်မည်။ ဤနေရာရာသည် စာတန်၏ ပိုင်နက်မြေ ဖြစ်ပါတယ်။ အသင်း တော် အစုအဖွဲ့မှ နှင်ထုတ်ခံရခြင်းသည် မသန့်ရှင်းသော နယ်မြေထဲသို့ ပြန်၍ပို့ဆောင်ခံရခြင်း ဖြစ်ပါတယ်။ ထိုနေရာသည် အပြစ်ဒုစရိုက်နှင့် သက်ဆိုင်သည့်နေရာ ဖြစ်ပါတယ်။

**အဘယ်ကြောင့် ဤအရာသည် အရေးပါမှုရှိပါသလဲ**

ဗာဗုလုန်၌ လူမျိုးနွယ်များအား ဘုရားသခင်၏ တရားစီရင်ခြင်းသည် အဘယ်ကြောင့် ဣသရေလ လူမျိုးတို့၏ သမိုင်းသည် အခြားသော ဝိညာဉ်များနောက်သို့ မလိုက်ပါရန် ရှန်ကန်းခြင်းအကြောင်း ဖြစ်သည်ကို ကျွန်ုပ်တို့အား နားလည်သဘောပေါက်ခြင်း ပေးထားပါတယ်။ ၎င်းသည် ကျွန်ုပ်တို့ကို ယေရှု သွန်သင်ပေးသော သတင်းကောင်းကို နားလည်ရန် အထောက်အကူဖြစ်စေပါတယ်။ ယေရှု

၏ သတင်းကောင်းနှင့် လက်ဝါးကပ်တိုင်ပေါ်တွင် သူ လုပ်ဆောင်ခဲ့သည့်အရာမှာ ယေရှုကို လက်ခံယုံကြည်သောသူတိုင်းသည် ဘုရားသခင်၏လူများ ဖြစ်လာနိုင်ပါသည် (ဂလာတိ ၃)။ တပည့်တော်များသည် တိုင်းနိုင်ငံအသီးသီးထံသို့ သွားရောက်၍၊ လူတို့သည် လက်ခံယုံကြည်သောအခါတွင် စာတန်၏ ဩဇာအာဏာသည် လူတို့ထံမှ ဖယ်ရှားခြင်းကိုခံရပါသည်။ ထို့နောက်၌ သူတို့ နေထိုင်သည့်နေရာတိုင်းတွင် သူတို့ဟာ ဘုရားသခင်၏ ဗိမာန်တော်များ ဖြစ်လာကြပါသည်။ သတင်းကောင်းကို လက်ခံယုံကြည်သောအခါ၊ ဘုရားသခင်၏ နိုင်ငံတော်သည် ကျယ်ပြန့်လာပါသည်။ ထိုအခါ သူတို့သည် ပုန်ကန်သူ၊ နတ်ဆိုးများ၏ တန်ခိုးအာဏာကို စွန့်ခွာပြီး၊ ဘုရားသခင်၏ သားသမီးများ ဖြစ်လာနိုင်ပါသည်။

သင်ခန်းစာမှာ ဤကမ္ဘာမြေကြီးသည် ကျွန်ုပ်တို့၏ စစ်မှန်သော နေအိမ်မဟုတ်ကြောင်း ဖြစ်ပါတယ်။ နတ်ဆိုးများက တစ်လောကလုံးကို ရာစုနှစ်ပေါင်းများစွာကြာအောင် ထိန်းချုပ်ထားပါတယ်။ မယုံကြည်သူများသည် ဤဝိညာဉ် စစ်တပ်များ၏ ကျေးကျွန်များ ဖြစ်ကြပါတယ်။ လူသားများသည် ယေရှု၏ သတင်းကောင်းကို လိုအပ်ကြပါတယ်။ သို့မှသာလျှင် သူတို့ဟာ လွတ်မြောက်ခြင်းလမ်းကို ရွေးချယ်နိုင်ပါလိမ့်မည်။ ထို့အပြင် မမေ့ပါနဲ့၊ သတင်းကောင်းသည် ကျွန်ုပ်တို့၏ လက်နက် ဖြစ်ပါတယ်။ ကျွန်ုပ်တို့ကို အစိုးတရပြုလုပ်နေသော ဝိညာဉ် အထွတ်အမြတ်တို့နှင့် အာဏာစက်များကို တိုက်ရိုက် ရင်ဆိုင်တိုက်ခိုက်ရန် ဘုရားသခင်က အခွင့်မပေးထားပါဘူး။ ထိုရည်ရွယ်ချက်အတွက် လူသားများကို ပေးထားသော ဝိညာဉ် ဆုကျေးဇူးမျိုး မရှိပါဘူး။ ၎င်းအစား၊ သတင်းကောင်း တရားဒေသနာကို ပြောကြားခြင်းသည် လူသားများကို ဝိညာဉ် နတ်ဆိုး ခေါင်းဆောင်များထံရှိ ၎င်းတို့၏ ကျေးကျွန်ဘဝမှ လွတ်မြောက်စေနိုင်ပါသည်။ ယေရှုက သူ၏ တပည့်တော်များကို လိုက်နာရန် မဟာစေခိုင်းချက် တစ်ခု ပေးခဲ့ပါတယ်။ ထိုအရာသည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ တိုက်ပွဲ အစီအစဉ်ဖြစ်ရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ထိုကြောင်းအရာကို လာမည့် အခန်းများတွင် ပိုမို၍ လေ့လာသင်ယူသွားပါမည်။

နောက်တစ်ခု ကျွန်ုပ်တို့ သင်ယူခဲ့သောအရာမှာ - ဘုရားသခင်၌ရှိသော ယုံကြည်သူ အစစ်အမှန် အစုအဖွဲ့တိုင်းသည် သန့်ရှင်းသော မြေနေရာဖြစ်လာသည်ကို ကျွန်ုပ်တို့ နားလည်ဖို့ လိုအပ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ အဆောက်အဦးများ၊ လှပသော ဗိမာန်တော်များနှင့် ဘုရားကျောင်း အသင်းဝင်များသည် ဘုရားသခင်အတွက် အရေးမကြီးပါ။ ဘုရားသခင်အတွက် အရေးပါသောအရာမှာ၊ လူနှစ်ဦး သို့မဟုတ် သုံးဦးတို့သည် စုဝေးကြသောအခါ၊ ယေရှုသည် သူတို့အကြားတွင် ရှိပါသည် (မဿဲ ၁၈း၂၀)။ ထိုလူများနှင့် ၎င်းတို့၏ တွေ့ဆုံသည့် နေရာသည် အထွတ်အမြတ်နေရာ ဖြစ်ပါသည်။ ယုံကြည်သူ အစုအဖွဲ့တိုင်းသည်၊ ဘယ်လောက်ဘဲ သေးငယ်ပါစေ သို့မဟုတ် ဝေးကွာကြသည်ဖြစ်ပါစေ၊ ဝိညာဉ်ရေးရာ တိုက်ပွဲ တစ်ခု၏ ရှေ့တန်း စစ်မြေပြင်၌ ရှိနေပါသည်။ ယုံကြည်သူ

အယောက်တိုင်းသည် လူများစွာထံသို့ သတင်းကောင်းအား ဖြန့်ဝေရန် တူညီသော တာဝန် ရှိပါသည်။ မှောင်မိုက်၏ တန်ခိုးစွမ်းအားများသည် အောင်မြင်လိမ့်မည်မဟုတ်ပါ။

ကျွန်ုပ်တို့သည် တရားဟောရာကျမ်း ၃၂ လောကီ ရှုထောင့်အမြင် ထင်မြင်ချက်ကို ယေရှု၏ သာသနာလုပ်ငန်းအကြောင်းသို့ ကျွန်ုပ်တို့ ရောက်သောအခါ ပြန်လည်၍လေ့လာသွားပါမည်။ ယခုအတွက်တော့၊ စစ်ပွဲ နယ်နိမိတ်မျဉ်းများသည် ရှင်းပါသည်။ တိုင်းနိုင်ငံများနှင့် ၎င်းတို့၏ ပုန်ကန်သူဝိညာဉ် ခေါင်းဆောင်များသည် ဘုရားသခင်၏ တရားစီရင်ခြင်းကိုခံရပြီး ၎င်းတို့၏ အုပ်ချုပ်ရန် တရားဝင် ဩဇာအာဏာသည်လည်း ဖယ်ရှားခြင်းခံရပြီဖြစ်ပါသည်။ ဘုရားသခင်က သူ၏ မိသားစုကို ပူးပေါင်း၍ သူ၏နိုင်ငံတော်ထဲ ဝင်ရောက်ရန် လူသားများကို ၎င်းတို့၏ ကျွန်ဘဝမှ ခေါ်ထုတ်နေပါသည်။

# အခန်း ခြောက်

## နှုတ်ကပတ်တော်၊ အမည်နာမနှင့် ကောင်းကင်တမန်

ပြီးခဲ့သော အခန်းတွင် ကျွန်ုပ်တို့ဟာ သမ္မာကျမ်းစာ၏ တရားဟောရာကျမ်း ၃၂ လောကီ ရှုထောင့် အမြင်ကို လေ့လာသင်ယူခဲ့ပါတယ်။ ဗာဗုလုန်၌ လူသားများ၏ ဆန့်ကျင်ပုန်ကန်မှုကို တုံ့ပြန်သည့် အနေဖြင့်၊ လူမျိုးနွယ်များနှင့် တိုက်ရိုက် ထိတွေ့ဆက်နွယ်မှုကို ရပ်တန့်ခဲ့ပါတယ်။ ထို့ကြောင့် သူသည် တိုင်းနိုင်ငံ တစ်ခုစီကို သူ၏ ကောင်းကင်ဘုံရှိ ကောင်စီဝင် တစ်ဦးစီထံ၌ တာဝန်ပေးအပ်ခဲ့ပါတယ် (တရား ၃၂း၈-၉)။ ထို့နောက်တွင် ဘုရားသခင်သည် သူ၏ လူမျိုးနွယ်ဖြစ်လာစေရန် အသစ်သော လူမျိုးနွယ် တစ်စုကို အစပြုခဲ့ပါတယ်။ ဣသရေလလူမျိုးတို့သည် မြေကြီးပေါ်၌ သူ၏ နိုင်ငံတော်ကို ကျယ်ပြန့်စေရန် သူ၏ ကိုယ်စားပြုသူများ (ပုံသဏ္ဍာန်ဆောင်သူများ) ဖြစ်ခဲ့ကြပါတယ်။ သို့ရာတွင် ထိုအစီအစဉ်သည် ကြောက်စရာကောင်းသော တိုက်ပွဲတစ်ခုဖြစ်လာခဲ့ပါတယ်။ အဘယ်ကြောင့်ဆိုသော် အခြားသော ဘုရားများနှင့် အခြားသော တိုင်းနိုင်ငံများ၏ သူတို့၏ လူများသည် ဣသရေလလူမျိုးများနှင့် ဘုရားသခင်၏ ရန်သူများ ဖြစ်ခဲ့သောကြောင့်ဖြစ်ပါသည်။

ဘုရားသခင်၏ လူမျိုးအသစ်သည် အာဗြံဟု အမည်ရသော လူတစ်ဦးနှင့် အစပြုခဲ့ပါတယ်။ ဘုရားသခင်က နောက်ပိုင်းတွင် ဤလူ၏ အမည်ကို အာဗြဟံဟူသောအမည်သို့ ပြောင်းလဲပေးခဲ့ပါတယ်။ ဗာဗုလုန် တရားစီရင်ခြင်းပြီးနောက် သိပ်မကြာမီတွင်၊ ဘုရားသခင်သည် အာဗြဟံထံသို့ အလည်သွားခဲ့ပါတယ်။

## အာဗြဟံသည် နှုတ်ကပတ်တော်ကို တွေ့ဆုံပါသည်

ခရစ်ယာန်အများစုသည် <u>ကမ္ဘာဦးကျမ်း ၁၂</u> ရှိ အာဗြဟံထံသို့ ဘုရားသခင်၏ အလည်အပတ်သွားရောက်ခြင်းအကြောင်းနှင့် ရင်းနှီးပြီးသားဖြစ်ပါတယ်။ ဘုရားသခင်သည် အာဗြဟံအား သူ၏ နေအိမ်ကို စွန့်ခွာပြီး တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော နေရာတစ်ခုသို့ သွားရောက်ရန် ပြောကြားထားပါတယ်။ သူ့ကို လမ်းညွှန်ပြရန် ဘုရားသခင်က ကတိပြုထားပါတယ်။ ဘုရားသခင်က သူသည် သူ၏ ဘုရားသခင်ဖြစ်လာမည်ဟု အာဗြဟံအား ဆိုထားပြီး၊ သူ့ကို အထူးကတိတော်များ ပေးထားပါတယ်။ အာဗြဟံနှင့် စာရာတို့ နှစ်ဦးစလုံးသည် အလွန် အိုမင်းနေကြပြီဖြစ်သော်လည်းဘဲ၊ ဘုရားသခင်သည် သူတို့ကို သားတစ်ဦး ရရှိစေပါလိမ့်မည်။ မြောက်များစွာသော လူတို့သည် ထိုသားထံမှ ပေါ်ထွက်လာပါလိမ့်မည်။ ဤ သားမြေးစဉ်ဆက်များသည် ဘုရားသခင်၏ မြေကြီးပေါ်ရှိ လူသားမိ

သားစုကို ဖြစ်ပေါ်စေပါလိမ့်မည်။ ဤမိသားစုအားဖြင့် ပုန်ကန်သူ လူမျိုးများသည် ကောင်းကြီးခံစား ရပါလိမ့်မည်။

အာဗြဟံ၏ ဘုရားသခင်နှင့် တွေ့ဆုံမှုများသည် ကောင်းကင်မှ အသံ သို့မဟုတ် အာဗြဟံ၏ ခေါင်းထဲမှ အသံ တစ်သံ ဖြစ်မည်ဟု ကျွန်ုပ်တို့သည် တွေးထင်မိနိုင်ပါသည်။ သို့မဟုတ် ဘုရားသခင်သည် အာဗြဟံထံသို့ အိပ်မက် တစ်ခုထဲတွင် ရောက်လာခဲ့သည်ဟု ကျွန်ုပ်တို့ ထင်ကောင်းထင်နိုင်ပါသည်။ ဘုရားသခင်သည် ပရောဖက်အချို့နှင့် လူအချို့နှင့်အတူ ထိုနည်းလမ်းများကို အသုံးပြုခဲ့ပြီးပြီဖြစ်ကြောင်း သမ္မာကျမ်းစာက ရှင်းလင်းပါသည်။ ဒါပေမဲ့ ထိုအရာသည် အာဗြဟံနှင့် ဖြစ်ပျက်ခဲ့သောအရာ မဟုတ်ပါ။ ဘုရားသခင်က ပို၍ အံ့သြဖွယ်ကောင်းသောအရာကို လုပ်ဆောင်ခဲ့ပါတယ်။ ဘုရားသခင်သည် လူသားတစ်ယောက်နှင့်တူအောင်ပြုလုပ်လျက် ကြွလာခဲ့ပါတယ်။ ဘုရားသခင်နှင့် အာဗြဟံသည် မျက်နှာချင်းဆိုင်လျက် စကားပြောဆိုခဲ့ကြပါတယ်။

ကျွန်ုပ်တို့သည် ဤအရာကို ကမ္ဘာဦးကျမ်း ၁၂း၆-၇ မှ နားလည်ရပါသည်။ ဘုရားသခင်သည် အာဗြဟံဆီသို့ ပေါ်ထွက်လာခဲ့ကြောင်း သမ္မာကျမ်းစာက ဆိုထားပါတယ်။ နောက်ထပ် အချိန်၌ ဘုရားသခင်သည် နောက်တစ်ဖန် ပေါ်ထွက်လာပါတယ် (က ၁၅း၁-၆)။ ဒီတစ်ခါတော့ ဘုရားသခင်သည် အာဗြဟံထံသို့ "သခင်ဘုရား၏ နှုတ်ကပတ်တော်" အနေဖြင့် ကြွလာပါတယ်။ ဤအရာသည် အာဗြဟံ၏ ခေါင်းထဲရှိ အသံ တစ်သံ မဟုတ်တော့ပါ။ "နှုတ်ကပတ်တော်" သည် အာဗြဟံကို အပြင်ဖက်သို့ ခေါ်ဆောင်သွားပြီး၊ သူ့အား ကြယ်များကို ပြလျက်၊ သူ၏ သားမြေးစဉ်ဆက်များသည် ရေတွက်၍မရနိုင်အောင်များပြားလိမ့်မည်ဟု ပြောဆိုခဲ့သောကြောင့် ကျွန်ုပ်တို့သည် ဤ အရာကို သိကြပါတယ် (က ၁၅း၅)။

ဘုရားသခင်သည် အာဗြဟံထံသို့ အခြားသော အချိန်များ၌လည်း ကိုယ်ထင်ရှားပြခဲ့ပါတယ် (က ၁၈)။ ဘုရားသခင်သည် ထိုနည်းအတိုင်း ယာကုပ်ထံ၌လည်း ကိုယ်ထင်ရှားပြခဲ့ပါတယ် (က ၂၆း၁-၅)။ ယာကုပ်သည် အာဗြဟံနှင့် စာရာထံ၌ ဘုရားသခင် ကတိတော်ရှိခဲ့သော သား ဖြစ်ပါတယ်။ ယာကုပ်သည် ယာကုပ်၏ သားဖြစ်ပြီး၊ ဘုရားသခင်သည် လူသားတစ်ဦးအနေဖြင့် သူ့ထံ၌လည်း ကိုယ်ထင်ရှားပြခဲ့ပါတယ်။ (က ၂၈း၁၀-၂၂၊ ၃၁း၁၁-၁၂၊ ၃၂း၂၄-၃၀)။

ဘုရားသခင်၏ "နှုတ်ကပတ်တော်" သည် သမ္မာကျမ်းစာက ကြားသိစေသည့်အတိုင်း ဘုရားသခင်သည် လူသား တစ်ဦး၏ ပုံသဏ္ဍာန်ဖြင့် ကိုယ်ထင်ရှားပြခဲ့သည်ဟု ဖြစ်ပါတယ်။ ဤအရာသည် သမ္မာကျမ်းစာထဲရှိ ပုံပြင်များစွာထဲတွင် ဖြစ်ပျက်ပါသည်။ ကျွန်ုပ် အနှစ်သက်ဆုံးသော ဥပမာတစ်ခုကို ၁ ရာ ၃ ထဲမှာ တွေ့ရှိရပါတယ်။ လူငယ်လေး ရှမွေလသည် အိပ်ပျော်ရန် ကြိုးစားနေစဉ်၌ သူ့ကို ခေါ်နေသော အသံ တစ်သံကို ဆက်တိုက်ကြားနေခဲ့ရပါတယ်။ ရှမွေလသည် ဧလီ အမည်ရသော ယဇ်ပုရောဟိတ် တစ်ပါးနှင့် အတူနေထိုင်ခဲ့ပါတယ်၊ ထို့ကြောင့် ရှမွေလသည် ဧလီက သူ့ကို

ခေါ်နေသည်ဟု မှတ်ထင်ခဲ့ပါတယ်။ သို့ရာတွင် ဇေလိက ၎င်းအသံသည် ဘုရားသခင်ဖြစ်သည်ဟု ပြောဆိုခဲ့ပါတယ်။ အခန်းငယ် ၁၀ တွင်၊ ဘုရားသခင်သည် ရှမွေလထံသို့ နောက်တစ်ဖန် ကြွလာခဲ့ပါတယ် - "ထာဝရဘုရားသည် ရှေ့နည်းတူ လာရပ်လျက်၊ 'ရှမွေလ၊ ရှမွေလ'ဟု ခေါ်ခဲ့ပါတယ်။" ကျွန်ုပ်တို့သည် ဤအရာဟာ လူသား ပုံစံဖြင့် ထာဝရဘုရားသခင်ဖြစ်ကြောင်း သိကြပါသည်၊ အကြောင်းမှာ သူသည် ရပ်လျက်နေခဲ့သည်ဟု ပုံပြင်က ပြောဆိုထားသောကြောင့် ဖြစ်ပါတယ်။ ပုံပြင်က (၁ ရာ ၃း၁၉) ကျွန်ုပ်တို့ကို "ထာဝရဘုရားသခင်၏ နှုတ်ကပတ်တော်" သည် မကြာခဏ ရှမွေလထံ ရောက်လာခဲ့သည်ဟုလည်း ပြောဆိုထားပါတယ်။

"ထာဝရဘုရားသခင်၏ နှုတ်ကပတ်တော်" သည် လက်တွေ့ လူသား ပုံစံဖြင့်လည်း ယေရမိဟု အမည်ရသော ပရောဖက်ထံသို့ ရောက်လာခဲ့ပါသည်။ ယေရမိ ၁ တွင် "နှုတ်ကပတ်တော်" သည် သူ့ထံသို့ ရောက်လာခဲ့သည်ဟု ပုံပြင်က ဆိုထားပါတယ်။ ယေရမိက "နှုတ်ကပတ်တော်" ကို ထာဝရဘုရားသခင် အနေဖြင့် ဖော်ပြထားပါတယ်။ ယေရမိက ဘုရားသခင်သည် သူ့ကို သူ၏ လက်တော်နှင့် တို့ထိခဲ့ကြောင်း ဆိုထားပါတယ် (ယေရမိ ၁း၁-၉)။

## လူသားပုံသဏ္ဍာန်နှင့် ဘုရားသခင်

လူသား တစ်ဦးအနေဖြင့် ကိုယ်ထင်ရှားပြသော ဘုရားသခင်သည် ဓမ္မဟောင်းကျမ်း ပုံပြင်များထဲတွင် အမှန်စင်စစ် သာမန်သာဖြစ်ပါတယ်။ ဤအရာများသည် ဘုရားသခင်က နာဇရက်မြို့၏ လူသား ယေရှုအနေဖြင့် မကြွလာမီ နှစ်ပေါင်းများစွာကတည်းက ဖြစ်ပေါ်ခဲ့ပါသည်။ သင်သည် ဘုရားသခင်အတွက် လူသားတစ်ယောက်နှင့် ဆက်သွယ်ရန် အကောင်းဆုံးသော နည်းလမ်းအကြောင်းကို စဉ်းစားသောအခါ၊ သူ၏ နည်းလမ်းသည် အဓိပ္ပါယ်ရှိပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ထက် လုံး၀ ကွဲပြားခြားနားပါသည်။ ဘုရားသခင်၏ စစ်မှန်သော အနှစ်သာရကို အဘယ် လူသားမျှ သိမြင်နိုင်ခြင်း မရှိဟု သမ္မာကျမ်းစာက ဆိုထားပါတယ်။ ဘုရားသခင်၏ ပြည့်၀သော ဘုန်းအာနုဘော်တော်သည် လူတစ်ဦးကို ဖျက်ဆီးပစ်ပါလိမ့်မည်။ သမ္မာကျမ်းစာထဲရှိ လူသားများသည် ဘုရားသခင်နှင့် ဆုံတွေ့သောအခါ၊ သူတို့သည် သေဆုံးရန် မျှော်လင့်ခဲ့ကြပါတယ် (က ၃၂း၃၀၊ တရား ၅း၂၄၊ သူကြီး ၆း၂၂-၂၄)။ သူတို့သည် မသေခဲ့ကြပါ၊ အကြောင်းမှာ ဘုရားသခင်သည် သူ၏ မျက်မှောက်တော်ကို လူသားများ၏ စိတ်က လက်ခံနိုင်ခဲ့သော တစ်စုံတစ်ရာအထိ သတ်မှတ်ခဲ့၍ ဖြစ်ပါတယ်။ ဘုရားသခင်သည် တစ်ခါတစ်ရံ မီး၊ မိုးတိမ်၊ အများအားဖြင့် လူသား တစ်ဦး အနေဖြင့် ကိုယ်ထင်ရှားပြဖော်ပြခဲ့ပါတယ်။

ပုံပြင်များစွာထဲတွင်၊ လူသား တစ်ဦးအနေဖြင့် ဘုရားသခင်၏ အသွင်သဏ္ဌာန်ကို "ဘုရားသခင်၏ ကောင်းကင်တမန်" နှင့် တွေ့ဆုံခြင်းဟု ဖော်ပြထားတတ်ပါသည်။ ဥပမာအနေဖြင့်၊ ဘုရားသခင် သည် မောရှေထံသို့ မီးလောင်နေသော ချုံပုတ်ထဲတွင် ကိုယ်ထင်ရှားဖော်ပြခဲ့ပါတယ် (ထွက် ၃း၁-၃)။ ဘုရားသခင်၏ ကောင်းကင်တမန်သည် ချုံပုတ်ထဲမှ စကားပြောဆိုခဲ့ပြီး၊ အီဂျစ်ပြည်မှ သူ၏ လူမျိုးများကို ဦးဆောင်ရာ၌ မောရှေအား အသုံးပြုရန် ကတိပေးခဲ့ပါတယ်။ ဘုရားသခင်သည် ဗက်လင်မြို့ရှိ အိပ်မက် တစ်ခုတွင် ယာကုပ်ထံသို့ ထင်ထင်ရှားရှား ဖော်ပြခဲ့ပါတယ် (က ၂၈း၁၀-၂၂)။ ဘုရားသခင်ကို အရှင်/သခင် (Yahweh - ယာဝေး) အနေဖြင့် ဖော်ပြခဲ့ကြပါတယ်။ နောက်ပိုင်းတွင် ဘုရားသခင်၏ ကောင်းကင်တမန်သည် ယာကုပ်ထံသို့ နောက်ထပ် အိပ်မက် တစ်ခုတွင် ရောက်ရှိလာခဲ့ပြီး၊ သူသည် ယခင်က ဗက်လင်မြို့၌ သူ့ကို တွေ့ဆုံခဲ့သော ဘုရားသခင်ပင်ဖြစ် ကြောင်း ယာကုပ်အား ပြောဆိုခဲ့ပါတယ် (က ၃၁း၁၁-၁၂)။

သမ္မာကျမ်းစာ သွန်သင်သူ အများအပြားသည် ဤ ကောင်းကင်တမန်ကို ဘုရားသခင်ကိုယ်တော် တိုင်အနေဖြင့် ဖော်ပြရန် ယုံကြည်မှုမရှိကြပါ။ သို့ရာတွင် ထိုကောင်းကင်တမန်သည် ဘုရားသခင် ဖြစ်ကြောင်း ခိုင်မာသော အကြောင်းအရင်းများစွာ ရှိပါသည်။ ဖြစ်နိုင်သည်မှာ ဘုရားသခင်က မောရှေအား ပညတ်တော်ကို ပေးပြီးနောက်တွင် အရေးကြီးဆုံးသော ဥပမာသည် ဖြစ်ပေါ်ခဲ့ပါ သည်။ ဣသရေလလူမျိုးတို့သည် ကတိတော် နယ်မြေသို့ ခရီးပြုရန် ပြင်ဆင်သောအခါ၊ ဘုရား သခင်က မောရှေကို ဤသို့ ပြောဆိုခဲ့ပါတယ် -

> ကြည့်ရှုလော့။ လမ်းခရီး၌ သင့်ကို စောင့်ရှောက်၍၊ ငါ ပြင်ဆင်နှင့်သောအရပ်သို့ ပို့စေခြင်းငှါ၊ ကောင်းကင်တမန်ကို သင့်ရှေ့၌ ငါစေလွှတ်၏။ ထိုတမန်ကို ရိုသေစွာပြုလော့။ စကားတော်ကို နားထောင်လော့။ အာဏာတော်ကိုမဆန်နှင့်။ သင်တို့ပြစ်မှားသောအပြစ်ကို သူသည် မလွှတ်။ ငါ့နာမသည် သူ၌တည်ရှိ၏။
>
> အကယ်စင်စစ် သင်သည် သူ့စကားကို နားထောင်၍ ငါပညတ်သမျှတိုင်းပြုလျှင်၊ သင်၏ ရန်သူတို့ကို ငါသည် ရန်ဘက်ပြုမည်။ သင့်ကို ဆီးတားသောသူတို့ကိုလည်း ငါဆီးတား မည်။ (ထွက် ၂၃း၂၀-၂၂)

ဤအရာသည် သာမန် ကောင်းကင်တမန် မဟုတ်ပါ။ ဤကောင်းကင်တမန်သည် အပြစ်များကို ခွင့်လွှတ်ရန်နှင့် မခွင့်လွှတ်ရန်ကို ဆုံးဖြတ်နိုင်စွမ်းရှိပါသည်။ ဤကောင်းကင်တမန်သည် သူ့အထဲ၌ ဘုရားသခင်၏ နာမရှိပါသည်။ ထိုဖော်ပြချက်သည် ထူးခြားသော်လည်း၊ အလွန် အရေးပါမှုရှိပါ သည်။ အမည်နာမသည် ဘုရားသခင်ကိုယ်တော်တိုင်အား ရည်ညွှန်းထားသော ဓမ္မဟောင်းကျမ်း နည်းလမ်း တစ်ခု ဖြစ်ပါသည်။ ၎င်းသည် ဘုရားသခင်၏ တကယ့် မျက်မှောက်တော် သို့မဟုတ်

အနစ်သာရ ဖြစ်ပါသည်။ ဥပမာအနေဖြင့်၊ ဟေရှာယ ၃၀း၂၇-၂၈ က သခင်ဘုရား၏ အမည်နာမ ကို လူပုဂ္ဂိုလ် တစ်ဦးကဲ့သို့ ဖော်ပြထားပါသည် -

ကြည့်ရှုလော့။ ထာဝရဘုရား၏ နာမတော်သည် ဝေးသောအရပ်မှလာ၏။
အမျက်တော်လောင်၍ မီးလျှံဟုန်းလေ၏။ နှုတ်တော်သည်
အမျက်နှင့်ပြည့်၍ လျှာတော်သည် မီးရှို့သကဲ့သို့ ဖြစ်လေ၏။
ထွက်သက်တော်သည်လည်း လူမျိုးတို့ကို ရှင်းရှင်းဖျက်ဆီးခြင်းငှါ
လွှမ်းမိုးသောရေကဲ့သို့ လည်ပင်း ကို မှီလိမ့်မည်။
လမ်းလွဲစေသောဇက်ကို သူတို့ ပါးစပ်၌ ခွံ့တော်မူလိမ့်မည်။

ယနေ့ခေတ်၌ပင်လျှင် ဘာသာရေးကိုင်းရှိုင်းသော ဂျူးလူမျိုးများသည် ဘုရားသခင်ကို ဟာ-ရှမ်း (ha-shem) (၎င်းသည် "အမည်နာမ" ဟု အဓိပ္ပါယ်သက်ရောက်ပါသည်)။ ဤကောင်းကင်တမန် ကို နားလည်သိရှိရန် နောက်ထပ် နည်းလမ်းတစ်ခုမှာ လူသားပုံသဏ္ဍာန်နှင့် ဘုရားသခင်ဖြစ်ပြီး၊ ထွက်မြောက်ရာ ၂၃း၂၀-၂၂ ကို အခြားသော ကျမ်းပိုဒ်များနှင့် နှိုင်းယှဉ်ရပါမည်။ မီးလောင်နေ သော ချုံပုတ်ထဲမှ မောရှေနှင့် ဆုံတွေ့ခဲ့သော ကောင်းကင်တမန်သည် သူ့အထဲ၌ ဘုရားသခင် အမည်နာမနှင့် ကောင်းကင်တမန်ဖြစ်ပါတယ်၊ ထို့အပြင် သူသည် ဣသရေလလူမျိုးများကို အီဂျစ် ပြည်မှ ခေါ်ထုတ်လာခဲ့ပြီး၊ ကတိတော်နယ်မြေသို့ ပို့ဆောင်ပေးခဲ့ပါတယ် (သူကြီး ၂း၁-၃)။ သို့ သော်လည်း အခြားသော နေရာများတွင် ဤအရာကို လုပ်ဆောင်သောသူသည် ယာဝေး ဖြစ်သည် ဟု ၎င်းက ဆိုထားပါတယ် (ယောရှု ၂၄း၁၇-၁၈)။ နောက်ထပ် တစ်နေရာက ၎င်းသည် ဘုရား သခင်၏ မျက်မှောက်တော်ကိုယ်တိုင် ဖြစ်ကြောင်း ဆိုထားပါသည် (တရာ ၄း၃၇-၃၈)။

ထို့ကြောင့် ယာဝေး၊ မျက်မှောက်တော်နှင့် ဘုရားသခင်၏ကောင်းကင်တမန်တို့သည် တူညီသော ပုဂ္ဂိုလ်၊ ဘုရားသခင်ကို ဖော်ပြခြင်း၏ ကွဲပြားသော နည်းလမ်းများ ဖြစ်ပါတယ်။ သို့သော်လည်း ကောင်းကင်တမန်ကို သက်ရှိအရာကဲ့သို့ လူသား၏ ပုံသဏ္ဍာန်တစ်ခုအနေဖြင့် လူတို့က တွေ့မြင် နိုင်ပါသည်။

ဤ အချက်ကို အခိုင်မာဆုံးဖြစ်အောင် ပြုလုပ်ပေးသော သမ္မာကျမ်းစာထဲရှိ ပုံပြင် တစ်ပုဒ်မှာလည်း လူအများစုက သိပ် မသိသေးသောအရာ ဖြစ်ပါတယ်။ အနည်းငယ်သော လူတို့ကသာ ၎င်းကို သတိပြုမိကြပါတယ်။ ၎င်းမှာ ယာကုပ် မသေခင်လေး၏ အကြောင်းအရာ ဖြစ်ပါတယ်။ ယာကုပ် သည် ယောသပ်၏ သားများကို ကောင်းကြီးပေးချင်ခဲ့ပါတယ်။ သူသည် သူ၏ ကောင်းချီးပေးတော် မူခြင်းထဲတွင်၊ သူ၏ အသက်တာ၌ ဘုရားသခင်နှင့် တွေ့ဆုံခဲ့သည့် မတူညီသော ဖြစ်ရပ်များကို

အမှတ်ရခဲ့ပါတယ်။ သူသည် သူ၏ ကောင်းချီးပေးခြင်းကို ဤနည်းအတိုင်း အစပြုခဲ့ပါတယ် (က ၄၈း၁၅-၁၆) –

ငါ့အဘ အာဗြဟံနှင့် ဣဇာက်ကိုးကွယ်သော ဘုရားသခင်၊
ငါ့ကို တစ်သက်လုံး ယနေ့တိုင်အောင် ကျွေးမွေးတော်မူသော ဘုရားသခင်၊
ငါ့ကို ခပ်သိမ်းသော ဘေးဒဏ်အထဲက ကယ်နှုတ်တော်မူသော
ကောင်းကင်တမန်သည် …………

ထို့နောက်၊ အံ့သြစွာပင် အခန်းငယ် ၁၆ တွင်၊ "ထိုသူသည် ဤသူငယ်တို့ကို ကောင်းချီးပေးတော်မူပါစေသော" ဟု သူက ဆုတောင်းထားပါတယ်။ "ထိုသူတို့သည် ဤသူငယ်တို့ကို ကောင်းချီးပေးတော်မူပါစေသော" ဟူ၍ သူသည် မတူညီသော လူပုဂ္ဂိုလ်နှစ်ဦးဖြစ်သော ဘုရားသခင်နှင့် ကောင်းကင်တမန်တို့၏အကြောင်းကို ပြောဆိုနေသကဲ့သို့ မဆိုထားပါ။ သူက ထို့ထက်၊ ယာကုပ်သည် ဤသူငယ်တို့ကို ကောင်းချီးပေးတော်မူပါစေသောဟု ဆိုသည့်အခါတွင် သူက ၎င်းတို့ကို ဆုတောင်းချက်ထဲတွင် အတူတကွ ပေါင်းစပ်ပေးလိုက်ခြင်း ဖြစ်ပါတယ်။

ပိုလိုပင် အံ့သြစရာကောင်းသည့်အရာမှာ တရားသူကြီး ၆၊ ဂိဒေါင်ကို ခေါ်ယူခြင်း၏ အကြောင်းအရာ ဖြစ်ပါတယ်။ ထိုနေရာတွင် ဘုရားသခင်နှင့် ဘုရားသခင်၏ကောင်းကင်တမန် နှစ်ဦးစလုံးကို အတူတကွ တစ်ချိန်တည်း၌ တွေ့မြင်ရပါသည် (တရား ၆း၂၂-၂၃)။ ဓမ္မဟောင်းကျမ်းထဲ၌ပင်၊ ဘုရားသခင်သည် ပုဂ္ဂိုလ်တစ်ဦးထက် ပိုများပြီး၊ ၎င်းတို့အထဲမှ တစ်ဦးသည် မကြာခဏ လူသားတစ်ဦးကဲ့သို့ ကိုယ်ထင်ရှားဖော်ပြလေ့ရှိခဲ့ပါသည်။

## ယေရှု - နှုတ်ကပတ်တော်၊ အမည်နာမနှင့် ကောင်းကင်တမန်

ယခုအထိ ကျွန်ုပ် ရေးသားခဲ့သော ဘုရားသခင်နှင့်သက်ဆိုင်သော ဖော်ပြချက်များအကြောင်းသည် ရင်းနှီးမှုရှိသင့်ပါသည်။ ၎င်းတို့အားလုံးသည် ဓမ္မဟောင်းကျမ်းစာထဲမှ ဖြစ်ပါတယ်၊ သို့သော်လည်း၊ ၎င်းသည် ဓမ္မသစ်ကျမ်းစာက ယေရှုအကြောင်း ရေးသားထားသည့်အရာနှင့်လည်း တစ်ပုံစံတည်း ဖြစ်ပါသည်။

အာဗြဟံသည် လူသား ပုံသဏ္ဍာန်နှင့် ဘုရားသခင်ဖြစ်တော်မူသော နှုတ်ကပတ်တော်ကို တွေ့ဆုံခဲ့ပါတယ်။ ယောဟန် ၁း၁ တွင် ၎င်းက ဤသို့ ဆိုထားပါတယ် - "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင် ဖြစ်

တော်မူ၏။” အခန်းငယ် ၁၄ တွင်၊ ဤ နှုတ်ကပတ်တော်သည် “လူဇာတိအဖြစ်ကိုခံယူ၍ ကျေးဇူးတော်နှင့်ဝှင်း၊ သစ္စာတော်နှင့်ဝှင်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူ၏” ဟု ယောဟန်က ပြောဆိုထားပါတယ်။ ယောဟန်၏ အချိန်ကာလ၌ အသက်ရှင်လျက်ရှိသော ဂျူးလူမျိုး တစ်ဦးသည် ဤအရာကို ဖတ်ရှုကြည့်သောအခါ၊ သူတို့သည် ဓမ္မဟောင်းကျမ်း ပုံပြင်များထဲတွင် ဘုရားသခင် ကိုယ်ထင်ရှားဖော်ပြခြင်းအား အဘယ်သို့ ဖော်ပြထားသည်ကို စဉ်းစားမိကြပါလိမ့်မည်။ ယေရှုက၊ အာဗြဟံသည် “သူ၏ အချိန်ကာလကို တွေ့မြင်ခဲ့ပြီးပြီ” ဖြစ်ကြောင်းနှင့် အာဗြဟံမဖြစ်မီ သူ တည်ရှိခဲ့ကြောင်းကိုပင် ကြွေးကြော်ခဲ့ပါတယ် (ယောဟန် ၈း၅၆-၅၈)။

မောရှေသည် ထာဝရဘုရား၏ ကောင်းကင်တမန်၊ လူသားအသွင်အပြင်နှင့် ဘုရားသခင်ကို မီးလောင်ကျွမ်းနေသော ချုံပုတ်အတွင်းနှင့် နောက်ပိုင်း၌လည်း ဆုံတွေ့ခဲ့ပါသည်။ ကောင်းကင်တမန်သည် ဣသရေလလူမျိုးများကို အီဂျစ်ပြည်မှ ကတိတော် နယ်မြေထဲသို့ ခေါ်ဆောင်လာခဲ့ပါသည်။ ဒါပေမဲ့ ယုဒသည် သူ၏ ဓမ္မသစ်ကျမ်း စာစောင်ထဲတွင်၊ “ထို့ကြောင့် သင်တို့သည် သိနှင့်သော်လည်း၊ ငါသည် သတိပေး၍ ပြောချင်သော အကြောင်းအရာ ဟူမူကား၊ ထာဝရဘုရားသည် ဣသရေလလူတို့ကို အီဂျစ်ပြည်မှ ကယ်လွှတ်တော်မူပြီးလျှင် မယုံကြည်သော သူတို့ကို တစ်ဖန်ဖျက်ဆီးတော်မူ၏” ဟု ရေးသားခဲ့ပါသည် (၁း၅)။ ကောင်းကင်တမန်သည် လူသားပုံစံဖြင့် ဘုရားသခင်ဖြစ်ပါသည်။ ကောင်းကင်တမန်သည် သုံးပါးတစ်ဆူတွင် ဒုတိယမြောက် ပုဂ္ဂိုလ်ဖြစ်ပါသည်။ သုံးပါးတစ်ဆူ၏ ဒုတိယမြောက် ပုဂ္ဂိုလ်သည် နောင်အခါတွင် အပျိုကညာ မာရိထံ၌ လူသားကလေး တစ်ယောက်အနေဖြင့် မွေးဖွားလာပါလိမ့်မည်။

တစ်ခါတစ်ရံ၊ ဓမ္မသစ်ကျမ်းထဲတွင်၊ ယေရှုက ခမည်းတော် ဘုရားအကြောင်းကို “အမည်နာမ” ကဲ့သို့ ပြောဆိုထားပါသည်။ ယေရှုသည် ဖမ်းဆီးခြင်းမခံရခင်၊ ဂေသရေမန်ဥယျာဉ်ထဲရှိ သူ၏ ဆုတောင်းချက်ထဲတွင်၊ “အိုအဘ၊ ဤကမ္ဘာမတည်မရှိမီ အထံတော်၌ အကျွန်ုပ်ခံစားသော ဘုန်းအသရေနှင့် ယခုတွင်လည်း အကျွန်ုပ်ကို အထံတော်၌ ချီးမြှောက်တော်မူပါ။ ဤလောကထဲမှယူ၍ အကျွန်ုပ်၌ အပ်ပေးတော်မူသော သူတို့အား အကျွန်ုပ်သည် ကိုယ်တော်၏နာမကို ပြပါပြီ (ယောဟန် ၁၇း၅-၆၊ ၂၆)။” နောက်ဆုံးသော စာကြောင်း၌ သူသည် မည်သည့်အရာကို ဆိုလိုခဲ့ပါသလဲ။ ဘုရားသခင်၏ အမည်နာမသည် အဘယ်အရာဖြစ်ကြောင်း လူတို့အား သူက ပြောပြခဲ့သည်ဟု ယေရှုက ပြောဆိုနေခြင်းမဟုတ်ပါ။ သူတို့သည် ဂျူးလူမျိုးများ ဖြစ်ကြပါတယ်။ သူတို့သည် ဘုရားသခင်၏ နာမမှာ မည်သည့်အရာဖြစ်သည်ကို သိခဲ့ကြပါတယ် - ယာဝေး ဖြစ်ပါတယ်။ သူတို့ထံတွင် ဓမ္မဟောင်းကျမ်း ရှိပါသည်။ သူတို့သည် ဘုရားသခင်၏ အမည်နာမကို ထောင်ပေါင်းများစွာသော ကျမ်းချက်များထဲတွင် တွေ့မြင်နိုင်ခဲ့ကြပါတယ်။ ယေရှုက သူသည် ဘုရားသခင်၏ နာမကို လူတို့ထံ၌ ထင်ရှားစေခဲ့ပြီးပြီဟု ပြောဆိုသောအခါ၊ သူသည် ဘုရားသခင်အား လူသားများထံတွင်

ပြပြီးပြီဟု ဆိုလိုခြင်းဖြစ်ပါတယ်။ ယေရှုသည် ဘုရားက လူသား တစ်ဦး ဖြစ်လာသောသူ ဖြစ်ပါတယ်။ သူသည် လူသားဇာတိခံယူခဲ့သော အမည်နာမ ဖြစ်ပါတယ်။

## အဘယ်ကြောင့် ဤအရာသည် အရေးပါမှုရှိပါသလဲ

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ ပုံပြင်များစွာကို တွေ့မြင်ရန် ကျွန်ုပ်တို့၏ လေ့လာမှုထဲတွင် လုံလောက်သော အကွာအဝေးသို့ ရောက်ရှိလာပြီဖြစ်ပါတယ်။ သမ္မာကျမ်းစာပါ ပုံပြင်အားလုံးသည် မမြင်နိုင်သော နိုင်ငံတော်အတွင်ရှိ ဝိညာဉ် တိုက်ပွဲအတွင်းတွင် ဖြစ်ပျက်ပါသည်။ ၎င်းသည် သဘာဝလွန် သက်ရှိများအကြားရှိ နိုင်သောသူက အကုန်ယူကြေး စစ်ပွဲ အမျိုးအစား တစ်ခု ဖြစ်ပါသည်။

မမြင်နိုင်သော လောက၏ ကျမ်းစာနှင့်ဆိုင်သော ရှုထောင့်အမြင်တွင်၊ ဘုရားသခင်၌ အလွန် စွမ်းအားကြီးသော ရန်သူများရှိပါသည်။ ဤဝိညာဉ်များသည် တစ်ချိန်က သူ့ကို သစ္စာရှိခဲ့ကြသော ဘုရားသခင် ဖန်ဆင်းထားသောအရာများ ဖြစ်ကြပါတယ်။ ဒါပေမဲ့ ဤဝိညာဉ်များသည် ကိစ္စရပ်များကို ၎င်းတို့၏ နည်းလမ်းအတိုင်း လုပ်ဆောင်ချင်သဖြင့် ပုန်ကန်ခဲ့ကြပါတယ်။ ဤပုန်ကန်သူ ဝိညာဉ်များကို ရှင်ပေါလုက မမြင်နိုင်သော လောက၏ မှောင်မိုက်တန်ခိုးစွမ်းအား၊ အထွတ်အမြတ်များ၊ အာဏာစက်များနှင့် ရာဇပလ္လင်များကဲ့သို့ ဖော်ပြထားပါတယ် (ဧ ၆း၁၁၊ ကော ၁း၁၆)။ သူတို့သည် ထိုနေရာ၌ ဆက်လက်တည်ရှိနေကြပါသည်။ အဘယ် ဓမ္မသစ်ကျမ်းကမှ သူတို့သည် ပျောက်ကွယ်သွားကြပြီဟု ကျွန်ုပ်တို့ကို မပြောပြထားပါ။ သူတို့သည် ဆက်လက် အသက်ရှင်နေကြပြီး ဘုရားသခင်၏ အုပ်စိုးမှုကို ဆန့်ကျင်ရန် တိုက်ခိုက်နေကြပါသည်။ သူတို့သည် သူ၏ မိသားစု ထဲတွင် လူသားများကို ထည့်သွင်းမည့် ဘုရားသခင်၏ အကြံအစည်ကို ဖျက်ဆီးချင်ကြပါသည်။ သူတို့သည် သတင်းကောင်း တရားဒေသနာကို ပျံ့နှံ့စေခြင်းမှ တာဆီးပိတ်ပင်ပြီး ဖျက်ဆီးရန် ကြိုးစားကြပါသည်။

မှောင်မိုက် တန်ခိုးစွမ်းအားများထဲမှ တစ်ခုသည် သေမင်း၏ သခင်၊ စာတန် ဖြစ်ပါတယ်။ သူသည် လူသားအားလုံးအပေါ်၌ တရားဝင် ပိုင်ဆိုင်မှုအခွင့်အရေး ရရှိထားပါတယ်။ ဤအရာသည် သူက အာဒံနှင့် ဧဝကို လှည့်ဖြားခဲ့ရာမှ ၎င်းတို့၏ ထာဝရရှင်သန်မှု ဆုံးရှုံးခြင်းကို ဖြစ်ပေါ်စေခဲ့သောကြောင့် ဖြစ်ပါတယ်။ ထိုအရာသည် သူ၏ ရည်မှန်းချက် ဖြစ်ပါသည်။ သူသည် ဘုရားသခင် ဖန်ဆင်းခဲ့သော လူသားအားလုံးကို အမြစ်ပြတ်သုတ်သင်ချင်ခဲ့ပါသည်။ ဤအရာသည် ဣသရေလလူမျိုး ကာနန်ပြည်သို့ ဝင်ရောက်လာသည့်အခါ၌ ဘုရားသခင်၏ ပုန်ကန်သူ သားတော်များ၏ သား

မြေးစဉ်ဆက်များက ၎င်းတို့၏ စိတ်ထဲတွင် ရှိခဲ့သည့်အရာ ဖြစ်ပါတယ်။ ၎င်းတို့သည် စစ်ပွဲ၌ သူတို့ကို သတ်ဖြတ်ခြင်း သို့မဟုတ် သေသည်အထိ တိုက်ခိုက်ခဲ့ကြပါတယ်။ သူတို့သည် ဘုရားသခင်၏ လူများအား ထိုနယ်မြေကို ပိုင်ဆိုင်ခြင်းမှ တားဆီးရန် ကြိုးစားလုပ်ဆောင်ခဲ့ကြပါတယ်။ ဣသရေလလူမျိုးတို့သည် စစ်ပွဲအချို့၌ အောင်မြင်မှုရရှိပြီး၊ ကာနန်ပြည်ထဲသို့ ဝင်ရောက်နိုင်သောအခါ၊ ဣသရေလလူ မျိုးတို့အား ဖျက်ဆီးရန် မှောင်မိုက် တန်ခိုးစွမ်းအား၏ ရည်မှန်းချက်သည် ဆက်လက်တည်ရှိနေခဲ့ပါသည်။ သို့သော်လည်း သူတို့ဟာ သူတို့ရဲ့နည်းဗျူဟာကို ပြောင်းလဲလုပ်ဆောင်ဖို့ လိုအပ်ခဲ့တယ်ဆိုတာကို သိမြင်ခဲ့ကြပါတယ်။ ယခုအခါ သူတို့သည် ဣသရေလလူမျိုးများကို အခြားသော ဘုရားများအား ဝတ်ပြုကိုးကွယ်လာအောင် ကြိုးစား၍ ဖျားယောင်းသွေးဆောင်ခဲ့ကြပါတယ်။ ထိုစဉ်အခါက ပုန်ကန်သူ ဝိညာဉ်များသည် ဘုရားသခင်က ဣသရေလလူမျိုးများကို ပြစ်ဒဏ်ပေးရန် ဆုံးဖြတ်ပြီး သူတို့ကို ဖျက်ဆီးပစ်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြပါသည်။ ဣသရေလလူမျိုးတို့သည် အမှန်တကယ်ဘဲ အခြားသော ဘုရားများကို စတင်၍ ဝတ်ပြုကိုးကွယ်လာခဲ့ကြပါတယ်။ ဘုရားသခင်သည် ဣသရေလလူမျိုးများကို ပြစ်ဒဏ်ပေးရန် ဆုံးဖြတ်ခဲ့ပါတယ်၊ သို့ရာတွင် သူက သူတို့ကို မဖျက်ဆီးခဲ့ပါဘူး။ ထို့အစား သူသည် သူ၏ လူမျိုးများကို ၎င်းတို့၏ တိုင်းပြည်မှ နယ်နှင်ဒဏ်ပေးခဲ့ပါတယ်။

မှောင်မိုက် တန်ခိုးစွမ်းအားသည် အခြားတစ်စုံတစ်ရာကို သိထားခဲ့ပါတယ်။ ဘုရားသခင်သည် သူ၏ အစီအစဉ်ကို အလျှော့မပေးခဲ့ပါဘူး။ တစ်နေ့တစ်ချိန်၌ ဧဝ၏ မျိုးဆက် တစ်ဦး ပေါ်ထွက်လာလိမ့်မည်ဟု နဂိုမူလ ပုန်ကန်သူ မြွေကြီး/စာတန်အပေါ်ရှိ ကျိန်ခြင်းအမင်္ဂလာက ကြိုတင်ပြောကြားခဲ့ပါသည်။ ဤမျိုးဆက်သည် ဒေဝဥယျာဉ်အတွင်းရှိ အာဒံ၏ ကျရှုံးမှု၏ အကျိုးဆက်များကို ပြုပြင်ပေးပါလိမ့်မည်။ ပုန်ကန်သူ ဝိညာဉ်ဆိုးများသည် တစ်နေ့တစ်ချိန်၌ ဤ ကတိတော်ထားရှိသော တစ်ယောက် ပေါ်ထွက်လာမည်ကို သိထားခဲ့ပါတယ်။ သို့ရာတွင် ရှင်ပေါလုက ကျွန်ုပ်တို့ကို ပြောဆိုထားချက်အရ၊ သူတို့သည် ဘုရားသခင် စီစဉ်နေခဲ့သည့်အရာကို အတိအကျ သိရှိထားခြင်းမရှိခဲ့ကြပါ (၁ ကော ၂း၆-၈၊ ဧ ၃း၁၀၊ ၆း၁၂)။ ဘုရားသခင်သည် အစီအစဉ် တစ်ခု ရှိခဲ့ပါတယ်။ ဒါပေမဲ့ သူသည် အသေးစိတ်အချက်အလက်များကို လျှို့ဝှက်ထားခဲ့သောကြောင့် ဘာကို မျှော်လင့်ရမည်ကို မည်သူတစ်ဦးမျှ မသိခဲ့ကြပါ။

# အခန်း ခုနစ်

## စစ်ပွဲ၏ စည်းမျဉ်းများ

ကျွန်ုပ်တို့သည် ယခုအထိ မည်သည့်အရာများကို လေ့လာသင်ယူပြီးပြီဖြစ်ပါသလဲ။ ဗာဗုလုန်၌၊ ဘုရားသခင်သည် ၎င်းတို့၏ ကိုယ်ပိုင် ဗိမာန်တော်ကို တည်ဆောက်ချင်ခဲ့သော လူမျိုးနွယ်များနှင့် တိုက်ရိုက် ဆက်သွယ်ခြင်းကို ရပ်နားခဲ့ပါတယ်။ ဘုရားသခင်၏ ဝိညာဉ် ကောင်စီဝင်များကို တိုင်းနိုင်ငံများအား ခွဲဝေပေးအပ်ပြီး၊ ၎င်းတို့အပေါ်၌ သြဇာအာဏာ ပေးအပ်ခဲ့ပါတယ်။ ဒါပေမဲ့ ဤဝိညာဉ်များသည် နောက်ပိုင်း၌ ဘုရားသခင်၏ အစီအစဉ်ကို ဆန့်ကျင်ပုန်ကန်ခဲ့ကြပါသည် (တရား ၃၂း၈-၉)။ ဘုရားသခင်သည် သူ၏ ကိုယ်ပိုင်မျိုးနွယ်စုအသစ်၊ ဣသရေလလူမျိုးကို အာဗြဟံအား ဖခင်အနေနှင့် အစပြုခဲ့ပါတယ်။ သူသည် ပုန်ကန်သူ မျိုးနွယ်များအား ဣသရေလ လူမျိုးတို့၏ လွှမ်းမိုးခြင်းအားဖြင့် ပြန်လည်ရယူရန် စီစဉ်ထားသည်ဟု ဘုရားသခင်က ရှင်းလင်းစွာ ပြောဆိုထားပါသည် (က ၁၂း၃)။ သို့ရာတွင် ပုန်ကန်သူ ဝိညာဉ် ခေါင်းဆောင်များ၏ တိုင်းနိုင်ငံ များအပေါ်ရှိ ၎င်းတို့၏ သြဇာအာဏာနှင့် လုပ်ပိုင်ခွင့်တို့ကို လက်လွှတ်ရန် အတင်းအကျပ်ခိုင်းစေရ ပါလိမ့်မည် (ဆာလံ ၈၂း၆-၈)။ ထို့ကြောင့် ထိုအရာသည် သက်ရှိလောကနှင့် ဝိညာဉ်လောကနှစ်ခု စလုံးတွင် စစ်ပွဲ ရှိလာလိမ့်မည်ဟု အဓိပ္ပါယ်သက်ရောက်ပါသည်။ ဣသရေလလူမျိုးဟု ခေါ်သော လူမျိုးနွယ် တစ်စု ရှိလာသည့်နှင့်တပြိုင်တည်း သူတို့သည် ပုန်ကန်သူ သဘာဝလွန် ခေါင်းဆောင် များ၏ ဖျက်ဆီးခံရန် ပစ်မှတ်များ ဖြစ်လာပါသည်။

## ယာဝေ (Yahweh) သည် မည်သူဖြစ်ပါသလဲ။

ကနဦး ဣသရေလလူမျိုးတို့၏ သမိုင်းတွင်၊ လူတို့သည် အန္တရာယ်ရှိသော အခြေအနေ တစ်ခုသို့ ကျရောက်ခဲ့ပါသည်။ ယောသပ်၏ ပုံပြင် (က ၃၇-၅၀) က ဣသရေလလူမျိုးတို့သည် အဘယ် ကြောင့် အီဂျစ်ပြည်သို့ သွားခဲ့ကြသည်ကို ရှင်းပြထားပါသည်။ ဘုရားသခင်၏ ယောသပ်အပေါ် ကြည့်ရှုစောင့်ရှောက်ခြင်းသည် သူ၏ အစ်ကိုများ ရည်ရွယ်ထားသည့် ဘေးဒုက္ခကို ဣသရေလ လူမျိုးတို့အား ငတ်မွတ်ခေါင်းပါးခြင်းမှ ကယ်တင်ရန် နည်းလမ်း တစ်ခုအဖြစ်သို့ ပြောင်းလဲစေခဲ့ပါ သည်။ ယောသပ်ကို မြင့်မားသော အစိုးရာထူးနေရာ တစ်ခု၌ ထားပေးခဲ့သော ဖာရော ဘုရင်သည် သေဆုံးပြီး၊ ဣသရေလလူမျိုးတို့၏ ရန်သူ တစ်ဦးက အစားထိုးဝင်ရောက်လိမ့်မည်ကို ဘုရားသခင် က သိထားခဲ့ပါတယ် (ထွက် ၁)။ ဖာရောဘုရင် အသစ်သည် ဣသရေလလူမျိုးတို့အား အတင်း အကျပ် အလုပ်ခိုင်းစေကြမည်ကို ဘုရားသခင်က သိထားခဲ့ပါတယ် (က ၁၅း၁၃-၁၆)။ ဘုရားသခင် သည် အချိန်ကျရောက်သောအခါ၌ ဣသရေလလူမျိုးတို့ကို ကယ်တင်ရန် စီစဉ်ထားပါသည် (က ၄၆း၄)။

သို့သော်လည်း ဘုရားသခင်သည် အဘယ်ကြောင့် အချိန်အကြာကြီး စောင့်ဆိုင်းခဲ့ပါသလဲ။ ဘုရားသခင်သည် ဆင်းရဲဒုက္ခကို ခွင့်ပြုရခြင်းအတွက် ကောင်းမွန်သော အကြောင်းအရင်း တစ်ခု အမြဲတမ်း ရှိပါသည်။ သို့ပေမဲ့ ကျွန်ုပ်တို့သည် ထိုအကြောင်းအရင်းကို အမြဲတမ်း မမြင်နိုင်ပါ။ ဤကိစ္စတွင်၊ အဘယ်ကြောင့် ဣသရေလလူမျိုးတို့သည် ကျွန်များအနေဖြင့် ဆင်းရဲဒုက္ခခံခဲ့ရသည်ကို သမ္မာကျမ်းစာက ကျွန်ုပ်တို့အား ပြောပြထားပါသည်။

မောရှေသည် အီဂျစ်ပြည်မှ ထွက်ပြေးသွားပြီးနောက်တွင် တောကန္တာရထဲတွင် နှစ်ပေါင်း ၄၀ ကြာအောင် နေထိုင်ခဲ့ပါတယ်၊ ထို့နောက် ဘုရားသခင်က သူ့ကို မီးလောင်နေသော ချုံပုတ် တစ်ခုထဲမှ ခေါ်ခဲ့ပါသည် (ထွက် ၃း၁-၁၄)။ မောရှေကို အီဂျစ်ပြည်သို့ ပြန်၍စေလွှတ်မည်ဟု ဘုရားသခင်က သူ့ကို ပြောပြခဲ့ပါတယ်။ ဘုရားသခင်၏ ညွှန်ကြားချက်များမှာ ရိုးရှင်းလှပါသည် - ဖာရောဘုရင်ကို ပြောပါ၊ "ငါ၏ လူတို့ကို သွားခွင့်ပြုပါ" (ထွက် ၅း၁)။ ဖာရော ဘုရင်က သဘောမတူခဲ့သဖြင့်၊ ခွင့်မပြုခဲ့ပါဘူး။ ဖာရော ဘုရင်နှင့် အီဂျစ်လူမျိုးတို့သည် ဖာရောသည် လူသား ပုံသဏ္ဍာနှင့် ဘုရား တစ်ဆူဖြစ်သည်ဟု လက်ခံယုံကြည်ခဲ့ကြပါသည်။ ဖာရောသည် အီဂျစ်လူမျိုးတို့၏ ဘုန်းအသရေနှင့် တန်ခိုးအာဏာ၏ သင်္ကေတ ဖြစ်ပါသည်။ ဤအချိန်ကာလ၌ အီဂျစ်သည် ကမ္ဘာပေါ်၌ အင်အားအကြီးဆုံးသော နိုင်ငံ ဖြစ်ခဲ့ပါသည်။ ဖာရောဘုရင်သည် ဟေဗြဲလူမျိုး ကျွန်တို့၏ မမြင်နိုင်သော ဘုရား အချို့က သူ့အား အမိန့်ပေးသည်ကို ခွင့်ပြုမည်မဟုတ်ပါ။ ဖာရော ဘုရင်သည် မောရှေ၏ ဘုရားသခင်သည် အစစ်မှန် ဟုတ်မဟုတ်ကိုပင် မသိခဲ့ပါ။ သူသည် မောရှေကို လှောင်ပြောင်ပြီး၊ "ထာဝရဘုရား၏ စကားကို နားထောင်၍၊ ဣသရေလလူမျိုးတို့ကို ငါ လွှတ်စေခြင်းငှါ ထိုဘုရားကား အဘယ်သူနည်း" ဟု ပြောဆိုခဲ့ပါသည် (ထွက် ၅း၂)။

ဖာရောဘုရင်သည် သိပ်မကြာခင် အလွန် နာကျင်သော နည်းလမ်းဖြင့် သင်ခန်းစာရပါလိမ့်မည်။ ဖာရော၏ စိတ်သဘောထား မည်သို့ ရှိလိမ့်မည်ကို ဘုရားသခင်သည် သိထားခဲ့ပါသည်။ "ငါသည် သူ၏ နှလုံးကို ခိုင်မာစေ၍ သူသည် ဣသရေလလူတို့ကို မလွှတ်ဘဲ နေလိမ့်မည်" ဟု ဘုရားသခင်က မောရှေအား ပြောဆိုခဲ့ပါတယ် (၄း၂၁)။ ဘုရားသခင်သည် ဤတိုက်ပွဲကို သူ၏ ရည်ရွယ်ချက်အတွက် အသုံးချချင်ခဲ့ပါသည်။ အီဂျစ်တို့သည် ဣသရေလလူမျိုးတို့ကို ကျွန်များကဲ့သို့ ရာစုနှစ်လေးစုတိုင်အောင် ဖိနှိပ်ချုပ်ချယ်ခဲ့ကြပါတယ်။ ဘုရားသခင်သည် အီဂျစ်လူမျိုးတို့နှင့် ၎င်းတို့၏ ဘုရားများအတွက် ပြစ်ဒဏ်ပေးခံရန် အချိန်တန်ပြီဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။ ဖာရောဘုရင် မာကျောသော နှလုံးသည် ဘုရားသခင်ရဲ့ အစီအစဉ်၏ အစိတ်အပိုင်း တစ်ခု ဖြစ်ခဲ့ပါသည်။ သမ္မာကျမ်းစာက ဘုရားသခင်သည် အီဂျစ်ပြည်၏ ဘုရားများကို ပစ်မှတ်ထားသော ကပ်ရောဂါဆိုးများကို စေလွှတ်ပေးခဲ့သည်ဟု ဆိုပါသည်။ နောက်ဆုံးသော ကပ်ဘေးမှာ သားဦး ကပ်ဘေး ဖြစ်ပါသည် (ထွက် ၁၂း၁၂၊ တော ၃၃း၄)။ ဖာရောဘုရင်၏ သားဦး သေဆုံးသောအခါ၊ အီဂျစ်တို့၏ ဘုရားများသည် ဣသရေလလူမျိုးတို့၏ ဘုရားသခင်ကဲ့သို့ တန်ခိုးစွမ်းအား မရှိသည်ကို ဖော်ပြပါ

သည်။ "သန်းခေါင်အချိန်၌၊ ထာဝရဘုရားသည် နန်းထိုင်သော ဖာရောဘုရင်၏ သားဦးမှစ၍ ထောင်ထဲမှာ ချုပ်ခံရသောသူ၏ သားဦးတိုင်အောင်၊ အီဂျစ်ပြည်၌ သားဦးရှိသမျှကိုငင်း၊ တိရိစ္ဆာန်တို့၏ သားဦးရှိသမျှကိုငင်း ဒဏ်ခတ်တော်မူ၏" (ထွက် ၁၂း၂၉)။

ဖာရောသည် ဘုရားသခင်ကို ပျက်ရယ်ပြုခဲ့ပါသည်။ ယခုအခါ ဖာရောက အဘယ်သူ၌ ဩဇာအာဏာ အမှန်တကယ် ရှိသည်ကို နားလည်သဘောပေါက်ခဲ့ပါသည်။ ရှင်ပေါလု ဆိုထားသကဲ့သို့ "အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထိမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည် မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကို ရိတ်ရလိမ့်မည်" (ဂလ ၆း၇)။ နောက်ဆုံးတွင် ဣသရေလလူမျိုးတို့အား လွှတ်ပေးရန် သဘောတူခဲ့သည့်တိုင်အောင် အီဂျစ်လူမျိုးတို့ လက်ခံရရှိခဲ့သော မရှုမလှရှုံးနိမ့်ခြင်းသည် အခြားသော ပတ်ဝန်းကျင် တိုင်းနိုင်ငံအားလုံးကိုလည်း ဣသရေလလူမျိုးတို့၏ ဘုရားသခင်ကို ကြောက်ရွံ့ရှိသေလာစေခဲ့ပါသည်။ ဣသရေလလူမျိုးတို့၏ ဘုရားသခင်က အီဂျစ်လူမျိုးတို့နှင့် ၎င်းတို့၏ ဘုရားများအား ပေးခဲ့သည့် အလွန်ကြောက်စရာကောင်းသော ရှုံးနိမ့်ခြင်းအကြောင်းကို ကာနန်ပြည်ကဲ့သို့ ဝေးလှသော နေရာမှာ လူမျိုးများကပင် ကြားသိခဲ့ကြပါသည် (ယောရှု ၂း၈-၁၀၊ ကို ထွက် ၁၅း၁၆-၁၈၊ ယောရှု ၉း၉ နှင့် နှိုင်းယှဉ်ကြည့်ပါ)။ မိဒျန်ပြည်မှ မောရှေ၏ ယောက္ခမ ယေသရောသည် ယခု လူတိုင်း နားလည်နိုင်သည့် အရာကို ဖော်ပြခဲ့ပါသည် - "ထာဝရဘုရားသည် အခြားသော ဘုရားရှိ သမျှတို့ထက် သာ၍ကြီးမြတ်တော်မူကြောင်းကို ယခု ငါသိ၏" (ထွက် ၁၈း၁၁)။

နောက်ပိုင်း၌ အီဂျစ်ပြည်၏ အင်အားကြီးမားသော စစ်တပ်ကြီးသည် ဣသရေလလူမျိုးတို့အား လိုက်လံဖမ်းဆီးခဲ့ကြပါတယ်၊ ဒါပေမဲ့ ပင်လယ်နီထဲတွင် သေဆုံးသွားခဲ့ကြပါတယ်။ မောရှေသည် ဖာရောဘုရင်အား ပျက်ရယ်ပြုလျက် မေးခွန်း တစ်ခု မေးမြန်းခဲ့ပါတယ် - အို ထာဝရဘုရား၊ ဘုရားများတို့တွင် အဘယ်မည်သော ဘုရားသည် ကိုယ်တော်နှင့် တူညီပါသနည်း (ထွက် ၁၅း၁၁)။

အီဂျစ်ပြည်မှ ထွက်ခွာလာ၍၊ ပင်လယ်နီကို ကျော်ဖြတ်ပြီးနောက်တွင်၊ ဣသရေလလူမျိုးတို့သည် သူတို့ မည်သည့် နေရာသို့ ဦးတည်သွားနေကြသည်ကို သိရှိခဲ့ကြပါသည်။ သူတို့သည် သူတို့၏ ဘုရားသခင်ကို သူ၏လောကီ နေအိမ်နှင့် ဌာနချုပ်ဖြစ်သည့် သိနတောင်၌ တွေ့ဆုံရန် သွားနေကြပါသည်။

သို့သော်လည်း၊ ဣသရေလလူမျိုးတို့သည် ထာဝရဘုရားသခင်အကြောင်းကို အများကြီး မသိခဲ့ကြပါ။ ထိုစဉ်အခါက သမ္မာကျမ်းစာ မရှိခဲ့ပါ။ ဣသရေလလူမျိုးတို့ထံ၌ ရှိခဲ့သည့် တစ်ခုတည်းသော ဘုရားသခင်နှင့်စပ်လျဉ်း၍ အသိပညာမှာ ၎င်းတို့၏ ဘိုးဘေးများထံမှ လက်ဆင့်ကမ်းလာခဲ့သည့် ပုံပြင်များသား ဖြစ်ခဲ့ပါသည်။ ဘုရားသခင်သည် အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့နှင့် တွေ့ဆုံခဲ့သည်မှာ နှစ်ပေါင်း ၄၀၀ ခန့် ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ ယခုအခါ၌ သမ္မာကျမ်းစာထဲရှိ ပုံပြင်ကို

ဖတ်ကြည့်ပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အစီအစဉ်ကို တွေ့မြင်ရပါသည်။ ဣသရေလလူမျိုးတို့သည် ဘုရားသခင်အကြောင်းကို သင်ယူစရာ အများအပြား ရှိခဲ့ပါသည်။ သိနတောင်သည် ၎င်းတို့၏ စာသင်ခန်း ဖြစ်ပါလိမ့်မည်။

## ဣသရေလလူမျိုး - ဘုရားသခင်၏ မိသားစုနှင့် လောကီနှင့်ဆိုင်သော ကိုယ်စားလှယ်များ

ဣသရေလလူမျိုးတို့သည် အီဂျစ်ပြည်ကို မစွန့်ခွာမီ၊ မောရှေသည် ဖာရောဘုရင်ရှေ့၌ ရပ်ပြီး၊ ဘုရားသခင်ထံမှ သတင်းစကားရှိသည်ဟု သူ့ကို ပြောဆိုခဲ့ပါတယ် - "ဣသရေလသည် ငါ၏သား ဖြစ်၏။ ငါ့သားဦး ဖြစ်၏။ ငါ့သားသည် ငါ့အားဝတ်ပြုသော အခွင့်ရှိစေခြင်းငှါ လွှတ်လော့" (၄း၂၂-၂၃)။ ဘုရားသခင်၌ သားတော် တစ်ပါးရှိသည်ဆိုသော ထိုအယူအဆဟာ အရေးကြီးပါသည်။ ဤအကြောင်းကိစ္စတွင်၊ ၎င်းသည် အာဗြဟံ၏ သားမြေးစဉ်ဆက်များကို ရည်ညွှန်းထားခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် အာဒံကို ဖန်ဆင်းခဲ့သဖြင့် သူသည်လည်း ဘုရားသခင်၏ သားဖြစ်ပါသည်။

ဘုရားသခင်သည် လူသားမျိုးနွယ် မိသားစု တစ်စုကို လိုချင်ခဲ့ပါသည်။ ဘုရားသခင်သည် သူ ဖန်ဆင်းထားသော လူသားများနှင့်တကွ မြေကြီးပေါ်၌ နေထိုင်ရန် စီစဉ်ခဲ့ပါသည်။ ဘုရားသခင်သည် သူ၏ မမြင်ရသော ဝိညာဉ် မိသားစုနှင့် လူသားမျိုးနွယ် မိသားစုတို့ကို သူနှင့် အတတူ နေထိုင်ရန်နှင့် သူ့ကို အစေခံရန် အလိုရှိခဲ့ပါသည်။ ဘုရားသခင်သည် လူသားများကို ပွားများစေချင်ခဲ့ပြီး၊ ကမ္ဘာမြေကြီး တစ်ခုလုံးကိုလည်း ဒေင်ကဲ့သို့ ဖြစ်လာစေချင်ခဲ့ပါသည်။ သို့သော်လည်း လူသားများသည် ဗာဗုလုန်၌ ဤအစီစဉ်ကို ဆန့်ကျင်ခဲ့ကြသောအခါ၊ ဘုရားသခင်သည် အသက်ရှိသော လူသားအားလုံးကို အမွေဖြတ်စွန့်လွှတ်ခဲ့ပါသည်။ ဘုရားသခင်ထံ၌ ယခုအခါ သားသမီးများ မရှိတော့ပါ။ ဒါပေမဲ့ နောက်တွင် သူသည် အာဗြဟံကို ခေါ်ခဲ့ပါသည်။ အာဗြဟံ၏ သားမြေးစဉ်ဆက်များသည် ဣသရေလ နိုင်ငံသစ် ဖြစ်လာပြီး၊ သူတို့သည် ဘုရားသခင်၏ အသစ်သော မိသားစုဝင် ဖြစ်လာရပါမည်။ ၎င်းသည် နဂိုမူလ အစီအစဉ်ကို နောက်တစ်ဖန် ရှေ့သို့ဆက်သွားစေရမည့် အချိန် ဖြစ်ခဲ့ပါသည်။ အာဒံနှင့် ဧဝသည် ဘုရားသခင်၏ ပုံသဏ္ဍာန်ဆောင်သူများဖြစ်ခဲ့ကြပါသည်၊ သို့သော် သူတို့သည် ကျရှုံးခဲ့ကြပါသည်။ ထို့ကြောင့် ဣသရေလလူတို့သည် ယခုအခါ ထိုနေရာကို ဖြည့်ပေးပါလိမ့်မည်။

သိနတောင်သို့ ပြန်သွားခြင်းသည် အိမ်သို့ ပြန်လာခြင်း ဖြစ်ပါသည်။ ကောင်းကင် ကောင်စီဝင်များ ပင်လျှင် ထိုနေရာ၌ ရှိနေခဲ့ကြပြီး၊ ဘုရားသခင်၏ အစီအစဉ်အား ပြန်လည်အသက်သွင်းနေသည်ကို ကြည့်ရှုနေခဲ့ကြပါတယ်။ သူတို့သည် ဘုရားသခင်နှင့် သူ၏ လူများအကြားရှိ အသစ်သော

ပဋိညာဉ်စာချုပ်၏ သက်သေများ ဖြစ်ခဲ့ကြပါသည်။ ထိုသဘောတူညီချက်ကို ပညတ်တော်ဟု ခေါ် ဆိုခဲ့ပါသည်။

## ဘုရားသခင်၏ ပညတ်တော် - ဘုရားသခင်၏ ကောင်စီမှ ပေးအပ်သည်

ဘုရားသခင်က ပညတ်တော် ဆယ်ပါးကို ပေးအပ်သောအခါ၌ ကောင်းကင် ကောင်စီဝင်များသည် သိနတောင်ပေါ်၌ ရှိနေခဲ့ကြသည်ဟု ကျွန်ုပ် ပြောဆိုသောအခါ သင်တို့သည် အံ့သြခဲ့ကြပါသလား။ အကယ်၍ သင်သည် လွတ်မြောက်ခြင်းနှင့် သိနာတောင်အကြောင်း ရုပ်ရှင်ဇာတ်လမ်း တစ်ကားကို ကြည့်ဖူးပါက၊ သင်သည် ဘုရားသခင်၏ ဝိညာဉ် ကောင်စီဝင်များကို တွေ့ခဲ့မည်မဟုတ်ပါ။ သို့ရာတွင် သမ္မာကျမ်းစာက သူတို့သည် ထိုနေရာ၌ ရှိခဲ့ကြောင်း ဆိုထားပါတယ်။ ဘုရားသခင်၏ ပညတ်တော်ကို သူတို့က ပေးအပ်ခဲ့သည်ဟုပင် ဆိုထားပါသည် (တမန် ၇း၅၂-၅၃၊ ဟေဗြဲ ၂း၁-၂)။

သမ္မာကျမ်းစာက ပညတ်တရားကို ဘုရားသခင်၏ လက်တော်နှင့် ရေးသားတော်မူခဲ့သည်ဟု လည်း ပြောဆိုထားပါသည် (တရား ၉း၉-၁၀)။ ထို ဘာသာစကားမျိုးကို ရင်းနှီးမှုရှိသင့်ပါသည်။ ဘုရားသခင်သည် လူသားတစ်ဦး၏ ပုံသဏ္ဍာန်နှင့် ကိုယ်ထင်ရှားဖော်ပြခဲ့ပြီး၊ လက်ချောင်းများ လည်း ရှိပါသည်။ ဘုရားသခင်သည် သိနတောင်ပေါ်၌ လူသားတစ်ဦး၏ ပုံသဏ္ဍာန်နှင့် ကိုယ်ထင်ရှားဖော်ပြခဲ့ပါတယ်။ ဤအရာသည် ကမ္ဘာဦးကျမ်းထဲရှိ ထာဝရဘုရားသခင်၏ ကောင်းကင်တမန်နှင့်ပတ်သက်တဲ့ အကြောင်းအရာများနှင့် ဆင်တူပါသည်။ သူနှင့် သူ၏ ကောင်းကင်ဘုံရှိ ကောင်စီသည် ပညတ်တော်ကို မောရှေနှင့် ဣသရေလလူမျိုးတို့အား ပေးအပ်ခဲ့ပါသည်။

ပညတ်တော်ကို ပေးအပ်ပြီးနောက်တွင်၊ မောရှေ၊ အာရုန်၊ အာရုန်၏ သားများနှင့် ဣသရေလလူမျိုး အကြီးအကဲ အယောက် ခုနစ်ဆယ်တို့ကို လူသား၏ ပုံသဏ္ဍာန်နှင့် ဣသရေလတို့၏ ဘုရားသခင်အား နောက်တစ်ဖန် တွေ့မြင်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ ဤတစ်ကြိမ်၌ သူတို့သည် အစားအသောက်အတွက် တွေ့ဆုံခဲ့ကြပါသည် (ထွက် ၂၄း၉-၁၁)။ ယေရှုက သူ၏ အသွေးတော်အားဖြင့် သက်သေထူထားတော်မူထားသည့် ပဋိညာဉ် စာချုပ် အသစ်ကို အစပြုခဲ့သော နောက်ဆုံး ညစာစားသောက်ပွဲကဲ့သို့၊ သိနတောင်ပေါ်ရှိ ဤ စားသောက်ပွဲသည် ဘုရားသခင်နှင့် ဣသရေလလူမျိုးတို့၏ ပဋိညာဉ် စာချုပ် အသစ်ကို ချီးကျူးဂုဏ်ပြုပေးခြင်းဖြစ်ခဲ့ပါသည်။ အသစ်သော သဘောတူညီမှုကို သိနတောင်ပေါ်၌ အစပြုခဲ့ပြီး၊ ပညတ်တော်ဟု ခေါ်ဆိုပါသည်။

ဣသရေလလူမျိုးတို့သည် သန့်ရှင်းခြင်းရှိကြစေရန် ဘုရားသခင်က ပညတ်တော်ကို သူတို့အား ပေးခဲ့ပါသည် (ဝတ်ပြုရာ ၁၉း၂)။ "သန့်ရှင်းသော" သည် အခြားသူများထံမှ သီးသန့်ခွဲထားခြင်းဟု

အဓိပ္ပါယ်သက်ရောက်ပါသည်။ တစ်မူထူးခြားဖို့ရန် ဖြစ်ပါသည်။ သီးသန့်ဖြစ်ဖို့ရန် ဖြစ်ပါသည်။ ဘုရားသခင်သည် အခြားသော ဝိညာဉ်များနှင့် မြေကြီးပေါ်မှာ ရှိသမျှသောအရာများထက်မဆို လုံး၀ ကွဲပြားခြားနားပါသည်။ ထို့ကြောင့် ဘုရားသခင်၏ လူများသည်လည်း အခြားသော လူမျိုးနွယ်အားလုံးထက် ကွဲပြားခြားနားရန် လိုအပ်ပါသည်။

သန့်ရှင်းခြင်း ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုပါသနည်း။ ၎င်း၏ နောက်ကွယ်ရှိ အယူအဆမှာ အဘယ်နည်း။ သန့်ရှင်းခြင်းသည် ထူးဆန်းခြင်းဟု မဆိုလိုပါ။ သန့်ရှင်းသော သည် ဘုရားသခင်ကို ကိုယ်စားပြုပါသည်။ ၎င်းသည် ဘုရားသခင်ကို ရည်စူးရန် ရည်ရွယ်ထားခဲ့ပါသည်။ ၎င်းဟာ သင့်လျော်သော နည်းလမ်းဖြင့် အသက်တာထဲရှိ ဘုရားသခင်ထံမှ ရောက်လာသည့် ကောင်းသော အရာအားလုံးကို မွေလျော်ရန် ရည်ရွယ်ထားပါသည်။ ဘုရားသခင်သည် ဣသရေလလူတို့အား အခြားသော တိုင်းနိုင်ငံအားလုံးကို သူ့ထံသို့ ပြန်လာရန် ဆွဲဆောင်စေချင်ခဲ့ပါသည် (တရား ၄း၆-၈၊ ၂၈း၉-၁၀)။ ထို့ကြောင့် သမ္မာကျမ်းစာက ဣသရေလလူတို့သည် "ယဇ်ပုရော အမျိုးအနွယ်" (ထွက် ၁၉း၆) နှင့် "လူအမျိုးမျိုးတို့အတွက် အလင်း" (ဟေရှာ ၄၂း၆၊ ၄၉း၆၊ ၅၁း၄၊ ၆၀း၃ ကိုလည်း ကြည့်ပါ) ဖြစ်ပေးရမည်ဟု ဆိုထားပါသည်။ တစ်တိုင်းပြည်လုံးသည် အာဗြဟံ၏ နေရာကို အမွေဆက်ခံခဲ့ကြပါသည်။ သူတို့သည် လူမျိုးတကာတို့၏ ကောင်းချီးမင်္ဂလာခံစားရာ ဖြစ်ရပါမည် (က ၁၂း၃)။

## ယုံကြည်ခြင်းရှိသော သစ္စာတရား

ဘုရားသခင်နှင့် မှန်ကန်သော ဆက်ဆံရေး၌ ရှိခြင်းသည် ကယ်တင်ခြင်း ရရှိခြင်း ဆိုသည်မှာ မည်သည့်အရာကို ဆိုလိုကြောင်း ဖော်ပြခြင်း၏ နောက်ထပ် နည်းလမ်း တစ်မျိုး ဖြစ်ပါသည်။ ဣသရေလလူမျိုးတို့သည် ပညတ်တရားများကို နာခံခြင်းကြောင့် ကယ်တင်ခြင်း ရရှိသည်ဟု ကျွန်ုပ်တို့ကို သွန်သင်ခဲ့နိုင်ပါသည်၊ ဒါပေမဲ့ ဤအရာသည် မှန်ကန်မှုမရှိပါ။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းထဲတွင် ကယ်တင်ခြင်းကို ကြိုးစား၍ရရှိနိုင်သည်ဟု ဘယ်တုန်းကမှ မသွန်သင်ထားပါ။ ကျွန်ုပ်တို့သည် ဘယ်သောအခါမှ ကယ်တင်ခံရခြင်းနှင့် ထိုက်တန်မှုမရှိနိုင်ပါ။ ကျွန်ုပ်တို့ ယုံကြည်သောအခါ၌ ကယ်တင်ခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် အခမဲ့ ပေးထားပါသည်။

ထိုစဉ်အခါက ဣသရေလလူမျိုးတို့သည်၊ ယခု ကျွန်ုပ်တို့ကဲ့သို့ပင် ယုံကြည်ခြင်းရှိဖို့ လိုအပ်ပါသည်။ သူတို့ဟာ သူတို့၏ ဘုရားသခင်သည် အခြားသော ဘုရားများအားလုံး အထက်တွင်ရှိသော ဘုရားဖြစ်ကြောင်း ယုံကြည်ဖို့ လိုအပ်ခဲ့ပါသည်။ ဘုရားသခင်သည် သူတို့၏နိုင်ငံကို သူ၏ အထူးလူမျိုးများ ဖြစ်စေခဲ့ကြောင်း သူတို့သည် ယုံကြည်ကိုးစားဖို့ လိုအပ်ခဲ့ပါသည်။ ဣသရေလလူမျိုးတို့

သာလျှင် ဘုရားတကာတို့၏ ဘုရားသခင်ထံသို့ တိုးဝင်ချဉ်းကပ်နိုင်ပါသည်။ ပညတ်တော်သည် အဘယ်သို့ ဣသရေလလူမျိုးတို့ ကယ်တင်ခံရနိုင်မည့်အကြောင်း မဟုတ်ပါ။ ပညတ်တော်အတိုင်း လိုက်လျှောက်ခြင်းဖြင့်၊ သူတို့သည် သူတို့ လက်ခံယုံကြည်ခဲ့ပြီးဖြစ်သည့် ဘုရားသခင်အား သစ္စာစောင့်သိမှုကို ထုတ်ဖော်ပြခဲ့ကြပါသည်။ ဣသရေလလူမျိုး တစ်ယောက်အတွက် ကယ်တင်ခြင်းသည် ကတိတော်များနှင့် ၎င်းတို့၏ ဘုရားတကာတို့၏ ဘုရားသခင်၏ အကျင့်စရိုက်နှင့်စပ်လျဉ်း၍ ယုံကြည်ခြင်း ဖြစ်ပါသည်။ ၎င်းဟာ အခြားသော ဘုရားကို ကိုးကွယ်ရန် သူတို့က ငြင်းဆန်ခဲ့ကြသည်ဟု အဓိပ္ပါယ်သက်ရောက်ပါသည်။ ကယ်တင်ခံရခြင်းသည် ၎င်းတို့၏ နှလုံးသားမှ လာသည့် ယုံကြည်ခြင်းနှင့် သစ္စာစောင့်သိခြင်းအကြောင်း ဖြစ်ပါသည်။ ၎င်းသည် ဘုရားသခင်နှင့် ထိုက်တန်မှု ရရှိခြင်းနှင့် ဘာတစ်ခုမှ သက်ဆိုင်ခြင်းမရှိပါဘူး။

နောက်ပိုင်းတွင်၊ ရှင်ဘုရင် ဒါဝိဒ်သည် သူများမယားကို ပစ်မှားခြင်း၊ လူသတ်ရန် စီစဉ်ခြင်းတို့ကဲ့သို့ ကြောက်စရာကောင်းသော အရာများကို ကျူးလွန်ခဲ့ပါတယ်။ သူသည် ဤလုပ်ရပ်များအတွက် ဘုရားသခင်၏ အပြစ်ပေးခြင်းကို ခံခဲ့ရပါသည် (၂ ရာ ၁၁)။ ပညတ်တော်အရ၊ ဒါဝိဒ်သည် ရာဇဝတ်သား တစ်ဦးဖြစ်ပြီး၊ သူ၏ ရာဇဝတ်မှုများအတွက် အသတ်ခံရရန် ထိုက်တန်မှုရှိပါတယ်။ သို့ရာတွင် ဒါဝိဒ်သည် အမြင့်ဆုံးသော ဘုရားသခင်ကဲ့သို့ ယာဝေ့၌ရှိသော သူ၏ ယုံကြည်ခြင်းသည် ဘယ်တုန်းကမှ ယိမ်းယိုင်သွားခြင်းမရှိခဲ့ပါ။ သူသည် ဘယ်သောအခါမှ အခြားသော ဘုရားကို ပြောင်းလဲ၍ သစ္စာမခံခဲ့ပါ။ ထိုကြောင့် ဘုရားသခင်သည် ဒါဝိဒ်က သူ၏ အပြစ်များကို ဝန်ခံမှုပြုသောအခါ၊ သူ့အပေါ်၌ သနားကြင်နာခဲ့ပါသည်။

ဓမ္မသစ်ကျမ်းထဲတွင်လည်း ထိုနည်းအတိုင်း ဖြစ်ပါသည်။ သတင်းကောင်းကို လက်ခံယုံကြည်ခြင်းသည် ဣသရေလလူမျိုးတို့၏ ဘုရားသခင်သည် မြေကြီးပေါ်သို့ လူသားအနေဖြင့် ဆင်းကြွလာခဲ့သည်ကို ယုံကြည်ခြင်းဟု အဓိပ္ပါယ်သက်ရောက်ပါသည်။ ဤ လူသား၊ ယေရှုသည် ကျွန်ုပ်တို့၏ အပြစ်များအတွက် လက်ဝါးကပ်တိုင်တစ်ခုပေါ်၌ ယဇ်ကောင်တစ်ခုကဲ့ မိမိဆန္ဒအလျောက် အသေခံပေးခဲ့ပါတယ်။ ထို့နောက် သူသည် သုံးရက်မြောက်နေ့တွင် အသက်ပြန်ရှင်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် ကယ်တင်ခံရဖို့ရန် ဤအရာကို ယုံကြည်ရပါမည်။ ထိုသို့ ပြုပြီးနောက်တွင် ကျွန်ုပ်တို့သည် အခြားသော ဘုရားအားလုံးထံမှ လှည့်ပြန်လာခြင်းအားဖြင့် ယေရှု၌ရှိသော ကျွန်ုပ်တို့၏ သစ္စာတရားကို ဖော်ပြရပါမည်။ ကယ်တင်ခြင်းနှင့်စပ်လျဉ်း၍ အခြားသော ဘုရားများက ပြောဆိုထားသည့် အရာကို ပဓာနမထားဘဲ၊ သမ္မာကျမ်းစာက ယေရှုမှအပ အခြားသော နာမတော်၌ ကယ်တင်ခြင်း မရှိဟု ကျွန်ုပ်တို့ကို ပြောထားပါတယ်။ ကျွန်ုပ်တို့သည် ယေရှုကို ယုံကြည်ရပါမည် (ရောမ ၁၀း၁၇-၂၄၊ ဟေဗြဲ ၃း၁၉၊ ၁၀း၂၂၊ ၃၈-၃၉)။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကျရှုံးမှုနှင့် အပြစ်သည် အခြားသော ဘုရားနောက်လိုက်လျှောက်ရန် ယေရှုထံမှ လှည့်ထွက်သွားခြင်းနှင့် မတူပါ။ တစ်ခါတစ်ရံ ကျွန်ုပ်တို့

သည် အပြစ်ကျူးလွန်ကျပါသည်၊ ဒါပေမဲ့ ဘုရားသခင်က ကျွန်ုပ်တို့ ဘယ်သူ့ကို ယုံကြည်ကိုးစား သလဲဆိုတာကို သိပါသည်။

## အဘယ်ကြောင့် ဤအရာသည် အရေးပါမှုရှိပါသလဲ

အီဂျစ်ပြည်မှ ထွက်ခွာခြင်းနှင့် သိနတောင်ပေါ်၌ ဖျစ်ပျက်ခဲ့သည့်အရာများတွင် အလွန်စိတ်ဝင်စား စရာကောင်းသော သင်္ကေတဝါဒ များစွာ ရှိပါသည်။ မောရှေနှင့် အခြားသူများက သိနတောင်ပေါ်၌ လူသား ပုံသဏ္ဍာန်ဖြင့် ဘုရာသခင်နှင့် အစားအစာ သုံးဆောင်ခဲ့သည့် ဖြစ်ရပ်သည် ကျွန်ုပ်တို့၏ အာရုံကို ဖမ်းယူခဲ့ပါသည်။ မောရှေနှင့်အတူ အကြီးအကဲ အယောက် ခုနစ်ဆယ် ရှိခဲ့ပါသည်။ ကမ္ဘာဦးကျမ်း ၁၀ ထဲတွင် တိုင်းနိုင်ငံပေါင်း ခုနစ်ဆယ်၏ စာရင်း တစ်ခုလည်း ရှိပါသည်။ ဤတိုင်း နိုင်ငံများအား ဆန့်ကျင်ပုန်ကန်ခဲ့သော ဘုရားသခင်၏ အဖွဲ့ဝင်များအား တာဝန်ပေးအပ်ထားပါ သည် (တရား ၄း၁၉-၂၀၊ ၃၂း၈-၉)။ အဘယ်ကြောင့် ဣသရေလလူမျိုး အကြီးအကဲ အယောက် ခုနစ်ဆယ်သည် စားသောက်ပွဲ၌ ရှိနေကြပါသလဲ။ အဘယ်ကြောင့် ဘုရားသခင်၏ သားတော် အယောက် ခုနစ်ဆယ်နှင့် အမွေဖြတ်ခံရသော တိုင်းနိုင်ငံ ခုနစ်ဆယ် ရှိရပါသလဲ။

ကိုက်ညီမှုများသည် တမင်ရည်ရွယ်လုပ်ဆောင်ထားခြင်းဖြစ်ပါသည်။ ယေရှုက သူ၏ သာသနာ လုပ်ငန်းကို စတင်သောအခါ၊ သူသည်လည်း တပည့်တော် အပါး ခုနစ်ဆယ်ကို စေလွှတ်ခဲ့ပါသည် (လု ၁၀း၁)။ အရေအတွက်သည် ယေရှုက တိုင်းနိုင်ငံအားလုံးကို ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ ပြန်လည်သိမ်းယူမည်ဟူသော နိမိတ်လက္ခဏာ တစ်ခု ဖြစ်ခဲ့ပါသည်။ ထိုအရေအတွက် ခုနစ်ဆယ် အကြောင်း ထပ်မံပြောဆိုမှုသည် သတင်းစကား တစ်ခု ဖြစ်ပါသည်။ အာဗြဟံ၏ သားသမီးများဖြစ် သော ဘုရားသခင်၏ လောကီ မိသားစု အသစ်၊ ဣသရေလလူမျိုးတို့သည် ပျောက်ဆုံးသွားသော တိုင်းနိုင်ငံများကို ပြန်လည်ရယူရန် အစီအစဉ် ဖြစ်ပါလိမ့်မည်။

သို့သော်လည်း၊ အစီအစဉ်သည် ထိုနေရာ၌ ရပ်တန့်မသွားပါ။ ယေရှု၌ ရှိသော ယုံကြည်သူတို့သည် အာဗြဟံအား ပေးထားသော ကတိတော်များကို အမွေခံရပြီဟု တမန်တော် ပေါလုက ဂလာတိ ၃ ထဲတွင် ရေးသားခဲ့ပါသည်။ ယေရှုကို ယုံကြည်သောသူတိုင်းသည် ယုံကြည်ခြင်းအားဖြင့် အာဗြဟံ ၏သား ဖြစ်လာပါသည် (ဂလာ ၃း၂၆-၂၉)။ ဆိုလိုသည်မှာ သင်နှင့် ကျွန်ုပ်ထံတွင် ပုန်ကန်သူ ဝိညာဉ် ခေါင်းဆောင်များ၏ ဩဇာအာဏာအောက်၌ရှိသော လူမျိုးနွယ်များထံသို့ သတင်းကောင်း ကို သယ်ဆောင်သွားပေးရမည့် တာဝန်အား ပေးအပ်ထားသည်ဟု ဖြစ်ပါသည်။ မကောင်းသော သဘာဝလွန် ခေါင်းဆောင်များ၏ ဝိညာဉ်ရေးဆိုင်ရာ အုပ်စိုးမှုအောက်၌ရှိသော လူတို့အား ယေရှု၌ ရှိသော ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ပြသရန်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ် တို့သည် မြေကြီးပေါ်ရှိ ဘုရားသခင်၏ အသစ်သော လူသား ကောင်စီဝင်များ ဖြစ်ကြပါသည်။

တစ်နေ့နေ့ အနာဂတ်တွင်၊ ဘုရားသခင်၏ အစီစဉ်သည် လူသားမျိုးနွယ် မိသားစုကို သူ၏ ဝိညာဉ်မိသားစုနှင့် ပူးပေါင်းပေးပြီး၊ ဒေင်ဥယျာဉ် အသစ်ထဲတွင် အယောက်စီတိုင်း အတူတကွ နေထိုင်ရန်ဖြစ်ပါသည်။

သမ္မာကျမ်းစာက ဤအယူအဆများကို နေရာများစွာ၌ သွန်သင်ပေးထားပါသည်။ ဗျာဒိတ်ကျမ်းသည် ယုံကြည်သူများအား နောက်ဆုံးသော ကာလ၌ ယေရှုနှင့်အတူ လူမျိုးတကာတို့၏ အုပ်စိုးမှုကို အမွေခံရကြောင်း ဖော်ပြထားပါသည် (၃း၂၁)။ ထိုအရာက ကျွန်ုပ်တို့ဟာ ဇာဗုလုန်၌ ပုန်ကန်မှုစတင်ကတည်းက ထိုလူမျိုးနွယ်များအား အုပ်စိုးခဲ့သော ဘုရားသခင်၏ သားတော်များ၏ နေရာကိုအစားထိုးဝင်ရောက်ကြလိမ့်မည်ဟု အဓိပ္ပါယ်ရပါသည်။ ထို့ကြောင့် ယုံကြည်သူများသည် ဘုရားသခင်၏ သားသမီးများဖြစ်ရန် အခွင့်အာဏာ ရှိကြသည်ဟု ယောဟန်က ဆိုထားပါတယ် (ယော ၁း၁၂၊ ကို ၁ ယော ၃း၁-၃နှင့် နှိုင်းယှဉ်ကြည့်ပါ)။ တစ်နေ့နေ့တွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားများအနေဖြင့် အစပြုခဲ့သော်လည်း၊ ဆန့်ကျင်ပုန်ကန်ခဲ့ကြပြီးနောက်၊ ၎င်းတို့၏ ဩဇာအာဏာကို ဆုံးရှုံးခဲ့ကြသည့် ဝိညာဉ် ခေါင်းဆောင်များ၏ နေရာများကို လွှဲပြောင်းယူကြပါလိမ့်မည်။

ထိုအကြောင်းကြောင့်၊ ရှင်ပေါလုက ယုံကြည်သူများအား ၎င်းတို့၏ အငြင်းပွားမှုများကို အစိုးရရုံးများက ဖြေရှင်းပေးခွင့်ပြုနေခြင်းမှ တားဆီးရန် ပြောကြားခဲ့ပါသည်။ "ငါတို့သည် ကောင်းကင်တမန်တို့ကို တရားစီရင်မည်ဟု မသိကြသလော" (၁ ကော ၆း၃)။ ကျွန်ုပ်တို့ကို မြေကြီးအသစ်၌ ယေရှုကဲ့သို့ ဖန်ဆင်းသောအခါ၊ သဘာဝလွန် သက်ရှိအရာများထက် သာလွန်သော ဩဇာအာဏာကို ကျွန်ုပ်တို့အား ပေးပါလိမ့်မည် (၁ ယော ၃း၁-၃၊ ၁ ကော ၁၅း၃၅-၄၉)။ ကျွန်ုပ်တို့သည် ယေရှုနှင့်အတူ ယခု ရန်လိုသော ဝိညာဉ်များမှ ထိန်းချုပ်ထားသည့် တိုင်းနိုင်ငံများအား (ဗျာ ၂း၂၆) အုပ်စိုးကြပါလိမ့်မည်။ အာဗြဟံ၏ ဝိညာဉ်ရေးဆိုင်ရာ သားမြေးစဉ်ဆက်များ ဖြစ်ကြသည့် ယုံကြည်သူများသည် စွန့်ပယ်ခံရသော လူမျိုးနွယ်များအား ပြန်လည်ခေါ်ဆောင်ရာတွင် အကူအညီပေးကြပါလိမ့်မည်။ ဤအချိန်၌ ဒေင်ဥယျာဉ်တွင် ကျရှုံးခြင်းမှ အကျိုးသက်ရောက်ခဲ့သော သေခြင်းတရား၏ ကိုန်ခြင်းအမင်္ဂလာကိုလည်း ဖယ်ရှားပေးပါလိမ့်မည်။

ကျွန်ုပ်တို့ဟာ ဤအရာသည် ကျွန်ုပ်တို့၏ ကံတရားဖြစ်မည်ဟု ယုံကြည်သကဲ့သို့ အသက်ရှင်နေထိုင်သင့်ပါသည်။ ဓမ္မဟောင်းကျမ်းက စီစဉ်ထားသည့် ဘုရားသခင်၌ရှိသော အရာရာတိုင်းသည် ကျွန်ုပ်တို့ထံသို့ ဦးတည်လာကြပါသည်။ ဒေင်အတွက် ဘုရားသခင်၏ အစီအစဉ်အကြောင်း ပြန်၍စဉ်းစားကြည့်ပါ။ ဘုရားသခင်က မိသားစု နှစ်စု - ဝိညာဉ် မိသားစုနှင့် အခြားတစ်ခုမှာ လူသားမျိုးနွယ် မိသားစုကို ပိုင်ဆိုင်ချင်ခဲ့ပါသည်။ သူတို့ နှစ်ခုစလုံးသည် ဒေင်ဥယျာဉ်ထဲတွင် အတူတကွနေထိုင်၍ အုပ်ချုပ်ဖို့ရန် ဖြစ်ပါတယ်။ အစီအစဉ်သည် ဆန့်ကျင်ပုန်ကန်မှုနှင့် အစပြုခဲ့ပါတယ်၊ ဒါပေမဲ့ ဘုရားသခင်သည် ဣသရေလလူမျိုးတို့အား အီဂျစ်ပြည်မှ ကယ်တင်သောအခါတွင် သူ၏

အစီအစဉ်ကို ပြန်လည်၍အသက်သွင်းခဲ့ပါသည်။ အာဗြဟံ၏ သားမြေးများထဲမှ ကတိတော်ပြုထားသော မေရှိယသည် ပေါ်ထွက်လာပါလိမ့်မည်။ မေရှိယသည် ဒေဝဉယျာဉ်ထဲရှိ ကျရှုံးမှုကို ပြန်လည်ချေဖျက်ပေးပါလိမ့်မည် (က ၃း၁၅)။ ဣသရေလလူမျိုးတို့မပါရှိဘဲ၊ မေရှိယသည် ပေါ်ထွက်လာလိမ့်မည်မဟုတ်ပါ။ မေရှိယမရှိဘဲ၊ ကယ်တင်ခြင်းသည် ရှိခဲ့မည်မဟုတ်ပါ။ ကယ်တင်ခြင်းမရှိဘဲ၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ နေထိုင်ရန် အနာဂတ်ရှိမည်မဟုတ်ပါ။

ထို မုန်ကန်သော အကြောင်းအရာကြောင့် ပုန်ကန်သူ ဝိညာဉ် ခေါင်းဆောင်များနှင့် နောက်လိုက်များသည် ဣသရေလလူမျိုးတို့ကို ဖျက်ဆီးရန် နောက်တစ်ဖန် ကြိုးစားကြပါလိမ့်မည်။

# အခန်း ရှစ်

## အထွတ်အမြတ်ထားသော နေရာ

## အထွတ်အမြတ်ထားသော နေရာ

ဣသရေလလူမျိုးတို့သည် သိနတောင်ပေါ်၌ တစ်နှစ်ကျော်ကြာအောင် နေထိုင်ခဲ့ကြပါတယ်။ သူတို့သည် ဘုရားသခင်နှင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ကြပြီး၊ ပညတ်တော် ဆယ်ပါးကို ဘုရားသခင်ထံမှ လက်ခံရရှိခဲ့ပါသည်။ သို့သော်လည်း သူတို့သည် ဘုရားသခင်၏ ပညတ်တော်အကြောင်း သင်ယူရန် အများကြီး လိုအပ်ခဲ့ပါသေးသည်။ ၎င်းမှာ လူတို့အတွက် သူတို့၏ ဘိုးဘေးများဖြစ်ကြသည့် အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့၏ ဘုရားသခင်ကို ယုံကြည်ရန်နှင့် သစ္စာရှိရန် ကတိပြုဖို့သည် တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ဘုရားသခင်က သူတို့ထံမှ မျှော်လင့်ထားသောအရာနှင့် သူသည် မည်သည့် ပုံစံနှင့်တူကြောင်းကို သိရန်မှာ နောက်ထပ် အကြောင်းအရာ တစ်ခု ဖြစ်ပါသည်။

## သန့်ရှင်းခြင်း၏ အယူအဆ

ဓမ္မဟောင်းကျမ်းထဲရှိ ထူးဆန်းသော ပညတ်တရားများနှင့် ဓလေ့များသည် ဘုရားသခင်ဟာ အခြားသော ဘယ်အရာများနှင့်မဆို တူညီမှုမရှိကြောင်း လူတို့အား သွန်သင်ပေးရန် လိုအပ်သောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်၏ ဇီဇနှင့် ထူးခြားလက္ခဏာများသည် တစ်မူထူးခြားပါသည်။ သူသည် လူသားတို့၏ ဇီဇနှင့် ထူးခြားလက္ခဏာများထက် လုံးဝ ကွဲပြားခြားနားပါသည်။ ဣသရေလလူမျိုးတို့အတွက်၊ ထိုအရာသည် နည်းလမ်းများစွာဖြင့် ပြန်လည်သွန်သင်ပေးရမည့် အမှန်တရား တစ်ခု ဖြစ်ပါသည်။ သို့မဟုတ်ပါက၊ ဘုရားသခင်ကို သာမန်သာဖြစ်သည်ဟု ထင်မှတ်သွားနိုင်ပါသည်။

ဘုရားသခင်သည် လုံးဝ ကွဲပြားသည်ဟု အဓိပ္ပါယ်ရသော သမ္မာကျမ်းစာ စကားလုံးမှာ - သန့်ရှင်းခြင်း ဖြစ်ပါသည်။ သန့်ရှင်းခြင်းသည် "သီးသန့်ဖယ်ထားသည်" သို့မဟုတ် "တစ်မူထူးခြားသည်" ဟု အဓိပ္ပါယ်ရပါသည်။ ဤအယူအဆသည် ကိုယ်ကျင့်တရားရှိသော သို့မဟုတ် အကျင့်ပျက်သော လုပ်ရပ်များအကြောင်း မဟုတ်ပါ။ သန့်ရှင်းသော (Holy) သည် ကျွန်ုပ်တို့ လုပ်ဆောင်သင့်သော နှင့် မလုပ်ဆောင်သင့်သော အရာများ၏ စာရင်းတစ်ခု မဟုတ်ပါ။ ကိုယ်ကျင့်တရားရှိသော နည်းလမ်းနှင့် အသက်ရှင်ခြင်းသည် "သန့်ရှင်းခြင်း" ထဲတွင် ထည့်သွင်းထားပါသည်၊ ဒါပေမဲ့ ၎င်းသည် အဓိကကျသော အစိတ်အပိုင်း မဟုတ်ပါ (ဝတ် ၁၉း၂)။

ဘုရားသခင်သည် ဣသရေလလူမျိုးတို့အား သန့်ရှင်းခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ်ပညာနှင့်ဆိုင်သော အနက်အဓိပ္ပါယ် တစ်ခုထက်ပိုသော အရာကို ပေးချင်ခဲ့ပါသည်။ ဘုရားသခင်သည် တစ်မူထူးခြားသောကြောင့် သူသည် ရှေးဟောင်း ဣသရေလလူမျိုးတို့၏ ထုံးတမ်းဓလေ့၏ အစိတ်အပိုင်းအားလုံးကို အကျိုးသက်ရောက်မှု ရှိစေချင်ခဲ့ပါသည်။ ဤအရာဟာ ထုံးတမ်းဓလေ့များအားဖြင့် ပြီးမြောက်ခဲ့သည်ဟု သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို ပြောထားပါသည်။ ထုံးတမ်းဓလေ့များသည် အထိမ်းအမှတ်နှင့်ဆိုင်သော လုပ်ဆောင်ချက်များ ဖြစ်ပါသည်။ ထုံးတမ်းဓလေ့များသည် အထွတ်အမြတ်ထားသော နေရာများသို့ သင့်လျော်စွာ ဝင်ရောက်ခြင်းအတွက် စည်းမျဉ်းများ ဖြစ်ပါသည်။

## ဘုရားသခင်သည် အဘယ်သို့ "တစ်မူထူးခြားမှု" ရှိပါသလဲ။

ဤမေးခွန်းအတွက် တိုတောင်းသော အဖြေမှာ ဘုရားသခင်သည် "နည်းလမ်းတိုင်းတွင်" တစ်မူထူးခြားသည်ဟု ဖြစ်ပါသည်။ ဒါပေမဲ့ ကျွန်ုပ်သည် ဒီထက်ပို၍ ရှင်းပြသင့်ပါသည်။ သမ္မာကျမ်းစာသည် ဘဝကို ဘယ်လို အသက်ရှင်နေထိုင်ရမည့်အကြောင်း လက်တွေ့ကျသော သတင်းစကား တစ်ခု ဖြစ်ပါသည်။ ၎င်းသည် ဘဝအကြောင်း ခက်ခဲသော အတွေးအခေါ်၏ အယူအဆ တစ်ခု မဟုတ်ပါ။ ဣသရေလလူမျိုး အဖွဲ့အစည်းအတွက် ထုံးတမ်းဓလေ့များနှင့် စည်းမျဉ်းစည်းကမ်းများသည် ဤအရာဟာ အခြေအနေ ဖြစ်ကြောင်း ညွှန်ပြနေပါသည်။

ဥပမာအနေဖြင့်၊ ဘုရားသခင်သည် ဣသရေလလူမျိုးတို့၏ အသက်တာ၏ အရင်းအမြစ် ဖြစ်ရုံသာမကဘဲ၊ သူသည် အရာရာအားလုံးအတွက် အသက်ဖြစ်သည်ဟု သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို သွန်သင်ပေးထားပါတယ်။ ဘုရားသခင်သည် ဤလောကမှ မဟုတ်ပါ။ ဤလောကသည် သေခြင်း၊ အနာရောဂါနှင့် မပြည့်စုံမှုများရှိသည့် နေရာ တစ်ခု ဖြစ်ပါသည်။ ဘုရားသခင်၏ နိုင်ငံတော်သည် သဘာဝလွန်နှင့်သက်ဆိုင်ပါသည်။ ကျွန်ုပ်တို့၏ လောကသည် ရုပ်ပိုင်းဆိုင်ရာသာ ဖြစ်ပါသည်။ ဘုရားသခင်သည် လူသား ပုံသဏ္ဍာန်နှင့် ဆင်းကြွလာသောအခါ၌ ထိုနေရာသည် အထွတ်အမြတ်ဖြစ်လာကာ၊ တစ်မူထူးခြားလာပါသည်။ ကျွန်ုပ်တို့ နေထိုင်သော နေရာများသည် သာမန်သာဖြစ်ပါသည်။ ဘုရားသခင်သည် သာမန်၏ လုံးဝ ဆန့်ကျင်ဘက် ဖြစ်ပါသည်။

ယခင် ဣသရေလလူမျိုးတို့တွင်၊ ဤအယူအဆများကို လူတို့အား သွန်သင်ပေးခြင်းအားဖြင့် သွန်သင်ပေးကြပါသည်။ ဘုရားသခင်ကဲ့သို့ ထိုနေရာအား ကောင်းမွန်စွာ ဝင်ရောက်ခွင့်ရရှိရန် သူတို့ကို ဖိတ်ခေါ်ခဲ့ရပြီးနောက်၌ သန့်ရှင်းစင်ကြယ်စေခဲ့ကြပါတယ်။ ဓမ္မဟောင်းကျမ်းထဲရှိ များစွာသော ပညတ်တရားတို့သည် အဘယ်သို့ သန့်ရှင့်ခြင်းသို့ရောက်စေရန် ထိန်းချုပ်ထားပါသည်။

ကုသရေလလူမျိုးတို့အား မတူညီသော လုပ်ဆောင်ချက်များနှင့် အခြေအနေများစွာက ထိုအထွတ်အမြတ်ထားသော နေရာသို့ ဝင်ရောက်ခွင့်ရရန် မသန့်ရှင်းအောင်လုပ်ဆောင်နိုင်ပါသည်။ လိင်ဆက်ဆံခြင်း၊ သွေးလွန်ခြင်း၊ ကိုယ်လက်အင်္ဂါ ချို့ယွင်းမှုများ၊ သို့မဟုတ် လူသေကောင်ကို ကိုင်မိခြင်းတို့သည် ဣသရေလလူမျိုး တစ်ယောက်ကို မသန့်မရှင်းဖြစ်စေနိုင်ပါသည်။ ဣသရေလလူမျိုးတို့သည်လည်း တစ်ချို့သော ငှက်အမျိုးအစားများကို စားသုံးခြင်းမှ တားမြစ်ထားပါသည် (ဝတ် ၁၁း၁၃-၁၉)။ သူတို့သည် တစ်ချို့သော တိရိစ္ဆာန် သို့မဟုတ် ပင်လယ် သမုဒ္ဒရာ သတ္တဝါ အမျိုးအစားများကို မစားသောက်နိုင်ပါ (ဝတ် ၁၁း၂၄-၄၀)။

တစ်စုံတစ်ခုကို စားသောက်ခြင်းအားဖြင့် မသန့်မရှင်း ဖြစ်လာခြင်းသည် မှားယွင်းသော ကိုယ်ကျင့်တရားနှင့်သက်ဆိုင်သော လုပ်ဆောင်ချက်အကြောင်း မဟုတ်သည်မှာ ရှင်းလင်းပါသည်။ အဲ့ဒါထက်၊ စည်းမျဉ်းစည်းကမ်းမှာ အသက်တာ ဆုံးရှုံးခြင်း တစ်ခုနှင့် ဆက်နွယ်ခြင်းနှင့် ဘုရားသခင်၏ စုံလင်ခြင်းနှင့် ကိုက်ညီမှုမရှိခြင်းအကြောင်း ဖြစ်ခဲ့ပါသည်။ သွေးလွန်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ သုက်ရည် ထွက်ခြင်းများသည် လူ့အသက်ကိုပေးသော အရေကို ဆုံးရှုံးခြင်းနှင့် ဆက်နွယ်နေပါသည်။ သူတို့သည် ဤအရည်များကို အသက်ဆက်ပေးသောအရာများကဲ့သို့ မှတ်ယူခဲ့ကြပါတယ်။ ဘုရားသခင်ကို အသက် ဆုံးရှုံးခြင်းနှင့် ဆက်နွယ်ပေး၍မရပါ၊ အကြောင်းမှာ သူအား အသက်ကို ပေးသောသူ အနေဖြင့်သာ ထင်မှတ်သင့်ပါသည်။ ထိုကဲ့သို့ အရည်များကို ဆုံးရှုံးပြီးနောက်၌ လူတစ်ဦးကို ထုံးတမ်းဓလေ့အရ သန့်ရှင်းစေရန် တောင်းဆိုခြင်းသည် ဘုရားသခင်၏ အသက်ပေးသော သဘောသဘာဝကို သတိပြုမိစေသည့်အရာ ဖြစ်ခဲ့ပါသည်။ အသေကောင် တစ်ခုခုနှင့် ထိတွေ့မိပြီးနောက်တွင် ရိုးရာဓလေ့နှင့်ဆိုင်သော သန့်ရှင်းစင်ကြယ်စေခြင်းသည်လည်း လိုအပ်ပါသည်။ လူတစ်ဦးသည် ကိုယ်လက်အင်္ဂါ မစုံလင်ခြင်း သို့မဟုတ် ဒဏ်ရာ တစ်ခုခုရှိပါက၊ ထိုလူကို အထွတ်အမြတ် နေရာများမှ ချန်လုပ်ထားကြပါသည်။ ဤအရာသည် ဘုရားသခင်၏ စုံလင်ခြင်းနှင့် မစုံလင်ခြင်းသည် သဟဇာတ မဖြစ်သည်ကို သွန်သင်ပြရန် ဖြစ်ပါသည်။

ဤပညတ်တရားအားလုံးသည် သဘာဝလွန်ဖြစ်သော လောကီ ရှုထောင့်အမြင် တစ်ခုကို သွန်သင်ပေးရန် ရည်ရွယ်ထားပါသည်။

## မသန့်ရှင်းခြင်း၏ ပြဿနာကို ပြင်ဆင်ခြင်း

ရှေးဟောင်း ဣသရေလလူမျိုးတို့အတွက် အထွတ်အမြတ်နေရာသို့ ဝင်ရောက်ခွင့်ရရန် ထုံးတမ်းဓလေ့အရ မသန့်ရှင်းခြင်းနှင့် မသင့်လျော်ခြင်းတို့သည် ပြင်းထန်သော အကြောင်းအရာ တစ်ခု ဖြစ်ခဲ့ပါသည်။ သူတို့သည် မသန့်ရှင်းပါက၊ ယဇ်ကောင်းများနှင့် လှူဖွယ်ပစ္စည်းများကို ယူဆောင်သွား

နိုင်တော့မည်မဟုတ်ပါ။ ဖြေရှင်းနည်းမှာ နောက်တစ်ဖန် သန့်ရှင်းလာစေဖို့ ရိုးရာဓလေ့ တစ်ခုခုကို လုပ်ဆောင်ရန် ဖြစ်ပါသည်။ ရိုးရာဓလေ့သည် အချိန်ကာလ တစ်ခုအထိ စောင့်ဆိုင်းရခြင်းနှင့် ထို့နောက် အထူးသီးသန့် ယဇ်ပူဇော်မှု တစ်ခုကို ပြုလုပ်ခြင်းတို့ကို လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။

သွေး ယဇ်ပူဇော်ခြင်းအတွက် သွန်သင်ပေးသော ရည်ရွယ်ချက်သည် ကျွန်ုပ်တို့အတွက် ထူးဆန်းပုံ ပေါ်နိုင်ပါသည်။ ရိုးရာဓလေ့သည် သူတို့ကို ရိုးရာဓလေ့အရ တစ်ဖန် သန့်ရှင်းလာအောင် ပြုလုပ်ရန် လူတစ်ဦး သို့မဟုတ် အရာဝတ္ထု တစ်ခု အပေါ်၌ သွေးဖြန်းခြင်းကို လိုအပ်ခဲ့ပါသည်။ ထို့နောက်၌ သူတို့သည် သင့်တင့်လျောက်ပတ်စွာ အထွတ်အမြတ်နေရာကို ဝင်ရောက်နိုင်ခဲ့ကြပါသည်။ သို့ရာတွင် သွေး ယဇ်ပူဇော်သက္ကာများသည်လည်း သီဩလောဂျီပိုင်းဆိုင်ရာ ရည်ရွယ်ချက် တစ်ခု ရှိခဲ့ပါသည်။ သူတို့ဟာ အစားထိုးခြင်း အယူအဆကို သွန်သင်ပေးခဲ့ကြပါတယ်။ သွေးသည် လူ့ကိုခန္ဓာ၏ အသက်နှင့်ဆိုင်သော အရည်ဖြစ်ပြီး (ဝတ် ၁၇း၁၁)၊ တိရိစ္ဆာန် တစ်ကောင်ကို သတ်ခြင်းသည် ဘုရားသခင်ထံသို့ ချဉ်းကပ်ခြင်းဟာ သေခြင်းတရားကို ဆိုလိုနိုင်ကြောင်း သင်ခန်းစာအား သွန်သင်ပေးခဲ့ပါသည်။ လူတို့သည် ဘုရားသခင် ပြောဆိုထားသည့် တိကျသော နည်းလမ်းမှအပ၊ မည်သည့် စည်းကမ်းချက်ဖြင့်ဖြစ်ပါစေ၊ ဘုရားသခင်ထံသို့ ချဉ်းကပ်ခွင့်မရနိုင်ပါ၊ သို့မဟုတ်ပါက၊ ထိုပုဂ္ဂိုလ်သည် သေဆုံးရပါလိမ့်မည်။ တိရိစ္ဆာန်၏ သွေးသည် ထိုလူ၏ သွေးကို တောင်းဆိုခြင်း အစား အစားထိုသည့်အရာ တစ်ခုဖြစ်ပါသည်။ တိရိစ္ဆာန်၏ သေဆုံးခြင်းသည် ဣသရေလလူမျိုး တစ်ဦး၏ မသန့်ရှင်းသော အခြေအနေကို သန့်ရှင်းစင်ကြယ်စေရန် နည်းလမ်း တစ်ခု ဖြစ်ခဲ့ပါသည်။

သွန်သင်ပေးသော အချက်မှာ ဘုရားသခင်သည် တိရိစ္ဆာန်ကို အစားထိုးခြင်းအားဖြင့် ဣသရေလ လူမျိုးတို့၏ အသက်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်။ လူးသား၏ အသက်သည် တိရိစ္ဆာန်၏ အသက်ထက် သာ၍ မြင့်မြတ်ပါသည်၊ အကြောင်းမှာ လူသားများသည် ဘုရားသခင်၏ ပုံသဏ္ဌာန်နှင့်အညီ ဖန်းဆင်းထားသောကြောင့် ဖြစ်ပါသည် (က ၁း၂၆၊ ၉း၆)။ တိရိစ္ဆာန်များသည် ဘုရားသခင်၏ ပုံသဏ္ဌာန်နှင့်အညီ ဖန်းဆင်းထားခြင်း မဟုတ်ပါ။ ဣသရေလလူမျိုးတို့၏ နိုင်ငံသည် အာပြဟံနှင့် စာရာတို့ကို ကလေး တစ်ယောက်ရရှိစေရန် ဖြစ်မြောက်အောင်လုပ်ဆောင် ပေးခဲ့သော ဘုရားသခင်၏ ကြားဝင်ဆောင်ရွက်ပေးခြင်းကြောင့်သာ တည်ရှိလာခဲ့ပါသည် (က ၁၂း ၁-၃)။ ဒါပေမဲ့ လူသား၏အသက်သည် ဘုရားသခင်၏ မျက်မှောက်တော်ထဲ၌ ရှိနေပါက၊ အန္တရာယ် ထဲတွင် ရှိနေခဲ့ပါသည်။ ဘုရားသခင်သည် အသက်ရှင်ခြင်းနှင့် သေခြင်းအပေါ်၌ တန်ခိုးအာဏာ ရှိကြောင်း ယဇ်ပူဇော်သည့်အရာများက သူတို့ကို သတိပေးခဲ့ပါသည်။ ဒါပေမဲ့ ဘုရားသခင်သည် သူတို့ကို သနားကြင်နာမှုအား ပြသချင်ခဲ့ပြီး၊ မသတ်ချင်ခဲ့ပါ။

## မြေကြီးပေါ်ရှိ ကောင်းကင် (နှင့်ငရဲ)

ဘုရားသခင်၏ တစ်မူထူးခြားမှုကို အာရုံစိုက်ပေးခြင်းသည် ဘုရားသခင်အကြောင်း၊ တစ်ချို့သော အယူအဆများကိုသာမကဘဲ၊ သဘာဝလွန်တရားနှင့်ဆိုင်သော နယ်နိမိတ်မျဉ်းများကိုလည်း ဝေမျှ အသိပေးထားပါတယ်။ ဝိညာဉ်လောကနှင့် လူ့လောကအကြားတွင် ခြားနားချက်ရှိသည်ဆိုသော အယူအဆမှာ ဣသရေလလူမျိုးတို့အတွက် နားလည်ရန် အလွန်အရေးကြီးပါသည်။ ဘုရားသခင် နေထိုင်သည့် နေရာသည် သန့်ရှင်းသည်ဆိုပါက၊ မြေကြီး၏ အခြားသော နေရာများသည် မသန့်ရှင်းပါ။ ထိုအခြားနေရာသည် သာမန် နေရာ သို့မဟုတ် ရန်လိုပြီး မကောင်းသော နေရာ တစ်ခု ဖြစ်ပါသည်။

ဘုရားသခင်သည် ဣသရေလလူမျိုးတို့နှင့် သူ၏ တဲတော်၌ အပြန်အလှန်ဆက်သွယ်လေ့ရှိခဲ့ပြီး နောက်ပိုင်း၌ သူ၏ ဗိမာန်တော်ထဲ၌ လုပ်ဆောင်ခဲ့ပါသည်။ ထိုနေရာ နှစ်ခုစလုံးသည် လူတို့အား ဒေဝဥယျာဉ်ကို သတိယစေရန် အလှအပအဆင်တန်ဆာများနှင့် အမှတ်အသားများစွာ ပါရှိခဲ့ပါသည်။ ဒေဝဥယျာဉ်သည် ကောင်းကင်နှင့် မြေကြီး ဆုံတွေ့သည့် နေရာ ဖြစ်ခဲ့ပါသည်။ တဲတော်အထဲရှိ အမှတ်အသား တစ်ခုသည် ရွှေမီးခုံ ဖြစ်ပါသည်။ ၎င်းကို သစ်ပင် တစ်ပင်ကဲ့သို့ ဖန်တီးထားပါသည် (ထွက် ၂၅း၃၁-၄၀)။ ၎င်းဟာ ဒေဝဥယျာဉ်ထဲရှိ အသက်ပင်ကို ပြန်၍ အမှတ်ရစေမည့် အရာ တစ်ခုဖြစ်ပါသည်။ ရွှေမီးခုံသည် သန့်ရှင်းရာဌာနတော်သို့ ဝင်ရောက်မည့် လမ်းအား ကာဆီးထားသည့် လိုက်ကာ၏ အရှေ့၌ တည်ရှိပါသည်။

လိုက်ကာ၏အတွင်းပိုင်းသည် ပဋိညာဉ်သေတ္တာ ထားရှိသည့် အခန်းဖြစ်ပါသည်။ သေတ္တာ၏ အဖုံးသည် ဘုရားသခင်၏ ရာဇပလ္လင် တစ်ခုအနေဖြင့် အသုံးပြုနိုင်ရန် ဖန်းတီးထားပါသည် (ထွက် ၂၅း၁၀-၂၂)။

အဖုံးပေါ်ရှိ ခေရုဗိမ်သည်လည်း ဒေဝဥယျာဉ်ကို ပြန်လည် သတိယစေရန် ရှင်းလင်းသော အမှတ်အသား တစ်ခု ဖြစ်ပါသည်။ ဒေဝဥယျာဉ်ထဲတွင် ခေရုဗိမ် တစ်ပါးကို အစောင့်အနေဖြင့် ချထားပါသည် (က ၃း၂၄)။ သန့်ရှင်းရာဌာနတော်အတွင်းရှိ ခေရုဗိမ်သည် ပဋိညာဉ်သေတ္တာ၏ အဖုံးကို စောင့်ကြပ်ခဲ့ပါသည် (ထွက် ၂၅း၁၈-၂၀)။ နောက်ပိုင်းတွင် ရှောလမုန်သည် ဗိမာန်တော် တည်ဆောက်ပေးခဲ့ပြီး၊ အလွန်ကြီးမားသော ရွှေရောင် ခေရုဗိမ် နှစ်ပါးကို သေတ္တာ၏အပေါ်၌ ရပ်စောင့်လျက် ချထားပါသည်။ သူတို့သည် ပဋိညာဉ်သေတ္တာတော်အား သူ၏ခြေတော်တင်ရာခုံအနေနှင့် ပြုလုပ်ထားသည့် ဘုရားသခင်၏ ရာဇပလ္လင်ကို ပုံဆောင်ပါသည် (၅ ရာ ၂၈း၂)။

ဗိမာန်တော် အဆောက်အအုံကိုလည်း ဒေဝဥယျာဉ်ကဲ့သို့ တန်ဆာဆင်ထားပါသည်။ နံရံများသည် ဥယျာဉ် သစ်ပင်ပန်းပင်များနှင့် တိရိစ္ဆာန်များ၏ ရုပ်ပုံများနှင့် ပြည့်နေခဲ့ပါသည် (၃ ရာ ၆-၇)။ ပန်း

ပင်များ၊ အုန်းပင်များ၊ ခြသေ့်များနှင့် တလဲသီးပင်များကို ၎င်း၏ အလုတန်ဆာဆင်မှုထဲတွင် အသုံးပြုထားပါသည်။ ၎င်းသည် သူ၏လူသားမိသားစုနှင့် အတူနေထိုင်ရန် မြေကြီးပေါ်သို့ အရင်ဦးဆုံးကြွဆင်းလာခဲ့သည့် ဧဒင်ဥယျာဉ်၏ စကျွအာရုံနှင့်ဆိုင်သော အမှတ်အသား တစ်ခု ဖြစ်ပါသည်။

ဣသရေလလူမျိုးတို့သည် အခြားသော တိုင်းနိုင်ငံများအပေါ်တွင် သြဇာအာဏာရှိသည့် ပုန်ကန်သူ ဝိညာဉ် ခေါင်းဆောင်များအကြောင်းကိုလည်း သတိပေးဖို့ လိုအပ်ခဲ့ပါသည်။ ဣသရေလလူမျိုးတို့၏ နယ်မြေသည် သူ၏ လူမျိုးတို့နှင့် ဘုရားသခင် ကိန်းဝပ်တော်မူရာ နေအိမ်ဖြစ်သောကြောင့် သန့်ရှင်းသောမြေ ဖြစ်ပါက၊ ဣသရေလလူမျိုးတို့၏ ပြင်ပရှိ နယ်မြေသည် မသန့်ရှင်းသောမြေ ဖြစ်ခဲ့ပါသည်။ ဘုရားသခင်က အခြားသော တိုင်းနိုင်ငံများအား ဘုရားသခင်၏သားတော်များ၏ သြဇာအာဏာအောက်၌ ထားရှိစေခဲ့သည်ကို အမှတ်ရပါ။ သို့သော်လည်း သူတို့သည် နောက်ပိုင်းတွင် ဆန့်ကျင်ပုန်ကန်ခဲ့ကြပြီး ယုတ်ညံ့လာခဲ့ကြပါသည် (တရား ၄း၁၉-၂၀၊ ၃၂း၈-၉)။ တစ်နေ့တွင် သူသည် ထိုတိုင်းနိုင်ငံများအား ပြန်လည်သိမ်းယူမည်ဟု ဘုရား သခင်က ကတိတော်ထားရှိခဲ့ပါသည်။ သို့သော်လည်း ဓမ္မဟောင်းကျမ်း ခေတ်ကာလ၌ ထို ပုန်ကန်သူ ဝိညာဉ် ခေါင်းဆောင်များ၏ လက်အောက်၌ရှိသော နယ်မြေနှင့် တိုင်းနိုင်ငံများသည် မကောင်းမှု တိုင်းနိုင်ငံများ ဖြစ်ခဲ့ကြပါသည်။

ဘုရားသခင်က ဣသရေလလူမျိုးတို့အား ဂုဏ်ပြုကျင်းပရန် စေခိုင်းခဲ့သည်  ပွဲတော်နေ့ တစ်နေ့သည်  ဤ အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းစွာ သွန်သင်ပေးခဲ့ပါသည်။ ထိုပွဲတော်ကို (ဟေဗြဲလို Yom Kippur ဟုခေါ်သည့်) အပြစ်ဖြေ ရာနေ့ဟု ခေါ်ဆိုပါသည်။ ၎င်းနေ့ကို တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပခဲ့ပါသည် (ဝတ်ပြုရာကျမ်း ၁၆)။ ပွဲတော်သည် လူတို့အား သန့်ရှင်းသော နှင့် မသန့်ရှင်းသော နယ်မြေအကြောင်းကို အမှတ်ရစေမည့် ရိုးရာဓလေ့ တစ်ခု ပါဝင်ခဲ့ပါသည်။

ဆိတ်နှစ်ကောင် ပါဝင်ခဲ့ပါသည်။ တစ်ကောင်ကို ယဇ်ပူဇော်ပြီး၊ ၎င်း၏ အသွေးကို တဲတော်အထဲ၌ ရိုးရာဓလေ့အရ ၎င်းကို လူသားတို့၏ ညစ်ညမ်းစေခြင်းမှ နောက်တစ်နှစ်အတွက် သန့်ရှင်းစင်ကြယ်စေရန် ဖျန်းပက်ခဲ့ပါသည်။ ယဇ်ပူဇော်ခြင်းခံရသော ဆိတ်သည် "ထာဝရဘုရားသခင်" အတွက်ဖြစ်သည်ဟု ဆိုကြပါသည်။ ဒုတိယမြောက် ဆိတ်ကို မသတ်ခဲ့ကြပါ။ ယဇ်ပုရောဟိတ်မင်းက လူတို့၏ အပြစ်များကို လက္ခဏာပုံစံအနေဖြင့် ဒုတိယမြောက် ဆိတ်အပေါ်သို့ လွှဲပြောင်းပေးပြီးနောက်တွင် ဣသရေလလူမျိုးတို့၏ နယ်မြေမှ တောကန္တာရထဲသို့ စေလွှတ်ပေးခဲ့ပါသည်။ ဤဆိတ်ကို "Azazel" အတွက် ဖြစ်သည်ဟု ဆိုခဲ့ကြပါတယ်။

"Azazel" သည် မည်သူဖြစ်ပါသလဲ။ တစ်ချို့သော ကျမ်းစာအုပ်များက ဟေဗြဲ စကားလုံးကို အမည်နာမတစ်ခုအနေဖြင့် ချန်ထားရမည့်အစား ၎င်း၏ အနက်အဓိပ္ပါယ်သို့ ဘာသာပြန်ထားကြပါသည်။ ဤ ဟေဗြဲ စကားလုံးသည် အမှန်စင်စစ် တစ်ဦးဆိုင်နမ် ဖြစ်ပါသည်။ ၎င်းသည် ပုန်ကန်သူ

ဝိညာဉ် ခေါင်းဆောင်၏ အမည် ဖြစ်ပါသည်။ အီဂျစ်ပြည်မှ ကတိတော် နယ်မြေသို့ ခရီးစဉ်အချိန်အတွင်း၊ ဣသရေလလူမျိုးတို့သည် တောကန္တာရတစ်လျှောက် ခရီးသွားခဲ့ရပါသည်။ ဤခရီးစဉ်အချိန်အတွင်း၊ အချို့သော ဣသရေလလူမျိုးတို့သည် အခြားသော ဝိညာဉ်များကို ယဇ်ပူဇော်မှုပြုလုပ်နေခဲ့ကြပါသည် (ဝတ် ၁၇း၇)။ သူတို့သည် ဤအရာကို လုပ်ဆောင့်ခဲ့ရသည့်အကြောင်းမှာ သူတို့၏ တဲစခန်းများကို နတ်ဆိုးများက တိုက်ခိုက်မည်ကို ကြောက်ရွံ့ခဲ့သောကြောင့် ဖြစ်ပါသည်။ တောကန္တာရသည် နတ်ဆိုးတို့၏ နေရာဖြစ်ပြီး၊ ၎င်း နယ်မြေသည် သူတို့၏ သြဇာအာဏာအောက်တွင် ရှိနေခဲ့ပါသည်။ ဤ ယဇ်ပူဇော်မှုများသည် ဘုရားသခင်အား စော်ကားရာရောက်ပြီး သူတို့သည် ရပ်တန့်ပစ်ခဲ့ရပါမည်။ သို့ရာ၌ Azazel အတွက် ဆိတ်သည် ဤ ဝိညာဉ်ဆိုးများအား ယဇ်ပူဇော်မှုပြုခြင်း မဟုတ်ပါ။ ဆိတ်ကို ပူဇော်သက္ကာ တစ်ခုအနေဖြင့် ဘယ်တုန်းကမှ ယဇ်ပူဇော်မှုမပြုခဲ့ပါ။ ထိုအစား၊ သူတို့သည် လက္ခဏာပုံစံအနေဖြင့် ဆိတ်ကို သူတို့၏အပြစ်များအား ဘုရားသခင်ကိန်းဝပ်ရာ နေရာမှ၊ Azazel နေထိုင်သည့် မသန့်ရှင်းသော နယ်မြေထဲသို့ သယ်ဆောင်သွားစေခဲ့ပါသည်။

## အဘယ်ကြောင့် ဤအရာသည် အရေးပါမှုရှိပါသလဲ

ဓမ္မသစ်ကျမ်းထဲတွင် ယေရှု ခရစ်တော် ကြွလာပြီးနောက်၌ များစွာသော အရာတို့သည် ပြောင်းလဲသွားခဲ့ပါသည်။ သို့သော်လည်း တစ်ချို့သော အရာများသည် နဂိုအတိုင်း ရှိနေခဲ့ပါသည်။ ဘုရားသခင်သည် တစ်မူထူးခြားဆဲ ဖြစ်ပါသည်။ သူ၏ သန့်ရှင်းခြင်းသည် သူ၏မျက်မှောက်တော်သို့ ကျွန်ုပ်တို့ မဝင်ရောက်မီ၌ ကျွန်ုပ်တို့သည် သန့်ရှင်းစင်ကြယ်ရမည်ဟု တောင်းဆိုထားပါသည်။ ကျွန်ုပ်တို့အတွက် ယခုအခါ၊ သန့်ရှင်းစေခြင်းသည် လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှု လုပ်ဆောင်ခဲ့သည့် အရာ၌ ယုံကြည်ခြင်းအားဖြင့် ပြီးမြောက်သွားခဲ့ပြီ ဖြစ်ပါသည်။

ကျွန်ုပ်တို့အတွက် ယေရှု လုပ်ဆောင်ခဲ့သည့် အရာအားလုံးသည် သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော အဆိုပြုချက်များလည်း ပါရှိခဲ့ပါသည်။ ဗတ္တိဇံကိုခံယူပြီးနောက်တွင်၊ ယေရှုသည် တောကန္တာရထဲသို့ ထွက်သွားခဲ့ပါသည်။ တောကန္တာရသည် မကောင်းသော စွမ်းအားများ၏ သြဇာအာဏာအောက်၌ရှိသော နေရာ ဖြစ်ခဲ့ပါသည်။ ထိုနေရာ၌ စာတန်သည် ယေရှုထံသို့ ရောက်ရှိလာခဲ့ပြီး၊ တိုင်းနိုင်ငံများအား ပြန်လည်သိမ်းယူမည့် သူ၏ အစီအစဉ်ကို ဖျက်ဆီးရန် ကြိုးစားခဲ့ပါသည်။ စာတန် ရှုံးနိမ့်သွားပြီးနောက်၊ ယေရှုသည် ဣသရေလလူမျိုးတို့၏ သန့်ရှင်းသော နယ်မြေသို့ ပြန်သွားပြီး သူ၏ အမှုတော်မြတ်ကို စတင်ခဲ့ပါသည်။ သူ၏ အမှုတော်မြတ်သည် နတ်ဆိုးကို အောင်မြင်ပြီး၊ နတ်ဆိုးမှ ချုပ်ကိုင်ထားသည့် သေခြင်းတရား၏ တန်ခိုးကို ဖျက်ဆီးပစ်ခဲ့ပါသည် (ဟေဗြဲ ၂း၁၄)။ ဤအရာကို လုပ်ဆောင်ဖို့ရန် ယေရှုသည် ဂျေရုဆလင်၏ သန့်ရှင်းသော မြို့၏အပြင်ဘက်တွင် မိမိကိုယ်ကို

လက်ဝါးကားတိုင်၌ အသေခံရန် ခွင့်ပြုခဲ့ပါသည် (၁၃း၁၂)။ ယေရှုသည် ကျွန်ုပ်တို့၏ အပြစ်များကို သူ့အပေါ်၌ ယူဆောင်သွားခဲ့သဖြင့် ညစ်ညူးသွားခဲ့ပါသည်။ သူသည် ကျွန်ုပ်တို့၏ အပြစ်များကို သန့်ရှင်းသော မြေဖြစ်သည့် ဂျေရုဆလင်မြို့မှ၊ မသန့်ရှင်းသော သေခြင်းတရား၏ နေရာ လက်ဝါးကပ်တိုင်ဆီသို့ ယူဆောင်သွားခဲ့ပါသည်။

ကျွန်ုပ်တို့ လက်ခံယုံကြည်ပါက ယေရှု၏ သေခြင်းနှင့် နောက်ပိုင်းရှိ သူ၏ ရှင်ပြန်ထမြောက်ခြင်းသည် ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်တော်ထဲသို့ မှန်ကန်စွာ ဝင်ရောက်နိုင်စေရန် ယေရှုက ကျွန်ုပ်တို့ကို သန့်ရှင်းအောင် လုပ်ဆောင်ပေးခဲ့ပါတယ်။ ကျွန်ုပ်တို့၏ အပြစ်များကို "ယူဆောင်သွားခဲ့ပါတယ်" (ရောမ ၁၁း၂၇၊ ၁ ယော ၃း၅ ကိုလည်း ကြည့်ပါ)။ ကျွန်ုပ်တို့သည် မသန့်ရှင်းသော အပြစ်သားများ ဖြစ်ကြသော်လည်းဘဲ၊ ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိသောအခါ သန့်ရှင်းလာပါသည်။ ကျွန်ုပ်တို့သည် မပြည့်စုံသော်လည်းဘဲ၊ ယေရှု လုပ်ဆောင်ပေးခဲ့သည့်အရာကြောင့် ကျွန်ုပ်တို့၏ အပြစ်များကို ပယ်ဖျက်ပေးခဲ့ပါတယ်။ ၎င်းသည် ထိုမျှလောက် ရိုးရှင်းပါသည်။ သို့သော်လည်း ၎င်းဟာ အင်မတန်မှ နက်နဲလှပါသည်။

ကျွန်ုပ်တို့သည် ဣသရေလလူမျိုးတို့က ကျွန်ုပ်တို့ထက် ဝိညာဉ်ရေးဆိုင်ရာ အထူးအခွင့်ရေးများ ပိုမို၍ ရရှိခဲ့သည်ဟု ထင်မိနိုင်ပါသည်။ သူတို့သည် ဘုရားသခင်၏ မျက်မှောက်တော်အား သူတို့၏ တဲစခန်းနှင့် နယ်မြေထဲ၌ပင် ပိုင်ဆိုင်ခဲ့ကြပါသည်။ သူတို့သည် သဘာဝလွန် ဝိညာဉ် ခေါင်းဆောင်များဟာ အမှန်တကယ်ဖြစ်ကြောင်း လူတိုင်း သိနားလည်ခဲ့ကြသည့် လောကတစ်ခုထဲတွင် နေထိုင်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ထိုအခြေအနေတွင် နေထိုင်ခဲ့ပါက ဝိညာဉ်ရေးဆိုင်ရာတွင် ပို၍ ပြည့်ဝပြီး ဘုရားသခင်ကိုလည်း ပို၍သစ္စာရှိရန် ပို၍လွယ်ကူခဲ့လိမ့်မည်ဟု ထင်ကောင်းထင်မိနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အကြောင်းကို နေ့စဉ်နေ့တိုင်း သတိယမိနေစေဖို့ရန် ဣသရေလလူမျိုးများ ပိုင်ဆိုင်ခဲ့သည့်အရာအား ကျွန်ုပ်တို့ထံတွင် ရှိဖို့ရန် တောင့်တမိနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ထို အဆက်မပြတ်ဖြစ်သော အမှတ်ရစရာများကို လိုချင်မိကြပါသည်။

သို့သော်လည်း၊ ကျွန်ုပ်တို့သည် ဣသရေလလူမျိုးများ ရရှိခဲ့သည်ထက် ပို၍ များပြားသော သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော အကျိုးအမြတ်များကို ရရှိထားကြသည်ဟု ဓမ္မသစ်ကျမ်းက ဆိုထားပါသည်။

ကျွန်ုပ်တို့သည် အထွတ်အမြတ်ဖြစ်သော နေရာကို ဝင်ရောက်ရန် တဲတော် တစ်ခု သို့မဟုတ် ဗိမာန်တော် တစ်ခုကို မလိုအပ်ပါ။ ၎င်းအစား၊ ယခုအခါ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာများသည် အထွတ်အမြတ် နေရာ ဖြစ်ပါသည်။ ရှင်ပေါလုက ကျွန်ုပ်တို့၏ လောကီ ကိုယ်ခန္ဓာအား "တဲတော်" တစ်ခုဟု ခေါ်ဆိုထားပါသည် (၂ ကော ၅း၄)။ ပဋိညာဉ်သေတ္တာ တဲတော်ရှိရာ သန့်ရှင်းရာ ဌာနတော်၌ ကိန်းဝပ်တော်မူခဲ့သည့် ထိုဘုရားသည် ယခု ကျွန်ုပ်တို့၏အထဲ၌ ကိန်းဝပ်တော်မူပါသည်။ (ရောမ

၈း၉-၁၁)။ ယခုအခါ ယုံကြည်သူများသည် ဘုရားသခင်၏ ဗိမာန်တော် တစ်ခုစီ ဖြစ်ကြပါသည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် သေဆုံးသွားပါလိမ့်မည်၊ သို့ရာတွင် ဘုရားသခင်က ၎င်းကို "လူလက်ဖြင့်မလုပ်ထားသည့်အရာ" ဖြင့် အစားထိုးပေးပါလိမ့်မည် (၂ ကော ၅း၁-၃)။ ကျွန်ုပ်တို့သည် ကောင်းကင် ကိုယ်ခန္ဓာ တစ်ခုကို လက်ခံရရှိပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဒေင်ဥယျာဉ် အသစ်တွင် နေထိုင်ရပါလိမ့်မည်။ ဘုရားသခင်သည် ကောင်းကင်ဘုံကို အပြစ်ဆိုဖွယ်မရှိသော မြေကြီးအသစ် တစ်ခုထံသို့ ယူဆောင်လာပါလိမ့်မည် (ဗျာ ၂၂း၁-၃)။

ယနေ့တွင် ဘုရားသခင်သည် ယုံကြည်သူများကို သူ၏ဝိညာဉ်တော်အားဖြင့် ပြည့်စေသောကြောင့်၊ ယုံကြည်သူများ စုဝေးမှု တစ်ခုစီတိုင်းဟာ သန့်ရှင်းသောမြေကို ဖန်းတီးပေးပါသည်။ ထိုကြောင့် ရှင်ပေါလုက ကောရိန္သုမြို့၌ရှိသော ယုံကြည်သူများအား အပြစ်လမ်းထဲတွင် ဆက်လက် လျှောက်လှမ်းနေသည့် နောင်တမရသော ခရစ်ယာန်အား ၎င်းတို့၏ အဖွဲ့ထဲမှ မောင်းထုတ်ရန် ပြောဆိုခဲ့ပါသည်။ ရှင်ပေါလုက "ဤလူအား စာတန်လက်ထဲသို့ အပ်နှံရန်" ညွှန်ကြားခဲ့ပါသည် (၁ ကော ၅း ၅)။ အသင်းတော် အဖွဲ့အစည်းသည် သန့်ရှင်းသော နယ်မြေ ဖြစ်ခဲ့ပါသည်။ မိတ်သဟာရဖွဲ့သော ယုံကြည်သူများ အစုအဖွဲ့၏ အပြင်ဘက်သည် စာတန်၏ နယ်မြေ ဖြစ်ပါသည်။ ထိုနေရာသည် အပြစ်ဒုစရိုက်နှင့် ပျက်ဆီးခြင်းတို့ ရှိသောနေရာ ဖြစ်ခဲ့ပါသည်။

ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို သဘာဝလွန် မျက်စိများဖြင့် ကြည့်ရှုရန် အချိန်တန်ပြီ ဖြစ်ပါသည်။ သင်သည် ဘုရားသခင်၏ သားတော် တစ်ဦး ဖြစ်ပါသည်။ ဘုရားသခင်က သင့်ကို သန့်ရှင်းစေပြီး အထွတ်မြတ် နေရာ ဖြစ်အောင် ပြုလုပ်ပေးခဲ့ပါသည်။ သင်ဟာ သင့်ရဲ့ လုပ်ဆောင်ချက်အားဖြင့် ဤအရာကို မရရှိနိုင်ပါ။ အကြောင်းမှာ သင့်ကို ခရစ်တော်အထဲ၌ ထားပြီးပြီဟု လက်ခံယုံကြည်သောအခါတွင်၊ သင်သည် သန့်ရှင်းလာပါသည်။ ဘုရားသခင်က သင့်ကို သူ၏ မိသားစုထဲသို့ မွေးစားခဲ့ခြင်း ဖြစ်ပါသည် (ရောမ ၈း၁၅၊ ဂလာ ၄း၅)။ သင်တို့ကို မှောင်မိုက်တန်ခိုးမှ လွတ်မြောက်စေခဲ့ပြီး၊ "ချစ်တော်မူသော သားတော်၏ နိုင်ငံထဲသို့ သွင်းတော်မူ၏" (ကော ၁း၁၃)။

ကျွန်ုပ်တို့သည် ဘယ်သောအခါမျှ ခရစ်တော်၌ အဘယ်သူ ဖြစ်ကြသည်ကို တစ်ခဏမျှပင် မေ့လို့မဖြစ်ပါ။ ကျွန်ုပ်တို့ဟာလည်း မကောင်းသော သဘာဝလွန် အုပ်စိုးသူများ၏ တန်ခိုးအောက်၌ရှိသော လူသားများအတွက် ထိုအရာသည် အဘယ်အရာကို ဆိုလိုခြင်းဖြစ်ကြောင်း သတိယနေရပါမည်။

## အခန်း ကိုး

## သန့်ရှင်းသော စစ်ပွဲ

သမ္မာကျမ်းစာသည် အငြင်းပွားဖွယ်ရာ စာအုပ် တစ်အုပ် ဖြစ်ပါသည်။ ၎င်းသည် ဘုရား သခင်ထံမှ လာသော အမှာစကားဖြစ်သည်ဟု မယုံကြည်သောသူတို့သည် ၎င်း ပြောဆိုသည့်အရာကို ကန့်ကွက်ကြပါသည်။ သို့ရာတွင်၊ သမ္မာကျမ်းစာ၏ အချို့သော အပိုင်းများသည် ၎င်းကို လက်ခံယုံကြည် သောသူများကိုပင် အလွန် ကသိကအောက်ဖြစ်စေပါသည်။ ကတိတော် နယ်မြေကို သိမ်းပိုက်ဖို့ရန် ဣသရေလလူမျိုးတို့၏ စစ်ပွဲသည် ဤအရာ၏ ဥပမာ တစ်ခု ဖြစ်ပါသည်။

အဘယ်ကြောင့် ၎င်းသည် လူတို့အား ကသိကအောက်ဖြစ်စေပါရပါသလဲ။ အများအားဖြင့်၊ သတ်ဖြတ်ခြင်းကြောင့် ဖြစ်ပါသည်။ ၎င်းသည် အရမ်းကာရော ပြုမူပုံပေါက်ပြီး၊ တော်တော်လေးကို စေ့စပ်သေချာပုံပေါက်နေပါသည်။  အချို့သော မြို့များတွင် - ယောက်ျားများ၊ မိန်းမများ၊ ကလေးများနှင့် ၎င်းတို့၏ တိရိစ္ဆာန်များကို အဘယ်ကြောင့် သတ်ဖြတ်ဖို့ လိုအပ်ခဲ့ပါသလဲ။ အဘယ်ကြောင့် နေထိုင်သူများကို လက်နက်မချခိုင်းခဲ့ပါသလဲ။ အဘယ်ကြောင့် သူတို့ကို အတင်းအဓမ္မ ထွက်ခွာစေပြီး ပြည်နှင်ဒဏ်မပေးခဲ့ရပါသလဲ။

ထို ကန့်ကွက်မှုများအတွက် ကောင်းမွန်သော အဖြေ တစ်ခုရှိပါသည်။ သို့ရာတွင် ကျွန်ုပ်၏ အတွေ့အကြုံမှာ ထိုအဖြေသည်ပင်လျှင် ခရစ်ယာန်တို့အား ယခင်ကဲ့သို့ ကသိကအောက်ဖြစ်စေပါသည်။ ဤမျှလောက်သောအရာများကို သတ်ဖြတ်ရန် အမိန့်များစွာ နောက်ကွယ်ရှိ အကြောင်းအရင်းများမှာ ကျွန်ုပ် သင်တို့အား ပြောပြနေသည့် သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော စစ်ပွဲကြောင့် ဖြစ်ပါသည်။ ဣသရေလ စစ်သားများအား လုပ်ဆောင်ရန် စေခိုင်းသည့်အရာသည် ၎င်းတို့အတွက် အဓိပ္ပါယ်ရှိပါသည်။ အကယ်၍ သင်သည် သူတို့၏ ရှေးဟောင်း မျက်စိများဖြင့် အခြေအနေကို ကြည့်မြင်နိုင်မည်ဆိုပါက၊ ထိုအခါ ၎င်းဟာ သင့်အတွက်လည်း နားလည်မှုရှိနိုင်ပါလိမ့်မည်။

## ဣသရေလလူမျိုးတို့၏ သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော ဆင်ခြင်တွေးခေါ်မှု

ကတိတော် နယ်မြေအား သိမ်းယူရန် တိုက်ပွဲများနှင့်စပ်လျဉ်း၍ ရှေးဟောင်း ဣသရေလလူမျိုးတို့က တွေးခေါ်ခဲ့ပုံကို အကျိုးသက်ရောက်စေခဲ့သည် အကြောင်းအရင်း နှစ်ချက်ရှိပါသည်။ ထိုအကြောင်းအရာ နှစ်ချက်စလုံးသည် ဣသရေလလူမျိုးများက သူတို့၏ လောကကို နားလည်ခဲ့ပုံအတွက် အခြေခံကျသောအရာများ ဖြစ်ခဲ့ပါသည်။ သူတို့သည် သူတို့၏ လောကဟာ လူသားများ နေထိုင်ခဲ့သည့် နေရာဖြစ်သည်ဟု ယုံကြည်ခဲ့ကြပါတယ်။ သို့သော်လည်း သူတို့က သူတို့၏ လော

ကဟာ သဘာဝလွန် ဖြစ်ရပ်ရပ်နှင့်ဆိုင်သော တိုက်ပွဲ၏ စစ်မြေပြင် တစ်ခု ဖြစ်သည်ဟုလည်း ယုံကြည်ခဲ့ကြပါသည်။ စစ်ပွဲ၏ အောင်နိုင်သူသည် တစ်လောကလုံးကို ထိန်းချုပ်ခွင့် ရပါလိမ့်မည်။

ကျွန်တော် ထပ်၍ ရှင်းပြပါရစေ။ အကြောင်းအရင်း တစ်ခုမှာ ဗာဗုလုန် ဗိမာန်တော်ရှိ ဖြစ်ရပ်များမှ ရလဒ်များကြောင့် ဖြစ်ပါသည်။ ဤအရာမှာ လူသာအားလုံးက ဘုရာသခင်ကို ဆန့်ကျင်ပုန်ကန်ခဲ့ကြသည့် အချိန်တွင် ဖြစ်ခဲ့ပါသည်။ ဘုရားသခင်သည် လူသားများနှင့် တိုက်ရိုက် ဆက်နွယ်မှုရှိခြင်းကို ထပ်မံ၍ အလိုမရှိခဲ့တော့ပါ။ ၎င်းအစား၊ သူသည် သူ၏ ဝိညာဉ် ကောင်စီ အဖွဲ့ဝင်များအား တိုင်းနိုင်ငံ တစ်ခုစီအပေါ်၌ သဘာဝလွန် အုပ်စိုးသူများအနေဖြင့် တာဝန်လွှဲပြောင်းပေးအပ်ခဲ့ပါသည် (တရား ၄း၁၉-၂၀၊ ၃၂း၈-၉)။ ထို့နောက် ဘုရားသခင်သည် အာဗြဟံကို ခေါ်ယူပြီး၊ သူနှင့် သူ၏ အလွန် အိုမင်းနေသော ဇနီးသည် စာရာကို သားတစ်ယောက် ရရှိစေရန် ပြုလုပ်ပေးခဲ့ပါသည်။ အာဗြဟံ၏ သားမြေးစဉ်ဆက်တို့သည် ဣသရေလလူမျိုးနွယ် ဖြစ်လာပါလိမ့်မည်၊ ထို့နောက် ဘုရားသခင်သည် သူတို့နှင့်သာ တိုက်ရိုက် ဆက်သွယ်ခဲ့ပါသည်။

ဘုရားသခင်၏ ကောင်စီမှ ဝိညာဉ် ခေါင်းဆောင်များသည် ဖောက်ပြန်လာခဲ့ကြသည်ဟု ဆာလံ ၈၂ တွင် ကျွန်ုပ်တို့ သင်ယူခဲ့ရပါသည်။ သူတို့သည် ဘုရားသခင် စကားကို မလိုက်နာခဲ့ကြပါဘူး။ သူတို့သည် မတရားမှုကို ခွင့်ပြုခဲ့ကြပါတယ်။ လူသားများသည် အမြင့်ဆုံးသော ဘုရားသခင်အစား သူတို့ကို စတင်၍ ဝတ်ပြုကိုးကွယ်ခဲ့ကြပါတယ်။ သူတို့သည် ဘုရားသခင်နှင့် သူ၏ ဣသရေလ နိုင်ငံ၏ ရန်သူများ ဖြစ်လာခဲ့ကြပါသည်။ ထို လူမျိုး အချို့တို့သည် ယခုအခါ ခါနာန်ပြည်ထဲတွင် နေထိုင်ကြပြီး၊ ဘုရားသခင်က ခါနာန်ပြည်ကို ဣသရေလလူမျိုးတို့အား ပေးရန် ကတိပြုထားပြီဖြစ်သောကြောင့်၊ ကြီးမားသော ပြဿနာ တစ်ခု ရှိလာခဲ့ပါသည်။ ထိုလူမျိုးများနှင့် ၎င်းတို့၏ ဝိညာဉ်ခေါင်းဆောင်များသည် ဘုရားသခင်နှင့် သူ၏ နိုင်ငံရဲ့ရန်သူများ ဖြစ်လာခဲ့ကြပါသည်။ သူတို့သည် ဘုရားသခင်ကို နာခံရန်နှင့် ဣသရေလလူမျိုးတို့အား နယ်မြေကို ပိုင်ဆိုင်ခွင့်ပြုရန် ငြင်းဆန်ခဲ့ကြပါသည်။ ထိုအစား သူတို့သည် ဣသရေလလူမျိုးတို့နှင့် ဘုရားသခင်၏ အစီအစဉ်ကို ဖျက်ဆီးရန် စတင် တိုက်ခိုက်လာခဲ့ကြပါသည်။ ထို့ကြောင့် ထိုအရာသည် ဖြစ်ပျက်ခဲ့သော စစ်ပွဲနှင့် သတ်ဖြတ်မှု အားလုံးကို နားလည်သဘောပေါက်ရန် သင် ကြိုးစားသောအခါ သတိယရန် ပထမဦးဆုံးသော အကြောင်းအရင်း ဖြစ်ပါသည်။

ဒုတိယ အကြောင်းအရင်းမှာ ဣသရေလလူမျိုးတို့အတွက် ပိုလို့ပင် ကြောက်စရာကောင်းပါသည်။ ၎င်းကို ဣသရေလလူမျိုးတို့ ကတိတော် နယ်မြေ၊ ခါနာန်ပြည်၏ နယ်နိမိတ်သို့ ဦးဆုံး ရောက်ရှိခဲ့သောအခါ၌ ဖြစ်ပျက်ခဲ့သည့် အရာအားဖြင့် အကောင်းဆုံး ရှင်းပြထားပါသည်။ မောရှေသည် ခါနာန်ပြည်ထဲသို့ သူလျှို တစ်ဆယ့်နှစ်ယောက်အား ထိုပြည်၏ နယ်မြေအကြောင်းနှင့် နေထိုင်သူများအကြောင်းကို စူးစမ်းလေ့လာရန် စေလွှတ်ခဲ့ပါသည်။ သူလျှိုတို့ဟာ နယ်မြေသည် နှစ်သက်

ဖွယ်ရာဖြစ်ပြီး အလွန် အကျိုးဖြစ်ထွန်းကြောင်း သက်သေအထောက်အထားနှင့်တကွ ပြန်လာခဲ့ကြပါသည်။ "၎င်းသည် နို့နှင့် ပျားရည်စီးသော ပြည်ဖြစ်သည်" ဟု သူတို့က ပြောဆိုခဲ့ကြပါတယ်။ ၎င်းသည် ဘုရားသခင် သူတို့ကို ပြောထားသည့်အတိုင်း ကောင်းမွန်သော နေရာ တစ်ခု ဖြစ်ပါသည် (တော ၁၃း၂၇)။ ဒါပေမဲ့ သူတို့က ကြီးမားသော ပြဿနာ တစ်ခုကို အစီရင်ခံခဲ့ကြပါတယ် - "ငါတို့သွား၍ စူးစမ်းသောပြည်သည် မိမိသားတို့ကို ဖျက်ဆီးတတ်၏။ ငါတို့ တွေ့မြင်သော ပြည်သားအပေါင်းတို့သည် အလွန်အရပ်မြင့်ကြ၏။ ကိုယ်ကြီးသောလူမျိုးနွယ် အာနကမျိုးနွယ်ဖြစ်၍၊ အလွန်ကြီးမားသော သူတို့ကိုလည်း မြင်ခဲ့ကြပြီ။ သူတို့ရှေ့မှာ ငါတို့သည် ကိုယ်အထင်တိုင်းနှံ ကောင်ကဲ့သို့ ဖြစ်ကြ၏" (တော ၁၃း၃၂-၃၃)။

ကျွန်ုပ်တို့သည် ကိုယ်ကြီးသော လူမျိုးနွယ် အာနက မျိုးနွယ် (Nephilim) အကြောင်းကို ယခင်က ပြောဆိုခဲ့ပြီးဖြစ်ပါတယ်။ သူတို့သည် ဘုရားသခင်၏ ပုန်ကန်သူ သားတော်များနှင့် လူသားမျိုးနွယ်၏ သမီးများ၏ ယုတ်ညံ့သော သားမြေးစဉ်ဆက်များ ဖြစ်ကြပါသည် (က ၆း၁-၄)။ ကိုယ်ကြီးသော လူမျိုးနွယ် အာနက မျိုးနွယ်တို့သည် မူလ Nephilim တို့၏ သားမြေးစဉ်ဆက်များ ဖြစ်ကြပါသည်။ ၎င်းတို့ အများအပြားသည် ခါနာန်ပြည် တစ်လျှောက်၌ နေထိုင်ခဲ့ကြပါသည်။ သူတို့သည် ထိုနေရာရှိ အခြားသော လူမျိုးနွယ်များနှင့် မြို့များအကြားတွင် ရောထွေးနေထိုင်ခဲ့ကြပါသည်။ ဣသရေလလူမျိုးတို့သည် ထိုနယ်မြေကို သိမ်းပိုက်ဖို့ရန် ၎င်းတို့အား လုံးလုံးလျားလျား အနိုင်ယူခဲ့ရပါမည် (တော ၁၃း၂၈-၂၉)။ မကောင်းသော ဝိညာဉ် အုပ်စိုးသူများ၏ ထိန်းချုပ်မှုအောက်၌ရှိသော နယ်မြေကို သိမ်းပိုက်ဖို့ရန် ရည်မှန်းချက်မှာ ယခင်က ခက်ခဲခဲ့ပုံရှိခဲ့ပါသည်။ ယခုအခါ ဤမကောင်းသော လူဘီလူးကြီးများကို အနိုင်ယူဖို့ရန် မဖြစ်နိုင်တော့မည့် ပုံပေါ်နေခဲ့ပါသည်။ စစ်ပွဲကို အနိုင်ရဖို့ရန်၊ စစ်မက်ရေးရာ လေ့ကျင့်မှု ဘာတစ်ခုမှမရှိသော သိပ်မကြာသေးမီကမှ ကျွန်များဖြစ်ခဲ့ကြသည့် ဣသရေလ လူမျိုးတို့သည်၊ ရောမ အရွယ်အစားရှိသည့် သန်မာသော စစ်သူရဲများကို တိုက်ခိုက်ခဲ့ကြရပါလိမ့်မည်။

ဘုရားသခင်က ဣသရေလလူမျိုးတို့အား အာနက လူဘီလူးကြီးများအား အရေးနိမ့်စေရာတွင် အကူအညီပေးမည်ဟု သူလျှို တစ်ဆယ့်နှစ်ဦးထဲမှ နှစ်ဦးကသာလျှင် (ယောရှုနှင့် ကာလက်) ယုံကြည်ခဲ့ကြပါသည်။ သူတို့သည် သေချာပေါက် ရှုံးနိမ့်မည်ဟု အခြားသော သူလျှို ဆယ်ဦးက လူအားလုံးကို သွေးဆောင်ခဲ့ပါတယ်။ ဖာရောနှင့် မြေကြီးပေါ်တွင် အင်အားအကြီးဆုံးဖြစ်သည့် အီဂျစ်ပြည်ကို ဘုရားသခင်က ဖျက်ဆီးခဲ့ပြီးသည်ကို သတိယရမည့်အစား၊ လူတို့သည် ကြောက်ရွံ့တုန်လှုပ်နေခဲ့ကြပါသည်။ "ထိုပြည်သားတို့ကို ငါတို့မတိုက်နိုင်။ သူတို့သည် ငါတို့ထက်သာ၍ အားကြီးကြသည်" ဟု သူတို့က ညည်းညူခဲ့ကြပါတယ် (တော ၁၃း၃၁)။

"ထာဝရ ဘုရားကလည်း၊ ဤလူမျိုးသည် ဘယ်မျှကာလပတ်လုံး ငါ့ကို မရိုမသေပြုကြလိမ့်မည်နည်း။ သူတို့၌ ငါပြခဲ့ပြီးသမျှသော နိမိတ်လက္ခဏာတို့ကို မြင်ရသော်လည်း၊ ဘယ်မျှကာလပတ်လုံး ငါ့ကို မယုံဘဲနေကြလိမ့်မည်နည်း" (၁၄း၁၁)။ အမှန်စင်စစ်၊ ဘုရားသခင်သည် အလွန် စိတ်ဆိုးခဲ့ပါတယ်။ ထို့ကြောင့် သူသည် ဗာဗုလုန်ရဲတိုက်၌ လူမျိုးနွယ်တို့အား ထိုစဉ်အခါက သူ လုပ်ဆောင်ခဲ့သည့်အတိုင်း သူတို့ကို သား၏အရာကိုနှုတ်မည်ဟု ခြိမ်းခြောက်ခဲ့ပါတယ်။ ဘုရားသခင်က သူသည် ဤတစ်ကြိမ်၌ မောရှေအားဖြင့်၊ နောက်တစ်ဖန် လူမျိုးနွယ်အသစ်ကို အစပြုနိုင်ကြောင်း ပြောဆိုခဲ့ပါတယ်။ ဘုရားသခင်က၊ "သူတို့ကို ကာလနာဘေးဖြင့် ငါသည် ဒဏ်ခတ်၍ သား၏အရာကို နှုတ်မည်။ သူတို့ထက် သင့်ကို သာ၍ စည်ပင်သော အမျိုး၊ သာ၍ တန်ခိုးကြီးသော အမျိုး ဖြစ်စေမည်ဟု မောရှေအား မိန့်တော်မူ၏" (တော ၁၄း၁၂)။

မောရှေသည် ဘုရားသခင်ကို သူ၏ မူလ အစီအစဉ်တိုင်း ဆက်လက်လုပ်ဆောင်ရန် တောင်းပန်ခဲ့ပါတယ် (တော ၁၄း၁၃-၁၉)။ ဘုရားသခင်ကလည်း သဘောတူညီခဲ့ပါသည်၊ ဒါပေမဲ့ သူသည် လူတို့၏ မယုံကြည်မှုကို လစ်လျူမရှုခဲ့ပါ။ လူတို့အား ဤအရာမှ သင်ခန်းစာ တစ်ခု ပေးဖို့လိုအပ်ခဲ့ပါသည်။ ၎င်းသည် ပြင်းထန်ပါလိမ့်မည်။ ဘုရားသခင်က မောရှေကို မိန့်တော်မူခဲ့ပါတယ် -

> ထာဝရဘုရားက၊ သင်တောင်းပန်သည့်အတိုင်း ငါလွှတ်၏။ ငါအသက်ရှင်သည်ဖြစ်၍၊ ထာဝရဘုရား၏ ဘုန်းတော်သည် မြေတစ်ပြင်လုံး၌ ပြန့်နှံ့လိမ့်မည်။ ငါ့ဘုန်းတော်ကိုငင်း၊ အဲဂုတ္တုပြည်မှစ၍ ဤတော၌ ထူးဆန်းသော တန်ခိုးတော်ကိုငင်း မြင်ရသောလူအားလုံးတို့သည် ငါ့စကားကို နားမထောင်၊ ဆယ်ကြိမ်တိုင်အောင် ငါ့ကို စုံစမ်းသောကြောင့်၊ သူတို့ဘိုးဘေးတို့အား ငါကျိန်ဆိုသောပြည်ကို အကယ်စင်စစ် သူတို့သည် မမြင်ရကြ။ ငါ့ကို မရိုမသေပြုသောသူ တစ်စုံတစ်ယောက်မျှ မမြင်ရ ..........
>
> သင်သည် သူတို့အား ဆင့်ဆိုရမည်မှာ၊ ထာဝရဘုရားက၊ ငါ အသက်ရှင်သည်ဖြစ်၍၊ သင်တို့သည် ငါ့ကို ကြားစေခြင်းငှါ ပြောကြသောစကားအတိုင်း သင်တို့ကို ငါ ပြုမည်။ သင်တို့ကို ရေတွက်၍ စာရင်းယူသည်အတိုင်း အသက် နှစ်ဆယ်လွန်သောသူ၊ ငါ့ကို ပြစ်တင်၍ မြည်တမ်းသောသူ အားလုံးတို့သည် သေ၍ ဤတော၌ အသေကောင် ဖြစ်လျက် နေရစ်ကြလိမ့်မည်။ ငါသည် ဤမည်သောပြည်၌ သင်တို့ကို နေရာ ချမည်ဟု ငါကျိန်ဆို၏။ ထိုပြည်သို့ ယေဖုန္နာ၏သား ကာလက်၊ နန်၏သား ယောရှုမှတစ်ပါး အဘယ်သူမျှ မရောက်ရ။ ရန်သူ လုယူရာ ဖြစ်လိမ့်မည်ဟု သင်တို့ဆိုသော သူငယ်တို့ကို ငါဆောင်သွင်း၍ သင်တို့ ပယ်သောပြည်ကို သူတို့သည် သိရကြလိမ့်မည်။ (တော ၁၄း၂၀-၃၁)။

"ဆယ်ကြိမ်" သည် ထိုအချိန်ကာလ၌ "အကြိမ်ကြိမ်" ဟု အဓိပ္ပါယ်ရသော တင်စားချက်သာ ဖြစ်ပါသည် (က ၃၁း၇၊ ယောဘ ၁၉း၃)။ ယခုထိတိုင်အောင် ဘုရားသခင်သည် သူတို့၏ ညည်းတွားမှု

များကို သည်းခံခဲ့ပါသည်။ အီဂျစ်ပြည်၏ ကျွန်များ မဟုတ်ကြတော့သည်ကို ကျေးဇူးတင်ရမည့် အစား၊ သူတို့သည် ပြင်းထန်စွာ ညည်းညူးခဲ့ကြပါသည်။ သူတို့ဟာ သူတို့ စားရမည့် အစားအစာ အတွက် ညည်းတွားခဲ့ကြပါသည် (တော ၁၁း၁-၁၄၊ ၃၁း၃၅)။ သူတို့သည် ဘုရားသခင် ရွေးချယ် ပေးထားသော ခေါင်းဆောင် မောရှေအကြောင်း ညည်းညူးခဲ့ကြပါတယ် (တော ၁၂း၁-၁၆)။ သို့ သော်လည်း ဘုရားသခင်၏ အမျက်ဒေါသသည် ယခု ကုန်ဆုံးသွားပြီဖြစ်ပါတယ်။ ယခုအခါ သူတို့ ၏ မယုံကြည်မှုသည် ကြောက်စရာကောင်းသော ပြစ်ဒဏ်ပေးခြင်းကို ကြုံတွေ့ရပါလိမ့်မည်။ ဣသ ရေလလူမျိုးတို့သည် နှစ်ပေါင်း လေးဆယ်ကြာအောင် တောကန္တာရထဲတွင် လှည့်ပတ်သွားလာခဲ့ကြ ပါသည်။ ရှည်လျားသော အချိန်ကို သတ်မှတ်ထားခဲ့ပါသည်၊ သို့မှသာလျှင် ယုံကြည်မှုမရှိ၍ ညည်း တွားခဲ့သော သူတို့သည် အိုမင်းလာပြီး၊ သေဆုံးသွားကြပါလိမ့်မည်။

## ဒုတိယမြောက် အခွင့်အရေး

နှစ်ပေါင်း လေးဆယ်ကြာပြီးနောက်တွင် ဘုရားသခင်သည် ဣသရေလလူမျိုးတို့အား သူ့ကို ယုံ ကြည်ကိုးစားရန်နှင့် ကတိတော် နယ်မြေကို သိမ်းပိုက်ရန် ဒုတိယမြောက် အခွင့်အရေး တစ်ခု ပေးပါလိမ့်မည်။ <u>တရားဟောရာကျမ်း ၂-၃</u> က နှစ်ပေါင်း လေးဆယ်ကြာ လှည့်လည်သွားလာသည့် အချိန်အတောအတွင်းရှိ ၎င်းတို့၏ ခရီးစဉ်အကြောင်းကို ပြောပြထားပါတယ်။ နှစ်ပေါင်း လေးဆယ် ၏အဆုံးပိုင်း၌ ဣသရေလလူမျိုးတို့သည် ထရမ်စ်ဂျော်ဒန် (Transjordan) ဟုခေါ်သော နယ်မြေ တစ်ခုတွင်ရှိသည့် ယောဒန်မြစ်၏ အရှေ့ဘက်ခြမ်းတွင် ရောက်ရှိနေခဲ့ကြပါသည်။ ကတိတော် နယ်မြေသည် ယောဒန်မြစ်၏ အနောက်ဘက်၌ တည်ရှိပါသည်။ ထရမ်စ်ဂျော်ဒန် နယ်မြေ၏ အရှေ့ဘက်တွင် ထိုနေရာ၌ နေထိုင်သော မျိုးနွယ်စု သုံးစု ရှိခဲ့ကြပါသည်။ ဧဒုံ၊ မောဘနှင့် အာမွန် တို့သည် ထိုလူမျိုးနွယ်များ ဖြစ်ခဲ့ကြပြီး၊ သူတို့သည် အာဗြဟံ၏ တူဖြစ်သော လောတ၏ သားမြေး များဖြစ်ခဲ့ကြပါသည်။ ဘုရားသခင်က ဤနယ်မြေကို ဤမျိုးနွယ်များထံ ပေးအပ်ထားခဲ့ပါသည်။ ထို နေရာတွင် နေထိုင်ခဲ့သော လူအများစုသည် ဣသရေလလူမျိုးတို့၏ ဆွေမျိုးများ ဖြစ်ခဲ့ကြပါသည်။ သို့ရာတွင် အားလုံးလိုလို မဟုတ်ခဲ့ပါ။

ဘုရားသခင်က မောရှေကို တိကျသော ရည်ရွယ်ချက် တစ်ခုအတွက် ဤနယ်မြေဘက်သို့ လမ်း ညွှန်ခဲ့ခြင်း ဖြစ်ပါတယ်။ ၎င်းသည် ဣသရေလလူမျိုးတို့၏ ဆွေမျိုးများအား သွားရောက်၍ လည် ပတ်ခြင်းမျိုး မဟုတ်ခဲ့ပါ။ ဣသရေလလူမျိုးတို့သည် မြောက်ဘက်ခြမ်းထက် ပို၍ဝေးသော၊ အာမွန် ကို ကျော်လွန်ပြီး ဗာရှန်ပြည်ဟု ကျော်ကြားသော နယ်မြေအထဲသို့ ခရီးထွက်ခဲ့ကြပါသည်။ ထိုနေ ရာသည် ကြောက်စရာကောင်းသော ဂုဏ်သတင်း တစ်ခု ရှိခဲ့ပါသည်။ ရှေးဟောင်း အချိန်ကာလ များ၌၊ ဗာရှန်ပြည်သည် "မြွေကြီး၏ နေရာ" ကဲ့သို့ လူသိများခဲ့ပါသည်။ ၎င်း၏ အကြီးဆုံးသော မြို့

ကြီး နှစ်မြို့ကို Ashtaroth နှင့် Edrei ဟု အမည်ပေးခဲ့ပါသည်။ (တရား ၁း၄၊ ယောရှု ၁၃း၁၂)။ ဤမြို့ကြီးများသည် လူသေတို့၏ မြေအောက် ကမ္ဘာထဲသို့ သွားရာ တံခါးပေါက်များ ဖြစ်ခဲ့ကြသည်ဟု လူတို့က ယုံကြည်ခဲ့ကြပါသည်။ ဘုရားသခင်သည် ဣသရေလလူမျိုးတို့အား ငရဲ၏ တံခါးပေါက်များဖြစ်ကြသည်ဟု ယုံကြည်ထားသည့် အရာဆီသို့ လမ်းပြပို့ဆောင်ပေးခဲ့ပါတယ်။

သို့သော်လည်း သူတို့ကို ကြောက်လန့်စေရန် ပို၍ပင် များပြားသော အရာများသည် ထိုနေရာ၌ ရှိနေခဲ့ပါသည်။

ဘုရားသခင်သည် ဣသရေလလူမျိုးတို့အား ရှိဟုန်နှင့် ဩဃ၊ ရှင်ဘုရင် နှစ်ပါး၏ စစ်တပ်များကို တိုက်ခိုက်ရန် ဤနေရာသို့ ခေါ်ဆောင်လာခဲ့ပါသည်။ ထိုရှင်ဘုရင် နှစ်ပါးသည် အာမောရိ လူမျိုးများဟု ခေါ်သော လူမျိုးနွယ်စုတို့၏ ခေါင်းဆောင်များ ဖြစ်ခဲ့ကြပါသည်။ သမ္မာကျမ်းစာကလည်း ၎င်းတို့ကို ဧမိမ်အမျိုးဟု ခေါ်ဆိုထားပါသည်။ <u>တရားဟောရာကျမ်း ၂း၁၁</u> တွင် အာနက လူမျိုးတို့ကိုလည်း ဧမိမ်အမျိုးအဖြစ် သတ်မှတ်ထားခဲ့သည်ဟု ဆိုထားပါသည်။ ဤလူတို့သည် ဣသရေလလူမျိုး သူလျှို ဆယ်ယောက်ကို အလွန် ကြောက်လန့်သွားစေခဲ့သည့် တူညီသော လူကောင်ကြီး အမျိုးအနွယ်ဖြစ်ပါသည်။ ထို့ကြောင့် ဣသရေလလူတို့သည် ဘုရားသခင်ကို ယုံကြည်ကိုးစားရန် ငြင်းဆန်ခဲ့ကြပါတယ် (တော ၁၃း၃၂-၃၃)။ ထို့နောက် ကျန်သော လူများကလည်း သူလျှို ဆယ်ယောက်နောက်ကို လိုက်ခဲ့ကြပါတယ်။ ထိုအရာက သူတို့ကို တောကန္တာရထဲတွင် နှစ်ပေါင်းလေးဆယ်ကြာ ပြစ်ဒဏ်ပေးခံရခြင်းကို ဖြစ်ပေါ်စေခဲ့ပါတယ်။

အဘယ်ကြောင့် ဘုရားသခင်သည် ယခုအခါ တူညီသော အင်အားကြီးသော ရန်သူကို ရင်ဆိုင်ရန် သူတို့ကို ခေါ်ဆောင်လာခဲ့ပါသလဲ။ ဣသရေလလူမျိုးတို့သည် နယ်မြေကို သိမ်းပိုက်ရမည်ဆိုပါက ဤကြီးမားသော ရန်သူတို့ကို စစ်ပွဲတွင် အကြိမ်ပေါင်းများစွာ ရင်ဆိုင်ရပါမည်။ ဣသရေလလူမျိုးတို့သည် ယောဒန်မြစ်ကို ဖြတ်၍ အနောက်ဘက်သို့ သွားပြီး၊ ဘုရားသခင်က သူတို့ကို ပေးထားသော နယ်မြေအား သိမ်းယူရန် တိုက်ခိုက်ရပါလိမ့်မည်။ ဘုရားသခင်သည် သူ၏လူမျိုးများကို စမ်းသပ်နေခဲ့ခြင်းဖြစ်ပါတယ်။ ဒီတစ်ကြိမ်တွင် သူတို့သည် သူ့ကို ယုံကြည်ကိုးစားပြီး တိုက်ခိုက်ကြမည်လော။ ဩဃနှင့် ရှိဟုန်အပေါ်ရှိ အောင်မြင်မှုသည် သူတို့ စတင်နေခဲ့သည့် စစ်ပွဲအတွက် သူတို့ကို ဘုရားသခင်ထံ၌ စိတ်ချယုံကြည်မှုနှင့် ယုံကြည်မှုအား ပေးပါလိမ့်မည်။

ဣသရေလလူမျိုးတို့သည် အစောပိုင်း နှစ်များက ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြပါသည်။ သို့သော်လည်း သူတို့၏ ဆုံးဖြတ်ချက်သည် ဤတစ်ကြိမ်တွင် ကွဲပြားသွားခဲ့ပါသည်။ ဘုရားသခင်သည် သူတို့ကို ကူညီ တိုက်ခိုက်ပေးလိမ့်မည်ဟု သူတို့က ယုံကြည်ကိုးစားခဲ့ကြပါတယ်။ မောရှေ ဆိုထားသကဲ့သို့၊ "ငါတို့ ဘုရားသခင် ထာဝရဘုရားသည် ထိုမင်းကို ငါတို့၌အပ်တော်မူသဖြင့် သူမှစ၍သားများ၊ လူများအပေါင်းတို့ကို ငါတို့သည် လုပ်ကြံကြ၏ ..... ထိုသို့ ငါတို့ ဘုရားသခင် ထာဝရဘုရား

သည် ဗာရှန်ရှင်ဘုရင် ဩဃနှင့် သူ၏လူအပေါင်းတို့ကို ငါတို့လက်၌ အပ်တော်မူသဖြင့်၊ တစ်ယောက်မျှ မကြွင်းစေခြင်းငှါ လုပ်ကြံကြ၏" (တော ၂း၃၃၊ ၃း၃)။ ပရောဖက် အာမုတ်က ဤတိုက်ပွဲအကြောင်းကို နှစ်ပေါင်းများစွာကြာပြီးနောက်တွင် ရေးသားခဲ့ပါသည်။ အာမုတ်က တိုက်ပွဲ၏ ရလဒ်များကို ဤကဲ့သို့ ဖော်ပြခဲ့ပါသည် - "အာရဇ်ပင်အရပ်နှင့်အမျှ မြင့်၍ သပိတ်ပင်ကဲ့သို့ ခိုင်မာသော အာမောရိအမျိုးသင်တို့ရှေ့မှာ ငါပယ်ရှား၍ အထက်၌ သူ၏အသီးကိုငှင်း၊ အောက်၌ သူ၏ အမြစ်ကိုငှင်း ငါဖျက်ဆီးပြီ" (အာမုတ် ၂း၉)။

သူတို့၏ ဒုတိယမြောက် အခွင့်အရေးကို စတင်ခြင်းသည် ခက်ခဲသော စမ်းသပ်မှု တစ်ခု ဖြစ်ခဲ့ပါသည်။ သူတို့သည် သူတို့၏ ကြောက်ရွံ့ခြင်းကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဘုရားသခင်က တောင်းဆိုခဲ့ပါသည်။ သူတို့၏ မိဘများသည် သူတို့၏ စမ်းသပ်မှုကို ကျရှုံးခဲ့ကြပါသည်။ ယခုအခါ သူတို့၏ အရွယ်ရောက်သော သားသမီးများသည် တောကန္တာရထဲတွင် နှစ်ပေါင်း လေးဆယ်ကြာ လှည့်လည်သွားလာစဉ်အတွင်း ၎င်းတို့၏ မိဘများ သေဆုံးမှုကို ဖြစ်ပေါ်စေခဲ့သည့် ထိတ်လန့်ကြောက်ရွံ့စရာများကိုပင် ရင်ဆိုင်ခဲ့ကြရပါသည်။ ဣသရေလလူမျိုးတို့၏ ဘုရားသခင်သည် ၎င်းတို့ လွတ်မြောက်စေဖို့ရန်အတွက် ပင်လယ်နီကို နှစ်ခြမ်းကွဲစေခဲ့ပြီးနောက် အီဂျစ် စစ်တပ်က ၎င်းကို ဖြတ်သွားရန် ကြိုးစားခဲ့သောအခါတွင် သူတို့ကို ဖျက်ဆီးခဲ့ပါတယ်။ ဣသရေလလူမျိုးတို့သည် ဘုရားသခင်ကို သတိယပြီး ယုံကြည်ကိုးစားဖို့ လိုအပ်ခဲ့ပါတယ်။

## "ဖျက်ဆီးဖို့ရာအတွက် ကတိပြုခြင်း"

ဣသရေလလူမျိုးတို့သည် ရှိဟုန်နှင့် ဩဃတို့ကို စစ်ပွဲတွင် အနိုင်ရရှိခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်တို့သည် ဣသရေလလူမျိုးများက အသက်အရွယ်မရွေးဘဲ လူတိုင်းကို သတ်ဖြတ်ရသည့် အချို့သော မြို့များကို စစ်ပွဲသည် အဘယ်ကြောင့် ထည့်သွင်းလိမ့်မည်ဆိုသည့်အကြောင်းအရာကို ကျွန်ုပ်တို့ စတင်၍ နားလည်သဘောပေါက်နိုင်ပါသည်။ ဖေမ်ဟုခေါ်သော၊ အချို့မြို့များသည် လူဘီလူးကြီးများအတွက် နေအိမ် ဖြစ်ခဲ့ပါသည်။ ဤမြို့များကို ဖျက်ဆီးဖို့ရာအတွက် ကတိသစ္စာပြုထားခဲ့ပါသည် (တရား ၃း၆)။ အကြောင်းအရင်မှာ ကလဲ့စားချေခြင်း မဟုတ်ခဲ့ပါ။ ရည်မှန်းချက်မှာ နီဖလင် (Nephlim) မျိုးနွယ်၏ သားမြေးစဉ်ဆက်များကို အမြစ်ပါမကျန်ရှင်းပစ်ရန် ဖြစ်ခဲ့ပါသည်။ လူဘီလူးကြီးများသည် မကောင်းသော သက်ရှိ နတ်ဆိုးများ၏ သားမြေးစဉ်ဆက်များ ဖြစ်ခဲ့ကြသည်ကို ဣသရေလလူမျိုးတို့သည်  နားလည်ခဲ့ကြပါသည်။ ၎င်းတို့ကို ဘုရားသခင်၏ ပုန်ကန်သူဝိညာဉ် သားတော်များက မွေးထုတ်ခဲ့ကြပါသည် (က ၆း၁-၄)။ ဣသရေလလူမျိုးတို့သည် သဘာဝလွန်ဖြစ်သော မကောင်းမှုသည် သူတို့၏ အမွေအနှစ် ဖြစ်သည့်  လူဘီလူးကြီးများနှင့် အတူတကွနေထိုင်ရန်မှာ မဖြစ်နိုင်ပါ။

စစ်ပွဲပြီးနောက်တွင်၊ ဣသရေလလူမျိုးတို့သည် ယောဒန်မြစ်ကို ချက်ချင်း မကျော်ဖြတ်ခဲ့ကြပါ။ ထို အချိန် မောရှေသည် သေဆုံးသွားခဲ့ပြီး၊ ဣသရေလလူမျိုးတို့၏ ခေါင်းဆောင်အရာကို ယောရှုထံသို့ လွှဲပြောင်းပေးခဲ့ပါသည်။ ယောရှုသည် ကတိတော် နယ်မြေကို သိမ်းယူဖို့ရန် စစ်ပွဲကို ဦးဆောင်ရ မည့် ဗိုလ်ချုပ်ကြီး ဖြစ်ခဲ့ပါသည်။ စစ်ပွဲကို ဤ အခန်းထဲတွင် ကျွန်ုပ် ရေးသားခဲ့သည့် အကြောင်း အရာ နှစ်ခုက ဦးဆောင်သွားခဲ့ပါသည် - ပထမမှာ၊ ရန်သူ မျိုးနွယ်များနှင့် ၎င်းတို့၏ ပုန်ကန်သူ ဘုရားများကို မောင်းထုတ်ပါ၊ ဒုတိယမှာ၊ လူဘီလူးကြီးများနှင့် ၎င်းတို့၏ သားမြေးများ အားလုံးကို သတ်ဖြတ်ပစ်ပါ။

အကယ်၍ ကျွန်ုပ်တို့သည် ကတိတော် နယ်မြေကို သိမ်းယူဖို့ရန် စစ်ပွဲအတွက် ဦးဆောင်လမ်းပြ ပေးသော အကြောင်းရင်း နှစ်ချက်ကိုသာ နားလည်ထားပါက၊ ၎င်းဟာ သန့်ရှင်းသော စစ်ပွဲ တစ်ခု ဖြစ်ကြောင်း ကျွန်ုပ်တို့ သိမြင်ရပါသည်။ အမှောင်လောက၏ ဝိညာဉ် စွမ်းအားများနှင့် သဘာဝ ရန်သူများနှင့် ဆန့်ကျင်ယှဉ်ပြိုင်ရသည့် စစ်ပွဲ တစ်ပွဲ ဖြစ်ပါသည်။ များစွာသော ဝိညာဉ်များနှင့် လူ သားများသည် သူပုန် ဝိညာဉ် ခေါင်းဆောင်များ၏ အုပ်စိုးမှုအောက်၌ရှိသော ရှိခဲ့ကြပါသည်။ ယုတ် ညံ့ပြီး ဘုရားသခင်၏ အကြံစည်တော်ကို တိုက်ခိုက်သည့် စစ်မှန်သော သက်ရှိများစွာ ဝိညာဉ် ရှိ သည်ဟု သမ္မာကျမ်းစာက ဆိုထားပါသည်။

စစ်ပွဲအတွက် ဤအကြောင်းရင်းများကို ယောရှုမှတ်စာ ၁၁း၂၁-၂၂ တွင် ကောင်းစွာ အကျဉ်းချုပ် ထားပါသည် -

> ထိုကာလအခါ ယောရှုသည် ချီသွား၍၊ အာနကလူတို့ကို တောင်ပေါ်အရပ် ဟေဗြုန်မြို့၊ ဒေဗိရမြို့၊ အာနပ်မြို့၊ ယုဒတောင်၊ ဣသရေလတောင်ရှိသမျှတို့မှ ပယ်ရှား၍၊ သူတို့မြို့များ နှင့်တကွ ရှင်းရှင်းဖျက်ဆီးလေ၏။ ဂါဇမြို့၊ ဂါသမြို့၊ အာဇုတ်မြို့မှတစ်ပါး၊ ဣသရေလတိုင်း နိုင်ငံတွင် ကျန်ကြွင်းသော အာနကလူတစ်ယောက်မျှမရှိ။

## အဘယ်ကြောင့် ဤအရာသည် အရေးပါမှုရှိပါသလဲ

ယောရှု၏ စစ်ပွဲသည် အများအားဖြင့် အောင်မြင်မှုရရှိခဲ့ပါသည်၊ ဒါပေမဲ့ ၎င်းသည် အပြည့်အဝ စုံလင်မှုမရှိခဲ့ပါ။ လူဘီလူးကြီး အချို့သည် လွတ်မြောက်သွားခဲ့ပြီး၊ ထိုနယ်မြေကို စွန့်ခွာသွားခဲ့ကြ ပါသည်။ ထိုအရာသည် အရေးကြီးတဲ့ပုံမပေါ်ခဲ့ပါ။  ဒါပေမဲ့ ၎င်းဟာ နောင်အချိန်၌ လူဘီလူးကြီး များနှင့် ပို၍များသော ပြဿနာများ ရှိလာလိမ့်မည်ဟု ညွှန်ပြနေပါသည်။ အချို့သော လူဘီလူးကြီး

များသည် ဂါသသို့ ထွက်ပြေးသွားခဲ့ကြပါသည်။ ဂါသသည် ဖိလိတ္တိလူမျိုးတို့၏ မြို့တစ်မြို့ ဖြစ်ခဲ့ပါသည် (ယောရှု ၁၃း၃)။ ဂါသသည် အလွန် ငယ်ရွယ်သော လူငယ်လေး တစ်ဦးအနေဖြင့် ဒါဝိဒ် တိုက်ခိုက်ခဲ့သော ဂေါလျတ်၏ မွေးရပ်မြေ ဖြစ်ခဲ့ပါသည် (၁ ရာ ၁၇း၄)။ ဂေါလျတ်သည် ဂါသတွင် နေထိုင်သည့် တစ်ဦးတည်းသော ကိုယ်ကြီးမားသောလူ မဟုတ်ခဲ့ပါ (၅ ရာ ၂၁း၅-၈)။ ဘုရားသခင်သည် လူဘီလူးကြီးများ အားလုံးကို ကတိတော် နယ်မြေအတွက် စစ်ပွဲအတောအတွင်းတွင် လုပ်ကြံသတ်ဖြတ်စေချင်ခဲ့ပါသည်။ ဣသရေလလူမျိုးတို့သည် ဤအရာကို အပြည့်အဝ လုပ်ဆောင်ခဲ့ခြင်းမရှိခဲ့သောကြောင့်၊ နောင်အချိန်၌ မကောင်းသော အကျိုးဆက်များသည် ဣသရေလလူမျိုးတို့ထံသို့ ကျရောက်ခြင်းများ ရှိလာခဲ့ပါသည်။

နောက်ဆုံးတွင် ယောရှု သေဆုံးသွားသောအခါ၌၊ အောင်ပွဲအတွက် စစ်ပွဲသည် အခြားသော နည်းလမ်းများအရလည်း စုံလင်ခြင်းမရှိခဲ့သေးကြောင်း တရားသူကြီးမှတ်စာ စာအုပ်က ကျွန်ုပ်တို့ကို ပြောပြထားပါသည်။ ရည်မှန်းချက် အားလုံးသည် ဘယ်တုန်းကမှ လုံးလုံးလျားလျား မဖြစ်မြောက်ခဲ့ပါ။ သူတို့သည် ကောင်းစွာ လုပ်ဆောင်ခဲ့ပြီးပြီဟု ဣသရေလလူမျိုးတို့သည် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ထို့နောက် သူတို့သည် အခြားသော လူမျိုးနွယ် အားလုံးကို မောင်းထုတ်ရန် ဘုရားသခင်၏ အမိန့်ကို မနာခံဘဲနေခဲ့ကြပါသည်။ မပြီးပြည့်စုံသော နာခံခြင်းသည် အမှန်စင်စစ် မနာခံခြင်းသာ ဖြစ်ပါသည်။

ဣသရေလလူမျိုးတို့သည် ဘုရားသခင်၏ ညွှန်ကြားချက်များကို ပြည့်စုံစေခြင်းမှ ရပ်နားရန် ဤဆုံးဖြတ်ချက်၏ ဆိုးဝါးသော အကျိုးဆက်များကို ရာစုနှစ်ပေါင်းများစွာ တွေ့ကြုံခံစားလျက် အချိန်ကုန်ဆုံးရပါလိမ့်မည်။ တရားသူကြီးမှတ်စာက အလွန်ဆိုးဝါးသော စက်ဝန်း တစ်ခု အကြောင်းကို ပြောပြထားပါသည်။ ဣသရေလလူမျိုးတို့သည် ၎င်းတို့အကြားတွင် ဆက်လက်တည်ရှိနေသေးသည့် အခြားသော လူမျိုးနွယ်များ၏ ဘုရားများကို စတင်၍ ဝတ်ပြုကိုးကွယ်လာခဲ့ကြပါသည်။ ထိုအခါ ဣသရေလလူမျိုးတို့သည် ရန်သူ မျိုးနွယ်များ၏ ကျူးကျော်တိုက်ခိုက်ခြင်းကိုခံခဲ့ရပါသည်။ တစ်ခါတစ်ရံ ဣသရေလလူမျိုး အားလုံးနီးပါးသည် ဘုရားကို ယုံကြည်ခြင်းနှင့် သစ္စာရှိခြင်းမှ ရပ်တန့်သွားခဲ့ပါသည်။ သူတို့၏ ယုံကြည်ခြင်းနှင့် သစ္စာရှိခြင်းသည် ဒါဝိဒ်မင်းကြီးနှင့် သူ၏ သားတော်၊ ရှောလုမုန်မင်းကြီးတို့၏ အချိန်တွင် တိုးတက်ကောင်းမွန်လာခဲ့ပါသည်။ သို့ရာတွင် ရှောလုမုန် သေဆုံးပြီးနောက်တွင်၊ ဣသရေလလူမျိုးတို့သည် ပြည်တွင်းစစ်ကြောင့် နှစ်ခြမ်းကွဲသွားခဲ့ကြပြီး၊ လူအများအပြားသည် ယုတ်ညံ့သည့် အခြားသော ဝိညာဉ် ခေါင်းဆောင်များကို စတင်၍ ဝတ်ပြုကိုးကွယ်ခဲ့ကြပါသည်။

စစ်ပွဲ၏ အောင်မြင်မှုသည် ဤ အရေးကြီးသော ကျရှုံးမှုများကြောင့် သေးသိမ်သွားခဲ့ပါသည်။ ကျရှုံးမှုသည် အောင်မြင်မှု ပုံစံပေါက်ခဲ့ရမည့်အစား နောက်ဆုံးသော ရလဒ် ဖြစ်ခဲ့ပါသည်။ ဣသရေလ

လူမျိုး မျိုးနွယ်စုအသစ်နှင့် ဒေင်ဥယျာဉ်ကို ပြန်လည်ဖန်တီးမည့် ဘုရားသခင်၏ အစီအစဉ်မှာ ကျရှုံးမှု တစ်ခု ဖြစ်ခဲ့ပါသည်။ တရားဟောရာကျမ်း ၃၂ လောကီ ရှုထောင့်အမြင်ကို သင် မှတ်မိပါ သလား။ ၎င်းက လူမျိုးနွယ်စုအားလုံးသည် ဘုရားသခင်၏ သူပုန် သားတော်များ၏ အုပ်စိုးမှု အောက်၌ ရှိကြသည်ဟု ဆိုထားပါသည်။ အခြားသော လူမျိုးနွယ်စုများထံ၌ သူ့ကို ကိုယ်စားပြု ပေးမည့် ဣသရေလလူမျိုးများအတွက် ဘုရားသခင်၏ အစီအစဉ်သည် ပျက်စီးသွားခဲ့ပါသည်။ အခြားသော လူမျိုးနွယ်စုများသည် ပုန်ကန်သူ သဘာဝလွန် ခေါင်းဆောင်များ၏ ဩဇာအာဏာ အောက်၌ ဆက်လက်တည်ရှိနေခဲ့ပါသည်။ ထိုအစား ဣသရေလလူမျိုးတို့သည် ရှုံးနိမ့်သွားပြီး၊ ၎င်း တို့၏ နယ်မြေ၏ အပြင်ဘက်ရှိ အခြားသော တိုင်းနိုင်ငံများတွင် အတင်းအဓမ္မနေထိုင်စေခဲ့ပါသည်။ ဣသရေလလူမျိုးတို့အတွက် ကတိတော် နယ်မြေသည် အခြားသော တိုင်းနိုင်ငံများ၏ အုပ်စိုးမှု အောက်နှင့် အခြားသော ဘုရားများ၏ ဩဇာအာဏာအောက်တွင် ကျရောက်သွားခဲ့ပါသည်။ ကမ္ဘာမြေကြီးနှင့်စပ်လျဉ်း၍ ဤတူညီသော နားလည်သဘောပေါက်ခြင်းသည် ဓမ္မသစ်ကျမ်း တစ် ခုလုံးတွင်လည်း ရှိပါသည်။ အထွတ်အမြတ်၊ ဩဇာအာဏာများ၊ ရာဇပလ္လင်များနှင့် တန်ခိုးအာဏာ များကဲ့သို့ ဝေါဟာရများကို ကမ္ဘာကြီး၏ တိုင်းနိုင်ငံများအား အုပ်စိုးနေသော ဤ မှောင်မိုက်၏ ပုန် ကန်သူ တန်ခိုးစွမ်းအားများကို ဖော်ပြရန် ရှင်ပေါလုက အသုံးပြုထားပါသည်။ ထို ဝေါဟာရများ တစ်ခုစီသည် တိကျသော နယ်မြေ ဒေသတစ်ခုအပေါ်ရှိ ဩဇာအာဏာရှိသူတို့ကို ရည်ညွှန်းထား သော စကားလုံး တစ်လုံး ဖြစ်ခဲ့ပါသည်။

ဣသရေလလူမျိုးတို့၏ ကျရှုံးမှု၏ အကြောင်းတရားမှာ ဘုရားသခင်အပေါ်၌ မနာခံမှုနှင့် သစ္စာမရှိ ခြင်းကြောင့် ဖြစ်ပါသည်။ လူသားများသည် အားနည်းသောသူများ ဖြစ်ကြပါသည်။ ဘုရားသခင် သည် အဘယ်ကြောင့် ကျွန်ုပ်တို့ကို သူ၏ အစီအစဉ်ထဲတွင် ထည့်သွင်းထားသည်ကိုပင် ကျွန်ုပ်တို့ တွေးတောနေနိုင်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဒေင်ဥယျာဉ်ကို ပြန်ကြည့်ပါက၊ အဘယ် ကြောင့်ဆိုသည်ကို ကျွန်ုပ်တို့ သိပါလိမ့်မည်။ ဘုရားသခင်သည် လူသားမျိုးနွယ် မိသားစု တစ်စုကို ပိုင်ဆိုင်ဖို့ရန် ဆုံးဖြတ်ထားပါသည်။ ကျွန်ုပ်တို့သည် သူ၏ပုံသဏ္ဍာန်ဆောင်သူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် မြေကြီးပေါ်ရှိ သူ၏ သားသမီးများဖြစ်ရပါမည်။ မြေကြီးကို အုပ်စိုးဖို့ရာ သူ၏အစီ အစဉ်သည် ကျွန်ုပ်တို့ကို ပါဝင်စေခဲ့ပါသည်။ အကယ်၍ ဘုရားသခင်သည် လူတို့အား အသုံးပြု ခြင်းကို ရပ်တန့်လိုက်မည်ဆိုပါက၊ သူသည် သူ၏ အစီအစဉ်ကို အကောင်ထည်ဖော်ရန် လုပ် ဆောင်နိုင်စွမ်းမရှိဟု အဓိပ္ပါယ်သက်ရောက်ပါလိမ့်မည်။ အကယ်၍ သူသည် သူ၏အစီအစဉ်ကို ရပ်နားလိုက်ပါက၊ ၎င်းသည် အစီအစဉ်မှာ အစပြုရန် မကောင်းသော အကြံအစည် တစ်ခု ဖြစ် သည်ဟု အဓိပ္ပါယ်သက်ရောက်ပါလိမ့်မည်။ ဘုရားသခင်သည် သူ၏ အစီအစဉ်ကို ပြီးမြောက်စေ နိုင်ပါသည်။ ဘုရားသခင်ထံ၌ မကောင်းသော အကြံအစည် တစ်ခု မရှိနိုင်ပါ။ ဘုရားသခင်သည် အမှားမပြုလုပ်တတ်ပါ။ သူ၏ အစီအစဉ်ကို မရပ်နားဖူးပါ။

သို့သော်လည်း ဘုရားသခင်သည် လူသားများ၏ အပြစ်နှင့် ကျရှုံးမှု၏ ပြဿနာဟောင်းကို ကိုင်တွယ်ဖြေရှင်းမည့် သူရဲ့အစီအစဉ်၏ နောက်ထပ် အပိုင်းကို စတင်ရန် ယခု အချိန်ကျရောက်ပြီဖြစ်ကြောင်း သိခဲ့ပါသည်။ လူသားများသည် ဘုရားသခင်၏ နိုင်ငံတော်အတွင်းရှိ ဒေင်ကို ပြန်လည်အစပြုခြင်းနှင့်စပ်လျဉ်း၍ ယုံကြည်ကိုးစား၍မရနိုင်ပါ။ ဘုရားသခင်သာလျှင် လုပ်ဆောင်ရန် လိုအပ်သောအရာများကို ပြီးမြောက်စေနိုင်ပါသည်။ ဘုရားသခင်သာလျှင် သူ၏ သဘောတူညီမှုများ၏ စည်းမျဉ်းများကို ဖြည့်ဆည်းပေးနိုင်ပါသည်။ ဘုရားသခင်သည် သူဖန်ဆင်းထားသော လူများကို မဖျက်ဆီးခဲ့ပါ။ ၎င်းအစား၊ ဘုရားသခင်သည် လူသား တစ်ယောက် ဖြစ်လာခဲ့ပါသည်။ ဘုရားသခင်သည် သူ၏ ပညတ်တရားများကို ပြည့်စုံစေပြီး၊ စည်းမျဉ်းများကို စောင့်ထိန်းပါလိမ့်မည်။ ဤဘုရား/လူသားသည် ထိုစဉ်က လူသားအားလုံး၏ ကျရှုံးမှုများအတွက် ပြစ်ဒဏ်ကို မိမိကိုယ်တိုင်ခံယူခဲ့ပါတယ်။ ဒါပေမဲ့ ထိုစိတ်ကူးကြည့်ရန်မဖြစ်နိုင်သော အဖြေကို ပြီးမြောက်စေခြင်းသည် ၎င်းကို လူတိုင်းထံမှ လျှို့ဝှက်ထားဖို့ လိုအပ်လိမ့်မည်ဟု အဓိပ္ပါယ်သက်ရောက်ခဲ့ပါသည်။ ဤအစီအစဉ်၏ အသေးစိတ်အချက်အလက်များကို အသိဉာဏ်ရှိသော ပုန်ကန်သူ ဝိညာဉ် ခေါင်းဆောင်များက မသိနိုင်ခဲ့ကြပါ။ သူတို့သည် ဤအစီအစဉ်ကို ဖျက်ဆီးဖို့ရန် ၎င်းတို့၏ အစွမ်းရှိသမျှနှင့် ကြိုးစားကြပါလိမ့်မည်။ အကယ်၍သာ သူတို့သည် အသေးစိတ်အချက်အလက်များကို သိထားပါက၊ ၎င်းကို ရပ်တန့်ဖို့ ကြိုးစားရာတွင် သူတို့ဟာ အောင်မြင်ကောင်းအောင်မြင်နိုင်ပါလိမ့်မည်။ ဘုရား/လူသား တစ်ယောက် ဖြစ်လာရန် ဘုရားသခင်၏ အစီအစဉ်သည် လွယ်ကူခဲ့လိမ့်မည်မဟုတ်ပါ။

# အခန်း တစ်ဆယ်

## ရိုးစင်းသော မြင်ကွင်း၌ ဖုံးကွယ်ထားခြင်း

အာဒံနှင့်ဧဝ၏ ကျရှုံးမှုပြီးနောက်တွင်၊ ဘုရားသခင်သည် ဒေင်ဥယျာဉ်အတွက် သူ၏မူလအစီအစဉ်ကို ပြန်လည်စတင်ရန် ကြိုးစားနေခဲ့ပါသည်။ သူသည် မြေကြီးအပေါ်တွင် သူ၏ ဝိညာဉ်မိသားစုနှင့် လူသား မိသားစု နှစ်ခုစလုံးနှင့်အတူ နေထိုင်ချင်ခဲ့ပါသည်။ ဘုရားသခင်သည် အာဒံနှင့်ဧဝအား များစွာသော သားသမီးကို မွေးဖွားရန်နှင့် မြေကြီးတစ်ခုလုံးတွင် ပြန့်နှံ့ရန် မိန့်တော်မူခဲ့ပါသည်။ ဤနည်းအားဖြင့် သူတို့သည် ဘုရားသခင် ပုံသဏ္ဍာန်ကိုဆောင်ပြီး သူ၏ ကောင်းမွန်သော အုပ်စိုးမှုကို မြေကြီးတစ်ခုလုံးတွင် ပြန့်နှံ့စေပါလိမ့်မည်။ ဘုရားသခင်သည် ကမ္ဘာမြေကြီးတစ်ခုလုံးကို ကောင်းကင်နှင့် မြေကြီး ဆုံတွေ့သည့် နေရာ တစ်ခုအဖြစ် အလိုရှိခဲ့ပါသည်။ ဘုရားသခင်သည် ကမ္ဘာမြေကြီး တစ်ခုလုံးကို လူသားများက သဘာဝလွန်ဖြစ်ရပ်များအား မွေ့လျော်နိုင်ပြီး၊ သဘာဝလွန်ဖြစ်ရပ်များကလည်း မြေကြီးနှင့် လူသားများကို မွေ့လျော်နိုင်သည့်နေရာအဖြစ် အလိုရှိခဲ့ပါသည်။ ဤ အစီအစဉ်သည် သဘာဝလွန်ဖြစ်သော စစ်ပွဲကြောင့် အချိန် အကြာကြီး ကြန့်ကြာနေခဲ့ရသည်ကို ကျွန်ုပ်တို့ သိထားကြပါသည်။

### ကျရှုံးမှု၏ သမိုင်းကြောင်း

လူသားများသည် အပြစ်ကျူးလွန်ခဲ့ကြပြီး၊ ဘုရားသခင်၏ မျက်မှောက်တော် ဒေင်ဥယျာဉ်ထဲမှ မောင်းထုတ်ခံခဲ့ရပါသည်။ ဒေင်ဥယျာဉ်ကို လူသားများအတွက် ပိတ်ထားပါသည်။ သဘာဝလွန်ဖြစ်သော ရန်သူ၊ မြွေကြီးသည်၊ ဘုရားသခင်၏ မျက်မှောက်တော်မှ မြေကြီးပေါ်သို့ ပစ်ချခံခဲ့ရပါသည်။ မြေကြီးသည် သေခြင်းတရား အုပ်စိုးသည့် နေရာဖြစ်ပါသည်။ မြေကြီးပေါ်ရှိ အသက်တာသည် ထာဝရ မတည်မြဲပါ။ မြွေကြီးသည် စာတန်ဖြစ်ပြီး၊ သူသည် သေခြင်းတရား၏ အရှင်သခင် ဖြစ်လာခဲ့ပါသည်။ သူသည် သက်ရှိ လူသားတိုင်းကို တရားဝင် ပိုင်ဆိုင်ခွင့် ရရှိထားပါသည်။ လူသားအားလုံးသည် အပြစ်ပြုကြပြီး၊ အပြစ်အတွက် ပေးဆပ်မှုမှာ သေခြင်းဖြစ်ပါသည် (ရောမ ၆း၂၃)။

ရေလွှမ်းမိုးခြင်း တရားစီရင်ခြင်းပြီးနောက်တွင်၊ ဘုရားသခင်သည် ဒေင်ဥယျာဉ်၏ ရည်မှန်းချက်ကို နောနှင့် သူ၏ မိသားစုထံ၌ ပြန်၍ပြောခဲ့ပါသည်။ ဘုရားသခင်က သူတို့ကို အာဒံနှင့်ဧဝအား ပြောဆိုခဲ့သည့်အတိုင်း များပြားစွာ မွေးဖွား၍ မြေကြီးကို ပြည့်စေရန် မိန့်တော်မူခဲ့ပါသည်။ သို့သော်လည်း၊ လူသားများသည် ဘုရားသခင်ကို နောက်တစ်ဖန် မနာခံခဲ့ကြဘဲ၊ ဆန့်ကျင်ပုန်ကန်ခဲ့ကြပါ

သည်။ ဘုရားသခင်ကို နာခံ၍ ဘုရားသခင်၏ အသိပညာနှင့် အုပ်စိုးခြင်းကို နေရာတိုင်းတွင် ပြန့်နှံ့စေရမည့်အစား၊ သူတို့သည် ဘုရားသခင် သူတို့ထံသို့ ဆင်းကြွလာပြီး တွေ့ဆုံရန် မျှော်လင့်ထားခဲ့သည့် ဗိမာန်တော် တစ်ခုကို တည်ဆောက်ခဲ့ကြပါတယ်။

ထပ်ကာတလဲလဲ ကျရှုံးခဲ့ပါတယ်။ ဘုရားသခင်သည် လူသားများ၏ အစီအစဉ်ကို သဘောမတူခဲ့ပါ။ ထို့ကြောင့် ဘုရားသခင်သည် လူသားများ၏ ဘာသာစကားများကို ရောထွေးစေခဲ့ပါသည်။ ထို့နောက် ဘုရားသခင်သည် တိုင်းနိုင်ငံများအား သူ၏ ဝိညာဉ် ကောင်စီဝင်များ၏ အမိန့်အာဏာအောက်၌ ထားရှိခဲ့ပါသည်။ ထို့နောက်၌ ဘုရားသခင်သည် အာဗြဟံနှင့် စာရာအားဖြင့် သူ၏ကိုယ်ပိုင် လူသားမျိုးနွယ် မိသားစုအသစ်ကို အစပြုခဲ့ပါသည်။ ဘုရားသခင်၏ အစီအစဉ်မှာ နောက်ပိုင်းတွင် အာဗြဟံ၏ သားမြေးများကို အသုံးပြုခြင်းအားဖြင့် အခြားသော လူမျိုးနွယ်စုများကို ပြန်လည်ရယူရန် ဖြစ်ခဲ့ပါသည် (က ၁၂း၃)။

သို့ရာတွင် ရှေးဦးစွာ ဘုရားသခင်သည် သူ၏ နိုင်ငံတော် အုပ်စိုးမှု အာဏာကို မြေကြီးပေါ်သို့ ပြန်လည်ယူ ဆောင်လာရန် လိုအပ်ခဲ့ပါသည်။ ဣသရေလလူမျိုးတို့ကို အီဂျစ်ပြည်မှ ခေါ်ထုတ်ခဲ့ပြီး၊ ထို့နောက် သိနာတောင်သို့ ခေါ်ဆောင်သွားခဲ့ပါသည်၊ ၎င်းနောက် နောက်ဆုံးအနေဖြင့် ကတိတော်နယ်မြေသို့ ခေါ်ဆောင်သွားခဲ့ပါသည်။ သို့ပေမဲ့၊ ဣသရေလလူမျိုးတို့သည် ဘုရားသခင်၏ အစီအစဉ်ကို လိုက်နာရန် ထပ်တလဲလဲ ကျရှုံးခဲ့ကြပါသည်။ နောက်ဆုံး၌ ဘုရားသခင်သည် ဣသရေလလူမျိုးတို့အား ရှင်ဘုရင် ဒါဝိဒ်ကို ပေးခဲ့ပြီး၊ ထို့နောက်တွင် ရှောလုမုန်ကို ပေးခဲ့ပါသည်။ သို့သော်လည်း ရှောလမုန် သေဆုံးပြီးနောက်၌၊ ဣသရေလလူမျိုးတို့သည် တစ်ပါးသော ဘုရားများကို နောက်တစ်ဖန် ကိုးကွယ်ခဲ့ကြပါသည်၊ ထို့အပြင် ဣသရေလလူမျိုးတို့သည် အချင်းချင်း တိုက်ခိုက်ခဲ့ကြပါသည်။ ဘုရားသခင်သည် နောက်ဆုံးတွင် သူတို့ကို ကတိတော် နယ်မြေမှ မကောင်းသော ဝိညာဉ် အုပ်စိုးသူများ၏ ဩဇာအာဏာအောက်တွင်ရှိသည့် အခြားသော တိုင်းနိုင်ငံ၊ ဗာဗုလုန်သို့ နှင်ထုတ်ခဲ့ရပါသည်။

လူသားတို့၏ သမိုင်းသည် ကျရှုံးမှု၏ပုံပြင် ဖြစ်ပါသည်။ ဤအရာမှာ လူသားများသည် ၎င်းတို့၏ ဒေဝဉယျာဉ်အတွင်းရှိ အပြစ်နွံထဲသို့ ကျရောက်ပြီးနောက်တွင် လမ်းပျောက်နေသောကြောင့် ဖြစ်ပါသည်။ လူသားအားလုံးသည် စုံလင်မှုမရှိဘဲ၊ ဘုရားသခင်နှင့် ဝေးကွာနေကြပါသည်။ အဘယ်လောကီ ခေါင်းဆောင်တစ်ဦးမျှ ဘုရားသခင်၏ အစီအစဉ်ကို အစပြုခြင်းနှင့် လိုက်နာခြင်းအမှု၌ ယုံကြည်ကိုးစား၍မရနိုင်ပါ။ သူတို့သည် ဘုရားသခင်ကိုသာလျှင် သစ္စာထားရှိခြင်းအား အတိုက်အခံပြုကြပါလိမ့်မည်။ ထို့ထက် သူတို့သည် မိမိတို့၏ သဘောအအတိုင်း လုပ်ဆောင်ခဲ့ကြပါသည်။ လူသားများသည် အပြစ်ဒုစရိုက်ကိုပြုကြ၍၊ ကျရှုံးပြီး သေခြင်းတရား၏ အရှင်သခင်နှင့် ပူးပေါင်းခဲ့ကြပါသည်။ စာတန်သည် ဘုရားသခင်၏ အင်အားကြီးမားသော ရန်သူ ဖြစ်ခဲ့ပါသည်။ ဒါပေမဲ့

လူသားများနှင့်အတူ မြေကြီးကို ကောင်းမွန်စွာ အုပ်စိုးခြင်းအား မျှဝေခြင်းအတွက် ဘုရားသခင်၏ အစီအစဉ်သည် လူသားများမပါရှိဘဲ မဖြစ်ပေါ်လာနိုင်ပါ။ ဘုရားသခင်သည် ကမ္ဘာမြေကြီးကို သူနှင့် လူသားများ အတူတကွ နေထိုင်သည့် ဒေဝဥယျာဉ် အသစ် တစ်ခုဖြစ်လာစေရန် အလိုရှိခဲ့ပါသည်။ သို့ရာတွင် ခြေလှမ်း တစ်ခုစီတိုင်း၌ ကြီးမားသော ပြဿနာများ ရှိလာခဲ့ပါသည်။ လူသားများသည် ဘုရားသခင်နှင့် သူ၏ အစီအစဉ်ကို သစ္စာရှိလာနိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ သူတို့ကို နောက်တစ်ဖန် အသစ်ပြုလုပ်ခြင်း ဖြစ်ပါလိမ့်မည်။ သူတို့၏ ပုန်ကန်မှုနှင့် ကျရှုံးခြင်း၏ ကျိန်ခြင်းအမင်္ဂလာကို ပြောင်းပြန်လှန်ပစ်ရပါမည်။

ထိုအရာကို ဖြစ်မြောက်စေရန်၊ ဘုရားသခင်သည် သူ၏အစီအစဉ်ထဲတွင် နောက်ထပ် အပိုင်း ရှိခဲ့ပါသည်။

## အဖြေ - နှင့် ပြဿနာ တစ်ခု

ဘုရားသခင်သည် သူ၏ အစီအစဉ်ကို ဖြစ်မြောက်အောင်မြင်ရန် လူသား တစ်ဦးကို လိုအပ်ခဲ့ပါသည်။ သို့ရာတွင် လူသားများသည် ထပ်ခါတလဲလဲ ကျရှုံးခဲ့ကြပါသည်။ ဘုရားသခင်သည် လူသားထက်သာလွန်သော လူသား တစ်ဦးကို လိုအပ်ခဲ့ပါသည်။ ဘုရားသခင်သည် ဖြားယောင်းသွေးဆောင်ခြင်းကို ဆန့်ကျင်ခုခံနိုင်သော တစ်စုံတစ်ယောက်ကို လိုအပ်ခဲ့ပါသည်။ သူသည် အပြစ်တမ်းနာခံတတ်သော လူသားတစ်ယောက်ကို လိုအပ်ခဲ့ပါသည်။ သူသည် ဘုရင် တစ်ပါး ဖြစ်လာနိုင်သည့် လူသားတစ်ဦးကို လိုအပ်ခဲ့ပါသည်။ ဘုရားသခင်သည် သေခြင်းနှင့် ထို့နောက် ဘဝသစ်သို့ မိမိ၏ ကိုယ်ပိုင် စွမ်းအားနှင့် ပြန်လည်ထမြောက်ခြင်းအားဖြင့် သေခြင်းတရား၏ ကျိန်ခြင်းအမင်္ဂလာကို ပြောင်းပြန်လှန်ပစ်နိုင်ခဲ့သော လူသား တစ်ဦးကို လိုအပ်ခဲ့ပါသည်။ အဘယ် လူသားသည် အပြစ်တမ်း ထိုကဲ့သို့ ဖြစ်နိုင်ပါမည်နည်း။ ဤ လိုအပ်ချက်များ အားလုံးသည် နည်းလမ်း တစ်ခုတည်းဖြင့်သာ ဖြစ်လာနိုင်ပါသည်။ ဘုရားသခင်သည် လူသား ဖြစ်လာဖို့ လိုအပ်ခဲ့ပါသည်။ ဘုရားသခင်သည် သူ၏ကိုယ်ပိုင် အကြံအစည်ကို ဖြည့်ဆည်းပါလိမ့်မည်၊ သို့သော်လည်း လူသား တစ်ဦးအနေဖြင့်သာ လုပ်ဆောင်ပါလိမ့်မည်။ ဘုရားသခင်သည် ဒေဝဥယျာဉ်ကို ပြန်လည်ဖန်တီးဖို့ရန် စုံလင်သော လူသား တစ်ဦးကို လိုအပ်ခဲ့ပါသည်။ စုံလင်သော လူသား မရှိခဲ့ပါ၊ ထို့ကြောင့် ဘုရားသခင်ဟာ စုံလင်သော လူသား တစ်ဦး ဖြစ်လာခဲ့ရပါသည်။

ဒါပေမဲ့ အစီအစဉ်ထဲတွင် အားနည်းချက် တစ်ခု ရှိခဲ့ပါသည်။ အကယ်၍ ဘုရား/လူသားသည် ဤနေရာတွင် သေဆုံးပြီး နောက်တစ်ဖန် ထမြောက်ရမည်ဆိုပါက၊ ထို အသေးစိတ်အချက်များသည် ဆက်လက် လျှို့ဝှက်ထားရှိရပါမည်။ ဤ စုံလင်သော လူသားသည် ဘုရားသခင်၏ အစီအစဉ်ကို

ပြီးမြောက်စေနိုင်မည်ဆိုပါက၊ မှောင်မိုက်၏ ဝိညာဉ် စွမ်းအားများသည် ၎င်းအရာဟာ အဘယ်သို့ ဖြစ်ပျက်ခဲ့လိမ့်မည်ကို နားလည်သိရှိလို့မဖြစ်ပါ။ အကယ်၍ သူတို့သာ အသေးစိတ်အချက်များကို သိထားပါက၊ သူတို့သည် အစီအစဉ်ကို ဖျက်ဆီးကြပါလိမ့်မည်။

ဤအရာသည် ကောရိန္သု အသင်းတော်ထံ ပေးပို့သော စာစောင်တစ်ခုတွင် ရှင်ပေါလု အတိအကျ ပြောဆိုခဲ့သည့် အရာ ဖြစ်ပါသည် -

> ဤကမ္ဘာ မတည်မရှိမှီ ငါတို့၏ ဘုန်းအသရေ ဖြစ်စေခြင်းငှါ၊ ဘုရားသခင် စီရင်တော်မူသော ပညာ၊ နက်နဲသောအရာ၌ဝှက်ထားသော ဘုရားသခင်၏ ပညာကိုငါတို့သည် ပြကြ၏။ ထို ပညာကို လောကီမင်းတစ်စုံတစ်ယောက်မျှမသိ။ သိလျှင် ဘုန်းကြီးတော်မူသော သခင်ကို လက်ဝါးကပ် တိုင်မှာ မကွက်မျက်ကြပြီ။ (၁ ကော ၂း၇-၈)

ရှင်ပေါလုသည် မည်သူ့အကြောင်းကို ပြောဆိုနေခဲ့ပါသလဲ။ "လောကီမင်းများ (rulers)" သည် ပိလတ်မင်းနှင့် ဂျူးလူမျိုး ခေါင်းဆောင်များကဲ့သို့သော လူသား အာဏာပိုင်အဖွဲ့ကို ရည်ညွှန်းနိုင်ပါသည်။ သို့ရာတွင် ရှင်ပေါလုသည် ပုန်ကန်သူ ဝိညာဉ် စွမ်းအားများကိုလည်း ရည်ရွယ်ပြောဆိုထားပါသည် (ဧ ၂း၂)။ ဘုရားသခင်သည် လူသားနှင့် ဝိညာဉ် ရန်သူနှစ်မျိုးစလုံး ရှိပါသည်။ ထိုအဖွဲ့ နှစ်ဖွဲ့စလုံးကို ဘုရားသခင်ရဲ့ အစီအစဉ်၏ အသေးစိတ်အချက်များအား မသိရှိစေရန် လျှို့ဝှက်ထားခဲ့ရပါသည်။ အစီအစဉ် တစ်ခုလုံးသည် ဘုရား/လူသား၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအပေါ်တွင် မူတည်နေခဲ့ပါသည်။

သို့ရာတွင် ဘုရားသခင်သည် ဤ အသေးစိတ်အချက်အလက်များအားလုံးကို မည်သို့ ဖုံးကွယ်ထားနိုင်ပါသလဲ။

## ဖုံးကွယ်ထားသော မေရှိယ

နာဇရက်မြို့သား ယေရှုသည် ဘုရား/လူသားဖြစ်ပြီး၊ အစီအစဉ်တစ်ခုလုံးသည် သူ့အပေါ်၌ မူတည်နေခဲ့ပါသည်။ ယေရှုသည် ဒေဗိဥယျာဉ်ကို နဂိုအတိုင်းပြန်ဖြစ်စေမည့် မေရှိယဖြစ်ပါသည်။ သို့သော်လည်း အစီအစဉ်သည် လျှို့ဝှက်ချက်ဖြစ်သည်ဟု ကျွန်ုပ် ရေးသားခဲ့သောအရာသည် သင့်ကို အံ့အားသင့်စေခဲ့ပါသလား။ ဓမ္မဟောင်းကျမ်းသည် အစီအစဉ်တစ်ခုလုံးကို ၎င်းအထဲ၌ ရေးသား ဖော်ပြထားသည် မဟုတ်ပါသလော။ မဟုတ်ပါ၊ ရေးသားဖော်ပြထားခြင်း မရှိပါ။

ဓမ္မဟောင်းကျမ်းထဲတွင် အမှန်စင်စစ် ဘုရားဖြစ်ပြီး လူသားများ၏ အပြစ်များအတွက် အသေခံပေးမည့် လူတစ်ဦးနှင့်စပ်ဆိုင်၍ မေရှိယ စကားလုံး သုံးနှုန်းထားသည့် ကျမ်းချက်တစ်ခုမျှ မရှိပါ။

ဘုရားသခင်၏ "ဝေဒနာခံစားရသော အစေခံကျွန်" အကြောင်း ဖော်ပြထားသည့် ဟေရှာယ ၅၃း ၁၁ ပင် ဤအချက်အလက်များ မပါရှိပါ။ မေရှိယ စကားလုံးသည် ထိုအခန်းထဲတွင် ဘယ်တုန်းကမှ မဖော်ပြထားပါ။ ဟေရှာယ၏ အခြားသော နေရာများတွင်၊ "အစေခံကျွန်" သည် ကယ်တင်ရှင်ဖြစ်သော ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို မဟုတ်ဘဲ၊ ဣသရေလ တိုင်းနိုင်ငံကို ရှင်းလင်းစွာ ဆိုလိုထားပါသည် (ဟေရှာယ ၄၁း၈၊ ၄၄း၁-၂၊ ၂၁၊ ၄၅း ၄၊ ၄၈း၂၀၊ ၄၉း၃)။ မေရှိယ ဝေါဟာရသည် "ဘိသိက်မြောက်ခြင်းခံထားသူ" ဟု အဓိပ္ပါယ်ရပါသည်။ ဤအရာသည် အစဉ်သဖြင့် ဒါဝိဒ် သို့မဟုတ် ဣသရေလလူမျိုးတို့အပေါ်၌ ရှင်ဘုရင်အနေဖြင့် အုပ်ချုပ်ခဲ့သော သူ၏ သားမြေးစဉ်ဆက် တစ်ဦးဦးကိုသာ ရည်ညွှန်းထားပါသည်။

သေဆုံးပြီး နောက်တစ်ဖန် ထမြောက်မည့် ဘုရား/လူသား/ မေရှိယ တစ်ဦးအတွက် အစီအစဉ်သည် ဓမ္မဟောင်းကျမ်းထဲတွင် ရှာတွေ့ရန် ခက်ခဲကြောင်း ကျွန်ုပ် ပြောဆိုနေခြင်းဖြစ်ပါသည်။ ဤအရာသည် ဓမ္မသစ်ကျမ်းက အတိအကျ ပြောဆိုထားသည့်အရာ ဖြစ်ပါသည်။

ယေရှုက သူသည် ဂျေရုဆလင်သို့ သွား၍ အသေခံရမည့်အကြောင်း တပည့်တော်တို့အား ပြောဆိုသည့်အခါ၊ သူတို့က သူ့အား မည်သို့ တုန့်ပြန်ခဲ့ကြသည်ကို စဉ်းစားကြည့်ပါ။ ဤအရာသည် သူတို့ကို စိတ်ရှုပ်ထွေးစေခဲ့ပြီး၊ ပူပင်သောကဖြစ်စေခဲ့ပါသည် (မဿဲ ၁၇း၂၂-၂၃၊ မာကု ၉း၃၀-၃၂)။ သူတို့သည် "မှန်ပါတယ်၊ ငါတို့ အဲဒီအကြောင်းအရာကို သမ္မာကျမ်းစာထဲမှာ ဖတ်ခဲ့ရပါတယ်" ဟု ပြောဆိုခြင်းအားဖြင့် တုန့်ပြန်မှုမပြုခဲ့ကြပါ။ ပေတရုက ယေရှုကို ၎င်းအရာအား ပြောဆိုမှုအတွက် ပြစ်တင်ပြောဆိုမှုပင် ပြုလုပ်ခဲ့ပါသည် (မဿဲ ၁၆း၂၁-၂၃)။ ဤအရာသည် ဘုရားသခင်၏ အစီအစဉ် ဖြစ်သည်ကို တပည့်တော်တို့က နားလည်သဘောပေါက်ခြင်းမရှိခဲ့ကြပါ။ သူတို့သည် ယေရှုဟာ ဒါဝိဒ်၏ သားဖြစ်ပြီး၊ သူ၏ အရိုက်အရာကို ဆက်ခံမည့်သူ ဖြစ်သည်ဟုသာ တွေးထင်ခဲ့ ကြပါသည်။ ယေရှုသည် ဓမ္မဟောင်းကျမ်းထဲရှိ ပရောဖက်များကဲ့သို့ အံ့ဘွယ်နိမိတ်လက္ခဏာများကို လုပ်ဆောင်ခဲ့ပါသည်။

သေဆုံးပြီးနောက် ယေရှု အသက်ပြန်ရှင်လာသော နောက်ပိုင်းအချိန်၌ပင်၊ တပည့်တော်များသည် ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် ၎င်းတို့၏ စိတ်များကို ဖွင့်ပေးဖို့ရန် လိုအပ်ခဲ့ပါသည်။ သို့မှသာလျှင် သူတို့သည် မေရှိယဟာ ဆင်းရဲဒုက္ခခံရန်နှင့် အသေခံဖို့လိုအပ်ခဲ့သည်ကို နားလည်သဘောပေါက်ခဲ့ကြပါသည်။ ယေရှုသည် သေခြင်းမှ ရှင်ပြန်ထမြောက်ပြီးနောက်တွင်၊ သူသည် သူတို့ထံပေါ်လာ၍ ဤသို့ မိန့်ဆိုခဲ့ပါတယ် -

> တဖန်မိန့်တော်မူသည်ကား၊ မောရှေ၏ ပညတ္တိကျမ်း၌၎င်း၊ ပရောဖက်တို့၏ ကျမ်း၌၎င်း၊ ဆာလံကျမ်းစာ၌၎င်း၊ ငါ့ကိုရည်မှတ်၍ ရေးထားသမျှသော အချက်တို့သည် ပြည့်စုံရမည်ဟု ငါသည် သင်တို့နှင့်အတူရှိစဉ်အခါ သင်တို့အား ဟောပြောသော အကြောင်းအရာတို့ကား

ဤအကြောင်းရာပေတည်းဟု မိန့်တော်မူ၏။ ထိုအခါ ကျမ်းစာကို နားလည်စေခြင်းငှါ တပည့်တော် တို့၏ ဉာဏ်ကို ဖွင့်တော်မူလျှင် ...... (လုကာ ၂၄း၄၄-၄၅)

ဘုရားသခင်၏ အစီအစဉ်သည် လူသားတစ်ဦး ဖြစ်လာရန်၊ အသေခံရန်နှင့် ထို့နောက် သေခြင်းမှ ရှင်ပြန်ထမြောက်ရန် ဖြစ်ပါသည်။ ဤအရာကို လုပ်ဆောင်ခြင်းအားဖြင့် သူသည် ဧဒင်ဥယျာဉ် အတွင်းရှိ ကျရှုံးခြင်း၏ ကျိန်ခြင်းအမင်္ဂလာကို ပြောင်းပြန်လှန်ပစ်ပါလိမ့်မည်။ ဒါပေမဲ့ ဤအရာသည် ဓမ္မဟောင်းကျမ်းထဲတွင် လုံးဝ ရှင်းလင်းမှုမရှိပါ။ ၎င်းအစား၊ သဲလွန်စများသည် ဓမ္မဟောင်းကျမ်း တစ်ခုလုံး၏ နေရာ အတော်များများတွင် ဖြန့်ကြဲလျက်နေပါသည်။ အားလုံးကို ဘယ်တုန်းကမှ တစ်နေရာတည်း၌ မဖော်ပြထားပါ။ မေရှိယ လုပ်ဆောင်မည့်အရာမှာ ဖြစ်ပျက်ခဲ့သည့်အရာကို ကျွန်ုပ်တို့ သိရှိပြီးနောက် ဓမ္မဟောင်းကျမ်းကို ပြန်လည်တွေးတောကြည့်ခြင်းအားဖြင့်သာ ရှင်းလင်း မှုရှိပါသည်။ ဒါတောင်မှ၊ အသေးစိတ်အချက်များကို ကောင်းစွာ သိရှိထားသော တစ်စုံတစ်ယောက် သာလျှင် ထိုအထဲရှိ အစီအစဉ်အချို့ကို တွေ့မြင်နိုင်ပါလိမ့်မည်။

အသိဉာဏ်မြင့်မားရှိသော သဘာဝလွန် မကောင်းသော သက်ရှိအရာများသည် အမှန်စင်စစ် ယေရှုဟာ ကတိတော်ရှိထားသော ဒါဝိဒ်၏သားဖြစ်သည်ကို သိခဲ့ကြပါသည် (မဿဲ ၈း၂၈-၂၉၊ လုကာ ၄း၃၁-၃၅)။ သူတို့သည် ထိုမျှလောက်သော အရာများကို ဓမ္မဟောင်းကျမ်းမှ သိထားခဲ့ကြ ပါသည်။ သို့ရာတွင် နတ်ဆိုးများ ပြောဆိုသောအရာသည် ယေရှုက အသေခံရန်နှင့် ပြန်လည် ထမြောက်ရန် မြေကြီးပေါ်သို့ ဆင်းကြွလာခဲ့သည်ကို သူတို့ နားမလည်ခဲ့ကြကြောင်း ဖော်ပြနေပါ သည်။ သူတို့သည် ဤအရာဟာ ကျိန်ခြင်းအမင်္ဂလာအား ပြောင်းပြန်လှန်ပစ်ရန် စီစဉ်ထားသည်ကို နားလည်သဘောမပေါက်ခဲ့ကြပါ။

အကယ်၍ ပုန်ကန်သူ ဝိညာဉ် အုပ်စိုးသူများသည် ဤအကြောင်းအရာကို နားလည်သဘောပေါက် ခဲ့ပါက၊ ယုဒကဲ့သို့သော လူများကို ယေရှုအား အသေလိုချင်ခဲ့ကြသည့် ဂျူးလူမျိုး ခေါင်းဆောင်များ ထံ၌ အပ်နှံရန် လှုံ့ဆော်ခဲ့လိမ့်မည်မဟုတ်ဟု ရှင်ပေါလုက ဆိုထားပါသည်။ စာတန်နှင့် အပေါင်း အဖော်တို့သည် တုံးအသူများ မဟုတ်ခဲ့ကြပါ။ သူတို့သည် ယေရှုကို သတ်ရန် လှည့်ဖြားခြင်းခံခဲ့ရ သူများ ဖြစ်ကြပါသည်။ ဤအရာသည် ဘုရားသခင်၏ အကြံအစည်တော် ဖြစ်ခဲ့ပါသည်။ ဘုရား သခင်၏ ပုန်ကန်သူ သားများသည် မိမိတို့ကိုယ်ကို ဖျက်ဆီးခဲ့သည့် နည်းလမ်းဖြင့် ပြုမူဆောင်ရွက် ခဲ့ကြပါသည်။ ဘုရားသခင်သည် ပုန်ကန်သူ ဝိညာဉ်များ၏ ယုတ်ညံ့သော လုပ်ဆောင်ချက်များကို သူ၏ ကောင်းမွန်သော အစီအစဉ်အား ပြီးမြောက်စေရန် အသုံးချခဲ့ပါသည်။

## ကောက်ကြောင်းပုံ၏ အစိတ်အပိုင်းများ

ကျွန်ုပ်တို့သည် ယခု မေရှိယ အစီအစဉ်၏ အသေးစိတ်အချက်များကို တပည့်တော်များထက်ပင် ပို၍ နားလည်သဘောပေါက်နိုင်ပါပြီ။ အသေခံ၍ ထမြောက်ပြီး၊ ကျိန်ခြင်းအမင်္ဂလာကို ပယ်ဖျက်ပေးခဲ့သော ဒါဝိဒ်၏ သားမြေးဖြစ်သည့် ဘုရား/လူသား တစ်ဦးအကြောင်း ပြောဆိုထားသည့် ကျမ်းချက် တစ်ခုမျှ မရှိပါ။ ဓမ္မဟောင်းကျမ်းအနှံ့အပြား၌ ပြန့်ကြဲနေသော ထို အသေးစိတ်အချက်များသည် ပစ္စည်း အပိုင်းအစတစ်ခုကို ပတ်ရစ်နေသော အပ်ချည်ကြိုးမျှင်များနှင့် တူပါသည်။ အကယ်၍ သင်သည် ကြိုးမျှင်တစ်ချောင်းကို ကြည့်မည်ဆိုပါက၊ သင်သည် ပုံစံကို တွေ့မြင်နိုင်မည်မဟုတ်ပါ။ သို့ရာတွင် သင်သည် အနည်းငယ် နောက်သို့ ခြေတစ်လှမ်းဆုပ်ပါက၊ သင်သည် ပုံစံတစ်ခုလုံးကို တွေ့မြင်နိုင်ပါလိမ့်မည်။ အကယ်၍ သင်သည် ဓမ္မသစ်ကျမ်းထဲရှိ ယေရှု၏ ပုံပြင်ကို ဖတ်ရှုပြီးနောက်တွင်၊ သင်သည် ဓမ္မဟောင်းကျမ်းထဲရှိ အသေးစိတ်အချက်များကို ရှာဖွေတွေ့ရှိပြီး ခြေရာခံနိုင်ပါလိမ့်မည်။ ဤအရာဟာ ပစ္စည်း အပိုင်းအစတစ်ခုရှိ အပ်ချည်ကြိုးမျှင် တစ်ခုကို ရှာတွေ့ခြင်းနှင့် ၎င်းသည် ယေဘုယျ ပုံစံ ဖန်တီးရာတွင် မည်သည့် ကဏ္ဍ ရှိသည်ကို သိမြင်ရန် ကောက်ကြောင်းလိုက်ခြင်းနှင့်တူပါသည်။

ဥပမာအနေဖြင့်၊ "အဘယ်သူသည် ဘုရားသခင်၏ သားတော် ဖြစ်ပါသလဲ။" ဓမ္မဟောင်းကျမ်းထဲတွင်၊ အဖြေမှာ "ယေရှု" မဟုတ်ပါ။ ဘုရားသခင်၏ သားတော်သည် ပထမဦးဆုံး လူသား၊ အာဒံဖြစ်ပါတယ်။ ဣသရေလ လူမျိုးနွယ်ကို ဘုရားသခင်၏ သားတော်ဟုလည်း ခေါ်ဆိုထားပါသည် (ထွက် ၄း၂၃၊ ဟော ၁၁း၁)။ ဣသရေလလူမျိုးတို့၏ ဘုရင်ကိုလည်း ဘုရားသခင်၏ သားတော်ဟုခေါ်ဆိုထားပါသည် (ဆာ ၂း၇)။ ဓမ္မသစ်ကျမ်းထဲတွင် ယေရှုကို "ဒုတိယမြောက် အာဒံ"နှင့် "ဘုရားသခင်၏ သားတော်" ဟု ခေါ်ဆိုထားပါသည် (ရော ၁း၄၊ ၁ ကော ၁၅း၄၅၊ ၂ ကော ၁း၁၉၊ ဟေ ၄း၄)။

ဓမ္မဟောင်းကျမ်းထဲတွင်၊ "အဘယ်သူသည် ဘုရားသခင်၏ အစေခံကျွန် ဖြစ်ပါသလဲ။" အာဒံသည် ဘုရားသခင်ကို အစေခံခဲ့ပါသည် (က ၂း၁၅)။ ဣသရေလကို ဘုရားသခင်၏ အစေခံကျွန်ဟု ခေါ်ထားပါသည်။ ဒါဝိဒ်နှင့် သူ၏မိသားစုအတွင်းရှိ အခြားသော ဣသရေလလူမျိုး ဘုရင်များကို ဘုရားသခင်၏ အစေခံများဟု ခေါ်ပါသည် (၂ ရာ ၃း၁၈၊ ဆာ ၈၉း၃၊ ၃ ရာ ၃း၇၊ ၆ ရာ ၃၂း၁၆)။ ဓမ္မသစ်ကျမ်းထဲတွင် ယေရှုသည်လည်းဘဲ အစေခံကျွန် ဖြစ်ခဲ့ပါသည် (တမန်တော် ၃း၁၃၊ ၄း၃၀၊ ဖိ ၂း၁-၈)။

"ဘုရားသခင်၏ သားတော်များ" နှင့် "ဘုရားသခင်၏ အစေခံကျွန်များ" သည် ဒုက္ခရောက်ခဲ့ကြပါသလား။ သူတို့အားလုံးသည် တစ်ချိန်ချိန်၌ သေဆုံးသွားခဲ့ကြပါသလား။ မှန်ပါသည်၊ သေဆုံးခဲ့ကြပါသည်။ သူတို့အားလုံးသည် ဘဝအသစ်သို့ ထမြောက်ခဲ့ကြပါသလား။ သူတို့သည် အသစ်သော

ဒေင်ဥယျာဉ်ထဲတွင် အနာဂတ် ရှိကြပါသလား။ ရှိပါတယ်။ အာဒံ၊ ဣသရေလနှင့် ဒါဝိဒ်၏ မိသားစုမှ ဘုရင်များ အားလုံးကို ဘုရားသခင်၏ မျက်မှောက်တော်မှ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။ ဘုရားသခင်၏ နေရာသည် ဒေင်ဥယျာဉ်ဖြစ်ပြီး၊ ထို့နောက်ပိုင်းတွင် ကတိတော် နယ်မြေ ဖြစ်ခဲ့ပါသည်။ သို့ရာတွင် အာဒံ၊ ဣသရေလနှင့် ဒါဝိဒ်၏ မိသားစုသည် အသစ်သော ဒေင် တစ်ခုတွင် ဘုရားသခင်နှင့် ထမြောက်သော ယေရှုနှင့်အတူ ရှိနေပါလိမ့်မည်။

ဆိုလိုချက်မှာ ဤဓမ္မဟောင်းကျမ်း၏ ဇာတ်ကောင်းများအားလုံးသည် ယေရှုအား တနည်းနည်းဖြင့် ညွှန်ပြနေကြသည်ဟု ဖြစ်ပါသည်။ ယေရှုသည် ဓမ္မဟောင်းကျမ်းထဲတွင် အစပြုခဲ့သော ပုံစံကို ပြည့်စုံစေပါသည်။ ယေရှုသည် အပိုင်းအစ အားလုံးကို ပြန်လည် တပ်ဆင်ပြီးသောအခါ ကျွန်ုပ်တို့ မြင်တွေ့ရသည့် စုံလင်သော ရုပ်ပုံ ဖြစ်ပါသည်။ အသေးစိတ်အချက်များ အားလုံးသည် ဓမ္မဟောင်းကျမ်းထဲတွင် ရှိပါသည်၊ သို့သော်လည်း ကျွန်ုပ်တို့သည် ပုံစံကို မတွေ့နိုင်ခဲ့ပါ။ ယေရှု လုပ်ဆောင်ခဲ့သည့်အရာကို ကျွန်ုပ်တို့ တွေ့ပြီးနောက်တွင်၊ ဘုရားသခင်၏ အစီအစဉ်ကို ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စုံလင်သော အစီအစဉ်ကို ဓမ္မဟောင်းကျမ်းထဲတွင် ပြန်လည် တွေ့မြင်ရရန် ဓမ္မသစ်ကျမ်း အသေးစိတ်အချက်အလက်များကို လိုအပ်ပါသည်။

## **အဘယ်ကြောင့် ဤအရာသည် အရေးပါမှုရှိပါသလဲ**

အသိဉာဏ်ရှိသော ယုတ်ညံ့သော - စာတန်၊ နတ်ဆိုးများနှင့် တိုင်းနိုင်ငံများကို အုပ်စိုး ပုန်ကန်သူကောင်စီဝင်များသည် အသိဉာဏ်မြင့်မားပြီး ယုတ်ညံ့ကြပါသည်၊ သို့ရာတွင် သူတို့သည် အရာရာတိုင်းကို မသိကြပါ။ သူတို့ဟာ ဘုရားသခင်၏ စိတ်ကို မရှိကြပါ။ သူတို့ဟာ ဘုရားသခင်ကို နားမလည်နိုင်ကြပါ။ ကျွန်ုပ်တို့သည် သူတို့ဟာ သဘာဝလွန်များ ဖြစ်သောကြောင့် အရာအားလုံးကို သိနိုင်ကြသည်ဟု ထင်မှတ်ကြပါသည်။ ထိုအရာသည် မှန်ကန်မှုမရှိပါ။ အရာအားလုံးကိုသိသော သက်ရှိအရာ - ဘုရားသခင် တစ်ပါးတည်းသာ ရှိပါသည်။ ထို့အပြင် ကျွန်ုပ်တို့သည် သူ့ဘက်၌ ရှိကြပါသည်။

ဒေင်ဥယျာဉ်ထဲရှိ ပုန်ကန်မှုကြောင့်၊ စာတန်ဟာ လူသားများအပေါ်တွင် တရားဝင် ဩဇာအာဏာ ရှိခဲ့ပါသည်။  ကျွန်တော် ဘာကို ဆိုလိုပါသလဲ။ အာဒံရဲ့ အပြစ်ကြောင့်၊ သေခြင်းတရားသည် လူအပေါင်းတို့ထံ ရောက်ရှိလာခဲ့ပါသည် (ရောမ ၅း၁၂)။ မြွေကြီးသည် ကျိန်ခြင်းခံရပြီး၊ လူသေတို့၏ နိုင်ငံအပေါ်၌ အုပ်စိုးရန် ပစ်ချခံခဲ့ရပါသည်။ ဒေင်ဥယျာဉ်ထဲရှိ ပုန်ကန်မှုကြောင့်၊ လူသားအားလုံးသည် သေဆုံး၍ နတ်ဆိုး အုပ်စိုးသော လူသေ နိုင်ငံသို့ သွားရပါလိမ့်မည်။

ထိုအရာအားလုံးသည် ယေရှု ကြွလာ၍ လက်ဝါးကပ်တိုင်ပေါ်၌ အသေခံခြင်းနှင့် သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဘုရားသခင်၏ ကယ်တင်ခြင်းနှင့်ဆိုင်သော အစီအစဉ်ကို ပြည့်စုံစေသည့်အခါတွင် ပြောင်းလဲသွားခဲ့ပါသည်။ ဒေင်ဉယျာဉ်ကို ပြန်လည်ဖန်တီးခြင်း၏ ပထမ ခြေလှမ်းမှာ လူသားများအတွက် သေခြင်းတရား၏ ကျိန်ခြင်းအမင်္ဂလာကို လွတ်မြောက်ရန် နည်းလမ်းတစ်ခု စီစဉ်ပေးဖို့ရန် ဖြစ်ခဲ့ပါသည်။ ယေရှုကို ယုံကြည်သောသူအားလုံးသည် ဘုရားသခင်၏ မိသားစုနှင့် နိုင်ငံတော်၏ အဖွဲ့ဝင်များ ဖြစ်လာကြပါသည်။ သူတို့သည် သေခြင်းတရား၏ ကျိန်ခြင်းအမင်္ဂလာနှင့် လူသေတို့၏ အရှင်သခင်၏ ကျွန်များ မဟုတ်ကြတော့ပါ။ ယေရှုသည် သေလူတို့၏ နိုင်ငံကို ဘုရားသခင်၏ နိုင်ငံတော်အကြောင်း သွန်သင်ပေးခြင်း သာသနာလုပ်ငန်းကို အစပြုခဲ့ပါသည် (လုကာ ၁၀း၁-၉)။ "ယေရှုကလည်း စာတန်သည် လျှပ်စစ်ကဲ့သို့ ကောင်းကင်မှ ကျသည်ကို ငါ မြင်ပြီ" ဟု ဆိုခဲ့ပါသည် (လု ၁၀း၁၈)။ ယေရှုသည် သူ၏ သေခြင်းတရားနှင့် ရှင်ပြန်ထမြောက်ခြင်းဟာ အပြစ်သားများ၏ အပြစ်ကြွေးကို ပေးဆပ်လိမ့်မည်ဟု သိထားခဲ့ပါသည်။ ဤအရာသည် ကျွန်ုပ်တို့၏ ဝိညာဉ်များအပေါ်ရှိ စာတန်၏ တရားဝင်အခွင့်အာဏာကို ကင်းမဲ့သွားစေပါလိမ့်မည်။ ဘုရားသခင်၏ နိုင်ငံတော် ကြွလာခြင်းသည် လူသေတို့၏အရှင်သခင်၏ ပျက်ဆီးခြင်း၏ အစပိုင်း ဖြစ်ခဲ့ပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ဘယ်သူဘယ်ဝါဖြစ်ကြသည်ကို သတိယရပါမည်။ ကျွန်ုပ်တို့သည် မည်သည့် နေရာမှ ကျွန်ုပ်တို့၏ ဖြစ်တည်မှု ဆင်းသက်လာသည်ကို သတိယရပါမည်။ ယုံကြည်သူများကို အစုအဖွဲ့အနေဖြင့် ခရစ်တော်၏ ကိုယ်ခန္ဓာဟု ခေါ်ကြပါသည်။ ထို့အပြင် ယေရှု၏ ကိုယ်ခန္ဓာသည် သေခြင်းမှ ထမြောက်ခဲ့ပါသည်။ သူသည် ထမြောက်ခဲ့သောကြောင့် ကျွန်ုပ်တို့သည်လည်း ထမြောက်ကြပါလိမ့်မည် (၁ ကော ၁၅း၂၀-၂၃)။ သူသည် သေသောသူများထဲမှ သားဦး ဖြစ်ပါသည်။ "ကျွန်ုပ်တို့သည် ကောင်းကင်စာရင်း၌ဝင်သော သားဦးတို့၏ အသင်းတော် ဖြစ်ကြပါသည်" (ဟေဗြဲ ၁၂း၂၂-၂၄)။ "ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏" ဟု ယောဟန်က ဆိုထားပါသည် (ယော ၁း၁၂)။ ဘုရားသခင်၏ သားသမီးများသည် သေခြင်းတရားမှ ထမြောက်မည်ဖြစ်သောကြောင့် စာတန်သည် သူတို့အပေါ်တွင် ပိုင်ဆိုင်ခွင့်အာဏာ မရှိပါ။ အသက်ရှင်သောသူများကို လူသေတို့၏ နိုင်ငံတွင် ရှာဖွေရန် အကြောင်းမရှိပါ။

ဓမ္မဟောင်းကျမ်းထဲတွင် ဘုရားသခင်သည် သူ၏ အစီအစဉ်ကို လူသားများ သို့မဟုတ် ဝိညာဉ်များ၊ သစ္စာရှိသူများ သို့မဟုတ် ရန်သူများအား မဖော်ပြခဲ့ပါ။ အဘယ်သို့ မေရှိယသည် ဘုရားသခင်၏ အစီအစဉ်အား ပြီးမြောက်စေမည့်အကြောင်း၏ အသေးစိတ်အချက်များကို လျှို့ဝှက်ထားခဲ့ရပါသည်။ ဒါပေမဲ့ ဘုရားသခင်က မေရှိယ ပေါ်ထွက်လာသည့်အခါတွင် ၎င်းတို့အား ရှင်းလင်းစွာ ဖော်ပြပါလိမ့်မည်။ မေရှိယသည် လူသားအသွေးအသားဖြင့် ဘုရားသခင် ဖြစ်ပါလိမ့်မည်။ သူ၏ အစီအစဉ်သည် ဒေင်ဉယျာဉ်ထဲ၌ သူ၏ နိုင်ငံတော်ကို နဂိုအတိုင်းပြန်ဖြစ်စေရန် ဖြစ်ခဲ့ပါသည်။ ကျွန်ုပ်

သည် ဤအကြောင်းအရာကို လာမည့် အခန်း နှစ်ခန်းတွင် ပို၍ ရေးသားဖော်ပြသွားပါမည်။ ယေရှု လုပ်ဆောင်ခဲ့သည့်အရာကို နားလည်သဘောပေါက်ခြင်းသည် လူတို့အား ယုံကြည်လာစေရန် လှုံ့ဆော်ပေးရာ၌ လုံလောက်သော သတင်းအချက်အလက် ဖြစ်ပါသည်။ ၎င်းသည် မှောင်မိုက် တန်ခိုးစွမ်းအားများကို ၎င်းတို့၏ ပျက်ဆီးရာဆီသို့ ဦးဆောင်လမ်းပြပေးမည့် များပြားသော လုပ်ဆောင်မှုများထဲသို့ လှုံ့ဆော်ပေးရာ၌လည်း လုံလောက်မှုရှိပါသည်။

# အခန်း တစ်ဆယ့်တစ်

## သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော ရည်ရွယ်ချက်

လွန်ခဲ့သော အခန်းတွင်၊ ဓမ္မဟောင်းကျမ်းက မေရှိယကို ၎င်းအထဲရှိ နေရာ အနှံ့အပြားတွင် ပြန့်ကြဲနေသော အသေးစိတ်အချက်အလက်များနှင့် ဖော်ပြထားပုံအား ကျွန်ုပ် ရေးသားခဲ့ပါသည်။ အသေးစိတ်အချက်အလက်များကို စာအုပ်တစ်အုပ်ထဲ၌ သို့မဟုတ် အခန်း တစ်ခန်းထဲတွင် မတွေ့ရနိုင်ပါ။ ဒေဝကို နဂိုအတိုင်းပြန်ဖြစ်လာစေရန်နှင့် လူသားများကို ရွေးနုတ်ကယ်တင်ဖို့ရန် ဘုရားသခင်၏ အစီအစဉ်မှာ ယေရှု မေရှိယသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံပြီးနောက် သေခြင်းမှ ထမြောက်ရန် လိုအပ်ခဲ့သည်ဟု အဓိပ္ပါယ်ရပါသည်။

ဒါဝိဒ်၏ သားမြေးစဉ်ဆက်တစ်ဦးသည် ဘုရားသခင်၏ လူမျိုးများအပေါ်တွင် ရှင်ဘုရင်ဖြစ်လာရာ၌ သေချာမှုရှိစေဖို့ရန် ဘုရားသခင်သည် လူသား ယောကျ်ား တစ်ဦး ဖြစ်လာခဲ့ရပါသည်။ ဤဘုရင်သည် အပြစ်များနှင့် ကင်းစင်ရမည်ဖြစ်ပြီး၊ ဘုရားသခင်၏ အစီအစဉ်ကို လုံးဝ လိုက်နာသောသူဖြစ်ရပါမည်။ ထို စုံလင်သောဘုရင်သည် သူ၏ အပြစ်နှင့်ပြည့်နေသော လူမျိုးများ၏ နေရာတွင် သေဆုံးပြီး၊ သေခြင်းမှ ထမြောက်ရန် စွမ်းအားရှိပါက၊ ထိုအခါ ဘုရားသခင်သည် အပြစ်တရားကို သင့်လျော်စွာ တရားစီရင်ပြီး လူသားများအတွက် ကယ်တင်ခြင်းကို ပြင်ဆင်ပေးနိုင်ပါလိမ့်မည်။ အပြစ်သားများသည် မေရှိယ၏ သေဆုံးခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့်သာ အသစ်ပြုပြင်ခြင်းကိုခံရ၍ ဘုရားသခင်၏ မိသားစုနှင့် ကောင်စီ ထဲတွင် နေရာတစ်ခု ရရှိနိုင်ပါလိမ့်မည်။ ဘုရားသခင်သည် လူသားများအား သူ၏နိုင်ငံတော်ထဲတွင် သူ့ကို ပူးပေါင်းရန်နှင့် အသစ်ပြုပြင်ထားသော ဒေဝဥယျာဉ်ထဲတွင် သူနှင့်အတူ အုပ်စိုးရန် ဆန္ဒရှိဆဲဖြစ်ပါသည်။ ဤအရာသည် အမြဲတမ်း ဘုရားသခင်၏ အစီအစဉ် ဖြစ်ပါသည်။

သို့ရာတွင်၊ ဤအရာသည် အထူးသဖြင့် စွမ်းအားကြီးသော ရန်သူ တစ်ဦးမှ အစီအစဉ်ကို ဟန့်တားရန် တိုက်ခိုက်နေသဖြင့် ခက်ခဲသော အစီအစဉ် တစ်ခု ဖြစ်ခဲ့ပါသည်။ ယေရှုသည် မှောင်မိုက်၏ သဘာဝလွန် တန်ခိုးစွမ်းအားများက သူ့အား သတ်ရန် လူသားများကို လှုံ့ဆော်စေဖို့ရန်ပင် သေချာအောင်လုပ်ဆောင်ပေးခဲ့ရပါသည်။ ဒါပေမဲ့ ဘုရားသခင်၏ အစီအစဉ်မှာ ယေရှု အသေခံဖို့ဖြစ်သည်ကို ညစ်ညူးသော နတ်ခေါင်းဆောင်များ မသိစေရန် ဖုံးကွယ်ထားခဲ့ရပါသည်။ ကောရိန္သု အသင်းတော်သို့ ရှင်ပေါလု ရေးသားခဲ့သည့်အတိုင်း၊ ဝိညာဉ် ရန်သူများသည် ဖြစ်လာမည့် အကျိုးရလဒ်များကို အမှန်တကယ် သိခဲ့ပါက၊ သူတို့သည် ယေရှုကို ဘယ်တုန်းကမှ လက်ဝါးကပ်တိုင်ပေါ်တွင် သတ်ခဲ့လိမ့်မည်မဟုတ်ပါ (၁ ကော ၂း၆-၈)။

ကျွန်ုပ်တို့သည် တရားဟောရာကျမ်း ၃၂ လောကီရှုထောင့်အမြင်ကို နားလည်သဘောပေါက်သော အခါ၌ ယေရှု လုပ်ဆောင်ခဲ့သည့်အရာများနှင့် ပြောဆိုခဲ့သောအရာများသည် ပို၍ အဓိပ္ပါယ်ရှိလာပါ သည်။ ထိုအရာသည် လူမျိုးနွယ်များအပေါ်၌ ဩဇာအာဏာ ပေးအပ်ထားသော ဘုရားသခင်၏ သားများသည် နောက်ပိုင်းတွင် ဆန့်ကျင်ပုန်ကန်ခဲ့ကြပြီး၊ လူသားများနှင့် ကမ္ဘာမြေကြီးအတွက် ဘုရားသခင်၏ အစီအစဉ်ကို ဆန့်ကျင်ရန် စတင်ခဲ့ကြသည်ဟု ဆိုလိုပါသည်။ ဤလောကီရှုထောင့် အမြင် မရှိဘဲ၊ သူ၏ လက်ဝါးကားတိုင်ပေါ်တွင် အသတ်ခံရခြင်းကို ဖြစ်ပေါ်စေခဲ့သော ယေရှု လုပ် ဆောင်ခဲ့သည့် အသေးစိတ်အချက်များသည် ရှင်းလင်းသော ရည်ရွယ်ချက် တစ်ခု မရှိပုံပေါ်ပေါက် နေပါသည်။ ခရစ်ဝင်ကျမ်း လေးကျမ်းထဲရှိ ယေရှု၏ အကြောင်းအရာများသည် တူညီသော ဖြစ်ရပ် များကို အမြဲတမ်း မထည့်သွင်းထားပါ။ ဥပမာအနေဖြင့်၊ ယေရှု၏ ဖွားမြင်ခြင်းကို မဿဲနှင့် လုကာ ထဲတွင်သာ တွေ့ရပါသည်။ မဿဲကသာလျှင် ယေရှုထံသို့ လက်ဆောင်များ ယူဆောင်လာသည့် ပညာရှိများအကြောင်းကို ဖော်ပြထားပါသည် (မဿဲ ၂)။ တစ်ခါတစ်ရံ၌ ခရစ်ဝင်ကျမ်းများသည် တူညီသော ဖြစ်ရပ်များကို ကွဲပြားသော အကြောင်းအရာ တစ်ခုအဖြစ် ရေးထားကြပါသည်။ ခရစ် ဝင်ကျမ်း စာစောင်များသည် ယေရှုက ဖျားနာသူများကို ပျောက်ကင်းသက်သာစေခြင်း၊ ဘုရား သခင်၏ နိုင်ငံတော်အကြောင်း ဟောကြားခြင်း၊ လူသားများကို ၎င်းတို့၏ အပြစ်များအား လွှတ် ပေးခြင်း၊ သူတော်ကောင်းဟန်ဆောင်ခြင်းနှင့် အခြားသော အကြောင်းအရာများကို ရေးသားထား ပါသည်။ သို့ရာတွင် ထိုကဲ့သို့ ယေရှု၏ ကောင်းမွန်သော လုပ်ဆောင်ချက်များသည် တနည်းနည်း ဖြင့် သူ၏ လက်ဝါးကားတိုင်ပေါ်တွင် အသတ်ခံရခြင်းကို ဖြစ်ပေါ်စေခဲ့ပါသည်။ ယေရှုသည် တစ်ခါ တစ်ရံ နိမိတ်လက္ခဏာများကို ပြုလုပ်၍ အလျဉ်းသင့်သလိုဖြစ်သော သမ္မာတရားများကို သွန်သင် ပေးခဲ့သည့် ခရီးလှည့်လည်သွားသော ပညာရှိ လူတစ်ယောက် မဟုတ်ခဲ့ပါ။ ကျွန်ုပ်တို့သည် အရင် ဦးဆုံး သူတို့ကို ဖတ်သည့်အခါ ကျွန်ုပ်တို့ နားလည်နိုင်မည့်အရာထက် ခရစ်ဝင်ကျမ်း စာစောင်များ ကို ရေးသားသူများသည် ကျွန်ုပ်တို့အား ကြိုးစား၍ သွန်သင်ပေးနေသည့်အရာ နောက်ထပ်အများ ကြီး ရှိပါသည်။ ယေရှု လုပ်ဆောင်နေသည့် အရာအားလုံး အကြားတွင် အရေးကြီးသော ဆက်နွယ် မှု တစ်ခု ရှိပါသည်၊ သို့သော်လည်း၊ ၎င်းကို စာရေးသူများက ရှင်းလင်းစွာ မဖော်ပြထားကြပါ။

## မကောင်းမှုကို ဉာဏ်ဖြင့်အသာစီးရယူခြင်း

ယေရှု၏ လူအများရှေ့၌ သာသနာပြုခြင်းကို အစပြုစေခဲ့သည့် ဖြစ်ရပ်မှာ ဗတ္တိဇံခံယူခြင်း ဖြစ်ခဲ့ပါ သည်။ ဗတ္တိဇံခံယူရာ၌၊ ဘုရားသခင်သည် လူအများရှေ့တွင် ကောင်းကင်မှ စကားပြောခဲ့ပြီး ယေရှု ဟာ သူ၏ သားတော်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည် (မာကု ၁း၁၁)။ ယေရှုသည် "ဤလောက၏ အပြစ်ကို ဆောင်သွားသောသူ" ဖြစ်သည်ဟု ဗတ္တိဇံဆရာ ယောဟန်က ပြောဆိုထားခဲ့ပါသည်

(ယောဟန် ၁း၂၉)။ ကျွန်ုပ်တို့သည် ယောဟန် ပြောဆိုခဲ့သည့်အရာကို ဖတ်ကြည့်သောအခါ၊ ကျွန်ုပ်တို့သည် ယခု ထိုအရာကို ယေရှုအား လက်ဝါးကပ်တိုင်ပေါ်၌ သတ်ခြင်းနှင့် ဆက်နွယ်ရပါသည်။ ဒါပေမဲ့ ယေရှုသည် ထိုအရာပြီးနောက် သုံးနှစ်အထိ လက်ဝါးကပ်တိုင်ပေါ်တွင် အသတ်မခံခဲ့ရသေးပါ။ ယေရှု ဗတ္တိဇံကို ခံယူနေသည့် အချိန်၌ ရှိနေခဲ့ကြသော ယောဟန်၏ တပည့်တော်များသည် ယေရှု၏ လက်ဝါးကားတိုင်ပေါ်၌ အသတ်ခံရမည့်အကြောင်းကို စဉ်းစားမနေခဲ့ကြပါ။ အမှန်စင်စစ်၊ ဘယ်သူကမှ ဗတ္တိဇံခံယူနေသည့်အချိန်၌ ဤအရာ ဖြစ်လာလိမ့်မည်ဟု မစဉ်းစားခဲ့ကြပါ။ ယေရှုက သူ၏ သေဆုံးခြင်းကို စတင် ပြောဆိုခဲ့သည့်အချိန်မှာ ဗတ္တိဇံခံယူပြီး သုံးနှစ်အကြာမှသာ ဖြစ်ပါသည်။ ယေရှု၏ တပည့်တော်တို့သည် သူ၏သေဆုံးရမည့်အကြောင်း သူ ပြောဆိုသည်ကို ကြားသောအခါ၊ တပည့်တော်တို့သည် ထိုအကြံအစည်ကို ကန့်ကွက်ခဲ့ကြပါသည် (မဿဲ ၁၇း၂၂-၂၃၊ မာကု ၉း၃၀-၃၂)။ သူတို့၏ မေရှိယထံမှ ကြားနာရန် တပည့်တော်များ မျှော်လင့်ခဲ့သည့် နောက်ဆုံးသော အရာမှာ သူ မကြာမီ သေဆုံးရတော့မည့်အကြောင်းအရာ ဖြစ်ခဲ့ပါသည်။ သူတို့သည် ထိုသို့သော အကြံအစည်မျိုးမှာ ရူးမိုက်မှုသာဖြစ်သည်ဟု တွေးထင်ခဲ့ကြပါသည်။ သူတို့သည် ယေရှုအတွက် ဘုရားသခင်၏ အစီအစဉ်မှာ တစ်လျှောက်လုံး လက်ဝါးကပ်တိုင်ပေါ်၌ အသတ်ခံရရန်ဖြစ်ခဲ့သည်ကို နားမလည်ခဲ့ကြပါ။ အဘယ်ကြောင့် တပည့်တော်တို့သည် ဤအရာကို နားမလည်ခဲ့ကြပါသလဲ။ အကြောင်းမှာ၊ ယခင် အခန်းထဲတွင် ကျွန်ုပ်တို့ ဆွေးနွေးခဲ့ကြသည့်အတိုင်း၊ အစီအစဉ်အကြောင်းကို ဓမ္မဟောင်းကျမ်းထဲတွင် ရှင်းလင်းစွာ ရေးသားထားခြင်းမရှိခဲ့ပါဘူး။ ဤနေရာတွင် အသေးစိတ်အချက်အလက်တစ်ခုကို ဖော်ပြထားပြီး၊ ထိုနေရာတွင် နောက်တစ်ခု ရှိနေပါသည်။ အစီအစဉ် တစ်ခုလုံး၏ ပုံစံကို မြင်တွေ့ရန်မှာ မဖြစ်နိုင်ခဲ့ပါ၊ အဘယ်ကြောင့်ဆိုသော်၊ ဘုရားသခင်သည် ၎င်းကို ပုန်ကန်သူ ဝိညာဉ် ခေါင်းဆောင်များထံမှ ဖုံးကွယ်ထားချင်သောကြောင့် ဖြစ်ပါသည်။

ဗတ္တိဇံကိုခံယူပြီးနောက်၌၊ စာတန်ကို ရင်ဆိုင်တွေ့ရန် ဘုရားသခင်၏ ဝိညာဉ်တော်သည် ယေရှုကို တောကန္တာရထဲသို့ ခေါ်ဆောင်သွားခဲ့ပါသည် (မဿဲ ၄း၁၊ မာကု ၁း၁၂၊ လုကာ ၄း၁-၁၃)။ စာတန်ဟုလည်း ခေါ်သော နတ်ဆိုးသည်၊ ယေရှု အဘယ်သူဖြစ်ကြောင်း သိထားခဲ့ပါသည်။ ယေရှုသည် မေရှိယဖြစ်ကြောင်း သိထားခဲ့သောကြောင့် စာတန်ဟာ ယေရှုကို ဖြားယောင်းသွေးဆောင်ရန် ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။ မေရှိယသည် ဒေင်ဥယျာဉ်နှင့် မြေကြီးပေါ်ရှိ ဘုရားသခင်၏နေအိမ်အား နဂိုအတိုင်းပြန်ဖြစ်စေချင်ခဲ့သည်ကို စာတန်က သိခဲ့ပါသည်။ မေရှိယသည် ဘုရင်တစ်ပါးဖြစ်ပြီးတော့ ဒါဝိဒ်၏သားမြေးတစ်ဦး ဖြစ်လိမ့်မည်ဆိုသည့်အရာဟာ ဓမ္မဟောင်းကျမ်းထဲ၌ ရှင်းလင်းစွာ ဖော်ပြထားပါသည်။ စာတန်သည် "ဤလောက၏ အရှင်သခင်" ဖြစ်ခဲ့ပါသည် (ယောဟန် ၁၂း၃၁)။ ယေရှုသည် သူ၏ နိုင်ငံတော်ကို ဖျက်ဆီးဖို့ရာ ကြိုးစားခဲ့လိမ့်မည်ဆိုတာကို စာတန်က သိရှိထားခဲ့

ပါသည်။ ယေရှု မေရှိယသည်  ဗာဗုလုန် ရဲတိုက်၌ ဘုရားသခင်က ငြင်းပယ်ခဲ့သည့် လူမျိုးနွယ်စု များကို ပြန်လည်ရယူရန် ကြိုးစားပါလိမ့်မည် (တရား ၄း၁၉-၂၀၊ ၃၂း၈-၉)။

သင်သည် ယေရှုကို ဖြားယောင်းသွေးဆောင်သော စာတန်၏ ပုံပြင်အား သိထားသည်ဟု ကျွန်ုပ် ထင်ပါသည်။ စာတန်သည် ယေရှုကို သုံးကြိမ်တိုင်အောင် ဖြားယောင်းသွေးဆောင်ခဲ့ပါသည် (မဿဲ ၄း ၃-၁၁)။ ဘုရားသခင်နှင့် သူ၏ ဆက်ဆံရေးကို နှောင့်ယှက်ရန် ယေရှုကို တိုက်တွန်းခြင်း အတွက် စာတန်၏ သုံးကြိမ်မြောက် နည်းဗျူဟာမှာ လောကီ တိုင်းနိုင်ငံများကို ယေရှုအား ကမ်း လှမ်းခြင်း ဖြစ်ခဲ့ပါသည် (မဿဲ ၄း၈-၉)။ စာတန်သည် ယေရှုက တိုင်းနိုင်ငံများကို ပြန်လည်သိမ်းယူ ရန် ကြွလာခဲ့ခြင်းဖြစ်သည်ဟု ယူဆခဲ့ပါသည် -

> တစ်ဖန် မာရ်နတ်သည် ယေရှုကို အလွန်မြင့်စွာလှသော တောင်ပေါ်သို့ ခေါ်ဆောင်သွား၍ ဤလောက၌ရှိသမျှသော တိုင်းနိုင်ငံတို့ကိုင်၎င်း၊ ထိုတိုင်းနိုင်ငံတို့၏ ဘုန်းစည်းစိမ်ကိုင်၎င်း ပြ ညွှန်၍၊ ကိုယ်တော်သည် ငါ့ကို ညွှတ်ပျက်ကိုးကွယ်လျှင် ယခုပြလေသမျှတို့ကို ငါပေးမည် ဟု ဆိုလေ၏။ (<u>မဿဲ ၄း၈-၉</u>)

စာတန်၏ အဆိုပြုချက်မှာ ဘုရားသခင်၏ အစီအစဉ်ကို ပြောင်းလဲရန် လိမ်မာပါးနပ်သော နည်း လမ်း တစ်ခု ဖြစ်ခဲ့ပါသည်။ စာတန်သည် ယေရှုကို တိုင်နိုင်ငံများနှင့် ငြင်းပယ်ခြင်းခံထားရသော လူမျိုးနွယ်အားလုံးကို ပေးအပ်ခဲ့ပါသည်။ ထိုအရာသည် ဘုရားသခင် အလိုရှိခဲ့သည့် တိကျသော အရာဖြစ်ခဲ့ပါသည်။ ယေရှု၏ တာဝန်မှာ ပြီးမြောက်ခဲ့ပါလိမ့်မည်။ ယေရှု လုပ်ဆောင်ဖို့ လိုအပ်ခဲ့ သည့်အရာမှာ ဘုရားသခင်အစား စာတန်ကို ဝတ်ပြုကိုးကွယ်ဖို့ရန်သာ ဖြစ်ခဲ့ပါသည်။

ဘုရားသခင်၏ အစီအစဉ်ဟာ ယေရှု သေဆုံးရန် လိုအပ်ခဲ့သည်ကို စာတန် နားမလည်ခဲ့သေး ကြောင်း သူ၏ ကမ်းလှမ်းမှုက ဖော်ပြနေပါသည်။ ယေရှုကလည်း အစီအစဉ်ကို စာတန် နားလည် လာအောင် မကူညီခဲ့ပါဘူး။ ယေရှုသည် အဘယ်ကြောင့် သူ ငြင်းဆန်ခဲ့သည်ကို ရှင်းမပြခဲ့ပါဘူး။ သူသည် စာတန် ထွက်ခွာသွားရန်သာ မိန့်တော်မူခဲ့ပါသည်။ ဘုရားသခင်သည် သူ ပိုင်ဆိုင်ခဲ့သည့် အရာကို အချိန်ကျရောက်သည့်အခါ၌ မှန်ကန်သော နည်းလမ်းအားဖြင့် ပြန်လည်ရယူပါလိမ့်မည်။ ယေရှု၏ တာဝန်မှာ တိုင်းနိုင်ငံအားလုံးကို အုပ်စိုးခြင်း အကြောင်းအရာသာ မဟုတ်ခဲ့ပါ။ ၎င်းသည် မိသားစု တစ်စုကို ပြန်လည်တည်ဆောက်ခြင်းအကြောင်းသာ ဖြစ်ခဲ့ပါသည်။ ဣသရေလလူမျိုးသာ မကဘဲ ထိုမိသားစုအတွင်းရှိ တိုင်းနိုင်ငံအားလုံး၏ လူမျိုးများ အပါအဝင် ဖြစ်ခဲ့ပါသည်။ ဤအရာ သည် လူသားများ၏ အပြစ်ကို ဖြေလွှတ်ပေးရမည်ဟု အဓိပ္ပါယ်ရပါသည်။ ဘုရားသခင်၏ အစီ အစဉ်မှာ သူ၏ သားသမီးများနှင့်အတူ အမြဲတမ်း အုပ်စိုးရန် ဖြစ်ခဲ့ပါသည်။ လက်ဝါးကပ်တိုင်ပေါ်၌ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့သည် လူသားများကို ရွေးနုတ်ကယ်တင်ဖို့ရန် မရှိမဖြစ် လိုအပ်ခဲ့ပါသည်။ ထို့ကြောင့်၊ ဘုရားသခင်၏ ရည်မှန်းချက်ကို ပြီးမြောက်ဖို့ရန် တစ်ခုတည်းသော

နည်းလမ်းမှာ လက်ဝါးကပ်တိုင်ပေါ်၌ မေရှိယ၏ အသေခံခြင်းကို သူ၏ အစီအစဉ်ထဲတွင် ထည့်သွင်းဖို့ဖြစ်ပါသည်။ ယေရှုသည် အခြားသော အစီအစဉ်ကို လုပ်ဆောင်ရန် လှည့်ဖြားခံလိမ့်မည် မဟုတ်ပါ။ သို့ရာတွင် နတ်ဆိုးသည် တာဆီးဖို့ရာ အလွန် နောက်ကျသွားသည့် အချိန်ထိတိုင်အောင် စစ်မှန်သော အစီအစဉ်ကို မသိရှိခဲ့ပါ။

## ဒေင်ဥယျာဉ်၏ အတွေ့အကြုံ တစ်ခု

တောကန္တရထဲရှိ ဖြားယောင်းသွေးဆောင်ခြင်းပြီးနောက်ချက်ချင်းတွင်၊ ယေရှုသည် အရာ နှစ်ခု လုပ်ဆောင်ခဲ့ပါသည် - ရှေးဦးစွာ သူသည် ပေတရု၊ အန္ဒြေ၊ ယာကုပ်နှင့် ယောဟန်တို့ကို သူ့နောက်သို့လိုက်ရန် ခေါ်ယူခဲ့ပြီး၊ ဒုတိယအရာမှာ ယေရှုသည် နတ်ဆိုးစွဲနေသော သူတစ်ဦးကို ပျောက်ကင်းစေခဲ့ပါသည် (မာကု ၁း၁၆-၂၈၊ လုကာ ၄း၃၁- ၅း၁၁)။ ဤအရာပြီးနောက်တွင်၊ ယေရှုသည် နောက်ထပ် တပည့်တော်များကို သူ့နောက်သို့လိုက်ရန် ခေါ်ယူခဲ့ပြီး၊ နောက်ထပ် လူများစွာကို အနာရောဂါပျောက်ကင်းစေခဲ့ပါသည်။ ဤအရာသည် ပုံစံတစ်ခုကို ပုံဖော်ပေးခဲ့ပါသည်။ ယေရှုက နောက်ထပ် တပည့်တော်များကို ခေါ်ယူခဲ့ပါသည်၊ ထို့နောက် သူသည် နတ်ဆိုးများကို နိုင်သော တန်ခိုးအာဏာနှင့် လူတို့၏ အနာရောဂါ၊ ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်နှင့် နာမကျန်းဖြစ်ခြင်းတို့ကို ငြိမ်းစေနိုင်သည့် တန်ခိုးကိုလည်း သူတို့အား ပေးအပ်ခဲ့ပါ (လုကာ ၉း၁-၅)။

ယေရှုက ပထမဦးဆုံး တပည့်တော် ဆယ့်နှစ်ပါးကိုသာ ခေါ်ယူခဲ့ပါသည်။ အရေအတွက်သည် တိုက်ဆိုင်မှု တစ်ခု မဟုတ်ခဲ့ပါ။ ၎င်းသည် ဣသရေလလူမျိုး ဆယ့်နှစ်မျိုးနွယ်နှင့် ကိုက်ညီပါသည်။ ယေရှုသည် ဘုရားသခင်၏ အစီအစဉ်ကို လိုက်နာခြင်းအား အစပြုခဲ့ပါသည်၊ ထိုအရာမှာ ဣသရေလလူမျိုးတို့သည် ဘုရားသခင်၏ အစီအစဉ်ကို ကြားခွင့်ရသည့် ပထမဦးဆုံးသော တိုင်းနိုင်ငံ ဖြစ်လိမ့်မည်ဟု အဓိပ္ပါယ်ရပါသည်။ ဤအရာသည် အဓိပ္ပါယ်ရှိပါသည်၊ အကြောင်းမှာ သူတို့သည် ဘုရားသခင်၏ အထူး လူမျိုးများ ဖြစ်ခဲ့ကြပါသည် (တရား ၃၂း၈-၉)။ ရှင်ပေါလုက သတင်းကောင်းကို ဖြန့်ဝေမည့် ဘုရားသခင်၏ အစီအစဉ်သည် အဘယ်သို့ အတူတူဖြစ်သည်ဆိုသည့်အကြောင်းကို ရေးသားခဲ့ပါသည်။ ဘုရားသခင်သည် ဂျူးလူမျိုးတို့နှင့် အစပြုခဲ့ပြီး၊ ထို့နောက်တွင် ဟေလသလူမျိုးတို့ထံ သွားရောက်ခဲ့ပါသည် (အခြားသော တိုင်းနိုင်ငံ အားလုံး) (ရောမ ၁း၁၆-၁၇)။

ယေရှုသည် တပည့်တော် တစ်ဆယ့်နှစ်ပါးကို ခေါ်ယူခြင်းဖြင့်သာ မရပ်သွားခဲ့ပါ။ ရှင်လုကာ ၁၀ ထဲတွင် သူသည် နောက်ထပ် လူအယောက် ခုနစ်ဆယ်အား အနာရောဂါငြိမ်းစေရန်နှင့် နတ်ဆိုးများကို မောင်းထုတ်ရန် တာဝန်ပေးအပ်ခဲ့ပါသည် (လုကာ ၁၀း၁၊ ၉၊ ၁၇)။ ထိုအရေအတွက်သည် လည်းဘဲ တိုက်ဆိုင်မှု တစ်ခု မဟုတ်ခဲ့ပါ။ ခုနစ်ဆယ်သည် ကမ္ဘာဦးကျမ်း ၁၀ ထဲတွင် ဖော်ပြထား

သည့် တိုင်းနိုင်ငံများ၏ အရေးအတွက် ဖြစ်ပါသည်။ ဤအရာသည် ဘုရားသခင်က ဖာဗုလုန် ရဲတိုက်၌ သူတို့ကို ငြင်းပယ်ခဲ့ပြီး၊ ဘုရားသခင်က သူတို့ကို ဘုရားသခင်၏ သားများ၏ ဩဇာ အာဏာအောက်၌ ထားရှိခဲ့သည့် တိုင်းနိုင်ငံများ၏ အရေးအတွက် ဖြစ်ပါသည် (တရား ၄း၁၉-၂၀၊ ၃၂း၈-၉)။ ဤကျမ်းချက်များထဲတွင် အချို့သော သမ္မာကျမ်းစာ ဘာသာပြန်မှုများသည် ခုနစ်ဆယ် အစား ခုနစ်ဆယ့်နှစ်ဟု ပါရှိကြပါသည်။ ထိုအရာမှာ ကမ္ဘာဦးကျမ်း အခန်း ၁၀ ၏ အချို့သော ရှေးဟောင်း လက်ရေးစာမူများသည် တိုင်းနိုင်ငံများ၏ အမည်များကို ကွဲပြားစွာ ဘာသာပြန်ဆိုထား သောကြောင့် ဖြစ်ပြီး၊ ထိုအရာက ခုနစ်ဆယ့်နှစ်ကို ရရှိစေခဲ့ပါသည်။ မည်သို့ဖြစ်စေကာမူ၊ အဓိပ္ပါယ် မှာ အတူတူဖြစ်ပါသည်။ ယေရှုသည် ဤလူများကို စေလွှတ်ခဲ့ပြီး၊ ၎င်းတို့၏ အရေးအတွက်သည် ကမ္ဘာဦးကျမ်း အခန်း ၁၀ ရှိ တိုင်းနိုင်ငံများ၏ အရေးအတွက်နှင့် ကိုက်ညီပါသည်။ တပည့်တော် တစ်ဆယ့်နှစ်ပါးကို ခေါ်ယူခြင်းသည် ဘုရားသခင်၏ နိုင်ငံတော်သည် ဣသရေလလူမျိုးတို့ထံ ရောက်ရှိလာပြီဆိုသော နိမိတ်လက္ခဏာ တစ်ခု ဖြစ်သည့်အတိုင်း၊ လူအယောက်ခုနစ်ဆယ်ကို စေ လွှတ်ခြင်းမှာလည်း သူ၏ နိုင်ငံတော်သည် တိုင်းနိုင်ငံ ခုနစ်ဆယ်ကို ပြန်လည်ယူဆောင်မည်ဟု အချက်ပြနေပါသည်။

တပည့်တော် ခုနစ်ဆယ်သည် ပြန်ရောက်လာသောအခါ၊ "စာတန်သည် လျှပ်စစ်ကဲ့သို့ ကောင်း ကင်မှ ကျသည်ကို ငါ မြင်ပြီဟု" ယေရှုက တုန့်ပြန်ထားပါသည် (လုကာ ၁၀း၁၇)။ ဤအရာသည် ယေရှုထံမှ ပြင်းထန်သော အမှာစကား တစ်ခု ဖြစ်ခဲ့ပါသည်။ ကြီးမားသော သဘာဝလွန် ပြောင်း ပြန်လှန်ပစ်ခြင်းသည် ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်ပါသည်။ လူသားများသည် ယေရှုနှင့် သက် ဆိုင်သောသူများ ဖြစ်ကြပါက စာတန်သည် သူတို့အပေါ်တွင် ရယူပိုင်ခွင့် ရှိတော့မည် မဟုတ်ပါ။ စာတန်သည် ယခင်က ယုံကြည်သူများအား စွပ်စွဲရန် ဘုရားသခင်အထံတော်သို့ ဝင်ရောက်ခွင့် ရှိခဲ့ပါသည် (ဗျာ ၁၂း၁၀) ဒါပေမဲ့ ထိုအချိန်သည် ကုန်ဆုံးသွားခဲ့ပြီ ဖြစ်ပါတယ်။ သူသည် တရားလို ရှေ့နေဖြစ်ခဲ့ပြီး လူသားများကို စွပ်စွဲနေခဲ့ပါသည်။ သို့သော် ယခု စာတန်သည် အကြောင်းကိစ္စ တစ်ခုမျှ မရှိတော့ပါ။

## ကျွန်ုပ်ကို လာဖမ်းပါ

ယေရှုသည် သုံးနှစ်တာကာလပတ်လုံး ကြွလာမည့် ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို ဟော ကြားလျက် နေခဲ့ပါသည်။ ယေရှုသည် လူသားများကို ဘုရားသခင်၏ ချစ်ခြင်းတရားကို ပြသပေးခဲ့ ပါသည်။ ယေရှုက အသက်တာကို မည်သို့ ရှင်သန်နေထိုင်ရန် ထုတ်ဖော်ပြသပေးခဲ့ပါသည်။ ယေရှုက သူတို့သည် ဧဒင်ဥယျာဉ်အထဲတွင် အတူရှိနေသကဲ့သို့ ဘုရားသခင်နှင့် စကားပြောခဲ့ပါ သည်။ ထို့နောက် ယေရှုသည် အဆုံးသတ်ပိုင်းအတွက် ပြင်ဆင်ရန် စတင်လုပ်ဆောင်ခဲ့ပါသည်။

ဤအရာသည် လူသားတစ်ဦးအနေဖြင့် ကမ္ဘာမြေကြီးသို့ ကြွဆင်းလာခြင်းအတွက် သူ၏ စစ်မှန်သော ရည်ရွယ်ချက်ဖြစ်ပါသည်။

ယေရှုသည် သူ၏ တပည့်တော်များနှင့် ဣသရေလနိုင်ငံ၏ ဝေးသော မြောက်ဘက်ခြမ်းသို့ ခရီးထွက်ခဲ့ကြပါသည်။ ဤခရီးစဉ်သည် တောင်ဘက်ခြမ်းသို့ လှည့်ထွက်၍ ဂျေရုဆလင်မြို့သို့ နောက်ဆုံးအကြိမ်အနေဖြင့် သူတို့ကို ခေါ်ဆောင်သွားခြင်းမတိုင်ခင်၌ ယေရှု ပြုခဲ့သည့် ခရီးစဉ် တစ်ခု ဖြစ်ခဲ့ပါသည်။ ယေရှုသည် မြောက်ဘက်သို့ ခရီးထွက်ခဲ့ပါသည်၊ အကြောင်းမှာ ဂျေရုဆလင်မြို့သို့ သူ ပြန်ရောက်လာသည့်အခါ၌ သူ့ကို ဖမ်းဆီး၍ ကားတိုင်ပေါ်တွင်သတ်ခံရစေရန် သေချာမှုရှိစေဖို့ လုပ်ဆောင်ရန် လိုအပ်ခဲ့သောကြောင့် ဖြစ်ပါသည်။ ယေရှုသည် သူ၏တပည့်တော်များအား ဘုရားသခင်နှင့် စစ်ဖြစ်နေသော သဘာဝလွန် မကောင်းသော ခေါင်းဆောင်များကို စိန်ခေါ်ရန် သူ စီစဉ်ထားသည့် စုံလင်မှုရှိသော နေရာသို့ ဦးဆောင်သွားခဲ့ပါသည်။ ယေရှုက ဤဘုရားသခင်၏ ပုန်ကန်သူ သားတော်တို့သည် ဘုရားသခင်၏ မေရှိယကို သတ်ပြီး ဘုရားသခင်၏ အစီအစဉ်ကို ကြိုးစား၍ တားဆီးရန် သင့်လျော်သော အချိန်ကို ဆုံးဖြတ်ကြစေဖို့ရန် သေချာအောင် လုပ်ချင်ခဲ့ပါသည်။

ယေရှုသည် တပည့်တော်တို့အား ဖိလိပ္ပုကဲသရိမြို့ဟု ခေါ်သော နေရာတစ်ခုသို့ ခေါ်ဆောင်လာခဲ့ပါသည်။ ဒါပေမဲ့ ထိုအရာသည် ၎င်း၏ ပို၍သစ်သော ရောမ အမည် ဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းခေတ်ကာလ၌ ထိုနေရာကို ဗာရှန်ဟု ခေါ်ခဲ့ပါသည်။ ကျွန်ုပ်သည် ဤဒေသအကြောင်းကို အခန်း ၉ ထဲတွင် ရေးသားဖော်ပြခဲ့ပါသည်။ ဤနေရာသည် ဣသရေလလူမျိုးတို့က အလွန်ကြီးမားသော ဩဃနှင့် ရှိဟုန် ဘုရင်ဆိုးများ၏ စစ်တပ်များကို ရှုံးနိမ့်စေခဲ့သည့်နေရာ ဖြစ်ခဲ့ပါသည်။ ဤနေရာသည် လူသေတို့၏ နိုင်ငံသို့ ဂိတ်တံခါး ဖြစ်သည်ဟု သတ်မှတ်ထားသော မြို့နှစ်မြို့၏ တည်နေရာ ဖြစ်ခဲ့ပါသည်။ သူတို့က "ငရဲတံခါးများ" ဟု ၎င်းတို့အား ခေါ်ဆိုခဲ့ကြပါသည်။ ဖိလိပ္ပုကဲသရိမြို့သည် ဟေရမုန်တောင်ရိုး၏ တောင်ခြေ၌ တည်ရှိသော မြို့လေး တစ်မြို့ ဖြစ်ပါသည်။ ဟေရမုန်တောင်ရိုးသည် အချို့သော ဘုရားသခင်၏ သားများသည် ကမ္ဘာဦးကျမ်း ၆း၁-၄ ၌ ပြောဆိုထားသည့် ဆန့်ကျင်ပုန်ကန်မှုတွင် မြေကြီးပေါ်သို့ လာရောက်ခဲ့သည်ဟု ရှေးဟောင်း လူသားတို့က ထင်မှတ်ခဲ့ကြသည့် နေရာ ဖြစ်ခဲ့ပါသည်။ ဓမ္မဟောင်းကျမ်း ခေတ်ကာလများ၌ ဗာရှန်နှင့် ဟေရမုန်တောင်တို့ကို မကောင်းသော သဘာဝလွန် အုပ်စိုးသူများ၏ ဌာနချုပ်ဖြစ်သည်ဟု မှတ်ယူခဲ့ကြပါသည်။

ထို့အပြင် ဗာရှန်သည်၊ "သင်တို့လည်း ငါ့ကို အဘယ်သူဖြစ်သည်ဆိုကြသနည်း" ဟု ယေရှုက တပည့်တော်တို့အား မေးမြန်းခဲ့သည့် နေရာ ဖြစ်ပါသည် (မဿဲ ၁၆း၁၅)။ "ကိုယ်တော်သည် မေရှိယ (ခရစ်တော်) တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော် ဖြစ်တော်မူသည်" ဟု ပေတရုက ဖြေကြားခဲ့ပါသည် (အခန်းငယ် ၁၆ )။ ယေရှုက သူ့ကို ချီးကျူးစကား ဆိုခဲ့ပြီး၊ ဆက်လက်ပြောဆိုခဲ့ပါသည် -

> ယေရှုကလည်း၊ ရှိမုန် ဗာယောန၊ သင်သည် မင်္ဂလာရှိ၏။ အကြောင်းမူကား၊ အသွေးအသားသည် ဤအကြောင်းအရာကို သင့်အား ဖော်ပြသည်မဟုတ်။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့ခမည်းတော်သည် ဖော်ပြတော်မူသတည်း။ ငါဆိုသည်ကား၊ သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းတော်ကို ငါတည်ဆောက်မည်။ ထိုအသင်းတော်ကို မရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရာ။ (အခန်းငယ် ၁၇-၁၈)

ယေရှု ရည်ညွှန်းခဲ့သော "ကျောက်" ၏ အနက်အဓိပ္ပါယ်အား ရာစုနှစ်ပေါင်းများစွာကြာအောင် အငြင်းအခုံပြုလုပ်ခဲ့ကြပါသည်။ ယေရှု ဆိုလိုခဲ့သည့်အရာကို နားလည်ဖို့ရန် မှန်ကန်သော နည်းလမ်းမှာ ယေရှု၏ တည်နေရာနှင့် ဆက်နွယ်နေသည်ဟု ကျွန်ုပ် ယူဆပါသည်။ ဖိလိပ္ပုကဲသရိမြို့သည် ဗာရှန်မြို့၏ ဝေးသော မြောက်ဘက် ဒေသတွင် ရှိပါသည်။ ဓမ္မဟောင်းကျမ်း ခေတ်ကာလ၌၊ ဤဒေသကို လူသေ နိုင်ငံ၏ တံခါးများအား ထိန်းချုပ်ထားသည့် နေရာဖြစ်သည်ဟု မှတ်ယူခဲ့ကြပါသည်။ ဖိလိပ္ပု ကဲသရိမြို့သည် တောင်၏ခြေရင်းတစ်ခု၌ တည်ရှိပါသည်။ ယေရှု ပြောဆိုနေခဲ့သည် "ကျောက်" အကြောင်းသည် ထို တောင် ဖြစ်ပါသည်။ "ငရဲ တံခါးများ" သည် ယေရှုနှင့်သူ၏တပည့်တော်တို့ ရပ်နေခဲ့သည့် နေရာပင် ဖြစ်ခဲ့ပါသည်။ ယေရှုက သူ၏ အသင်းတော်ကို ဤမသန့်ရှင်းသော နယ်မြေပေါ်၌ပင် တည်ထောင်လိမ့်မည်ဟု ဆိုထားပါသည်။

ယေရှုသည် အမှောင်လောက၏ အရှင်သခင်များကို စိန်ခေါ်မှုတစ်ခု ထုတ်ပြန်ကြေငြာနေခဲ့ခြင်းဖြစ်ပါသည်။ ဒေင် ဥယျာဉ် ပုန်ကန်မှု၌၊ လူသားများသည် ဘုရားသခင်နှင့်ထာဝရအတူနေထိုင်ခွင့်ကို ဆုံးရှုံးခဲ့ကြပြီး၊ သေခြင်းတရားနှင့် ဘုရားသခင်ထံမှ ဝေးကွာခြင်းကိုသာ ရွေးချယ်ခဲ့ကြပါသည်။ မြွေကြီး၊ စာတန်နှင့် နတ်ဆိုးဟုလည်းခေါ်သော လူသေတို့၏ အရှင်သခင်သည် ယခု လူသားအားလုံးအပေါ်၌ တရားဝင် ရယူပိုင်ဆိုင်ခွင့် ရှိခဲ့ပါသည်။ လူသားတိုင်းသည် သေဆုံးရမည်ဖြစ်ပြီး မရဏာနိုင်ငံတော်တွင် သူနှင့်အတူ ရှိကြပါလိမ့်မည်။ ဒါပေမဲ့ ဘုရားသခင်သည် အခြားသော အစီအစဉ် ရှိခဲ့ပါသည်။ လူသားတို့၏ အပြစ်များအတွက် ပြစ်ဒဏ် ပေးဆပ်ရန် ယေရှုကို စေလွှတ်မည့် ဖုံးကွယ်ထားသော အစီအစဉ်သည် ငရဲ တံခါးများကို တိုက်ရိုက် တိုက်ခိုက်ခြင်း တစ်ခု ဖြစ်ပါလိမ့်မည်။ မရဏာ၏ အရှင်သခင်နှင့် ၎င်း၏ မကောင်းသော အဖွဲ့သားများသည် ဘုရားသခင်၏ နိုင်ငံတော်ကို ခုခံနိုင်လိမ့်မည်မဟုတ်ပါ။ မဿဲ ၁၆ တွင် ယေရှုက နတ်ဆိုး၏ တံခါးအရှေ့သို့သွားပြီး မရဏာနိုင်ငံတော်တွင် လူသားများကို ကျွန်များကဲ့သို့ ထားရှိရန် သူ၏ ရယူပိုင်ဆိုင်ခွင့်ကို စိန်ခေါ်မှုပြုခဲ့ပါသည်။ ယေရှုသည် စာတန်အား သူ့ကို တိုက်ခိုက်ရန် စိတ်ဆွပေးချင်ခဲ့ပါသည်။ အဘယ်ကြောင့် ဖြစ်ပါသလဲ။ အကြောင်းမှာ ယေရှုအတွက် အသေခံရန် အချိန်ကျရောက်ပြီဖြစ်ပါတယ်။ ဘုရားသခင်၏ အကြံအစည်မှာ သူ၏ အစီအစဉ်ကို ပြီးမြောက်စေဖို့ရန် ယေရှု၏ စိန်ခေါ်မှုအား စာတန်၏ ပြန်လည်တုံ့ပြန်မှုကို အသုံးချဖို့ရန် ဖြစ်ခဲ့ပါသည်။

သူ၏ အသင်းတော်ကို မကောင်းဆိုးဝါး အရှင်သခင်များ၏ ဌာနချုပ် တည်ရှိရာ၌ တည်ထောင်ရန် ယေရှု၏ စိန်ခေါ်မှုသည် ယေရှုကို တိုက်ခိုက်ရန် လှုံ့ဆော်မှုမဖြစ်စေပါက၊ နောက်ထပ်များစွာ ကျန်ရှိပါသေးသည်။ ယေရှု လုပ်ဆောင်ခဲ့သည့် နောက်အရာတစ်ခုမှာ မြင့်မားသော တောင်ထိပ် တစ်ခု အပေါ်သို့ တက်ရောက်၍ သူသည် လူသားပုံသဏ္ဍာန်နှင့် ဘုရားသခင်၏ တုနှိုင်းမဲ့သော သားတော် ဖြစ်သည်ကို ထုတ်ဖော်ပြခြင်းဖြစ်သည်ဟု မဿဲ၊ မာကုနှင့် လုကာတို့ အားလုံးက အစီရင်ခံထားကြပါသည်။ မာကု ၉း၂-၈ က ဤသို့ ဆိုထားပါသည် -

> ခြောက်ရက်လွန်သောအခါ ယေရှုသည် ပေတရု၊ ယာကုပ်၊ ယောဟန်တို့ကို ခေါ်၍ အခြားသူ မပါဘဲ မြင့်လှစွာသော တောင်ပေါ်တွင် ဆိတ်ကွယ်ရာအရပ်သို့ ဆောင်ကြွတော်မူ၏။ သူတို့၏ ရှေ့၌ ထူးခြားသောအဆင်းအရောင်နှင့် ပြည့်စုံသည်ဖြစ်၍၊ အဝတ်တော်သည် ပြောင်လက်လျက်၊ ဤမြေပေါ်၌ အဘယ်ခဝါသည်မျှမတတ်နိုင်အောင် မိုးပွင့်ကဲ့သို့ အလွန်ဖြူလျက်ရှိ၏။ မောရှေနှင့် ဧလိယသည် ထင်ရှား၍ ယေရှုနှင့်အတူ စကားပြောလျက်ရှိကြ၏။ ထိုအခါ ပေတရုက၊ အရှင်ဘုရား၊ ဤအရပ်၌ နေဖွယ်ကောင်းပါ၏။ ကိုယ်တော်ဖို့ တဲတစ်ဆောင်၊ မောရှေဖို့တစ်ဆောင်၊ ဧလိယဖို့တစ်ဆောင်၊ တဲသုံးဆောင်ကို အကျွန်ုပ်တို့ ဆောက်လုပ်ပါရစေဟု လျှောက်လေ၏။ တပည့်တော်တို့သည် အလွန်ကြောက်သောကြောင့် ပေတရုသည် ယောင်ယမ်း၍ ထိုသို့ လျှောက်သတည်း။ ထိုအခါ မိုးတိမ်သည် သူတို့ကို လွှမ်းမိုး၍ ဤသူသည် ငါ၏ ချစ်သားပေတည်း။ သူ၏ စကားကို နားထောင်ကြလော့ဟု မိုးတိမ်က အသံတော်ဖြစ်လေ၏။ ထိုခဏချင်းတွင် တပည့်တော်တို့သည် ပတ်လည်သို့ ကြည့်ရှုလျှင် မိမိတို့နှင့်အတူ ယေရှုမှတပါး အဘယ်သူကိုမျှ မမြင်ကြ။

ဤ အဆင်းသဏ္ဍာန်ထူးခြားပြောင်းလဲခြင်းသည် ဟေရမုန်တောင်ပေါ်၌ ဖြစ်ပျက်ခဲ့ပါသည်။ ယေရှုသည် ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ကို လူသားကိုယ်ခန္ဓာနှင့် ဘုရားသခင်၏ ဘုန်းအသရေတော်၊ သူ မည်သူမည်ဝါဖြစ်ကြောင်း အတိအကျ ဖွင့်ပြရန် ဤ နေရာအား ရွေးချယ်ခဲ့ပါသည်။ ယေရှုသည် နောက်တစ်ဖန် စာတန်နှင့် မှောင်မိုက်၏ တန်ခိုးစွမ်းအားများကို ပုန်ကန်သူ ဝိညာဉ်က ဆန့်ကျင်ပုန်ကန်သည့်အနေဖြင့် မြေကြီးပေါ်သို့ ဆင်းသက်ခဲ့ကြသည့် ထိုနေရာ၌ပင် စိန်ခေါ်နေခဲ့ပါသည်။ ယေရှုသည် သူ၏ လုပ်ဆောင်ချက်အားဖြင့် ပြောဆိုနေပါသည် - ငါပိုင်ဆိုင်သည့်အရာအား ပြန်လည်သိမ်းဆည်းရန် ဤလောကသို့ ငါ ကြွလာခြင်းဖြစ်၏။ ဘုရားသခင်၏ နိုင်ငံတော်သည် ကြွရောက်လာပြီ။ "ငါသည် ဒီမှာရှိ၏။ သင်တို့ မည်သည့်အရာကို လုပ်ဆောင်ကြမည်နည်း။"

ဤဖြစ်ရပ်များပြီးနောက်တွင်၊ ယေရှုသည် ချက်ချင်းပင် တောင်ဘက်သို့ လမ်းကြောင်းပြောင်းခဲ့ပြီး၊ ဂျေရုဆလင်ဆီသို့ ခရီးစတင်ထွက်ခွာခဲ့ကြပါသည်။ သူသည် ထို ဂျေရုဆလင်မြို့တွင် သေဆုံးရမည်အကြောင်းကို တပည့်တော်တို့အား စတင်ပြောဆိုခဲ့ပါသည်။ တပည့်တော်တို့က ဤအရာ

သည် မဖြစ်နိုင်ဟု မှတ်ယူခဲ့ကြပြီး၊ မယုံကြည်ခဲ့ကြပါ။ သို့ရာတွင် ယေရှုသည် စာတန်နှင့် အခြား မကောင်းသော တန်ခိုးစွမ်းအားများကို သူ့အား တိုက်ခိုက်လာအောင် မျှားခေါ်ခဲ့ပါသည်။ ယခုအခါ မကောင်းသော တန်ခိုးစွမ်းအားများက သူ့ကို မကြာမီ သတ်ဖို့ရန် အရေးတကြီး ခံစားလာမိခဲ့ကြပါ သည်။ ထိုအရာမှာ ယေရှု အလိုရှိခဲ့သည့်အရာပင် ဖြစ်ပါသည်။ သူ၏ သေဆုံးခြင်းသည် ဘုရား သခင်၏ အစီအစဉ်တွင် အရာအားလုံး၏ သော့ချက် ဖြစ်ခဲ့ပါသည်။

## အဘယ်ကြောင့် ဤအရာသည် အရေးပါမှုရှိပါသလဲ

ယေရှု၏ သာသနာလုပ်ငန်းနှင့် သူ လုပ်ဆောင်ခဲ့သည့် အရာတိုင်းကို သေချာစွာ အစီစဉ်ဆွဲထား ပါသည်။ ယေရှုသည် မြေကြီးပေါ်မှာ ဘုရားသခင်၏ နိုင်ငံတော်ကို ပြန်လည်အသက်သွင်းရာ၌ ဘုရားသခင်၏ အစီအစဉ်၌ရှိသော သူ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ရှင်းလင်းသော နားလည်သ ဘောပေါက်မှု တစ်ခုရှိခဲ့ပါသည်။ ယေရှုသည် သူ နောက်တစ်ဖန် ပြန်ကြွလာမည့်အချိန်ထိတိုင် အောင် ကြီးထွားပြီးရင်း ကြီးထွားလာမည့် တစ်စုံတစ်ရာကို အစပြုခဲ့ပါသည်။ သူ ပြန်ကြွလာသည့် အခါ၌၊ သူသည် ဤလောကကို ဒေင်လိုဖြစ်အောင် ပြန်၍ဖန်တီးပါလိမ့်မည်။

ကျွန်ုပ်တို့၏ အသက်တာများသည် ဘုရားသခင်၏ အစီအစဉ်ထဲတွင် ယေရှုကဲ့သို့ ကြီးမားသော အခန်းကဏ္ဍ တစ်ခု မရှိကြပါ။ ဒါပေမဲ့ ကျွန်ုပ်တို့ တစ်ဦးစီသည်၊ ယေရှု နောက်သို့လိုက်လျှောက်ပါ က၊ ဘုရားသခင်၏ အစီအစဉ်တွင် ဖြည့်ဆည်းရမည့် ကဏ္ဍ တစ်ခု ရှိကြပါသည်။ ကျွန်ုပ်တို့သည် ထိုအရာဟာ မှန်ကန်ကြောင်း ကျွန်ုပ်တို့ ယုံကြည်သကဲ့သို့ အသက်ရှင်၍ ပြမူဖို့ လိုအပ်ပါသည်။ ယုံကြည်သောသူတို့သည် ဘုရားသခင်၏ မိသားစုထဲသို့ မွေးစားခံ၍၊ တစ်နေ့တွင် သူ၏ ကောင်စီ အဖွဲ့ဝင်များ ဖြစ်လာပါလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူ၏ အစီအစဉ်အား စောင့်ကြည့် နေခြင်းထက် ပို၍ လုပ်ဆောင်စေချင်ပါသည်။ သူသည် ကျွန်ုပ်တို့ကို သူ၏အစီအစဉ်ထဲတွင် ပူး ပေါင်းပါဝင်စေချင်ပါသည် (ကော ၁း၁၃)။

ယေရှုသည် လူသားများအား ဒေင်ဥယျာဉ်ထဲရှိ ဘုရားသခင်နှင့်ဆက်ဆံရေးမှာ မည်သည့်ပုံစံရှိခဲ့ ကြောင်း ပြသခဲ့ပါသည်၊ ထို့အပြင် ဘုရားသခင်နှင့်အတူ နေထိုင်ရမည့် အသက်တာမှာ မည်သို့ ဖြစ် လိမ့်မည်ကိုလည်း ပြသခဲ့ပါသည်။ ဘုရားသခင်၏ မိသားစုနှင့် နိုင်ငံတော်ထဲတွင်၊ အနာရောဂါနှင့် ကိုယ်ခန္ဓာ မစုံလင်မှုများ ရှိလိမ့်မည်မဟုတ်ပါ။ ရန်သူ စွမ်းအားများလည်း ရှိလိမ့်မည် မဟုတ်ပါ။ ဘုရားသခင်၏ ပြည့်စုံမှုရှိသော နိုင်ငံတော်သည် ဥယျာဉ် တစ်ခုထက် ပို၍ ကြီးမားပါလိမ့်မည်။ ၎င်း သည် ဣသရေလလူမျိုးတို့၏ နယ်မြေထက် ကြီးမားပါသည်။ နိုင်ငံတော်သည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်ပါလိမ့်မည်။ ၎င်းသည် တိုင်းနိုင်ငံအားလုံးရှိ လူများကို ထည့်သွင်းပါလိမ့်မည်။ ထို့အပြင်

၎င်းသည် အရာရာတိုင်း၌ ဒေင်ဥယျာဉ်ကဲ့သို့ ဖြစ်ပါလိမ့်မည်။ ၎င်းသည် မြေကြီးပေါ်ရှိ ကောင်းကင်ဘုံ ဖြစ်ပါလိမ့်မည်။

ယခု ကျွန်ုပ်တို့၏ တာဝန်မှာ ယေရှု နေထိုင်ခဲ့သည့် အသက်တာပုံစံကို အတုယူရန် ဖြစ်ပါသည်။ ယေရှုကဲ့သို့၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မိတ်ဆွေ "ပုံသဏ္ဍာန်ဆောင်သူများ" - လူသားများ၏ ကိုယ်ခန္ဓာနှင့် ဝိညာဉ် နှစ်ခုစလုံးကို ပြုစုစောင့်ရှောက်ပေးနိုင်ပါသည်။ ကျွန်ုပ်တို့သည် သူတို့ကို ကျွန်ုပ်တို့၏ ရှင်ဘုရင်ဖြစ်တော်မူသော ဘုရားသခင်၏ ယုံကြည်ခြင်းထံသို့ ညွှန်ပြနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုသာလျှင် သစ္စာရှိရန် ၎င်းတို့၏ ဆုံးဖြတ်ချက်အား ခိုင်ခံ့စေဖို့ရန် သူတို့ကို ခွန်အားပေးနိုင်ပါသည်။ ကျွန်ုပ်တို့သည် ယေရှုကဲ့သို့ ဖြစ်နိုင်ပါသည်၊ "နှလုံးကြေကွဲသော သူတို့၏ အနာကို စည်းပေးခြင်းနှင့် ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်း ကြွေးကြော်ခြင်းတို့ကို" လုပ်ဆောင်ပေးနိုင်ပါသည် (ဟေ ၆၁း၁)။ ဤအရာများသည် သဘာဝလွန် လုပ်ဆောင်ချက်များဖြစ်ပြီး၊ ၎င်းတို့သည် အဆုံးအစမရှိသော ရလဒ်များ ဖြစ်ပေါ်စေပါသည်။ ဤ လုပ်ဆောင်ချက်များသည် မကောင်းသော ဝိညာဉ်ရေးဆိုင်ရာ တန်ခိုးစွမ်းအားများ၏ တိုက်ခိုက်မှု များကို ခုခံမှုပြုလုပ်၍ ၎င်းတို့၏ အကြံပြုချက်များကို နားမထောင်ဖို့ရန် လိုအပ်ပါသည်။ သန့်ရှင်း သော ဝိညာဉ်တော်သည် သနားကြင်နာမှု လုပ်ရပ်တိုင်းကို တစ်စုံတစ်ဦး၏ စိတ်နှလုံးအား ဘုရား သခင်ဆီသို့ အကျိုးသက်ရောက်မှုရှိစေရန် အသုံးပြုပါလိမ့်မည်။ သတင်းကောင်းကို ပြောကြားမှု တိုင်းသည် လုပ်ဆောင်နေသောသူက အကျိုးဆက်များကို မမြင်တွေ့နိုင်လျှင်တောင်မှ အကျိုးရှိပါ လိမ့်မည်။ ယေရှု၏ သနားကြင်နာမှုသည် သူ၏ သတင်းစကားနှင့် ကိုက်ညီမှုရှိပါသည်။ ယေရှု၏ သနားကြင်နာမှုသည် သူ သွန်သင်ပေးနေသည့်အရာကို ပံ့ပိုးပေးခဲ့ပါသည်။ ဤအရာသည် ယုံ ကြည်သူတိုင်းက အတုယူ၍ရနိုင်သည့် ပုံစံ တစ်ခု ဖြစ်ပါသည်။ ဤ လူနေမှုဘဝပုံစံသည် ဘုရား သခင်ရဲ့ နိုင်ငံတော်၏ နိုင်ငံသားများအတွက် လုပ်ငန်းတာဝန် သတ်မှတ်ချက် ဖြစ်ပါသည်။

အသိဉာဏ်ရှိ၍ မကောင်းသော သက်ရှိအရာများသည် ကန့်သတ်ချက်များရှိကြသည်ဟု ဤအခန်း ထဲတွင်ပါရှိသော အကြောင်းအရာကလည်း ကျွန်ုပ်တို့ကို သွန်သင်ပေးထားပါသည်။ ပုန်ကန်သူ သဘာဝလွန် အုပ်စိုးသူများသည် တန်ခိုးစွမ်းအားရှိကြပါသည်၊ သို့သော်လည်း သူတို့သည် ဘုရား သခင်၏ နည်းဗျူဟာများနှင့် ယေရှုနောက်သို့ လိုက်လျှောက်သူများ၏ လုပ်ဆောင်ချက်များကို ခုခံ နိုင်စွမ်းမရှိဆဲဖြစ်ကြပါသည်။ ယေရှုသည် ယခုအခါတွင် "ကောင်းကင်တမန်အစရှိသော အာဏာ စက် တန်ခိုများတို့ကို အုပ်စိုးလျက်၊ ဘုရားသခင်၏ လက်ျာတော်ဘက်၌ ရှိတော်မူ၏" (၁ ပေ ၃း၂၂)။ ကျွန်ုပ်တို့သည် သူနှင့်အတူ တွဲဘက်-အုပ်ချုပ်သူများ ဖြစ်နှင့်ပြီးသော်လည်း၊ "အပြည့်အဝ မဟုတ်ကြသေးပါ" (ကော ၃း၁၊ ၂ တိ ၂း၁၂၊ ဗျာ ၂း၂၆၊ ၃း၂၁)။ ငရဲ တံခါးများသည် မြေကြီးပေါ်ရှိ ဘုရားသခင်၏ နိုင်ငံတော်ဖြစ်သည့် အသင်းတော်၏ တိုးတက်မှုနှင့် စုံလင်မှုကို ဟန့်တားလိမ့်မည် မဟုတ်ပါ။

ယေရှုနှင့်အတူ သူ၏ သဘာဝလွန် နိုင်ငံတော်ကို ကြီးထွားစေရန် ကူညီပေးရာတွင် ပူးပေါင်းပါဝင်ရန် သို့မဟုတ် မပါဝင်ရန် ရွေးချယ်မှုမှာ သင့်သဘော ဖြစ်ပါသည်။

## အခန်း တစ်ဆယ့်နှစ်

### မိုးတိမ်များကို စီးသောသူ

လွန်ခဲ့သော အခန်းတွင် ယေရှုက မောင်မိုက်၏ တန်ခိုးအာဏာများကို သူ့အား တိုက်ခိုက်စေခြင်းငှါ လှုံ့ဆော်ပြီးနောက်ချက်ချင်း သူ၏သေဆုံးခြင်းနှင့်စပ်လျဉ်း၍ မည်သို့ စတင်ပြောဆိုခဲ့ပုံကို ကျွန်ုပ် ရေးသားခဲ့ပါသည်။ ဤ စိန်ခေါ်မှုသည် "ငရဲတံခါးများ" ဟု ခေါ်သော နေရာနှင့် ဟေရမုန်တောင် ထိပ်ပေါ်၌ ဖြစ်ပျက်ခဲ့ပါသည်။ ယေရှု၏ စိန်ခေါ်မှုသည် မောင်မိုက်၏ တန်ခိုးစွမ်းအားများကို ယေရှု ၏ စုံစမ်းစစ်ဆေးခြင်းနှင့် ထို့နောက် လက်ဝါးကပ်တိုင်ပေါ်၌ သူ၏ သေဆုံးခြင်းတို့ကို ဖြစ်ပေါ်စေခဲ့ သည့် ဖြစ်ရပ် တစ်သီတတန်းကြီးကို စတင်စေရန် လှုံ့ဆော်ပေးခဲ့ပါသည်။ ခရစ်ယာန်တို့သည် ယေရှု၏ စုံစမ်းစစ်ဆေးခြင်းအကြောင်းကို ကြိမ်ဖန်များစွာ ဖတ်ရှုခဲ့ကြပြီး ဖြစ်ပါသည်။ သို့သော် လည်း ထို စုံစမ်းစစ်ဆေးခြင်း၌ မကြာခဏ မမြင်တွေ့၊ နားမလည်နိုင်သည့် သဘာဝလွန် အစိတ် အပိုင်း တစ်ခု ရှိနေပါသည်။

ဂျူးလူမျိုး အာဏာပိုင်များသည် ယေရှုကို သေဒဏ် စီရင်ခဲ့ကြပါသည်။ ထို့နောက် သူတို့သည် ၎င်း အရာအား တာဝန်ယူလုပ်ဆောင်ပေးမည့် ရောမ ဘုရင်ခံ၊ ပိလတ်မင်းထံသို့ သူ့အား စေလွှတ်ခဲ့ပါ သည်။ ဂျူးလူမျိုးတို့အား ယေရှုကို သေဒဏ် စီရင်စေရန် ဖြစ်ပေါ်စေခဲ့သည့်အရာအား နားလည်ဖို့ ရန်၊ ကျွန်ုပ်တို့သည် ဓမ္မဟောင်းကျမ်းထဲရှိ ဒံယေလအနာဂတ္တိကျမ်းသို့ ပြန်သွားဖို့လိုအပ်ပါမည်။ ထို ကျမ်းထဲတွင် ဘုရားသခင်က သူ၏ကောင်းကင်ဘုံ ကောင်စီတွင် သစ္စာရှိသော ဘုရားသခင်၏သား တော်များနှင့် အစည်းအဝေး တစ်ခု ရှိခဲ့သည်ဆိုသော ဇာတ်လမ်းပုံပြင် တစ်ခု ရှိပါသည်။

### အသက်ကြီးသောသူတစ်ဦးနှင့် သူ၏ ကောင်စီ

ဒံယေလ ၇ သည် ထူးဆန်းသော ရူပါရုံ တစ်ခုနှင့် အစပြုခဲ့ပါသည်။ ဒံယေလသည် ပင်လယ်ထဲမှ ထွက်ပေါ်လာသည့် သားရဲ လေးကောင်းကို တွေ့မြင်ပါသည် (ဒံ ၇း၁-၈)။ ၎င်းတို့သည် သာမန် တိရိစ္ဆာများ လုံးဝ မဟုတ်ကြပါ။ ဒါပေမဲ့ စတုတ္ထမြောက် သားရဲသည် အလွန့် အလွန် ဆိုးပါသည်။ အိမ်မက်များ၊ ရူပါရုံများနှင့် ၎င်းတို့၏ အနက်အဓိပ္ပါယ်များအား ရရှိခဲ့ကြသော လူများအကြောင်းကို ဓမ္မဟောင်းကျမ်းက ကျွန်ုပ်တို့ကို ပြောပြထားပါသည်။ အိမ်မက် သို့မဟုတ် ရူပါရုံထဲရှိ အရာများ သည် တစ်စုံတစ်ရာကို အမြဲတမ်း ကိုယ်စားပြုပါသည်။ ဒံယေလ၏ ရူပါရုံထဲရှိ ထူးဆန်းသော တိရိ စ္ဆာန် လေးကောင်သည် နိုင်ငံ လေးပါးကို ကိုယ်စားပြုပါသည်။ ကျွန်ုပ်တို့သည် ဤအရာကို သိကြပါ သည် အကြောင်းမှာ သူ၏ ရူပါရုံသည် <u>ဒံယေလ အခန်းကြီး ၂</u> ရှိ နေဗုခဒ်နေဇာ၏ အိမ်မက်နှင့်

ကိုက်ညီမှုရှိပါသည်။ အိမ်မက်သည် ဗာဗုလုန်နိုင်ငံနှင့် နောက်မှ ပေါ်ထွက်လာမည့် အခြားသော နိုင်ငံ သုံးပါးအကြောင်း ဖြစ်ခဲ့သည်ဟု ဒံယေလက ရှင်းပြထားပါသည်။ သို့သော်လည်း ဒံယေလ ၇ တွင် သူက ဆိုထားပါသည် -

> ထိုအခါ ငါ ကြည့်ရှုစဉ်၊ ရာဇပလ္လင်များကို တည်ထားလျက်ရှိ၍ အသက်ကြီးသောသူတစ်ဦး သည် ထိုင်တော်မူ၏။ အဝတ်တော်သည် မိုးပွင့်ကဲ့သို့ ဖြူ၏။ ဆံပင်တော်သည် ဖြူသော သိုးမွေးနှင့်တူ၏။ ပလ္လင်တော်သည် မီးစက်လှည်းဘီးရှိ၏။ မျက်နှာတော်မှာ မီးရောင်ခြည် ထွက်လေ၏။ အတိုင်းမသိ များစွာသောသူတို့သည် အမှုတော်ကိုဆောင်ရွက်၍ ကုဋေသ ချေမက ရှေ့တော်၌ ခစား၍နေကြ၏။ တရားစီရင်ခြင်းငှါ ပြင်ဆင်၍ စာစောင်များကို ဖွင့် ထား၏။ (ဒံယေလ ၇း၉-၁၀)

အသက်ကြီးသောသူတစ်ဦးသည် ဣသရေလလူမျိုးတို့၏ ဘုရားသခင်ဖြစ်သည်ကို ကျွန်ုပ်တို့ သိ ကြပါသည်။ ဤအရာသည် ရှင်းလင်းပါသည်၊ ထို့အပြင်၊ ဘုရားသခင်၏ ရာဇပလ္လင်နှင့်စပ်လျဉ်း၍ ဖော်ပြချက်မှာ ယေဇကျေလ၏ ရူပါရုံထဲရှိ ဘုရားသခင်၏ ရာဇပလ္လင်တော်ကဲ့သို့ အတူတူဖြစ်ပါ သည် (ယေဇ ၁)။ မီး၊ လှည်းဘီးများနှင့် ထို ရူပါရုံထဲရှိ ရာဇပလ္လင်ပေါ်၌ ထိုင်လျက်ရှိနေသော လူ သား ပုံသဏ္ဍာန်သည် ဒံယေလ၏ ရူပါရုံနှင့် တူညီပါသည်။

ဒါပေမဲ့ ရာဇပလ္လင် တစ်ခုထက်မကရှိခဲ့သည်ကို သင် သတိပြုမိပါသလား။ ဒံယေလ၏ ရူပါရုံထဲတွင် ရာဇပလ္လင်များစွာ ရှိနေပါသည် (ဒံယေလ ၇း၉)။ ဘုရားသခင်၏ ဝိညာဉ် ကောင်စီဖြစ်သော သဘာ ဝလွန် ခုံရုံး၏ အဖွဲ့ဝင်များအားလုံးအတွက် လုံလောက်သော ရာဇပလ္လင်များရှိနေပါသည် (ဒံယေလ ၇း၁၀)။

ကောင်းကင်ဘုံ ခုံရုံးသည် တိရိစ္ဆာန် ရိုင်းလေးကောင်အားဖြင့် သရုပ်ဖော်ပြထားသည့် နိုင်ငံ လေးပါး နှင့် စပ်လျဉ်း၍ မည်သို့ လုပ်ဆောင်သင့်သည်ကို ဆုံးဖြတ်ရန် တွေ့ဆုံခဲ့ကြပါသည်။ စတုတ္ထမြောက် သားရဲကို သတ်ရမည်ဟု ဆုံးဖြတ်ချက်ချခဲ့ကြပါသည်၊ အဓိပ္ပါယ်မှာ စတုတ္ထမြောက် နိုင်ငံသည် ဖျက်ဆီးခံရမည်ဟု အဓိပ္ပါယ်သက်ရောက်ပါသည်။ အခြားသော တိုင်းနိုင်ငံ သုံးပါးသည် ဆက်လက် တည်ရှိနေပါလိမ့်မည်။ သို့ရာတွင် ၎င်းတို့၏ တန်ခိုးအာဏာများသည် ဖယ်ရှားခြင်းခံရပါ လိမ့်မည် (ဒံယေလ ၇း၁၁-၁၂)။ ၎င်းတို့ကို ဘုရင်အသစ်နှင့် နိုင်ငံအသစ်၏ ဩဇာအာဏာအောက် တွင် ထားရှိပါလိမ့်မည်။ ယခုအခါ ရူပါရုံမှာ ပို၍ပင် စိတ်ဝင်စားစရာကောင်းလာပါသည်။

## မိုးတိမ်ကို စီးလာသော လူသား

ဒံယေလက သူ၏ ရူပါရုံကို ဆက်လက် ပြောဆိုထားပါသည် -

> ထိုညဥ့်အခါ ငါသည် အာရုံပြု၍ လူသားနှင့်တူသောသူတစ်ဦးသည် မိုးတိမ်ကိုစီးလျက်၊ အသက်ကြီးသောသူ၏ အထံတော်သို့ ရောက်လာ၏။ ထိုသူကို အထံတော်ပါးသို့ သွင်းကြ၏။ အရပ်ရပ်တို့၌နေ၍ အသီးသီး အခြားခြားသော ဘာသာစကားကိုပြောသော လူမျိုးတကာတို့ကို အုပ်စိုးစေခြင်းငှါ၊ ထိုသူသည် နိုင်ငံနှင့်တကွ အာဏာစက်တန်ခိုးကိုရ၏။ အာဏာစက်သည် ကမ္ဘာအဆက်ဆက်တည်၏။ နိုင်ငံတော်သည် ပျက်စီးခြင်းသို့မရောက်နိုင်ရာ။ (ဒံယေလ ၇း ၁၃-၁၄)

"လူသား" (Son of Man) သည် ဓမ္မဟောင်းကျမ်းထဲတွင် အကြိမ်ပေါင်းများစွာ အသုံးပြုထားသည့် စကားစု တစ်စု ဖြစ်ပါသည်။ လူသား တစ်ဦးကို ဖော်ပြထားသည့်အတွက် အံ့အားသင့်ခြင်း မရှိသင့်ပါ။ အံ့အားသင့်စရာမှာ ဤလူသားသည်လည်း အသက်ကြီးသောသူ၏အထံတော်သို့ မိုးတိမ်များကို စီးလျက် ရောက်လာခဲ့သည်ဟု ဆိုထားခြင်း ဖြစ်ပါသည် (ဒံယေလ ၇း၁၃)။

အဘယ်ကြောင့် ထိုအရာသည် အရေးကြီးပါသလဲ။ အကြောင်းမှာ ဤကဲ့သို့ မိုးတိမ်များကို စီးနေသော တစ်စုံတစ်ဦး၏ ဖော်ပြချက်သည် ဓမ္မဟောင်းကျမ်းထဲရှိ အခြားသော နေရာတိုင်း၌ ဖော်ပြထားပါက၊ ၎င်းသည် ဘုရားသခင်ကိုသာ ရည်ညွှန်းနေခြင်းဖြစ်ပါသည် (ဟေ ၁၉း၁၊ တရား ၃၃း၂၆၊ ဆာလံ ၆၈း ၃၂-၃၃၊ ဆာလံ ၁၀၄း၁-၄)။ ဒါပေမဲ့ <u>ဒံယေလ ၇</u> တွင်၊ ဘုရားသခင်သည် သူ၏ ပလ္လင်ပေါ်၌ ရှိနှင့်နေပြီး၊ အသက်ကြီးသောသူဟု ခေါ်ပါသည်။ ဒံယေလသည် ဘုရားသခင်၏ ဘွဲ့နာမကို ပေးအပ်ခြင်းခံထားသော မိုးတိမ်ကိုစီးလျက် ရောက်ရှိလာသည့် လူတစ်ဦးကို မြင်တွေ့ခဲ့ပါသည်။ ဤအရာသည် ရူပါရုံထဲတွင် "ဒုတိယမြောက် ဘုရား" တစ်ပါး ရှိသည်ဟု အဓိပ္ပါယ်ရပါသည်။ ဤအရာသည် ဘုရားတစ်ဆူတည်း၊ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးထက်ပိုများသော .... သုံးပါးတစ်ဆူဘုရားတွင် ခရစ်ယာန်များ ယုံကြည်ကြသည့် နည်းလမ်းကဲ့သို့သော ဖော်ပြချက် တစ်ခုဖြစ်ပါသည်။

ဒံယေလ၏ ရူပါရုံသည် ဤကြေညာချက်ကို ပြုလုပ်နေပါသည်။

ယေရှုသည် စုံစမ်းစစ်ဆေးခြင်းခံယူရန် ယဇ်ပုရောဟိတ်မင်း၊ ကယာဖ ရှေ့မှောက်၌ ရပ်သောအခါ (မဿဲ ၂၆)၊ သူ၏ အသက်တာသည် ဂျူးလူမျိုး ခေါင်းဆောင်များက ဆုံးဖြတ်ခဲ့သည့်အရာပေါ်၌ မူတည်နေခဲ့ပါသည်။ ယေရှုသည် သူတို့ အားလုံးကို အလွန် စိတ်ဆိုးစေခဲ့သည့် ဒံယေလ၏ ရူပါရုံအား ရည်ညွှန်းပြောဆိုခဲ့ပါသည် -

"ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူအကြီးအကဲ၊ လွှတ်အရာရှိအပေါင်းတို့သည် ယေရှုကို သတ်ရမည်အကြောင်း မမှန်သော သတ်သေကို ရှာသောလည်း မတွေ့ကြ။ မမှန်သော သက်သေခံ အများ လာသော်လည်း သက်သေကို မတွေ့ကြ။ နောက်ဆုံး၌ မမှန်သော သက်သေခံ နှစ်ယောက်တို့သည် လာ၍၊ ဤသူက ငါသည် ဘုရားသခင်၏ ဗိမာန်တော်ကို ဖြိုဖျက်၍ သုံးရက်အတွင်းတွင် တည်ဆောက်နိုင်သည်ဟု ပြောပါသည်ဟု သက်သေခံကြ၏။ ယဇ်ပုရောဟိတ်မင်းသည် ထ၍၊ သင်သည် တစ်ခွန်းမျှ ပြန်၍ မပြောသလော။ ဤသူတို့သည် အဘယ်သို့ သက်သေခံသနည်းဟုဆိုလျှင်၊ ယေရှုသည် တိတ်ဆိတ်စွာနေတော်မူ၏။ ယဇ်ပုရောဟိတ်မင်းကလည်း သင်သည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏ သားတော် မှန်သည်မမှန်သည်ကို ငါတို့အား ပြောစေခြင်းငှါ၊ အသက်ရှင်တော်မူသော ဘုရားသခင်ကို ငါတိုင်တည်၍ သင့်ကို ကျိန်ဆိုစေ၏ဟုဆိုလျှင်၊ ယေရှုက၊ သင်ဆိုသည်အတိုင်း မှန်၏။ ထိုမျှမက ငါဆိုသည်ကား၊ နောင်ကာလ၌ လူသားသည် တန်ခိုးတော်၏ လက်ျာဘက်၌ ထိုင်လျက် မိုးတိမ်ကိုစီး၍ ကြွလာသည်ကို သင်တို့ မြင်ရကြလတံ့ဟု မိန့်တော်မူ၏။ ထိုအခါ ယဇ်ပုရောဟိတ်မင်းသည် မိမိ အဝတ်ကို ဆုတ်လျက် ဤသူသည် ဘုရားကို လွှန်ကျူး၍ ပြောပြီ။ အဘယ် သက်သေကို လိုသေးသနည်း။ ဘုရားကို လွှန်ကျူး၍ ပြောသော စကားကို ယခုပင် သင်တို့ ကြားရပြီ။ အဘယ်သို့ ထင်မှတ်ကြသနည်းဟု မေးမြန်းလျှင်၊ ထိုသူတို့က ဤသူသည် အသေခံထိုက်ပေ၏ဟု ပြန်၍ စီရင်ကြ၏။" (မဿဲ ၂၆း၅၉-၆၆)

ယေရှု၏ အဖြေမှာ ကယာဖ၏ ရှင်းလင်းသော မေးခွန်းနှင့် ဆက်စပ်မှုမရှိပုံပေါ်ခဲ့ပါသည်။ "သူသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏ သားတော် မှန်သည်မမှန်သည်ကို" ကယာဖက မေးမြန်းသောအခါ ယေရှုက <u>ဒံယေလ ၇း၁၃</u> ကို ကိုးကားခဲ့ပါသည်။ ယေရှု၏ ပြန်ကြားချက်သည်၊ ငါ အဘယ်သူဖြစ်သည်ကို သင် အမှန်တကယ် သိချင်ပါသလား၊ ကယာဖဟု ဆိုလိုခဲ့ပါသည်။ သေသေချာချာ နားထောင်ကြပါ။ ကယာဖသည် ချက်ချင်း နားလည်သဘောပေါက်ခဲ့ပြီး၊ ဘုရားကိုလွှန်ကျူး၍ပြောပြီဟု အော်ဟစ်ခဲ့ပါသည်။ ယေရှုက ဒံယေလ ၇း၁၃ ထဲရှိ ဒုတိယမြောက် ဘုရား ပုဂ္ဂိုလ်ဖြစ်သည်ဟု ပြောဆိုနေခြင်းဖြစ်ကြောင်း ကယာဖသည် နားလည်ခဲ့ပါသည်။ ယေရှုသည် မိုးတိမ်ကို စီး၍ ရောက်ရှိလာသောသူ ဖြစ်သည်ဟု ပြောဆိုထားပါသည်။ ဓမ္မဟောင်းကျမ်းထဲတွင် ဤအရာကို ဘုရားသခင်အား ဖော်ပြရန် နည်းလမ်းတစ်ခု အနေဖြင့် အသုံးပြုကြပါသည်။ ယေရှုသည် လူသား ကိုယ်ခန္ဓာနှင့် ဘုရားသခင် ဖြစ်ကြောင်း ပြောဆိုနေခဲ့ပါသည်။ ယေရှုဟာ မေရှိယဖြစ်သည်ဟု မယုံကြည်ခဲ့ကြသည့် ဂျူးလူမျိုး ခေါင်းဆောင်များအတွက်၊ ဤအရာသည် ဘုရားကို လွှန်ကျူး၍ပြောဆိုခြင်းဖြစ်ပြီး၊ သေခြင်းတရား၏ ဆုံးဖြတ်ချက်ကိုသာ ဆိုလိုနိုင်ပါသည်။

ဒါပေမဲ့ ယေရှုသည် ဤအရာကို သိထားခဲ့ပြီး သူ လုပ်ဆောင်နေခဲ့သည့်အရာအား တိကျစွာ နားလည်သဘောပေါက်ခဲ့ပါသည်။ ယေရှုသည် သေခြင်းတရားမှ မိမိကိုယ်ကို ကာကွယ်ဖို့ရာ စိတ်ဝင်

စားခြင်း မရှိခဲ့ပါ။ ယေရှုသည် ဘုရားသခင်၏ နိုင်ငံတော်ကို နဂိုအတိုင်းပြန်ဖြစ်စေရန် သူ အသေခံရမည်ဖြစ်ကြောင်း သိထားခဲ့ပါသည်။ သူသည် သူ၏ သေဆုံးခြင်းက ယုံကြည်သူများကို ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ ယူဆောင်လာလိမ့်မည်ကို သိထားခဲ့ပါသည်။ ယေရှုသည် သူ၏ သေဆုံးခြင်းက တိုင်းနိုင်ငံများအတွက် မကောင်းသော သဘာဝလွန် အုပ်စိုးသူများနှင့် တန်ခိုးအာဏာစက်များထံမှ လွတ်မြောက်ရန် လမ်းတစ်ခု ပြင်ဆင်ပေးလိမ့်မည်ဟု သိထားခဲ့ပါသည်။ ဤတိုင်းနိုင်ငံများသည် ဗာဗုလုန် ဗိမာန်တော်၌ ဘုရားသခင်ကို ငြင်းပယ်ခဲ့သည့်အချိန်မှစ၍ ဤ အုပ်စိုးသူများ၏ ထိန်းချုပ်ခြင်းကိုခံနေကြရပါသည်။

ထို့နောက် ယေရှုဟာ အမှန်တကယ် သေဆုံးခဲ့ပါသည်။ ဆာလံ ၂၂ ဟာ ကားတိုင်ပေါ်၌အသတ်ခံရခြင်း၏ ခန္ဓာပိုင်းဆိုင်ရာ သက်ရောက်မှုများအား ဖော်ပြထားသည့်ပုံစံအတွက် လူသိများပါသည်။ ၎င်းကို ဒါဝိဒ်က ရေးသားခဲ့ပါသည်၊ သို့ရာတွင် ၎င်းသည် ယေရှုက လက်ဝါးကပ်တိုင်ပေါ်တွင် တွဲလောင်းကျ၍ သေသောအခါ၊ သဘာဝလွန် လောက၌ ဖြစ်ပျက်နေသည့်အရာကို ကျွန်ုပ်တို့အား ပြောပြထားပါသည်။ ဒါဝိဒ်က ဝမ်းနည်းစွာ ညည်းတွားခဲ့ပါသည် -

> အကျွန်ုပ်ကို မြင်သမျှသောသူတို့သည် ပြက်ရယ်ပြုခြင်း၊ နှုတ်ခမ်းဖြဲခြင်း၊ ခေါင်းငြိမ့်ခြင်းကို ပြုကြပါ၏။ သူသည် ထာဝရဘုရားကို ကိုးစားပြီး သူ့ကို နှုတ်တော်မူပါလေစေ။ သူ၌ အလိုတော်ရှိလျှင် ယခုပင် ကယ်တင်တော်မူပါလေစေဟု ဆိုကြပါ၏။ သို့သော်လည်း ကိုယ်တော်သည် အကျွန်ုပ်ကို အမိဝမ်းထဲက ဆွဲယူ၍ နို့စို့သည်ကာလ၌ စိုးရိမ်ခြင်းအကြောင်းကို ပယ်ရှင်းတော်မူ၏။ အကျွန်ုပ်သည် ဖွားကတည်းကပင် လက်တော်သို့ ရောက်ပါ၏။ အမိဝမ်းထဲမှစ၍ ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားသခင် ဖြစ်တော်မူပါပြီ။ အကျွန်ုပ်နှင့် ဝေးဝေးနေတော်မမူပါနှင့်။ ဘေးအန္တရာယ်ရောက်လုနီးပါပြီ။ မစသောသူမရှိပါ။ နွားလားဥသဘတို့သည် အကျွန်ုပ်ကို ဝိုင်း၍၊ အားကြီးသော ဗာရှန်ဥသဘတို့သည် ဝန်းရံလျက်နေကြပါ၏။ ကိုက်ဖြတ်၍ ဟောက်တတ်သော ခြင်္သေ့ကဲ့သို့ အကျွန်ုပ်ကို ပါးစပ်ဟကြပါ၏။ အကျွန်ုပ်သည် ရေကဲ့သို့ သွန်ခြင်းကိုခံရ၍ အရိုးအဆစ်ရှိသမျှတို့သည် ပြုတ်ကြပါ၏။ အကျွန်ုပ် နှလုံးသည် ဖယောင်းကဲ့သို့ ဖြစ်၍ အရည်ကျိုလျက်ရှိပါ၏။ (<u>ဆာလံ ၂၂း၇-၁၄</u>)

ယေရှု တောင့်ခံခဲ့သည့် သဘာဝလွန် ထိတ်လန့်ဖွယ်ရာကို ဖော်ပြပေးသည့် အပိုင်းတစ်ခုမှာ - "အားကြီးသော ဗာရှန်ဥသဘများ" ဖြစ်ပါသည်။ ဗာရှန်သည် မကောင်းသော သဘာဝလွန် အုပ်စိုးသူများ၏ ဌာနချုပ်ဖြစ်ပြီး၊ မာရဏ နိုင်ငံ၏ တံခါးဝလည်းဖြစ်သည်ကို သတိယပါ။ ဗာရှန်ပြည်တွင် ဗာလ ကိုးကွယ်မှုအတွက် ဥသဘတစ်ကောင်ဖြင့် သင်္ကေတပြုလုပ်ထားသည့် များစွာသော ဗိမာန်တော်များ ရှိခဲ့ပါသည်။ "ဗာရှန်ပြည်မှ ဥသဘများ" သည် မှောင်မိုက်၏ တန်ခိုးစွမ်းအားများကို ရည်ညွှန်းထားပါသည်။ ကျွန်ုပ်တို့၏ ခေတ်ကာလ၌ ဤ ကြောက်စရာကောင်းသော ဖြစ်ရပ်ကို C.S.

Lewis ရေးသားထားသော - ခြင်္သေ့၊ စုန်းမနှင့် အဝတ်ဗီရို ဟုအမည်ရသည့် စာအုပ်တစ်အုပ်ထဲတွင် ကောင်းစွာ ဖော်ပြထားပါသည်။ အကယ်၍ သင်သည် စာအုပ်ကို ဖတ်ပြီးပါက၊ သို့မဟုတ် ရုပ်ရှင်ကို ကြည့်ပြီးပါက၊ သင်သည် Aslan ဟုခေါ်သော ခြင်္သေ့သည် နှိမ့်ချစွာဖြင့် မိမိ၏ အသက်တာကို မကောင်းဆိုးဝါး သတ္တဝါများထံ အပ်နှံပြီး ကျောက်တုံး စားပွဲပေါ်၌ အဖြူရောင် စုန်းမကြီး၏ သတ် ဖြတ်ခြင်းခံရမည့်အရာကို သတိယပါလိမ့်မည်။ သို့ရာတွင် Aslan သည် အဖြူရောင် စုန်းမကြီး၏ မကောင်းသော လုပ်ရပ်များကို သူမ မသိခဲ့သော တစ်စုံတစ်ရာအား ဖြစ်မြောက်လာစေရန် အသုံး ချနေခဲ့ခြင်းဖြစ်ပါသည်။

ထိုနည်းငှင်းပင် ယေရှုသည် စာတန်အား လုံး၀ အနိုင်ယူခဲ့ပါသည်။ စာတန်က သူ နိုင်ရခဲ့ပြီဟု တွေး ထင်ခဲ့ပါသည်။ ဒါပေမဲ့ သူသည် မိမိ၏ ပျက်ဆီးခြင်းကို ဖြစ်ပေါ်စေခဲ့ပါသည်။ မကောင်းဆိုးဝါးများ တွေးထင်ခဲ့သည့် ၎င်းတို့၏ ပြည့်စုံသော အောင်ပွဲသည် ပြောင်းလဲ၍မရနိုင်သော ရှုံးနိမ့်မှု ဖြစ်သွားခဲ့ ပါသည်။

**သင်တို့သည် ဘုရားသခင်၏ သားသမီးများဖြစ်ကြပါသည်၊ သို့ရာတွင် သင်တို့သည် လူသားများကဲ့ သို့ သေဆုံးကြပါလိမ့်မည်။**

စာတန်သည် အာဒံ၏သားမြေးများ အားလုံးအပေါ်ရှိ ၎င်း၏ အခွင့်အာဏာကို ဆုံးရှုံးသွားခဲ့ပါသည်။ ဒါပေမဲ့ ထိုအရာသည် သူ ဆုံးရှုံးခဲ့သောအရာ အားလုံး မဟုတ်ခဲ့ပါ။ လက်ဝါးကပ်တိုင်ပေါ်၌ စာတန် နှင့် အခြားသော မှောင်မိုက်၏ တန်ခိုးစွမ်းအားများသည် ၎င်းတို့၏ နိုင်ငံတော်များဟာ စတင်၍ သေးငယ်လာကြသည်ကို စတင်၍မြင်တွေ့လာကြပါလိမ့်မည်။

ဘုရားသခင်၏ ဝိညာဉ် ကောင်စီဝင်များကို ဣသရေလလူမျိုးတို့၏ အမြင့်ဆုံးသော ဘုရားသခင်က တိုင်းနိုင်ငံအားလုံးအပေါ်၌ အုပ်စိုးရန် တာဝန်ခွဲခန့်ခဲ့ပါသည် (တရား ၄း၁၉-၂၀၊ ၃၂း၈-၉)။ သူတို့ သည် မည်သည့်အချိန်၌ ဘုရားသခင်၏ ရန်သူများ ဖြစ်လာခဲ့ကြသည်ကို ကျွန်ုပ်တို့ မသိခဲ့ကြပါ။ ဒါပေမဲ့ သူတို့ဟာ တကယ်ဘဲ ဖြစ်လာခဲ့ကြသည်မှာ ရှင်းပါသည်။ ထို့အပြင် သူတို့သည် ဘုရား သခင်၏ လူမျိုးနွယ်ဖြစ်သော ဣသရေလလူမျိုးတို့အား သူ့ကို ဝတ်ပြုကိုးကွယ်ခြင်းမှ ၎င်းတို့အား ယဇ်ပူဇော်မှုပြုရန် ပြောင်းလဲစေခဲ့ကြပါသည် (တရား ၁၇း၁-၃၊ ၂၉း၂၆-၂၇၊ ၃၂း၁၇)။ ကျွန်ုပ်သည် ဘုရားသခင်၏ သဘာဝလွန် ကောင်စီအား မိတ်ဆက်ပေးသည့်အခါ၌ <u>ဆာလံ ၈၂</u> အကြောင်းကို အခန်း ၂ တွင် ရေးသားဖော်ပြခဲ့ပါသည်။ ဆာလံ ၈၂ တွင် ဖော်ပြထားသော ဘုရားသခင်သည် ဤ ပုန်ကန်သူ ဘုရား သားတော်များအား သူတို့သည် ၎င်းတို့၏ တန်ခိုးစွမ်းအားကို အလွဲသုံးစားပြု ခဲ့ကြပြီး မကောင်းမှုကို အားပေးအားမြောက်ပြုခဲ့ကြကြောင်း ပြောဆိုခဲ့ပါသည်။ သူတို့သည် ဘုရား သခင်ပညတ်တော် သို့မဟုတ် သူ၏ တရားသဖြင့်ပြုခြင်းကို ရှိသေခြင်း သို့မဟုတ် ဂရုစိုက်ခြင်းမရှိခဲ့ ကြပါ -

ဘုရားသခင်သည် ဘုရားတို့၏ ပရိတ်သတ်၌ ရပ်လျက်နေတော်မူ၍ ဘုရားတို့အလယ်၌ စီရင်တော်မူ၏။

> "သင်တို့သည် မတရားသောသူတို့၏ မျက်နှာကိုထောက်၍ အဘယ်မျှကာလပတ်လုံး မတရားသဖြင့် စီရင်ကြမည်နည်း။ ဆင်းရဲသောသူနှင့် မိဘမရှိသောသူတို့ကို စောင့်မကြလော့။ ငြိုငြင်သောသူနှင့် ငတ်မွတ်သောသူတို့ဘက်၌ တရားစီရင်ကြလော့။ ဆင်းရဲသောသူနှင့် ငတ်မွတ်သောသူတို့ကို မတရားသောသူ၏လက်မှ ကယ်နှုတ်ကြလော့။ သူတို့သည် မသိ၊ နားမလည်ကြ။ မှောင်မိုက်၌ ကျင်လည်ကြ၏။ မြေကြီးတိုက်မြစ်အပေါင်းတို့သည် လှုပ်ရှားလျက်ရှိကြ၏။" (ဆာလံ ၈၂း ၁-၅)

ဘုရားသခင်သည် ၎င်းတို့၏ အနာဂတ်မှာ သေခြင်းတရားဖြစ်သည်ဟု ပုန်ကန်သူ ဘုရားများကို ပြောပြရန် ဤ ကောင်းကင်ဘုံ ကောင်စီ အစည်းအဝေးကို ခေါ်ယူခဲ့ကြောင်း ကျန်သော ဆာလံကျမ်းက ဆိုထားပါတယ်။ တိုင်းနိုင်ငံများအပေါ်၌ ၎င်းတို့၏ ထိတ်လန့်ကြောက်ရွံ့ခြင်းနှင့် အုပ်စိုးခြင်းသည် ဘုရားသခင်က တိုင်းနိုင်ငံများကို ပြန်လည်သိမ်းဆည်းရန် ဆုံးဖြတ်သောအခါ၌ အဆုံးသတ်သွားပါလိမ့်မည်။

> "သင်တို့သည် ဘုရားဖြစ်ကြ၏။ ရှိသမျှတို့သည် အမြင့်ဆုံးသော ဘုရား၏သား ဖြစ်ကြ၏ဟု ငါဆိုသတည်း။ သို့သော်လည်း၊ သင်တို့သည် လူကဲ့သို့ သေ၍၊ အခြားသော မင်းကဲ့သို့ ဆုံးရှုံးခြင်းသို့ ရောက်ကြလိမ့်မည်။ အို ဘုရားသခင်၊ ထ၍ မြေကြီးကို တရားစီရင်တော်မူပါ။ ကိုယ်တော်သည် လူမျိုးအပေါင်းတို့ကို အပိုင်ရတော်မူ၏။" (ဆာလံ ၈၂း ၆-၈)

မည်သည့်အချိန်၌ ဘုရားသခင်သည် တိုင်းနိုင်ငံများကို ပြန်လည်၍သိမ်းယူမည်နည်း။ ကျွန်ုပ်တို့သည် အဖြေကို ဒံယေလ ၇း၁၄ တွင် ဖတ်ခဲ့ရပါသည် -

> အရပ်ရပ်တို့၌နေ၍၊ အသီးသီးအခြားခြားသော ဘာသာစကားကို ပြောသော လူမျိုးတကာတို့ကို အုပ်စိုးစေခြင်းငှါ၊ ထိုသူသည် နိုင်ငံနှင့်တကွ အာဏာစက်တန်ခိုးကိုရ၏။ အာဏာစက်တော်သည် ကမ္ဘာအဆက်ဆက်တည်၏။ နိုင်ငံတော်သည် ပျက်စီးခြင်းသို့ မရောက်နိုင်ရာ။

ဒံယေလ ၇း ၁၃-၁၄ ၏ အနက်အဓိပ္ပါယ်မှာ ရှင်းပါသည်။ လူသားသည် နိုင်ငံနှင့်တကွ အာဏာစက်တန်ခိုးကို လက်ခံရရှိသောအခါတွင် သဘာဝလွန် မှောင်မိုက် တန်ခိုးစွမ်းအားများ၏ ပျက်စီးခြင်းသည် အစပြုလာပါလိမ့်မည်။ ယေရှုသည် ရှင်ပြန်ထမြောက်ခြင်း၌ နိုင်ငံတော်ကို လက်ခံရရှိခဲ့ပါသည်။ ဘုရားသခင်သည် "ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူ၍ ခရစ်တော်၌ ပြုပြင်သော မဟာတန်ခိုးအားနည်းဘော်အရှိန်ကဲ့သို့ဖြစ်၏။ ခပ်သိမ်းသော အထွတ်အမြတ်၊ အာဏာစက်၊

တန်ခိုး၊ အစိုးရခြင်းမှစ၍၊ ယခုဘဝ နောင်ဘဝ၌ ခေါ်ဝေါ်သမုတ်သော ဘွဲ့နာမ အလုံးစုံတို့အထက်၊ ကောင်းကင်အရပ်၌ မိမိလက်ျာတော်ဘက်မှာ အလွန်မြင့်မြတ်သော နေရာကို ခရစ်တော်အား ပေးတော်မူ၏” (ဧဖက် ၁း၁၈-၁၉)။

## အဘယ်ကြောင့် ဤအရာသည် အရေးပါမှုရှိပါသလဲ

လက်ဝါးကပ်တိုင်အမှုအရာမတိုင်မီတွင်၊ စာတန်သည် လူသားအားလုံးအပေါ်၌ အဆုံးအစမရှိသော ရယူပိုင်ဆိုင်ခွင့် ရှိခဲ့ပါသည်။ လူသားအားလုံးသည် သေဆုံး၍ မာရဏ နိုင်ငံသို့ သွားကြရပါသည်။ မာရနိုင်ငံတော်သည် စာတန်၏ နိုင်ငံတော် ဖြစ်ပါသည်။ ယေရှု၏ ယဇ်ပူဇော်ခြင်းနှင့် သူ၏ ရှင်ပြန်ထမြောက်ခြင်းကြောင့်သာမဟုတ်ခဲ့ပါက၊ စာတန်၏ နိုင်ငံတော်ထဲတွင် ကျွန်ုပ်တို့သည် ထာဝရတည်ရှိနေရပါလိမ့်မည်။ လက်ဝါးကပ်တိုင်ပေါ်ရှိ သူ၏ လုပ်ဆောင်ချက်ကို ယုံကြည်ခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် ယေရှုနှင့်အတူ အသစ်သော အသက်တာနှင့် နိုးထခဲ့ကြပါသည်။ ပြီးခဲ့သော အခန်းထဲတွင် မြေကြီးပေါ်၌ ဘုရားသခင်၏ နိုင်ငံတော် စတင်သောအခါတွင်၊ စာတန်ဟာ ဘုရားသခင်၏ မျက်မှောက်တော်ထဲမှ မောင်းထုတ်ခြင်းခံခဲ့ရသည်ဆိုသောအကြောင်းကို ကျွန်ုပ် ရေးသားဖော်ပြခဲ့ပါသည် (လုကာ ၁၀း၁၈)။ ဘုရားသခင်သည် ယုံကြည်သူများအပေါ်၌ စာတန်၏ စွပ်စွဲပြောဆိုချက်များကို နောက်ထပ် ခွင့်ပြုတော့မည်မဟုတ်ပါ။ စာတန်သည် ကျွန်ုပ်တို့၏ ဝိညာဉ်များအပေါ်၌ ရယူပိုင်ဆိုင်ခွင့် ဘာတစ်ခုမှ မရှိတော့ပါ။

ကျွန်ုပ်တို့သည် အဘယ်ကြောင့် စာတန်ဟာ ကျွန်ုပ်တို့အပေါ်၌ ရယူပိုင်ဆိုင်ခွင့် ရှိနေဆဲ ပုံစံဖြင့် အသက်ရှင်နေထိုင်ကြပါသလဲ။

ကယ်တင်ခြင်းတရားသည် ကိုယ်ကျင့်တရားနှင့်သက်ဆိုင်သော စုံလင်မှုအတွက် ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှုများကြောင့် ရရှိခြင်းမဟုတ်ပါ။ မာရဏ နိုင်ငံတော်မှ ကယ်တင်ခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ရရှိသည့် ဆုကျေးဇူး တစ်ပါးသာ ဖြစ်ပါသည် (ဧဖက် ၂း၈-၉)။ ထို့ကြောင့် ကယ်တင်ခြင်းတရားသည် ကျွန်ုပ်တို့၏ ကိုယ်ကျင့်တရားနှင့်ဆိုင်သော မစုံလင်မှုကြောင့် မဆုံးရှုံးနိုင်ပါ။ အကျိုးရလဒ်ကြောင့် ရရှိခြင်းမဟုတ်သောအရာသည်၊ ညံ့ဖျင်းသော စွမ်းဆောင်မှုကြောင့် မဆုံးရှုံးနိုင်ပါ။ ကယ်တင်ခြင်းတရားသည် ယုံကြည်သော သစ္စာရှိခြင်းအကြောင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် စာတန်၏ ရယူပိုင်ဆိုင်ခွင့်ကို ရှုံးနိမ့်စေခဲ့သည့် ယေရှုလုပ်ဆောင်ခဲ့သောအရာအား ယုံကြည်မှုရှိပါသည်။ ကျွန်ုပ်တို့သည် တစ်ပါးသော ဘုရားများနှင့် ၎င်းတို့၏ ဗိမာန်တော်များ၊ ယဇ်ပူဇော်ခြင်းများ၊ ပူဇော်သက္ကာများနှင့် ရိုးရာဓလေ့များဆိုင်ရာ နည်းစနစ်များနောက်သို့ လိုက်ပါခြင်းမှ ရှောင်ဖယ်ကြပါသည်။

ထိုအရာသည် လူမျိုးတကာတို့ထံ ဟောပြောဖို့ရန် ကျွန်ုပ်တို့ကို တာဝန်ပေးအပ်ထားသည့် ဘုရားသခင်ရဲ့ နိုင်ငံတော်၏ သတင်းစကား ဖြစ်ပါသည် (မဿဲ ၂၈း၁၉-၂၀)။ ထိုသို့ ကျွန်ုပ်တို့သည် တပည့်တော်သစ်များ မွေးထုတ်ရန် ဘုရားသခင်၏ အစီအစဉ်ကို နာခံသောအခါ၊ သူသည် လူသားများကို မကောင်းသော သဘာဝလွှန် အုပ်စိုးသူများနှင့် တန်ခိုးအာဏာများထံမှ ၎င်းတို့၏ ကျွန်ဘဝကို လွတ်မြောက်စေပါသည်။ လူသားများသည် ယုံကြည်၍ လွတ်မြောက်လာသောအခါ မှောင်မိုက်တရား၏ နိုင်ငံတော်သည် ပို၍ပို၍ သေးငယ်လာပါသည်။ မာရကာ နိုင်ငံတော်သည် ယေရှုကို သေခြင်းတရားမှ ရှင်ပြန်ထမြောက်ခြင်းမှ မတားဆီးနိုင်ခဲ့ပါ။ ငရဲတံခါးများသည်လည်း ယေရှုက လွတ်မြောက်ခြင်း ပေးထားသောသူတစ်ဦးကို မထိန်းထားနိုင်ပါ။ စာတန်နှင့် ငရဲသည် သတင်းကောင်း၏ ပြန့်ပွားခြင်းကို တောင့်ခံလိမ့်မည်မဟုတ်ပါ။

ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံသောအခါ၊ ဤအရာ တစ်ခုမျှ တပည့်တော်တို့အတွက် အမှန်ဖြစ်ပုံမပေါ်ခဲ့ပါ။ ဒါပေမဲ့ သူတို့သည် မကြာမီ ပြင်းထန်၍ မေ့၍မရနိုင်သော နည်းလမ်း တစ်ခုအားဖြင့် အမှာစကားကို စတင်၍ နားလည်လာခဲ့ကြပါသည်။

# အခန်း တစ်ဆယ့်သုံး

## ကြီးမားသော ကပြောင်းကပြန်ဖြစ်စေခြင်း

ခရစ်ဝင်ကျမ်းများထဲရှိ ယေရှု၏ အကြောင်းအရာများဖြစ်သည့် - သူ၏ဖွားမြင်ခြင်း၊ သေဆုံးခြင်းနှင့် တောင်ပေါ်ဒေသနာများသည် လူသိအများဆုံးဖြစ်ကြပါသည်။ သို့သော်လည်း ထိုအရာများပြီး နောက်၊ ဓမ္မသစ်ကျမ်းထဲရှိ လူအသိများဆုံးသော အကြောင်းအရာမှာ တမန်တော် အခန်းကြီး ၂ မှ ဖြစ်ပါသည်။ ဤအရာမှာ ဂျူးလူမျိုးတို့၏ ပင်တေကုတေ ပွဲနေ့တွင် သန့်ရှင်းသော ဝိညာဉ်တော်က ယေရှု၏ နောက်လိုက်တော်များထဲသို့ တစ်ဟုန်ထိုးဝင်ရောက်လာခဲ့သည့်အချိန် ဖြစ်ပါသည်။ ဤ အရာသည် အသင်းတော်ဟုခေါ်ဆိုသည့် ယေရှုခရစ်၌ရှိသော ယုံကြည်သူများ အစုအဖွဲ့၏ အစပြု ခြင်း ဖြစ်ပါသည်။ ထို့အပြင် ဤအရာသည် ယေရှု၏ နောက်လိုက်တော်များရဲ့ လူမျိုးတကာတို့ထံ သွားရောက်၍ ယေရှုနာမဖြင့် သတင်းကောင်းကို ပြောကြားခြင်း၏ အစပိုင်း ဖြစ်ပါသည်။

ဤအရာသည် ရင်းနှီးမှုရှိသော ပုံပြင် တစ်ပုဒ် ဖြစ်နိုင်ပါသည်၊ ဒါပေမဲ့ ပုံပြင်ထဲတွင် လူအများစု နား လည်ထားသည်ထက် ပို၍ များပြားသောအရာများ ရှိနေသည်ဟု ကျွန်ုပ် ထင်ပါသည်။ စစ်ပွဲသည် လူမျိုးတကာတို့အပေါ်၌ ဩဇာအာဏာရှိသော သဘာဝလွန် ပုန်ကန်သူ ခေါင်းဆောင်များ၏ အုပ် စိုးပိုင်ခွင့်နှင့် တန်ခိုးအာဏာကို ကပြောင်းကပြန်ဖြစ်စေရန် စတင်ခဲ့ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့အား သွန်သင်ပေးရန် တမန်တော် အခန်းကြီး ၂ ကို ဖန်တီးထားခြင်းဖြစ်ပါသည်။ ဗာဗုလုန်တွင် ပုန်ကန် ခြင်းပြီးနောက် လူမျိုးတကာတို့ကို ဘုရားသခင်၏ သဘာဝလွန် ကောင်စီဝင်များ၏ ဩဇာအာဏာ အောက်၌ ထားရှိခဲ့ပြီး၊ နောက်ပိုင်း၌ သူတို့သည် ဘုရားသခင်၏ ရန်သူများ ဖြစ်လာခဲ့ကြသည်ကို သတိယပါသည်။ ပင်တေကုတေနေ့၌ ဖြစ်ပျက်ခဲ့သောအရာမှာ ဝိညာဉ်ရေးအရ ဤလူမျိုးတကာ တို့ကို ယေရှု၏ သတင်းကောင်းဖြင့် ကျူးကျော်တိုက်ခိုက်ခြင်းအတွက် ဘုရားသခင်၏ တိုက်ပွဲနည်း ဗျူဟာ ဖြစ်ခဲ့ပါသည်။ သတင်းကောင်းမှာ လူသားများသည် နတ်ဆိုး စွမ်းအားများ၏ ကျွန်များ အဖြစ် ဆက်လက်တည်ရှိရန် မလိုအပ်တော့ခြင်း ဖြစ်ပါသည်။

### ပင်တေကုတ္တေ

တမန်တော် အခန်းကြီး ၂ တွင် ပင်တေကုတ္တေ ပွဲတော်နေ့၌ ဖြစ်ပျက်ခဲ့သောအရာမှာ အလွန် ထူး ခြားမှုရှိသောအရာ ဖြစ်ခဲ့ပါသည် -

ပင်တေကုတ္တေပွဲနေ့ရောက်သောအခါ ထိုသူအပေါင်းတို့သည် တညီတညွတ်တည်း စည်းဝေး၍နေ ကြ၏။ ထိုအခါ လေပြင်းမုန်တိုင်းကဲ့သို့သော အသံသည် တခဏချင်းတွင် ကောင်းကင်မှလာ၍၊

ထိုသူတို့ နေထိုင်သော အိမ်ကိုဖြည့်လေ၏။ ထိုခဏချင်းတွင် ကွဲပြားသော လျှာတို့သည် မီးလျှာကဲ့သို့ ထင်ရှား၍၊ ထိုသူ အသီးသီးတို့အပေါ်၌ တည်နေကြ၏။ ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်၍ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည် အတိုင်း အမျိုးမျိုးသော ဘာသာစကားအားဖြင့် ဟောပြောကြ၏။ ထိုကာလအခါ၊ ကောင်းကင်အောက်တွင် ရှိလေသမျှသော လူမျိုးထဲက တရားကို ရိုသေသော ယုဒလူတို့သည် ယေရုရှလင်မြို့၌ တည်းနေကြသတည်း။ ထိုအသံကို ကြားရသောအခါ၊ လူများတို့သည် စုဝေးလာကြလျှင်၊ အသီးသီး အခြားခြားသော မိမိတို့ ဘာသာစကားဖြင့် တမန်တော်တို့ စကားပြောသည်ကို ကြားရ၍ မှိုင်တွေလျက်ရှိနေကြ၏။ ထိုလူအပေါင်းတို့သည် အံ့ဩမိန်မောတွေဝေလျက်ရှိ၍၊ ယခု ဟောပြောသောသူအပေါင်းတို့သည် ဂါလိလဲလူ ဖြစ်ကြသည်မဟုတ်လော။ သို့ဟုတ်လျှင် ငါတို့သည် အသီးသီး မွေးဖွားရာ ဌာန၏ ဘာသာစကားများကို ကြားရသည်ကား အဘယ်သို့နည်း။ (တမန်တော် ၂း၁-၈)

ဤပုံပြင်ထဲတွင် တရားဟောရာကျမ်း ၃၂ လောကီ ရှုထောင့်အမြင်နှင့် ဆက်စပ်မှုရှိသော အသေးစိတ်အချက်အလက်အချို့ ရှိပါသည်။ ဤအသေးစိတ်အချက်အလက်များသည် မူရင်း ဂရိဘာသာစကားကို အသုံးပြုခြင်းမရှိသော ဘာသာပြန် သမ္မာကျမ်းစာအုပ်များတွင် ရှင်းလင်းခြင်းမရှိပါ။ သန့်ရှင်းသော ဝိညာဉ်တော်၏ ရောက်ရှိလာမှုကို ဖော်ပြသည့် "လေပြင်းမုန်တိုင်းကဲ့သို့သော အသံ" သည် ဓမ္မဟောင်းကျမ်းထဲရှိ ရင်းနှီးသော ဘုရားသခင်၏ မျက်မှောက်တော် တစ်ခု ဖြစ် ပါသည် (၄ ရာ ၂း၁၊ ၁၁၊ ယောဘ ၃၈း၁၊ ၄၀း၆)။ "မီး" သည်လည်း ဓမ္မဟောင်းကျမ်းထဲရှိ ဘုရားသခင်၏ ဖော်ပြချက်များထဲတွင် ရင်းနှီးသောအရာ ဖြစ်ပါသည် (ယေဇ ၁း၄၊ ဟေ ၆း၄၊ ၆၊ ဒံယေ ၇း၉၊ ထွက် ၃း၂၊ ၁၉း၁၈၊ ၂၀း၁၈)။

တမန်တော် အခန်းကြီး ၂ အတွင်းရှိ အကြောင်းအရာသည် ဘုရားသခင်ဟာ ထိုဖြစ်ရပ်၌ ရှိနေခဲ့ကြောင်းနှင့် ၎င်းကို ဖြစ်ပေါ်နေစေသူဖြစ်ကြောင်း ပြောဆိုနေခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ အစီအစဉ်မှာ တိုင်းနိုင်ငံများအပေါ်၌ ဩဇာအာဏာ အပ်နှံခဲ့သော ပုန်ကန်သူ ဘုရားသခင်၏ သားတော်များထံမှ ထိုတိုင်းနိုင်ငံများကို ပြန်လည်သိမ်းယူဖို့ရန် သဘာဝလွန်နှင့်ဆိုင်သော တိုက်ပွဲအား အစပြုရန်ဖြစ်ခဲ့ပါသည် (တရား ၄း၁၉-၂၀၊ ၃၂း၈-၉)။ ဤ ဝိညာဉ် အုပ်စိုးသူများသည် နောက်ပိုင်းတွင် ဘုရားသခင်၏ ရန်သူများ ဖြစ်လာခဲ့ကြပါသည် (ဆာလံ ၈၂)။

ထိုတိုင်းနိုင်ငံများကို ပြန်လည်သိမ်းယူမည့် ဘုရားသခင်၏ အစီအစဉ်မှာ သူ၏ တပည့်တော်များ၏ နှုတ်ထွက်စကားများကို အသုံးပြုရန် ဖြစ်ပါသည်။ ထို့ကြောင့် သန့်ရှင်းသော ဝိညာဉ်တော်သည် မီးလျှာကဲ့သို့သော ပုံစံ တစ်ခုဖြင့် ရောက်ရှိလာခဲ့ပါသည်။ ဘုရားသခင်သည် ယေရှုနောက်သို့လိုက်၍ ဂျေရုဆလင်မြို့တွင် နေထိုင်သော ဂျူးလူမျိုးများကို ပင်တေကုတ္တေ ပွဲနေ့အတွက် မြို့တော်သို့

လာရောက်လည်ပတ်သော ဂျူးလူမျိုးအား စကားပြောနိုင်စေရန် လုပ်ဆောင်ပေးခဲ့ပါသည်။ လာရောက်လည်ပတ်သော ဂျူးလူမျိုးတို့သည် ဣသရေလလူမျိုးတို့၏ နယ်မြေပြင်ပရှိ မကောင်းသော သဘာဝလွန် တန်ခိုးစွမ်းအားများ၏ အုပ်စိုးမှုအောက်၌ရှိသော တိုင်းနိုင်ငံ အားလုံးတွင် နေထိုင်ခဲ့ကြပါသည်။ လာရောက်လည်ပတ်သော ဂျူးလူမျိုးတို့သည် သတင်းကောင်းကို ကြားနာရသောအခါ များစွာသောသူတို့သည် ၎င်းကို ယုံကြည်ခဲ့ကြပါသည်။ ထို့နောက် ပွဲတော် ပြီးနောက်တွင် သူတို့သည် အခြားသော တိုင်းနိုင်ငံများရှိ မိမိတို့၏ နေအိမ်များသို့ ပြန်သွားခဲ့ကြပါသည်။ ထိုနေရာ၌ သူတို့သည် လူတို့အား ယေရှု၏အကြောင်းကို စတင်၍ ပြောဆိုခဲ့ကြပါသည်။

**ပင်တေကုတ္တေနှင့် ဗာဗုလုန်**

ဗာဗုလုန် ဗိမာန်တော် ပုန်ကန်မှု၌ ဘုရားသခင်သည် လူသားများကို သူတို့အား နေရာအနှံ့သို့ ကွဲပြားစေခဲ့သည့် ၎င်းတို့၏ ဘာသာစကားများအား ပြောင်းလဲပေးခြင်းဖြင့် အပြစ်ပေးခဲ့ပါသည်။ ထို့အပြင် ဘုရားသခင်သည် မျိုးနွယ်စု တစ်ခုစီကို သူ၏ ဝိညာဉ် ကောင်စီဝင်များ၏ ဩဇာအာဏာ အောက်၌ ထားရှိခဲ့ပါသည် (တရား ၄း၁၉-၂၀၊ ၃၂း ၈-၉)။ ထိုဖြစ်ရပ်နှင့် တမန်တော် အခန်းကြီး ၂ တွင် ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ် နှစ်ခုအကြားတွင် ဆက်စပ်မှု တစ်ခုမှ မရှိသည့်ပုံပေါက်နေပါသည်။ သို့ရာ၌ မူရင်း ဂရိ ဘာသာစကားတွင်၊ ထိုဖြစ်ရပ် နှစ်ခုစလုံး အကြား၌ ရှင်းလင်းသော ဆက်နွယ်မှုများ ရှိနေပါသည်။

တမန်တော် အခန်းကြီး ၂ ရှိ အရေးပါသော စကားလုံး နှစ်လုံးသည် ၎င်းကို ဗာဗုလုန် (Babel) နှင့် ဆက်စပ်ပေးထားပါသည်။ ပထမဦးစွာ၊ မီးလျှံကဲ့သို့သော လျှာများကို "ကွဲပြားသော" ဟု ဖော်ပြထားပါသည်။ ဒုတိယမှာ၊ ထိုဆူညံသံကို ကြားခဲ့ရသော လူတို့သည် တိုင်းနိုင်ငံ အသီးသီးမှ ဂျူးလူမျိုးများ ဖြစ်ခဲ့ကြပြီး၊ သူတို့သည် စိတ်ရှုပ်ထွေးခဲ့ကြပါသည်။ ထိုအရာသည် သင်တို့၏ ဘာသာပြန်ကျမ်းစာအုပ်ထဲတွင် သိပ်ရှင်းလင်းပုံပေါက်မည်မဟုတ်ပါ။ သို့သော်လည်း လုကာသည် ဂရိဘာသာစကားအားဖြင့် ရေးသားနေခြင်းဖြစ်ပါသည်။ "ကွဲပြားသော" နှင့် "စိတ်ရှုပ်ထွေးခြင်း" ကဲ့သို့ ဘာသာပြန်ထားသည့် သူ အသုံးပြုခဲ့သော ဂရိ စကားလုံးများသည် <u>ကမ္ဘာဦးကျမ်း ၁၁း၇</u> နှင့် <u>တရားဟောရာကျမ်း ၃၂း၈</u> မှ ဆင်းသက်လာပါသည်။ ဤ ဓမ္မဟောင်း ကျမ်းပိုဒ် နှစ်ခုစလုံးက ဘာသာစကားများသည် "ကွဲပြား" ၍ လူသားများသည် "စိတ်ရှုပ်ထွေး" လာခဲ့ကြသည်ဟု ဖော်ပြထားပါသည်။

တမန်တော်ဝတ္ထုကို ရေးသားသူ၊ လုကာသည် ဟေလသလူမျိုး တစ်ဦး ဖြစ်ပါသည်။ သူသည် ဂရိစာကိုသာလျှင် ဖတ်နိုင်ခဲ့ပါသည်။ လုကာသည် ဓမ္မဟောင်းကျမ်းကို ဖတ်ရှုသောအခါ၊ သူသည် ဂရိဘာသာပြန်ဆိုထားသော ကျမ်းစာအုပ်ကို အသုံးပြုခဲ့ပါသည်။ ဂရိလို ဘာသာပြန်ထားသော ဓမ္မ

ဟောင်းကျမ်းမှာ "the Septuagint" ဟု အမည်ပေးထားပါသည်။ Septuagint သည် ကနဦး ခရစ်ယာန်များ အသုံးပြုခဲ့ကြသည့် သမ္မာကျမ်းစာ ဖြစ်ခဲ့ပါသည်။ အကြောင်းမှာ ၎င်းတို့ အများစုသည် ဟေဗြဲစာကို မဖတ်နိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။ လုကာသည် တမန်တော်ဝတ္ထု အခန်းကြီး ၂ ကို ရေးသားခဲ့သောအချိန်၌ သူသည် အမှန်တကယ် ဗာဗုလုန် ပုန်ကန်မှုအကြောင်းကို တွေးတောနေခဲ့ပါသည်။

ဒါပေမဲ့ ဘာကြောင့် သူက ဤ ဆက်စပ်မှုကို ပြုလုပ်ချင်ရပါသလဲ။ ပင်တေကုတ္တေပွဲ၌ ဖြစ်ပျက်ခဲ့သောအရာကို စဉ်းစားကြည့်ပါ။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဓမ္မဟောင်းကျမ်းထဲတွင် ဘုရားသခင် မကြာခဏ ရောက်လာလေ့ရှိခဲ့သည့် နည်းလမ်းအတိုင်း ရောက်လာခဲ့ပါသည်။ ဘုရားသခင်သည် လေပြင်းမုန်တိုင်းကဲ့သို့သော အသံနှင့် မီးကဲ့သို့ ရောက်လာခဲ့ပါသည်။ တပည့်တော်များသည် မီးလျှံကဲ့သို့သော လျှာများကို လက်ခံရရှိသောအခါ ကွဲပြားသော ဘာသာစကားများကြောင့် ဖြစ်ပေါ်ခဲ့သော လူမျိုးနွယ်များအကြားရှိ စိတ်ရှုပ်ထွေးမှုဟာ ပျောက်ကွယ်သွားခဲ့ပါသည်။ တပည့်တော်တို့သည် ပွဲတော် နေ့အတွက် ဂျေရုဆလင်မြို့တွင် စုဝေးရောက်ရှိလာခဲ့ကြသည့် တိုင်းနိုင်ငံအသီးသီးမှ လူမျိုးနွယ်များ၏ ဘာသာစကားများကို ရုတ်တရက် ပြောဆိုလာနိုင်ခဲ့ကြပါသည်။ လူအယောက် သုံးထောင်သည် ထိုနေ့တွင် ယေရှုအကြောင်း သတင်းကောင်းကို လက်ခံယုံကြည်ခဲ့ကြပါသည် (တမန်တော် ၂း၄၁)။

ယေရှုသည် မေရှိယဖြစ်သည်ဟု ယခု ယုံကြည်သော ထို ယုံကြည်သူအသစ်များသည် ထို သတင်းကို ၎င်းတို့၏ နေထိုင်ရာ နယ်မြေသို့ ပြန်လည်၍ သယ်ဆောင်သွားကြပါလိမ့်မည်။ ၎င်းတို့၏ နေအိမ်များသည် ဗာဗုလုန် ဗိမာန်တော်၌ လူစုကွဲသွားသော တိုင်းနိုင်ငံများတွင် ရှိခဲ့ကြပါသည်။ ဗာဗုလုန် ပုန်ကန်မှုတွင် (ကမ္ဘာဦးကျမ်း ၁၁)၊ ဘုရားသခင်သည် လူသားများကို စွန့်ပယ်ခဲ့ပါသည်။ သို့ရာတွင် နောက်တစ်ခု ဘုရားသခင် လုပ်ဆောင်ခဲ့သောအရာမှာ (ကမ္ဘာဦးကျမ်း ၁၂) ဘုရားသခင်၏ အသစ်သော လူမျိုးနွယ်စုဖြစ်သည့် ဣသရေလတိုင်းနိုင်ငံ၏ ဖခင်ဖြစ်ဖို့ရန် အာဗြဟံကို ခေါ်ခြင်းဖြစ်ပါသည်။ ပင်တေကုတ္တေပွဲ၌ ဘုရားသခင်သည် ထိုတိုင်းနိုင်ငံအားလုံးမှ လူတို့ကို တိုက်ရိုက်စတင် စုဝေးနေခဲ့ပြီး၊ သူ၏ မိသားစုထဲသို့ ၎င်းတို့ကို ပြန်လည်ခေါ်ယူခဲ့ပါသည်။ ယုံကြည်သော ဟေလသလူမျိုးတိုင်းသည် အာဗြဟံထံမှ ဇီဝဗေဒနည်းအားဖြင့် ဆင်းသက်လာခဲ့ကြသည့် ဂျူးလူမျိုး ယုံကြည်သူများနှင့် ပူးပေါင်းနိုင်ခဲ့ကြပါသည်။ အချိန်ကြာလာသည်နှင့်အမျှ၊ ဘုရားသခင်၏ နိုင်ငံတော်သည် သဘာဝလွန် ရန်သူ ခေါင်းဆောင်များ၏လက်အောက်၌ရှိသော တိုင်းနိုင်ငံ အားလုံးထံသို့ ပြန့်နှံ့သွားပါလိမ့်မည်။

နောက်ထပ် အံ့ဩစရာကောင်းသော ဆက်နွယ်မှုမှာ တမန်တော် အခန်းကြီး ၂ ရှိ တိုင်းနိုင်ငံများ၏ အမည်စာရင်းနှင့် ၎င်းတို့အား ဖော်ပြထားသည့် အစဉ် ဖြစ်ပါသည်။ အကယ်၍ သင်သည် မြေပုံ

တစ်ခု အပေါ်တွင် ကြည့်ပါက အရှေ့ဘက်ခြမ်းရှိ တိုင်းနိုင်ငံများနှင့် အစပြုထားသော အစဉ်ကို မြင်တွေ့ပါလိမ့်မည်။ ဤနေရာသည် ဓမ္မဟောင်းကျမ်း၏ အဆုံးပိုင်း၌ ဂျူးလူမျိုးများကို နယ်နှင်ဒဏ်ပေးခဲ့သည့် နေရာ ဖြစ်ပါသည်။ ထိုနေရာရှိ တိုင်းနိုင်ငံများကို ဗာဗုလုန်နှင့် နောက်ပိုင်းတွင် ပါးရှဟုခေါ်ဆိုခဲ့ကြပါသည်။ စာရင်းထဲရှိ တိုင်းနိုင်ငံများ၏ အစဉ်သည် ထို့နောက်၌ မြေပုံပေါ်တွင် အဝေးဆုံးသော နိုင်ငံဟု ထိုအချိန်က သိခဲ့ကြသည့် မြောက်ဘက်သို့ ပြောင်းရွှေ့သွားပါသည်။ တမန်တော် အခန်းကြီး ၂ တွင် စာရင်းပြုစုထားသော တိုင်းနိုင်ငံများသည် ကမ္ဘာဦးကျမ်း ၁၀ တွင် ဖော်ပြထားသည့် တိုင်းနိုင်ငံများကဲ့သို့ မြေပုံပေါ်တွင် တူညီသောနေရာများ၌ ရှိနေကြပါသည်။ ဤတိုင်းနိုင်ငံများသည် နောက်ပိုင်း၌ ပုန်ကန်ခဲ့ကြသည့် သူ၏ သဘာဝလွန် ကောင်စီဝင်များ လက်အောက်၌ ဘုရားသခင် ထားရှိခဲ့သည့် တိုင်းနိုင်ငံများပင် ဖြစ်ကြပါသည်။

## ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။

တမန်တော်ဝတ္ထု စာအုပ်၏ အများစုသည် ရှင်ပေါလု၏ သာသနာခရီးစဉ်အကြောင်း ဖြစ်ပါသည်။ ရှင်ပေါလုသည် ဟေလသလူမျိုးများအတွက် တမန်တော် ဖြစ်ပါသည်။ "တမန်တော်" ဆိုသည်မှာ ရည်ရွယ်ချက် တစ်ခုအတွက် စေလွှတ်ခံရသူ တစ်ဦး ဖြစ်ပါသည်။ ဘုရားသခင်က ရှင်ပေါလုကို ဣသရေလလူတို့၏ နယ်မြေပြင်ပရှိ တိုင်းနိုင်ငံများတွင် နေထိုင်သည့် လူမျိုးနွယ်များအား သတင်းကောင်းကို ဟောပြောစေရန် စေလွှတ်ခဲ့ပါသည်။ ရှင်ပေါလု၏ ခရီးစဉ်များနှင့် သူ၏အသက်တာ၌ ဖြစ်ပျက်ခဲ့သောအရာများသည် သူ့ကို ပို၍ ပို၍ ဝေးသော အနောက်ဘက်သို့ ခေါ်ဆောင်သွားခဲ့ပါသည်။ ဥပမာ တစ်ခုမှာ သူသည် ရောမတို့၏ ဖမ်းဆီးခြင်းကိုခံရပြီး၊ ဂျေရုဆလင်မှ အနောက်ဘက် အီတလီသို့ စေလွှတ်ခံခဲ့ရသည့်အချိန် ဖြစ်ပါသည်။

ရှင်ပေါလုသည် ဓမ္မသစ်ကျမ်း၏ အစိတ်အပိုင်း ဖြစ်လာကြသည့် ခရစ်ယာန်များထံသို့ စာစောင်အချို့ကို ရေးသားခဲ့ပါသည်။ ၎င်းတို့အထဲတွင် ရှင်ပေါလုသည် သူ၏ သာသနာလုပ်ငန်းနှင့် သတင်းကောင်း ဖြန့်ဝေမှုကို ဆန့်ကျင်ကြသည့် ဝိညာဉ် ရန်သူ ခေါင်းဆောင်များအကြောင်းကို မကြာခဏ ပြောဆိုလေ့ရှိခဲ့ပါသည်။ ရှင်ပေါလုသည် ၎င်းဝင်ရောက်နေသော တိုင်းနိုင်ငံများ၏ မကောင်းသော သဘာဝလွန် အုပ်စိုးသူများကို ဖော်ပြရန် သီးခြား ဝေါဟာရများကို အသုံးပြုခဲ့ပါသည်။ ရှင်ပေါလုက သူ လုပ်ဆောင်နေသည့်အရာသည် ဤမကောင်းသော နိုင်ငံများအား ဒုက္ခပေးနေသည်ကို နားလည်သဘောပေါက်ခဲ့ပါသည်။ သို့ရာတွင် ပင်တေကုတ္တေ၌ ဘုရားသခင် လုပ်ဆောင်ခဲ့သောအရာသည် ဤတိုင်းနိုင်ငံများကို ပြန်လည်သိမ်းယူခြင်း တာဝန်အား စတင်ခဲ့ပြီးဖြစ်ပါသည်။ မှောင်မိုက်၏ မမြင်နိုင်သော စွမ်းအားများအတွက် ရှင်ပေါလု အသုံးပြုလေ့ရှိသည့် ဝေါဟာရများ အားလုံး၏ ယေဘုယျ အနက်အဓိပ္ပါယ် တစ်ခုကို သင် သတိပြုမိပါသလား။

- အုပ်စိုးသူများ/ အထွတ်အမြတ်များ (ဖေက် ၁း၂၀-၂၁၊ ၆း၁၂၊ ကော ၂း၁၅)
- အာစက်များ(ဖေက် ၁း၂၀-၂၁၊ ၃း၁၀၊ ၆း၁၂၊ ကော ၂း၁၅၊ ၁ ကော ၂း၆)
- တန်ခိုးများ (ဖေက် ၁း၂၀-၂၁၊ ၃း၁၀)
- အစိုးရခြင်းများ (ကော ၁း၁၆)
- အရှင်သခင်များ (ဖေက် ၁း၂၀-၂၁၊ ၁ ကော ၈း၅)
- ရာဇပလ္လင်များ (ကော ၁း၁၆)

ဤ စကားလုံး အားလုံးသည် - နယ်မြေ အပိုင်းအစ တစ်ခု အပေါ်၌ ဩဇာအာဏာ ရှိခြင်းဟု အဓိပ္ပါယ်ရပါသည်။ ဤ တူညီသော ဝေါဟာရများကို ဓမ္မသစ်ကျမ်းနှင့် လူသားမျိုးနွယ် နိုင်ငံရေး အုပ်စိုးသူများ၏ အခြားသော ဂရိ စာပေများတွင် အသုံးပြုထားပါသည်။ ရှင်ပေါလု၏ ဘာသာစကားသည် သီခြား နေရာတစ်ခု အပေါ်ရှိ ဩဇာအာဏာအကြောင်း ဖြစ်ပါသည်။ ရှင်ပေါလု၏ အရေးအသားသည် ဓမ္မဟောင်းကျမ်းကဲ့သို့ တူညီသော သဘာဝလွန် အမြင် ရှိပါသည်။ ရှင်ပေါလုနှင့် ဓမ္မဟောင်းကျမ်း နှစ်ခုစလုံးသည် အဘယ်ကဲ့သို့ သဘာဝလွန် လောကနှင့် လူ့လောကတို့ ဆက်နွယ်မှုရှိကြသည်ကို ဖော်ပြထားပါသည်။ ဘုရားသခင်၏ ပြစ်ဒဏ်ပေးခြင်းခံထားရသော တိုင်းနိုင်ငံများသည် သက်ရှိ ဝိညာဉ်များ၏ ဩဇာအာဏာအောက်၌ ရှိကြပြီး၊ ဘုရားသခင်နှင့် သူ၏ နောက်သို့လိုက်လျှောက်သောသူများအား ရန်လိုစိတ်ရှိနေကြပါသည်။

## "စပိန်ပြည်သို့ ငါသွားမည်"

တမန်တော်ဝတ္ထု စာအုပ်သည် ရှင်ပေါလု၏ ရောမသို့ ခရီးစဉ်နှင့် အဆုံးသတ်ထားပါသည်။ ရှင်ပေါလုသည် အကျဉ်းသား တစ်ဦးဖြစ်ပြီး၊ သူ့ကို အကြောင်းအရာ နှစ်ခုအတွက် ရောမသို့ ခေါ်ဆောင်သွားနေခြင်းဖြစ်ပါသည် - ပထမမှာ သူ၏ တရားရုံး ကိစ္စကို ဆီးဇာထံ၌ အယူခံဝင်ရန်နှင့် ဒုတိယမှာ သတင်းကောင်းကို ဖြန့်ဝေရန် ဖြစ်ပါသည်။ ရှင်ပေါလုသည် ရန်သူ ဝိညာဉ်များအောက်၌ ရှိသော လူမျိုးနွယ်စုများကို ပြန်လည်သိမ်းယူဖို့ရန်မှာ ကမ္ဘာကြီး၏ဝေးသော အနောက်ဘက် အဆုံးထိ သတင်းကောင်းကို ဖြန့်ဝေရမည်ဖြစ်ကြောင်း ရှင်းလင်းစွာ သိထားခဲ့ပါသည်။ ဓမ္မဟောင်းကျမ်းခေတ်ကာလ၌ ထိုနေရာကို တာရှုမြို့ဟု ခေါ်ဆိုခဲ့ကြပါသည်။ ပေါလု၏ အချိန်ကာလတွင်၊ ၎င်းကို ယနေ့ ခေါ်ဆိုသကဲ့သို့ စပိန်ဟု ခေါ်ခဲ့ကြပါသည်။ ပေါလုသည် သူ၏ တာဝန်ကို ပြီးမြောက်စေဖို့ရန် စပိန်သို့ သွားချင်ခဲ့ပါသည်။ ရှင်ပေါလုသည် ထောင်ထဲသို့ မရောက်ခင်၌ ရောမမြို့ရှိ ယုံကြည်သူများကို စာရေးခဲ့ပါသည်။ သူသည် စပိန်သို့ သွားရောက်ရန် ရည်ရွယ်ထားကြောင်း ပြောဆိုထားခဲ့ပါသည်။ သူသည် ကမ္ဘာမြေကြီး တည်ရှိနေသည်ဟု သူ ယူဆခဲ့သည့် အနောက်ဘက် အစွန်းထိ သွားနေခဲ့ပါသည်။ ရှင်ပေါလုသည် ယေရှုအတွက် နိုင်ငံတိုင်းကို ပြန်လည်သိမ်းယူချင်ခဲ့ပါသည် -

စပိန်ပြည်သို့ ငါသွားသောအခါ လမ်းခရီး၌ သင်တို့ကို တွေ့မြင်၍ သင်တို့နှင့်အတူ ပေါင်းဖော်လျက် အတန်အရာ အလိုပြည့်စုံပြီးမှ၊ ထိုပြည်သို့ သင်တို့ပို့ဆောင်ခြင်း ကျေးဇူးကိုခံမည်ဟု မျှော်လင့်၏ ............ ထို့ကြောင့် ဤအမှုကို ငါဆောင်ရွက်၍ ဤအလှူ လက်ဆောင်ကို လုံချုံစေပြီးလျှင် သင်တို့အနားမှာ လျှောက်၍ စပိန်ပြည်သို့ သွားမည်။ (ရောမ ၁၅း၂၄၊ ၂၈)

ရှင်ပေါလုသည် ၎င်းအသက်ရှင်စဉ် ကာလအတောအတွင်း၌ သူ၏ နိုင်ငံတော်အား နေရာတိုင်းတွင် ပြန်လည်သိမ်းယူမည့် ဘုရားသခင်၏ အစီအစဉ်မှာ အမှန်တကယ် အစပြုခဲ့ပြီဖြစ်ကြောင်း နားလည်သိရှိခဲ့သောကြောင့် သူသည် စိတ်အားတက်ကြွခဲ့ပါသည်။ "တပါးအမျိုးတို့၏ အချိန် ပြည့်စုံသောအခါ ဣသရေလလူမျိုးတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်" ဟု ရှင်ပေါလုက ယုံကြည်ခဲ့ပါသည် (ရောမ ၁၁း၂၅-၂၆)။ သူသည် ပင်တေကုတ္တေနေ့၌ အစပြုခဲ့သည့်အရာကို ပြီးမြောက်ဖို့ရန် သတ်မှတ်ထားသည်ဟု ရှင်ပေါလုက တွေးထင်ခဲ့ပါသည်။

## အဘယ်ကြောင့် ဤအရာသည် အရေးပါမှုရှိပါသလဲ

ရှင်ပေါလုသည် မိမိ၏ အသက်တာနှင့်စပ်လျဉ်း၍ သဘာဝလွန် အမြင် တစ်ခုရှိခဲ့ပါသည်။ သူသည် မိမိကိုယ်ကို ဘုရားသခင်၏ တန်ဆာပလာ တစ်ခုအနေဖြင့် ရှုမြင်ခဲ့ပါသည်။ ပြီးတော့ သူသည် ဖြစ်လာခဲ့ပါသည်။ ဒါပေမဲ့ ရှင်ပေါလုမတိုင်မီ၊ ပင်တေကုတ္တေ အချိန်ကာလမှစ၍ အသစ်သော ယုံကြည်သူ အားလုံးတို့သည်လည်း ထိုသို့ပင် ဖြစ်ခဲ့ကြပါသည်။ သူတို့အားလုံးသည် မကောင်းသော သဘာဝလွန် နိုင်ငံများအား ဘုရားသခင်ထံမှ သတင်းကောင်းနှင့် ကျူးကျော်ဝင်ရောက်ရန် ဂျေရုဆလင်မြို့မှ မိမိတို့နေထိုင်ရာ အိမ်သို့ ပြန်သွားခဲ့ကြပါသည်။

ကျွန်ုပ်တို့သည်လည်း ထိုသို့သော လူအမျိုးအစားများ ဖြစ်သင့်ပါသည်။

ကျွန်ုပ်တို့သည် ရှင်ပေါလုနည်းတူ ဘုရားသခင်အတွက် အသုံးတော်ခံရန် တန်ဆာပလာများဖြစ်ကြပါက၊ အဘယ်ကြောင့် ရှင်ပေါလုသည် အလွန် ထိရောက်မှုရှိခဲ့ပြီး ကျွန်ုပ်တို့ထက် များပြားသော လွှမ်းမိုးမှုရှိခဲ့ရပါသလဲ။ ခြားနားချက် တစ်ခုမှာ သူ၏ အသက်တာသည် မည်သည့်အကြောင်းအရာအတွက် ဖြစ်သည်ကို ရှင်ပေါလုက နားလည်သဘောပေါက်ခဲ့ခြင်း ဖြစ်ပါသည်။

သူသည် မြေကြီးအပေါ်၌ အုပ်စိုးပိုင်ခွင့်အာဏာရှိသည့် မကောင်းသော တန်ခိုးစွမ်းအားများဟာ အမှန်တကယ်ဖြစ်သည်ကို ယုံကြည်ခဲ့ပါသည်။ သို့ရာတွင် သူသည် သူ၏အထဲ၌ရှိပြီး သူ့ကို ပံ့ပိုးပေးနေသော တန်ခိုးစွမ်းအားသည် သာ၍ကြီးမြတ်သည်ကိုလည်း သိခဲ့ပါသည်။

ထိုအရာများသည် သင့်အသက်တာ၌လည်း မှန်ကန်သည်ဟု သင် ယုံကြည်ပါသလား။ သမ္မာကျမ်းစာကတော့ ဤအရာဟာ သင့်အသက်တာ၌လည်း မှန်ကန်သည်ဟု ယူဆထားပါသည်။ ပြီးတော့ ထိုအရာသည် ရှင်ပေါလုက သူ၏အသက်တာတွင် ၎င်းတို့အား နားလည်သဘောပေါက်ခဲ့သောပုံစံ ဖြစ်ပါသည်။

ရှင်ပေါလုသည် ကမ္ဘာမြေကြီးဟာ အဘယ်မျှလောက် ကြီးမားသည်ကို အမှန်တကယ် မသိခဲ့ပါဘူး။ ရှင်ပေါလုဟာ မြောက်အမေရိက၊ တောင်အမေရိက၊ တရုတ်၊ အိန္ဒိယ၊ နော်ဝေး၊ ဩစတြေးလျ၊ အိုက်စလန်နိုင်ငံနှင့် အခြားသော နေရာများအကြောင်းကို မသိခဲ့ပါ။ ဒါပေမဲ့ ဘုရားသခင်က သိခဲ့ပါတယ်။ ဘုရားသခင်သည် တလောကလုံးသို့ သတင်းကောင်းကို ပြန့်နှံ့စေခြင်း၏ တာဝန်ဟာ ရှင်ပေါလု ပြီးမြောက်စေနိုင်ခဲ့သည်ထက် အလွန်များပြားခဲ့လိမ့်မည်ကို သိခဲ့ပါသည်။ နှုတ်ကပတ်တော် သတင်းကောင်းသည် မြေကြီး၏ အခြားနေရာများသို့ ရောက်ရှိရမည်ဆိုပါက၊ အခြားသူများဟာလည်း ရှင်ပေါလုကဲ့သို့ တူညီသော ရည်မှန်းချက်အား လိုက်လျှောက်ဖို့ရန် လိုအပ်ခဲ့လိမ့်မည်ကို ဘုရားသခင်က သိထားခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဤတာဝန်ကို ပြီးမြောက်ရန် တက်တက်ကြွကြွ ကြိုးစား၍မလုပ်ဆောင်ပါက၊ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ အစီအစဉ်ဖြစ်သည့် အရာကို မလုပ်ဆောင်နေခြင်း ဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးဖို့ရန်သာ လိုအပ်ပါက၊ ကျွန်ုပ်တို့သည် ယေရှု၊ တပည့်တော် ဆယ့်နှစ်ပါးနှင့် ပေါလုတို့နှင့်တူသည်ထက် ဗာဗုလုန်ရဲတိုက်ရှိ လူများနှင့် ပို၍ တူကြပါသည်။

ဤ အခန်းထဲတွင် ကျွန်ုပ် ရေးသားခဲ့သောအကြောင်းအရာဟာလည်း မကောင်းသော သဘာဝလွန် အုပ်စိုးသူများသည် ဤလောကထဲရှိ အချို့သော နေရာဒေသများကို အခြားသောနေရာများထက်ပို၍ ထိန်းချုပ်ထားကြကြောင်း သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို သွန်သင်ပေးထားသည်ဟု အဓိပ္ပါယ်ရပါသည်။ ထိုနေရာများဟာ မည်သည့်နေရာများဖြစ်ကြောင်းနှင့် ၎င်းတို့၏ နယ်နိမိတ်များသည် မည်သည့်နေရာ၌ ရပ်တန့်သွားကြောင်းကို ကျွန်ုပ်တို့အား မပြောပြထားပါ။ မည်သည့် နတ်ဆိုးသည် တန်ခိုးအာဏာအရှိဆုံးဖြစ်၍ မည်သည့် တစ်ခုသည် ဒုတိယဖြစ်သည်ကို ကျွန်ုပ်တို့အား မပြောပြထားပါ။ ကျွန်ုပ်တို့ကို ပြောပြထားသောအရာမှာ မမြင်ရသော မှောင်မိုက် တန်ခိုးစွမ်းအားများဟာ ကမ္ဘာမြေကြီးသည် ၎င်းတို့၏ နိုင်ငံတော်ဖြစ်သည်ဟု ယုံကြည်ထားသောအရာ ဖြစ်ပါသည်။ ထိုတန်ခိုးစွမ်းအားများသည် ဘုရားသခင်၏ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်ကြပြီး၊ ၎င်းတို့၏ လူများအား နေရာတိုင်း၌ သူ၏ ကောင်းသော နိုင်ငံတော်ကို ကျယ်ပြန့်စေမည့် ဘုရားသခင်၏ အစီအစဉ်၏ အစိတ်အပိုင်း ဖြစ်လာရန် အလိုမရှိကြသည်ကို ကျွန်ုပ်တို့အား ပြောပြထားပါသည်။ ထိုအရာသည် ကျွန်ုပ်တို့ဟာ ယုတ္တိ သို့မဟုတ် သဘာဝကျသော အမှန်တရားများဖြင့် ရှင်းပြ၍မရနိုင်သည့် ခုခံမှုကို မျှော်လင့်ထားသင့်သည်ဟု အဓိပ္ပါယ်ရပါသည်။ ကျွန်ုပ်တို့သည် နတ်ဆိုးများအား မိမိတို့၏ ကိုယ်ပိုင်အစွမ်းအစများဖြင့် အနိုင်မယူနိုင်ပါ။ ဘုရားသခင်က ကျွန်ုပ်တို့ကို သူ၏ သန့်ရှင်း

သော ဝိညာဉ်တော်နှင့် အခြားသော သစ္စာရှိသော ဝိညာဉ်များအား သူ၏ အစီအစဉ်ကို ပြီးမြောက်စေရာတွင် ကျွန်ုပ်တို့အား အကူအညီပေးရန် ပေးထားပြီးဖြစ်ပါသည် (၁ ကော ၃း၁၆၊ ၆း၁၉၊ ဟေ ၁း၁၃၊ ၁ ယော ၄း၄)။

မိမိတို့ကိုယ်ကို မေးမြန်းရမည့် အရေးကြီးဆုံးသော မေးခွန်းမှာ ဤအရာ ဖြစ်ပါသည် - ကျွန်ုပ်တို့သည် လောကနှင့် ရှင်ပေါလု ၎င်း၏ သဘာဝလွန် လွှမ်းမိုးမှုများနှင့်စပ်လျဉ်းသော အမြင် တစ်ခုနှင့် နေ့စဉ် နိုးထပါက ကျွန်ုပ်တို့၏ အသက်တာများသည် မည်သည့်အရာနှင့်တူလိမ့်မည်နည်း။ ဘုရားသခင်၏ မိသားစုဝင် တစ်ဦးအနေဖြင့် နေ့စဉ်နေ့တိုင်း ကျွန်ုပ်တို့၏ အသက်တာများကို ကျွန်ုပ်တို့၏ အဆင့်အတန်း ပတ်လည်၌ ဖွဲ့စည်းထားပါက မည်သို့ဖြစ်ပါမည်နည်း။ ကျွန်ုပ်တို့၏ တာဝန်သည် အခြားသော လူများအား မှောင်မိုက်သော စွမ်းအားများထံမှ ၎င်းတို့၏ ကျွန်ဘဝကို အဘယ်သို့ လွတ်မြောက်နိုင်ကြောင်း ပြောကြားရန် ဖြစ်သည်ကို ကျွန်ုပ်တို့သည် မှတ်မိပါက မည်သို့ဖြစ်ပါမည်နည်း။ ကျွန်ုပ်တို့ ပြုလုပ်သည့် ဆုံးဖြတ်ချက် တစ်ခုစီတိုင်းနှင့် ပြောဆိုသည့် စကားလုံး တစ်ခုစီတိုင်းသည် သဘာဝလွန်ဖြစ်သော ရည်ရွယ်ချက် တစ်ခု ဖြစ်ပေါ်စေနိုင်သည်ကို နားလည်သိရှိလျက် ကျွန်ုပ်တို့သည် တမင်တကာ အသက်ရှင်နေထိုင်ပါက မည်သို့ဖြစ်ပါမည်နည်း။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဘေးပတ်လည်ရှိ မမြင်ရသော သက်ရှိအရာများအားလုံးက ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်များ၊ လုပ်ဆောင်ချက်များနှင့် စကာလုံးများကို ကောင်းသောအရာ သို့မဟုတ် ဆိုးသောအရာအတွက် အခြားသူများအား လွှမ်းမိုးရန် အသုံးပြုကြသည်ကို ယုံကြည်ကြသည်ဆိုပါက မည်သို့ဖြစ်ပါမည်နည်း။ ကျွန်ုပ်တို့က ၎င်းတို့ကို မြင်ရသည်ဖြစ်စေ၊ မမြင်ရသည်ဖြစ်စေ သို့မဟုတ် ကျွန်ုပ်တို့က ဤအရာကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဤအရာသည် ဖြစ်ပေါ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် အမှန်စင်စစ် ဘုရားသခင်၏ မိသားဝင်များ ဖြစ်ကြသည်ကို သိထားပါက၊ ကျွန်ုပ်တို့၏ အလုပ်အကိုင်များ၊ ဝင်ငွေ၊ အရည်အချင်းများ၊ ကျွန်ုပ်တို့၏ ပြဿနာများလျှင်ပင် အရေးမကြီးတော့ပါ။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်က ကျွန်ုပ်တို့အား သာ၍ကောင်းမွန်သော တစ်စုံတစ်ရာ အဖြစ်သို့ ပြောင်းလဲပေးနေသည်ကို နားလည်သဘောပေါက်ပါက ထိုအခြားသော အရာများသည် အရေးမပါတော့ပါ။ အဘယ်ကြောင့် ကျွန်ုပ်တို့သည် ဤကမ္ဘာမြေကြီးပေါ်၌ ရှိနေကြသည်ကို နားလည်သဘောပေါက်သောအခါတွင် ထိုအရာများသည် အရေးမကြီးတော့ပါ။ ကျွန်ုပ်တို့သည် သဘာဝလွန် နိုင်ငံတော်ကို မမြင်တွေ့နိုင်ပါ။ ကျွန်ုပ်တို့သည် ပိုးမွှားများနှင့် ရောဂါပိုးမွှားများ၏ မမြင်နိုင်လောက်အောင်သေးငယ်သော နိုင်ငံတော်ကိုလည်း မမြင်တွေ့နိုင်ပါ။ သို့ရာတွင် ၎င်းတို့ နှစ်ခုစလုံးသည် ကျွန်ုပ်တို့ကို ထိခိုက်စေကြပြီး၊ ကျွန်ုပ်တို့သည် ၎င်းတို့ထံမှ အဆက်ဖြတ်၍မရနိုင်ပါ။

ကနဦး ယုံကြည်သူများသည် သဘာဝလွန် နိုင်ငံတော်နှင့် ၎င်းတို့၏ ဆက်နွယ်မှုကို နားလည်သိရှိခဲ့ကြပါသည်။ နောက်လာမည့် အခန်းထဲတွင် ကျွန်ုပ်တို့ တွေ့မြင်ရမည့်အတိုင်း၊ သူတို့သည် ၎င်းတို့၏ ပတ်ဝန်းကျင်ရှိ လောကသည် တစ်နေ့တွင် ဖျက်ဆီးခြင်းကိုခံရမည့် မှောင်မိုက်တန်ခိုးထံ၌ ကျွန်ပြုခံ

နေကြရသည်ကို ယုံကြည်ခဲ့ကြပါသည်။ သူတို့သည် မကောင်းသော တန်ခိုးအာဏာစက်များထံ၌ ကျွန်များအဖြစ်ရှိနေခဲ့ကြသည့် ရန်လိုသော လူသားများနှင့်ယှဉ်ပြိုင်၍ သဘာဝလွန် တိုက်ပွဲတစ်ခု ထဲ၌ ရောက်ရှိနေခဲ့ကြသော်လည်းဘဲ၊ သူတို့သည် တိတ်ဆိတ်စွာဖြင့် သတင်းကောင်းကို ကမ္ဘာမြေ တစ်ခွင်၌ ဖြန့်ဝေခဲ့ကြပါသည်။ ယခုအခါ ယေရှုနောက်သို့ လိုက်လျှောက်၍ ဘုရားသခင်ကို ချစ်ပြီး သူ၏ သစ္စာရှိသော ဝိညာဉ် အဖွဲ့သားများနှင့် လက်တွဲလုပ်ဆောင်နေကြသည့် လူများစွာ ရှိကြပါ သည်။ သူတို့သည် ဝိညာဉ်ရေးဆိုင်ရာ တိုက်ပွဲမှာ အမှန်တကယ်ဖြစ်ပြီး အဆုံးတွင် သူတို့ဟာ အနိုင်ရနိုင်သည်ဟု ယုံကြည်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် သူတို့က တိုက်ပွဲကို မရှုံးနိမ့်ခဲ့သည်ဆို သော အသက်ရှင်လျက်ရှိသော သက်သေ ဖြစ်ကြပါသည်။

# အခန်း တစ်ဆယ့်လေး

## ဤလောကနှင့်မစပ်ဆိုင်ကြပါ

ယေရှုသည် ဖမ်းဆီးခြင်းမခံရခင်၌၊ သူသည် ဂေသရေမန် ဥယျာဉ်ထဲတွင်ဆုတောင်းလျက် ရှိနေခဲ့ခဲ့ပါသည်။ သူ၏ ဆုတောင်းချက်ထဲတွင် သူသည် သူ၏တပည့်တော်များနှင့်စပ်လျဉ်း၍ ဤသို့ ပြောဆိုခဲ့ပါသည် - "ကျွန်ုပ်သည် ဤလောကနှင့် မဆက်ဆံသကဲ့သို့ ဤသူတို့သည် မဆက်ဆံကြပါ" (ယောဟန် ၁၇း၁၆)။ ယုံကြည်သူတို့သည် ဧကန်မုချ ဤလောကထဲတွင် ရှိနေခဲ့ကြပြီး၊ ဘုရားသခင်က အထူးတာဝန် တစ်ခုကို သူတို့အတွက် ပေးထားခဲ့ပါသည်။ ဘုရားသခင်က သူတို့ကို သတင်းကောင်းအား လူမျိုးတကာတို့ထံ သယ်ဆောင်သွားစေချင်ခဲ့ပါသည် (မဿဲ ၂၈း၁၉-၂၀)။ ဒါပေမဲ့ ယေရှုက သူတို့သည် ဤလောကမစပ်ဆိုင်ကြဟု ဆိုထားပါသည်။ ဤ လောကထဲ၌ ရှိသော်လည်းဘဲ၊ ၎င်းနှင့်မစပ်ဆိုင်ဟူသော စိတ်ကူးကို ကနဦး ခရစ်ယာန်များထံ မမေ့နိုင်စရာ နည်းလမ်း အချို့ဖြင့် ပြောပြပေးခဲ့ပါသည်။

### အထွတ်အမြတ် နေရာ၊ သန့်ရှင်းသော မြေနေရာနှင့် ဘုရားသခင်၏ မျက်မှောက်တော်

အခန်း ၈ တွင်၊ ကျွန်ုပ်သည် အထွတ်အမြတ် နေရာ၏ အယူအဆအကြောင်းကို ရေးသားခဲ့ပါသည်။ ဓမ္မဟောင်းခေတ် ဣသရေလလူမျိုးတို့အတွက် ဘုရားသခင်သည် ဘုရားသခင်သည် လုံးဝပြိုင်ဘက်ကင်းခဲ့ပါသည်။ သူ၏ မျက်မှောက်တော် နေထိုင်ခဲ့သော နေရာသည် အခြားသော နေရာအားလုံးထံမှ တစ်မူထူးခြားအောင် ပြုလုပ်ထားပါသည်။ ထိုအရာသည် ဘုရားသခင်ဟာ တစ်နေရာထဲတွင်သာ နေထိုင်သည်ဟု မဆိုလိုပါ။ ဘုရားသခင်သည် နေရာတိုင်းတွင် အမြဲတမ်း ရှိပါသည်။ သို့ရာတွင် ဘုရားသခင်သည် သူ၏ လူမျိုးနှင့် ဆုံတွေ့ဖို့ရန် နေရာ တစ်ခုကို ရွေးချယ်ခဲ့ပါသည်။ သို့မှသာလျှင် ထိုနေရာသည် အခြားသော နေရာအားလုံးထံမှ တစ်မူထူးခြားလာပါလိမ့်မည်။ ဘုရားသခင်နှင့် ဆုံတွေ့ရန် တစ်မူထူးခြားသော နေရာတစ်ခုကို ရွေးထုတ်ရခြင်းမှာ ရွှေ့ပြောင်း၍ရနိုင်သော တဲတော် (Tent) နှင့် နောက်ပိုင်း၌ ဗိမာန်တော်ကို တည်ဆောက်ခြင်းအတွက် ရည်ရွယ်ချက်တစ်ခု ဖြစ်ပါသည်။ ဤအထွတ်အမြတ် နေရာ၏ အယူအဆသည် များပြားလှသော ဣသရေလလူမျိုးတို့၏ ပညတ်တရားများနှင့် ရိုးရာဓလေ့များအတွက် အကြောင်းအရင်း တစ်ခု ဖြစ်ပါသည်။ သို့ရာတွင် ၎င်းသည် သဘာဝလွန် အုပ်စိုးသူများသည် တိုင်းနိုင်ငံတိုင်း၏ နယ်မြေအပေါ်၌ ဩဇာအာဏာရှိသည်ဟူသော အယူအဆကိုလည်း သွန်သင်ပေးခဲ့ပါသည်။ ဣသရေလလူမျိုးတို့၏ နယ်မြေသည် အမြင့်ဆုံးသော ဘုရားသခင်၏ ဩဇာအာဏာအောက်တွင် တည်ရှိပြီး၊ အခြားသော တိုင်း

နိုင်ငံ အားလုံးသည် ၎င်းတို့အပေါ်၌ ဩဇာအာဏာရှိသည့် အခြားနိမ့်ကျသော သဘာဝလွန် အုပ်စိုးသူများ ရှိခဲ့ကြပါသည်။

အထွတ်အမြတ် နေရာ၏ ခံယူချက်ကို ဓမ္မသစ်ကျမ်းထဲတွင် ပိုမို၍ ခိုင်လုံသော နည်းလမ်းတစ်ခုဖြင့် ဆက်လက်ဖော်ပြထားပါသည်။ အကယ်၍ ကျွန်ုပ်သည် "ဘုရားသခင်၏ မျက်မှောက်တော်သည် မည်သည့်နေရာ၌ ယခု ရှိပါသနည်း" ဟု မေးမြန်းပါက၊ ဘုရားသခင်သည် နေရာတိုင်းတွင် ရှိနေသည်ဟု သင်က ဖြေကြားပေးနိုင်ပါသည်။ သင် မှန်ပါသည်။ ဒါပေမဲ့ ဘုရားသခင်ဟာ အထူးသဖြင့် ယုံကြည်သူ တစ်ဦးစီ၏အထဲ၌ ကျိန်းဝပ်တော်မူပါသည်။ သင်သည် အထွတ်အမြတ် နေရာ ဖြစ်ပါတယ်။ "သင်တို့ ကိုယ်ခန္ဓာသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်၏" ဟု ရှင်ပေါလု သည် ရှင်းလင်းစွာ ရေးသားခဲ့ပါသည် (၁ ကော ၆း၁၉)။

ယုံကြည်သူများ စုဝေးကြသည့် အစည်းအဝေးတစ်ခုတွင်လည်း ထိုနည်း၎င်း ဖြစ်ပါသည်။ ကောရိန္တု မြို့ရှိ ယုံကြည်သူများထံသို့ ရေးသားရာတွင်၊ ရှင်ပေါလုက အစုအဝေးကို၊ "သင်တို့သည် ဘုရားသခင်၏ ဗိမာန်တော် ဖြစ်ကြ၏" ဟု ပြောဆိုခဲ့ပါသည် (၁ ကော ၃း၁၆)။ သူသည် ဧဖက်မြို့ရှိ ယုံကြည်သူများကို၊ "ဘုရားသခင်၏ အိမ်တော်သားများ ဖြစ်ကြ၏၊ သန့်ရှင်းသော ဗိမာန်တော် ဖြစ်၏၊ ထိုဗိမာန်တော်၌လည်း၊ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကျိန်းဝပ်တော်မူခြင်းအလို့ငှါ၊ သင်တို့သည် ငါတို့နှင့်အတူ တည်ဆောက်လျက် ရှိကြ၏" ဟု ပြောဆိုခဲ့ပါသည် (ဧဖက် ၂း၁၉၊ ၂၁-၂၂)။

အနက်အဓိပ္ပါယ်မှ ရင်သပ်ရှုမောစရာ ဖြစ်ပါသည်။ "အကြင်အရပ်၌ လူနှစ်ဦး သုံးဦးတို့သည် ငါ၏ နာမကိုထောက်၍ စည်းဝေးကြ၏၊ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်" ဟု ယေရှုက ပြောဆိုခဲ့ သည်ကို သင်တို့သည် အမှတ်ရနိုင်ပါသည် (မဿဲ ၁၈း၂၀)။ ကျွန်ုပ်တို့သည် အထွတ်အမြတ် နေ ရာနှင့်စပ်လျဉ်း၍ ဓမ္မသစ်ကျမ်း သွန်သင်မှုနှင့် ဓမ္မဟောင်းကျမ်း၏ သွန်သင်မှုကို ပေါင်းစပ်လိုက် သောအခါ၊ ယုံကြည်သူများ စုဝေးသည့် နေရာဟာ ဝိညာဉ်ရေးဆိုင်ရာ လောက၌ရှိသော အထွတ် အမြတ် နေရာ ဖြစ်လာသည်ဟု အဓိပ္ပါယ်သက်ရောက်ပါသည်။ ထို့ကြောင့် ယုံကြည်သူများသည် မှောင်မိုက်တန်ခိုး၏ ပုန်ကန်သူ ဝိညာဉ် ခေါင်းဆောင် တစ်ဦး၏ ဩဇာအာဏာအောက်၌သော တိုင်းနိုင်ငံ၏ အလယ်တွင် စုဝေးကြသော်လည်းဘဲ ယေရှုသည် ထိုနေရာ၌ သူတို့နှင့်အတူ အထွတ် အမြတ် နေရာတွင် ရှိနေပါသည်။

ဓမ္မဟောင်း ခေတ်ကာလအတောအတွင်း ဘုရားသခင်၏ ရွေးချယ်မှုသည် ဣသရေလလူမျိုးတို့နှင့် အတူ ၎င်းတို့၏ နယ်မြေတွင် နေထိုင်ဖို့ရန် ဖြစ်ခဲ့ပါသည်။ သူသည် ဂျေရုဆလင်မြို့ရှိ ဗိမာန်တော် ထဲတွင် ကျိန်းဝပ်တော်မူခဲ့ပါသည်။ ဣသရေလလူတို့သည် သန့်ရှင်းသော နယ်မြေ ဖြစ်လာခဲ့ပါ သည်၊ အကြောင်းမှာ ထိုနေရာသည် ဘုရားသခင်က သူ့ကို တွေ့ဆုံရန် လူသားများအတွက် နေ

ထိုင်ရန် ရွေးချယ်ခဲ့သည့် နေရာ ဖြစ်ခဲ့ပါသည်။ ဒါပေမဲ့ ထိုသန့်ရှင်းသော နယ်မြေသည် အခြားသော ရန်သူ နိုင်ငံများနှင့် ၎င်းတို့၏ ရန်လိုသော သဘာဝလွန် အုပ်စိုးသူများ၏ ကျူးကျော်ဝင်ရောက်ခံ ရရန် အမြဲတမ်း ခြိမ်းခြောက်ခံနေရပါသည်။ ထိုနည်း၎င်းပင် ယနေ့ ယုံကြည်သူများသည် သဘာဝ လွန် စစ်ပွဲ တစ်ခုကို ဆင်နွှဲနေကြရပါသည်။ ဒါပေမဲ့ ယခုအခါ ဘုရားသခင်၏ ဗိမာန်တော်သည် ယုံကြည်သူများ ဖြစ်ပါသည်။ ယုံကြည်သူများသည် ဘုရားသခင်၏ ဝိညာဉ်တော် ကိန်းဝပ်သည့် အထူးနေရာ ဖြစ်ကြပါသည်။ ယုံကြည်သူများသည် ဘုရားသခင်ရဲ့ မျက်မှောက်တော်၏ အလင်း၏ သဘာဝလွန် အချက်အချာနေရာများ ဖြစ်ကြပါသည်။ ယုံကြည်သူများသည် မှောင်မိုက်တန်ခိုးစွမ်း အားများ၏ ကျေးကျွန်များနှင့် ပြည့်နေသော ဤလောက၏ လူမျိုးနွယ်များအကြား၌ နေထိုင်လျက် ရှိကြသည့် ဘုရားသခင်၏ မိသားစု ဖြစ်ကြပါသည်။

## စာတန်လက်သို့ အပ်နှံကြလော့

ဒေသန္တရ အသင်းတော် အစုအဖွဲ့သည် သဘာဝလွန်ဖြစ်ရပ်နှင့်ဆိုင်သော အထူး နေရာ တစ်ခုဖြစ် သည်ဆိုသော ဤအယူအဆကို ရှင်ပေါလု၏ သွန်သင်မှုအားဖြင့် ဖော်ပြထားပါသည်။ ယုံကြည်သူ အစုအဖွဲ့တိုင်းသည် သန့်ရှင်းသော နေရာ တစ်ခု ဖြစ်ပြီး၊ ထိုနေရာသည် နောင်တမရသော အပြစ် နှင့် ယုံကြည်သူ တစ်ဦးအတွက် မဟုတ်ပါ။

အခန်း ၈ တွင်၊ ကျွန်ုပ်သည် က္ကသရေလလူမျိုးတို့ဟာ ၎င်းတို့၏ နေထိုင်ရာ တဲစခန်းအား သန့်ရှင်း မှုရှိစေရန် အပြစ်ကို အဘယ်သို့ ဖြေရှင်းခဲ့ပုံနှင့်စပ်လျဥ်း၍ ရေးသားဖော်ပြခဲ့ပါသည်။ က္ကသရေလလူ မျိုးတို့၏ တဲစခန်းသည် အထွတ်အမြတ် နေရာ ဖြစ်ရပါမည်။ ကျွန်ုပ်သည် အပြစ်ဖြေရာ နေ့အ ကြောင်း ရေးသားခဲ့ပါသည် (ဝတ်ပြုရာ ၁၆)။ ဤအရာသည် တစ်နိုင်ငံလုံး၏ အပြစ်များကို ဆိတ် တစ်ကောင်ထံသို့ သင်္ကေတအနေဖြင့် လွှဲပြောင်းပေးသော ရိုးရာဓလေ့ တစ်ခု ဖြစ်ခဲ့ပါသည်။ ထို့ နောက် "Azazel အတွက်" ဆိတ်ကို တောကန္တာရထဲသို့ စေလွှတ်ပေးခဲ့ပါသည် (ဝတ်ပြုရာ ၁၆း၈-၁၀)။ Azazel သည် တောကန္တာရ နယ်မြေအပေါ်၌ ဩဇာအာဏာရှိခဲ့သည်ဟု သူတို့က ယုံကြည်ခဲ့ ကြသည့် သဘာဝလွန် သက်ရှိ တစ်ကောင် ဖြစ်ပါသည်။ ဤ သင်္ကေတဖြစ်သော ရိုးရာဓလေ့သည် လူသားများ၏ အပြစ်များကို ၎င်းတို့နှင့် စပ်ဆိုင်သည့် ဝိညာဉ်ရေးဆိုင်ရာ မှောင်မိုက်သော နေရာထဲ တွင်ရှိသည့် တောကန္တာရထဲသို့ ပို့ဆောင်ပေးခဲ့ပါသည်။

ပေါလုသည် ကောရိန္သုမြို့ရှိ ယုံကြည်သူများအား အပြစ်ကို ထိုနည်းအတိုင်း ကိုင်တွယ်ဖြေရှင်းစေခဲ့ ပါသည်။ သူသည် အပြစ်ကို ၎င်းနှင့်သက်ဆိုင်သည့် အစုအဖွဲ့၏ ပြင်ပသို့ စေလွှတ်ရန် မိန့်ကြားခဲ့ပါ သည်။ ၁ ကော အခန်း ၅ တွင်၊ မတရားသော မေထုန်၌ ဆက်လက်၍မှီဝဲသောသူသည် နောင်တရ

ဖို့ရန် လိုအပ်ခဲ့သော်လည်း၊ သူသည် နောင်တမရခဲ့ကြောင်း ရှင်ပေါလုက ရေးသားခဲ့ပါသည်။ ထို့ကြောင့် ရှင်ပေါလုက "သူ့ကို စာတန်လက်သို့ အပ်နှံကြစေ" ဟု မိန့်ကြားခဲ့ပါသည် (၁ ကော ၅း၅)။ ရှင်ပေါလု၏ အဓိပ္ပါယ်မှာ ရှင်းပါသည်။ နောင်တမရသော အပြစ်သည် သန့်ရှင်းသော နယ်မြေပေါ်တွင် နေရာ မရှိပါ။ ယုံကြည်သူများသည် နောင်တမရသော ယုံကြည်သူများကို ၎င်းတို့၏ အစုအဝေးမှ ဖယ်ရှားရပါမည် (၁ ကော ၅း၉-၁၃)။ အသင်းတော်ထဲမှ မောင်းထုတ်ခြင်းမှာ စာတန်၏ နယ်ပယ်ဖြစ်သော ဤလောကထဲသို့ ပြန်လည်ပို့ဆောင်ပေးခြင်း ဖြစ်ပါသည်။

ရှင်ပေါလုက နောင်တမရသော လူသည် "သူ၏ဝိညာဉ်သည် ယေရှုခရစ်၏နေ့ရက်၌ ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း သူ၏ ကိုယ်ခန္ဓာပျက်ဆီးခြင်းကို" တွေ့ကြုံခံစားရစေရန် မျှော်လင့်ခဲ့ပါသည် (၁ ကော ၅း၅)။ ပေါလုသည် ထိုလူ၏ ကိုယ်ခန္ဓာ သေဆုံးခြင်းကို ရည်ညွှန်းနေခြင်း မဟုတ်ဘဲ၊ ဤလူကို ဆက်လက်၍ အပြစ်ကျူးလွန်စေရန် ရုန်းထွက်မရဖြစ်စေခဲ့သည့် အသွေးသား၏ တပ်မက်ခြင်း၏ သေဆုံးခြင်းကို ပြောဆိုနေခြင်းဖြစ်ပါသည် (ဂလာတိ ၅း၂၄၊ ၁ ကော ၁၁း၃၂-၃၃)။

## ဗတ္တိဇံသည် ဝိညာဉ်ရေးဆိုင်ရာ တိုက်ပွဲ ဖြစ်ပါသည်

ပေတရုသည် ရှင်ပေါလုနည်းတူ သွန်သင်ပေးခဲ့ပါသည်။ ယုံကြည်သူများသည် မှောင်မိုက်၏ တန်ခိုးစွမ်းအားများနှင့်ယှဉ်၍ တိုက်ပွဲ တစ်ခုကို ဆင်နွှဲနေခဲ့ကြပါသည်။ ပေတရု၏ တိုက်ပွဲ နည်းဗျူဟာ မှာ ဓမ္မသစ်ကျမ်းထဲရှိ ထူးဆန်းသော ကျမ်းပိုဒ် တစ်ခုထဲတွင် တွေ့ရှိရပါသည်၊ <u>၁ ပေ ၃း၁၄-၂၂</u> -

> ဖြောင့်မတ်ခြင်းတရားကြောင့် ဒုက္ခဆင်းရဲခံရလျှင်မူကား မင်္ဂလာရှိကြ၏။ သူတို့၏ ခြိမ်းခြောက်ခြင်းကို မကြောက်ကြနှင့်။ မထိတ်လန့်ကြနှင့်။ စိတ်နှလုံးထဲ၌၊ ထာဝရအရှင်ဘုရားသခင်ကို ရှိသေခြင်းရှိကြလော့။ သင်တို့ မျှော်လင့်ခြင်း၏ အကြောင်းကို မေးမြန်းသူ ရှိသမျှတို့အား၊ နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့် ပြန်ပြောခြင်းငှါ၊ ကာလအစဉ်မပြတ် အသင့်ရှိနေကြလော့။ ခရစ်တော်၌ သင်တို့ ကျင့်သော အကျင့်ကောင်းကို ရှုတ်ချသောသူတို့သည် ကဲ့ရဲ့ပြစ်တင်သောအခါ ကိုယ်တိုင် ရှက်ကြောက်ခြင်းရှိမည်အကြောင်း၊ သင်တို့သည် ကိုယ်ကိုကိုယ် သိသောစိတ် ကြည်လင်လျက်နေကြလော့။ ဘုရားသခင် အလိုတော်ရှိလျှင်၊ သုစရိုက်ကိုပြု၍ ဒုက္ခဆင်းရဲခံခြင်းသည် ဒုစရိုက်ကိုပြု၍ခံခြင်းထက် သာ၍ကောင်း၏။ ခရစ်တော်သည် ကိုယ်ခန္ဓာအားဖြင့် အသေသတ်ခြင်းကိုခံ၍ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်တော်မူသည်ဖြစ်၍ ငါတို့ကို ဘုရားသခင်အထံတော်သို့ ပို့ဆောင်ခြင်းငှါ၊ ဖြောင့်မတ်တော်မူသောသူသည် မဖြောင့်မတ်သောသူတို့အတွက် ဒုစရိုက်အပြစ်များကြောင့် တစ်ခါခံတော်မူ၏။ ထိုဝိညာဉ်တော်အားဖြင့်လည်း ကြွသွားတော်မူ၍

ယခု ထောင်ထဲမှာ လှောင်ထားသောဝိညာဉ်တို့အား တရားဟောတော်မူ၏။ ထိုဝိညာဉ်တို့မူကား၊ ရှေးကာလ နောလေက်ထက်၌၊ နည်းသောသူတည်းဟူသော လူရှစ်ယောက်တို့ကို ရေအားဖြင့် ကယ်ဆယ်သော သင်္ဘောကို တည်လုပ်စဉ်တွင် ဘုရားသခင်၏ ခန္တီတော်သည် ဆိုင်းလင့်တော်မူသော်လည်း၊ နားမထောင်သော ဝိညာဉ်ဖြစ်သတည်း။ ထိုသို့သော ဥပမာအတိုင်း၊ ယခုတွင် ဗတ္တိဇံသည် ယေရှုခရစ် ရှင်ပြန်ထမြောက်တော်မူသောအားဖြင့် ငါတို့ကို ကယ်တင်တတ်၏။ ဗတ္တိဇံဟုဆိုသော်၊ ကိုယ်ကာယ၏ အညစ်အကြေး ဆေးကြောခြင်းကို မဆိုလို။ ကိုယ်ကိုကိုယ် သိသောစိတ် ကြည်လင်၍၊ ဘုရားသခင်ရှေ့၌ ဝန်ခံခြင်းကို ဆိုလိုသတည်း။ ထိုသခင်သည် ကောင်းကင်ဘုံသို့ ကြွတော်မူသည်ဖြစ်၍ ကောင်းကင်တမန်အစရှိသော အာဏာစက် တန်ခိုးများတို့ကို အုပ်စိုးလျက်၊ ဘုရားသခင်၏လက်ျာတော်ဘက်၌ ရှိတော်မူ၏။

ကျမ်းပိုဒ်ထဲရှိ ပေတရု၏ ထူးဆန်းသော မှတ်ချက်များကို သင် သတိပြုမိခဲ့တယ်ဆိုတာ ကျွန်ုပ် ယုံကြည်ပါသည်။ လှေ၊ နောနှင့် အကျဉ်းချခံရသော ဝိညာဉ်များသည် ဗတ္တိဇံနှင့် မည်သည့်ဆက်နွယ်မှုရှိကြပါသလဲ။ ဗတ္တိဇံသည် ကျွန်ုပ်တို့ကို ကယ်တင်ပေးသည်ဟု ဤစာပိုဒ်က အမှန်တကယ်ပြောဆိုထားပါသလား။

ပေတရုက ဤနေရာ၌ လုပ်ဆောင်နေသောအရာမှာ ပေါလုက ရောမ ၅ တွင် လုပ်ဆောင်သောအရာနှင့် ဆင်တူပါသည်။ ပေါလုသည် ထိုကျမ်းပိုဒ်ထဲတွင် ယေရှုအကြောင်းကို ပြောဆိုခဲ့ပါတယ်၊ ဒါပေမဲ့ သူသည် ယေရှုအကြောင်းကို ပို၍ကောင်းမွန်စွာ ရှင်းပြနိုင်ဖို့ရန် အာဒံကို ထည့်သွင်းဖော်ပြခဲ့ပါသည်။ ယေရှုသည် တစ်ချို့သော ပြုမူပုံများတွင် အာဒံ၏ ဆန့်ကျင်ဘက်ဖြစ်သည်ဟု ပေါလုက ပြောဆိုခဲ့ပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် အယူအဆ တစ်ခုကို ၎င်း၏ဆန့်ကျင်ဘက်အားဖြင့် နားလည်သဘောပေါက်နိုင်ပါသည်။ ထို့ကြောင့် ရှင်ပေါလုက "တစ်ယောက်သော သူသည် နားမထောင်သောအားဖြင့်၊ လူများတို့သည် အပြစ်ရောက်သည်နည်းတူ၊ တစ်ယောက်သောသူသည် နားထောင်သောအားဖြင့်၊ လူများတို့သည် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏" ဟုပြောဆိုခဲ့ပါသည် (ရော ၅း၁၉)။ ပေတရုသည် သူ၏ သွန်သင်ချက်ထဲတွင် ယေရှုအကြောင်းကို ပို၍ကောင်းမွန်စွာ ရှင်းပြနိုင်ဖို့ရန် နောက်ကို အသုံးပြုခဲ့ပါသည် (၁ ပေ ၃)။ သို့ရာတွင် ပေတရုသည် ယေရှုနှင့် ဆင်တူသောအရာ တစ်ခုအနေဖြင့် နောက် လုပ်ဆောင်ခဲ့သည့်အရာကို အသုံးပြုခဲ့ပါသည်။ ဘုရားသခင်သည် နောက်ကို ဘုရားသခင်ရဲ့ သားတော်များ၏ ပုန်ကန်မှုအတော်အတွင်း သတင်းပေးပို့သူ တစ်ဦးအနေဖြင့် အသုံးပြုခဲ့သည်ဟု ကနဦး ဂျူးလူမျိုးတို့က ယုံကြည်ခဲ့ကြပါသည် ( က ၆း၁-၄)။ နောက်၏ ဤလုပ်ဆောင်ချက်များသည် ယေရှု၏ အချို့သော လုပ်ဆောင်ချက်များနှင့် ဆင်တူပါသည်။ ပေတရုက ယေရှု လုပ်ဆောင်ခဲ့သည့်အရာများကို ကူညီ၍ ရှင်းပြချင်ခဲ့ပါသည်။ ထို့ကြောင့် သူသည် နောက် လုပ်ဆောင်ခဲ့သည့်အရာများကို လူတို့အား ပြန်၍သတိပေးထားခြင်း ဖြစ်ပါသည်။

"ဧနောက်သည် ပေတရု၏ သွန်သင်ချက်ထဲတွင် မည်သည့်နေရာတွင် ရှိပါသလဲ" ဟု သင် စဉ်းစား နေနိုင်ပါသည်။ ဓမ္မဟောင်းကျမ်းထဲတွင် ဧနောက်နှင့်စပ်လျဉ်း၍ ကျမ်းချက် အနည်းငယ်သာ ရှိပါ သည် (က ၅း၁၈-၂၄)။ ထိုအထဲတွင် ကျွန်ုပ်တို့ သင်ယူခဲ့သည့်အရာအားလုံးမှာ ဧနောက်သည် ကြီး မားသော ရေလွှမ်းမိုးခြင်းမတိုင်ခင်၌ အသက်ရှင်နေထိုင်ခဲ့ပြီး၊ ဧနောက်သည် ဘုရားသခင်နှင့်အတူ သွားလာ၏။ နောက်တစ်ဖန် သူသည် မရှိ။ အကြောင်းမူကား၊ ဘုရားသခင် သိမ်းယူတော်မူသော ကြောင့်တည်း" ဟုသာ ဖြစ်ပါသည် (က ၅း၂၄)။ ထိုကျမ်းချက်များသည် ပေတရု ပြောဆိုထားသော ယေရှုအကြောင်းအရာနှင့် အဘယ် ဆက်နွှယ်မှုမျိုးကိုမှ မဖော်ပြထားပါ (၁ ပေ ၃)။

ဧနောက်သည် ယေရှု၏အကြောင်းကို အဘယ်ကြောင့် ပေတရုအား သတိယစေခဲ့သည်ကို နား လည်ဖို့ရန်၊ ကျွန်ုပ်တို့သည် ပေတရုက ဓမ္မဟောင်းကျမ်းပြင်ပရှိ ဂျူးလူမျိုးတို့၏ စာအုပ်များထဲရှိ ဧနောက်၏ အကြောင်းအရာအား ဖတ်ရှုလေ့လာနေသည်ကို နားလည်ထားဖို့ လိုအပ်ပါသည်။ ပေတရုက ဧနောက်အကြောင်း ရှေးဟောင်း ဂျူးလူမျိုးတို့၏ စာအုပ် တစ်အုပ်ကို ဖတ်ရှုနေခဲ့သည် မှာ ရှင်းပါသည်။ ၎င်း၏ အမည်မှာ ဧနောက် ပထမ စာစောင် ဖြစ်ပါသည်။ ထိုစာအုပ်သည် ရေလွှမ်း မိုးခြင်း အချိန်ကာလ၌ ဖြစ်ပျက်ခဲ့သော၊ အထူးသဖြင့်၊ ကမ္ဘာဦးကျမ်း ၆း၁-၄ ရှိ အကြောင်းအရာများ ၏ အသေးစိတ်အချက်အလက်များကို ကျွန်ုပ်တို့အား ဖော်ပြပေးထားပါသည်။ ဤဖြစ်ရပ်ထဲတွင် ဘုရားသခင်၏ သားများသည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခဲ့ကြပြီး၊ ကောင်းကင်ဘုံကို စွန့်ခွာ ၍ မြေကြီးပေါ်သို့ ဆင်းသက်လာခဲ့ကြကာ လူသားမျိုးနွယ် အမျိုးသမီးများနှင့် သားသမီးများ မွေး ဖွားခဲ့ကြပါသည်။ ဧနောက်က ပုန်ကန်သူ ဘုရားသခင်၏ သားတော်များကို စောင့်ကြည့်သူများဟု ခေါ်ဆိုထားပါသည်။ ၎င်းတို့ မွေးဖွားခဲ့သည့် သားသမီးများဟာ Nephilim ဟုခေါ်သည့် မကောင်း သော ကိုယ်ခန္ဓာကြီးမားသူများ ဖြစ်ကြပါသည်။ ပေတရုနှင့် ယုဒသည် ၎င်းတို့၏ ဓမ္မသစ်ကျမ်း စာ စောင်များထဲတွင် ဧနောက် ပထမ စာစောင်အတွင်းရှိ ခံယူချက်များအကြောင်းကိုလည်း ရေးသားခဲ့ ကြပါသည်။ ဓမ္မဟောင်းကျမ်းထဲတွင် ဤဖြစ်ရပ်နှင့်စပ်လျဉ်း၍ ကျမ်းချက် လေးချက်နှင့် အလွန် နည်းသော အသေးစိတ်အချက်အလက်များသာ ရှိပါသည်။ ပုန်ကန်သူ ဘုရားသခင်၏ သားတော် များကို နောက်ပိုင်းတွင် ဘုရားသခင်၏ အမိန့်အတိုင်း အကျဉ်းချထားသည့်အကြောင်းအား ကမ္ဘာ ဦးကျမ်း ရေလွှမ်းမိုးခြင်း ပုံပြင်က ကျွန်ုပ်တို့ကို ဘယ်သောအခါမှ မပြောပြထားပါ။ အကျဉ်းထောင် သည် ယုတ်ညံ့သော ပုန်ကန်သူ ဝိညာဉ်များကို နောက်ဆုံးသော နေ့ရက်ကာလအထိ ချုပ်နှောင် ထားမည့် မြေအောက် လောကနှင့်သက်ဆိုင်သော လူသေတို့၏ နိုင်ငံထဲတွင် ဖြစ်သည်ဟု ၎င်းက ဆိုထားပါသည်။ ဤအသေးစိတ်အချက်အလက်များကို ဧနောက် ပထမ စာစောင်၊ အခန်း ၆း၁-၄၊ ၇း၁-၆၊ ၁၀း၄၊ ၁၁-၁၃ ထဲတွင် တွေ့မြင်ရပါသည်။

ဧနောက်သည် ဘုရားသခင်နှင့် ဤ "အကျဉ်းထောင်ထဲရှိ ဝိညာဉ်များ" အကြားတွင် သတင်းစကား ကို သယ်ဆောင်ပေးခဲ့ပါသည်။ ဤအရာသည် ပေတရုကို ယေရှု လုပ်ဆောင်ခဲ့သည့်အရာအား ရှင်း

ပြရာတွင် ထိုးထွင်းအမြင် တစ်ခု ပေးခဲ့ပါသည်။ ဧနောက် ပထမ စာစောင်ထဲတွင်၊ အကျဉ်းထောင်ထဲရှိ ဝိညာဉ်များသည် ၎င်းတို့ ပုန်ကန်ပြီးနောက် ဘုရားသခင်ထံ၌ ၎င်းတို့အတွက် အသနားခံပေးရန် သူ့အား တောင်းဆိုခဲ့သည့် အိမ်မက်တစ်ခုကို ဧနောက်က မြင်ခဲ့ပါသည်။ ဧနောက်သည် ဘုရားသခင်နှင့်အတူ သွားလာခဲ့ပါသည်။ ၎င်းတို့၏ ပုန်ကန်မှုကို ခွင့်လွှတ်ပေးရန်နှင့် ၎င်းတို့ကို လွှတ်ပေးဖို့ရန် ဘုရားသခင်ထံ တောင်းဆိုပေးရာ၌ ဧနောက်သည် အကောင်းဆုံးသော ရွေးချယ်မှု ဖြစ်ပါလိမ့်မည်။ အိမ်မက်ထဲတွင် ဧနောက်သည် ဤအရာကို လုပ်ဆောင်ခဲ့ပါသည်။ ဒါပေမဲ့ ဝိညာဉ်များ၏ တောင်းဆိုချက်မှာ ငြင်းပယ်ခြင်းကိုခံခဲ့ရပါသည်။ ဘုရားသခင်က ပြင်းထန်သော "မဖြစ်ဘူး" ဆိုသည့်အရာနှင့် ဖြေကြားပေးခဲ့ပါသည်။ ထိုအခါ ဧနောက်သည် ထိုအဖြေကို ပြောကြားရန် မြေအောက်ကမ္ဘာရှိ အကျဉ်းထောင်သို့ အိမ်မက်ထဲတွင် တစ်ဖန် ပြန်သွားခဲ့ပါသည်။ ဧနောက်သည် အကျဉ်းချခံရသော ဝိညာဉ်များရှိသည့် လူသေတို့၏ နိုင်ငံသို့ ဆင်းသက်သွားခဲ့ပါသည်။ သူက ဘုရားသခင်သည် ၎င်းတို့အား စေလွှတ်ပေးမည်မဟုတ်ကြောင်းနှင့် သူတို့၏ တရားစီရင်ရာ နေ့ထိတိုင်အောင် ချုပ်နှောင်ထားမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။

ပေတရုသည် ထိုအကြောင်းအရာအား ကျွန်ုပ်တို့အတွက် ယေရှု လုပ်ဆောင်ပေးခဲ့သည့်အရာကို ရှင်းပြပေးရန် နည်းလမ်းတစ်ခုအနေဖြင့် အသုံးပြုခဲ့ပါသည်။ ပေတရု သွန်သင်ပေးချင်သည့် အချက်မှာ ယေရှု သေဆုံးသောအခါ၊ သူသည် မာရဏ နိုင်ငံတော်သို့ ဆင်းသက်သွားခဲ့ပါသည်။ သူသည် ထိုထောင်ထဲတွင်ရှိသော သက်ရှိဝိညာဉ်များအတွက် သတင်းစကား တစ်ခုရှိခဲ့ပါသည်။ သူတို့သည် ယေရှုက လူသေတို့၏နေရာအား ဝင်ရောက်လာသည်ကို မြင်တွေ့ကြသောအခါ၊ ဝိညာဉ်များသည် ၎င်းတို့၏ မိတ်ဆွေ ပုန်ကန်သူများက ဘုရားသခင်ကို ဆန့်ကျင်သော စစ်ပွဲ၌ အနိုင်ရရှိခဲ့ကြပြီဟု တွေးထင်နိုင်ခဲ့ကြပါသည်။ ယေရှုသည် မာရဏ နိုင်ငံတော်ထဲတွင် ရှိနေပါက၊ သူတို့သည် မကြာမီ ထောင်ထဲမှ လွတ်မြောက်ခွင့်ရကြတော့မည် ဖြစ်ပါသည်။ ၎င်းအစား၊ ယေရှုက သူသည် မာရဏ နိုင်ငံထဲတွင် ခဏတာမျှသာ ရှိနေလိမ့်မည်ဟု သူတို့ကို ပြောပြခဲ့ပါတယ်။ သူသည် ပြန်လည်၍ ထမြောက်ပါလိမ့်မည်။ ဤအရာအားလုံးသည် ဘုရားသခင်၏ အစီအစဉ်၏အစိတ်အပိုင်း ဖြစ်ပါသည်။ ပုန်ကန်သူ ဝိညာဉ်များသည် စစ်ပွဲကို အနိုင်မရခဲ့ကြပါ။ သူတို့သည် တရားစီရင်ခြင်းအောက်၌ ရှိဆဲဖြစ်ပြီး၊ အဆုံးအစမရှိသော ပြစ်ဒဏ်ပေးခံရခြင်းကို ခံရကြပါလိမ့်မည်။ ထို့ကြောင့် ပေတရုက သူ၏ သွန်သင်မှုကို သူ လုပ်ဆောင်လေ့ရှိသည့် နည်းလမ်းအတိုင်း အဆုံးသတ်ထားပါသည်။ သူသည် ယေရှုက "ကောင်းကင်ဘုံသို့ ကြွတော်မူသည်ဖြစ်၍ ကောင်းကင်တမန် အစရှိသော အာဏာစက်တန်ခိုးများတို့ကို အုပ်စိုးလျက်၊ ဘုရားသခင်၏ လက်ျာတော်ဘက်၌ ရှိတော်မူ၏" ဟု အဆုံးသတ်ထားပါသည် (၁ ပေ ၃း၂၂)။

အဘယ်ကြောင့် ပေတရုသည် ဤ ထူးဆန်းသော သွန်သင်မှုအားလုံးကို ဗတ္တိဇံနှင့် ဆက်စပ်ပေးထားပါသလဲ။ ပေတရု၏ အယူအဆမှာ ယေရှု၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် ရန်သူ

သဘာဝလွန် တန်ခိုးများအား သူ၏ အောင်မြင်မှုနှင့်စပ်လျဉ်း၍ ကြေငြာချက်တစ်ခု ထည့်သွင်းထားသည်ဟု ဖြစ်ပါသည်။ ယေရှု၏ အောင်မြင်မှုကို ဗတ္တိဇံအားဖြင့် မှတ်သားဖော်ပြထားပါသည်။ ဗတ္တိဇံသည် ယေရှု၏ သေခြင်း၊ မြေမြှုပ်သင်္ဂြိုလ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကို ကိုယ်စားပြုပါသည် (ရောမ ၆း၁-၁၁)။ ဗတ္တိဇံသည် ဤအရာအားလုံးနှင့် တူညီမှုရှိကြောင်း ပေတရုက ဆိုထားပါသည်။ အကြောင်းမှာ ၎င်းသည် "ယေရှုခရစ် ရှင်ပြန်ထမြောက်တော်မူသောအားဖြင့် ကိုယ်ကိုကိုယ် သိသော စိတ်ကြည်လင်၍၊ ဘုရားသခင့်ရှေ့၌ ဝန်ခံခြင်းဖြစ်ပါသည်" (၁ ပေ ၃း၂၁)။ "ဝန်ခံခြင်း" အတွက် ဂရိ စကားလုံးသည် လူတစ်ဦး၏ ကတိသစ္စာပြုခြင်းကို ရည်ညွှန်းပါသည်။ "ကိုယ်ကိုကိုယ်သိသော စိတ်" အတွက် ဂရိ စကားလုံးသည် အမှားအမှန်ကို ပြောဆိုနိုင်သည့် အရည်အချင်းအား မကြာခဏ ရည်ညွှန်းပါသည်။ ဒါပေမဲ့ ထိုအရာသည် ဤနေရာတွင် ၎င်း၏ အနက်အဓိပ္ပါယ် မဟုတ်ပါ။ အမှားနှင့်အမှန်အကြားရှိ ခြားနားမှုကို သိမြင်ခြင်းသည် ယေရှု၏ သေခြင်း၊ မြေမြှုပ်သင်္ဂြိုလ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့နှင့် တိုက်ရိုက် ဆက်နွယ်မှု မရှိပါဘူး။ ဂရိ စကားလုံးသည် ဆက်ကပ်အပ်နှံမှု ပြုလုပ်ခြင်းကို ဆိုလိုခြင်းလည်း ဖြစ်နိုင်ပါသည်။ ၎င်းသည် ပေါကြောင်ကြောင်နိုင်သော ဆက်ကပ်အပ်နှံမှုမျိုး မဟုတ်ဘဲ၊ ကောင်းမွန်သော ဆက်ကပ်အပ်နှံမှု တစ်ခု ပြုလုပ်ခြင်းကို ဆိုလိုပါသည်။ ထိုအရာမှာ <u>၁ ပေ ၃</u> ထဲတွင် ပေတရုက သွန်သင်ပေးနေသည့်အရာ ဖြစ်ပါသည်။ ဗတ္တိဇံသည် သစ္စာစောင့်သိသော ကတိပြုခြင်း တစ်ခုနှင့် ပုန်ကန်သူ သဘာဝလွန် ဝိညာဉ်များအတွက် သတင်းစကား တစ်ခုဖြစ်ပါသည်။ ထို့အပြင် ၎င်းဟာ ဗတ္တိဇံ၌ ရှိနေကြသော လူတိုင်းအတွက် ဤအရာကို သိစေပါသည်။ ဗတ္တိဇံသည် သဘာဝလွန် စစ်ပွဲနှင့် စပ်လျဉ်း၍ သင်သည် မည်သူ့ ဘက်၌ ရှိနေကြောင်း ဖော်ပြချက် တစ်ခု ဖြစ်ပါသည်။ ကနဦး ခရစ်ယာန်များသည် ဤအရာကို ယနေ့ခေတ်ကျွန်ုပ်တို့ထက် ပို၍ နားလည်သဘောပေါက်ခဲ့ကြပါသည်။ ကနဦး အသင်းတော်၏ ဗတ္တိဇံနှင့်ပတ်သက်သော ရိုးရာဓလေ့များသည် ဤကျမ်းပိုဒ်ထဲရှိ ပေတရု၏ သွန်သင်မှုကြောင့် စာတန်နှင့် သူ၏ ကောင်းကင်တမန်များအား ငြင်းပယ်ခြင်းတို့ကို ထည့်သွင်းထားပါသည်။

## အဘယ်ကြောင့် ဤအရာသည် အရေးပါမှုရှိပါသလဲ

ပထမဦးဆုံး၊ ယုံကြည်သူများသည် အထွတ်အမြတ်နေရာ - သန့်ရှင်းသောနယ်မြေ ဖြစ်ကြသည်ကို နားလည်သဘောပေါက်ရပါမည်။ ယုံကြည်သူများသည် ယခု ဘုရားသခင်၏ မျက်မှောက်တော်၏ ကျိန်းဝပ်တော်မူရာ နေရာ ဖြစ်ပါသည်။

ဗိမာန်တော်သည် ဓမ္မဟောင်းကျမ်းထဲတွင် ဘုရားသခင်၏ ဘုန်းတော် ကျိန်းဝပ်တော်မူရာ ဖြစ်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် ယခု ထိုနေရာ ဖြစ်ကြပါသည်။ ဤအရာသည် ကျွန်ုပ်တို့အသက်တာ၌ စစ်မှန်သကဲ့သို့ ကျွန်ုပ်တို့သည် အသက်ရှင်နေထိုင်ကြပါသလား။ ဓမ္မဟောင်းကျမ်းထဲရှိ ဣသရေလလူ

မျိုးတို့နှင့် ယေရှုခေတ်ကာလ၏ ယုံကြည်သူများသည် မယုံကြည်သူများနှင့် ကွဲပြားခြားနားရန် လို အပ်ချက် တစ်ခုကို အမြဲတမ်း ခံစားမိခဲ့ကြပါတယ်။ ရည်မှန်းချက်မှာ မယုံကြည်သူများက အဆက် အသွယ် ပြုလုပ်ခြင်းမှ ကြိုးစားရှောင်ရှားလာစေရန် ထူးခြားဆန်းပြားဖို့ရန် မဟုတ်ပါ။ ထို့အစား ဘုရားသခင်သည် ဣသရေလလူမျိုးတို့ကို "မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်အမျိုး၊ သန့်ရှင်း သော လူမျိုး" ဖြစ်စေချင်ခဲ့ပါသည် (ထွက် ၁၉း၆)။ ဘုရားသခင်က သူ၏ သားသမီးများကို အသက် ရှင်စေချင်သည့် ပုံစံအတိုင်း အသက်ရှင်ခြင်းသည် များစွာသီးသော၊ အကျိုးဖြစ်ထွန်းသော၊ ပျော်ရွှင် သော အသက်တာများကို ဖြစ်ပေါ်စေပါသည်။ ဣသရေလလူမျိုးတို့သည် ရန်သူ ဝိညာဉ်များ၏ ကျွန်ပြုခြင်းကိုခံနေရသည့် လူတို့အား စစ်မှန်သော ဘုရားသခင်ထံ ပြန်လာဖို့ရန် ဆွဲဆောင်ရမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ လောကီအမြင်နှင့် ဘုရားသခင်၏ အစီအစဉ်သည် ကိုက်ညီမှုရှိသောအခါ၊ ကျွန်ုပ်တို့ သည် အသက်တာများကို တိုင်းနိုင်ငံအသီးသီးမှ လူတို့အား ကယ်တင်ပေးရာတွင် အကူအညီပေး လျက် နေထိုင်အသက်ရှင်၍ ၎င်းတို့ကို ဘုရားသခင်၏ မိသားစုဝင် အစိတ်အပိုင်း ပြုလုပ်ကြပါလိမ့် မည်။ ကျွန်ုပ်တို့သည် ဤလောကထဲတွင် ရှိကြသော်လည်း၊ ကျွန်ုပ်တို့သည် ဤလောကနှင့် မစပ် ဆိုင်ကြပါ။ ဤလောကနှင့်စပ်ဆိုင်ခြင်းသည် လောကီ စိုးရိမ်ပူပန်မှုများကို အာရုံစိုက်ခြင်းဟု အဓိ ပ္ပါယ်ရပါသည်။ ၎င်းသည် လောကီ လူသားတို့၏ နည်းလမ်းအတိုင်း အသက်ရှင်ခြင်းအပေါ်၌ အာရုံ စိုက်ထားသည်ဟု ဆိုလိုပါသည်။ မယုံကြည်သူများသည် ကျွန်ုပ်တို့ဟာ သူတပါးအပြစ်ကိုသာမြင် တတ်သူများ၊ တစ်ကိုယ်ကောင်းဆန်သောသူများ သို့မဟုတ် ကြမ်းတမ်းသောသူများ မဟုတ်ကြ သည်ကို ကျွန်ုပ်တို့၏ အပြောအဆို၊ အပြုအမူ၊ ကိုယ်ကျင့်တရားနှင့် တပါးသူအပေါ်ရှိ စိတ်သဘော ထားတို့မှ မြင်တွေ့သင့်ပါသည်။ သူတို့က ကျွန်ုပ်တို့၏ ပစ်မှန်သည် ရှေ့သို့ဆက်သွားရန် သို့မဟုတ် ကျွန်ုပ်တို့အတွက် ကောင်းမွန်သော အရာများ ရရှိဖို့ရန်အတွက် လူတို့အား အသုံးချခြင်းအပေါ်တွင် မဟုတ်သည်ကို သိထားသင့်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ အလိုကိုဖြည့်ရန် အသက်မရှင်သင့် ပါ။ ကျွန်ုပ်တို့သည် ဤအရာများ၏ဆန့်ကျင်ဘက်များ ဖြစ်ရပါမည်။ ကျွန်ုပ်တို့သည် ယေရှု အသက် ရှင်နေထိုင်ခဲ့သကဲ့သို့ အသက်ရှင်နေထိုင်ရပါမည်။ လူတို့သည် ယေရှု၏ အနားတွင် နေချင်ခဲ့ကြပါ သည်၊ အကြောင်းမှာ သူသည် လောကီ လူသားတို့ကဲ့သို့ မဟုတ်သောကြောင့် ဖြစ်ပါသည်။

ဒုတိယမှာ၊ ကျွန်ုပ်တို့၏ အသင်းတော် အစုအဖွဲ့များထဲတွင် လုပ်ဆောင်သောအရာသည် ဘုရား သခင်နှင့် ယေရှုကို ချီးမြှောက်သင့်ပါသည်။ သမ္မာကျမ်းစာ ခေတ်ကာလတွင်၊ တဲတော် သို့မဟုတ် ဗိမာန်တော်သို့ အလည်အပတ် တစ်ကြိမ်သည် ဘုရားသခင်၏ စုံလင်ခြင်းနှင့် သူသည် တစ်မူထူး ခြားသည်ဟူသော အယူအဆကို သွန်သင်ပေးပါသည်။ ၎င်းက ဘုရားသခင်သည် လူသားများကို ချစ်ခင်ကြောင်း သွန်သင်ပေးပါသည်။ ဘုရားသခင်သည် ပြည့်စုံ၍ လူသားများကို ချစ်ခင်ခြင်းဟာ လည်း ဘုရားသခင် လုပ်ဆောင်သည့်အရာကို ရှင်းပြပေးပါသည်။ ဘာတစ်ခုကိုမှ မလိုအပ်ဘဲအရာ

အားလုံးထက် သာလွန်သော ဘုရားသခင်သည် အဘယ်ကြောင့် လူသားမျိုးနွယ် မိသားစုကို လိုချင်ရပါသလဲ။ အဘယ်ကြောင့် ဘုရားသခင်သည် ဇာဗုလုန်၌ လူမျိုးနွယ်အားလုံးကို ငြင်းဆန်ပြီး နောက်တွင် စိတ်အပင်ပန်းခံ၍ မိသားစု အသစ်ကို ဖန်ဆင်းရပါသလဲ။ အဘယ်ကြောင့် သူသည် ဒီအတိုင်း ရှောင်ထွက်မသွားခဲ့ပါသလဲ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်သောကြောင့် သူ၏ အစီအစဉ်ကို ပြီးမြောက်စေရန် ဆက်လက်လုပ်ဆောင်နေပါသည်။

ဘုရားသခင်သည် တန်ခိုးအာဏာရှိပြီး သူ ရွေးချယ်သောအရာကို လုပ်ဆောင်နိုင်စွမ်းရှိကြောင်း ကျွန်ုပ်တို့ သိထားကြပါသည်။ ဘုရားသခင်သည် လူသားများက သူ့ကို အဆက်မပြတ် ငြင်းပယ်နေခဲ့ကြသည့်အချိန်၌ပင်လျှင် သူသည် သူတို့ကို မစွန့်ပယ်ခဲ့သောကြောင့်၊ ၎င်းဟာ လူသားများအတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အမှန်စင်စစ် အဘယ်မျှလောက် အံ့သြစရာကောင်းသည်ကို ဖော်ပြနေပါသည်။ ယုံကြည်သူများသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအကြောင်း ပြောဆိုမှုသာလုပ်ဆောင်၍၊ ကျွန်ုပ်တို့ကို မချစ်ဖို့ရန် ဆုံးဖြတ်နိုင်ခဲ့သည့် အကြောင်းအရင်း များစွာကို မရှင်းပြသောအခါ၊ ၎င်းသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့်တူသောအရာ၏ အကန့်အသတ်ရှိသော အယူအဆတစ်ခုကိုသာ ဖော်ပြပေးပါသည်။ ကျွန်ုပ်တို့သည် အပိုင်းနှစ်ခုစလုံးကို ဆက်သွယ်ပေးဖို့ရန် လိုအပ်ပါသည်။ သို့မှသာလျှင် လူတို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ပို၍ တန်ဖိုးထားလာပါလိမ့်မည်။ မယုံကြည်သူများသည် ဘုရားသခင်၏ သန့်ရှင်းခြင်း အချို့ကို နားလည်သဘောပေါက်ခြင်းမရှိပါက၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အားနည်းပုံပေါက်နေနိုင်ပါသည်။

တတိယအချက်အနေဖြင့်၊ မှောင်မိုက်တန်ခိုး၏ စွမ်းအားများသည် ကျွန်ုပ်တို့ဟာ အဘယ်သူ၏ ဘက်၌ တည်ရှိနေသည်ကို ကျွန်ုပ်တို့၏ အပြုအမူအားဖြင့် သိကြပါသည်။ သူတို့သည် ဝတုံးအေ များ မဟုတ်ကြပါ။ သူတို့သည် ဘုရားသခင်အပေါ်ရှိ ကျွန်ုပ်တို့၏ သစ္စာစောင့်သိခြင်းကို တွေ့မြင်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ယေရှုနောက်သို့လိုက်ရန် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်များအတိုင်း လုပ်ဆောင်သောအခါ သူတို့သည် သိမြင်ကြပါသည်။ သူတို့သည် ကျွန်ုပ်တို့ လုပ်ဆောင်ကြသည့် ဗတ္တိဇံနှင့် အပြစ်ကို ခုခံတွန်းလှန်ခြင်းကဲ့သို့အရာများအား တွေ့မြင်ကြပါသည်။ ဒါပေမဲ့ သူတို့ဟာ ကျွန်ုပ်တို့က ဘုရားသခင်ကို သစ္စာမဲ့သော လုပ်ရပ်များအား လုပ်ဆောင်သည့်အခါ၌လည်း မြင်ကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို သစ္စာမဲ့သောအခါတွင်၊ ပို၍ ခုခံနိုင်စွမ်းအားနည်းလာကြသည်ကို မှောင်မိုက် တန်ခိုးစွမ်းအားများက နားလည်ကြပါသည်။ ကျွန်ုပ်တို့သည် ၎င်းကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ ကျွန်ုပ်တို့သည် စောင့်ကြည့်ခြင်းကိုခံနေရပါသည်။ ဘုရားသခင်၏ သစ္စာရှိသော ဝိညာဉ်များနှင့် ပုန်ကန်သူ ဝိညာဉ် နှစ်မျိုးစလုံးက ကျွန်ုပ်တို့ကို စောင့်ကြည့်နေကြပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့အားလုံးသည် သဘာဝလွန် စစ်ပွဲတစ်ခုတွင် ပါဝင်ပတ်သက်နေကြသောကြောင့် ဖြစ်ပါသည်။

ဤအရာများသည် အစစ်မှန်ဖြစ်ပါသည်။ ဒါပေမဲ့ သူတို့သည် ထိုကဲ့သို့ အမှန်တကယ် အသက်ရှင်နေထိုင်ရန်ထက် နားလည်ဖို့ရန်မှာ ပို၍ လွယ်ကူပါသည်။ ကျွန်ုပ်တို့သည် စာတန်ထံ၌ ကျွန်ပြုခံရခြင်းမှ ရွေးနုတ်ကယ်တင်ခံရပြီးသော်လည်း၊ ကျွန်ုပ်တို့သည် အပြစ်သားများအဖြစ် ရှိနေဆဲဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဤအမှန်တရားများအတိုင်း အသက်ရှင်ဖို့ရန်မှာ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ အစီအစဉ်ကို နားလည်ဖို့ရန် ကျွန်ုပ်တို့၏ စိတ်နှင့် နှလုံးသားများကို အာရုံစိုက်ဖို့ လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် တိုင်းတပါးသားများကဲ့သို့ အခြားသော နိုင်ငံထဲတွင် အသက်ရှင်နေကြပါသည်။ ယေရှုကဲ့သို့ ကျွန်ုပ်တို့သည် ဤလောကထဲ၌ ရှိနေကြသော်လည်း၊ ကျွန်ုပ်တို့သည် ဤလောကနှင့် မစပ်ဆိုင်ကြပါ (<u>ယော ၈း၂၃၊ ၁ ယော ၄း၄</u>)။ "ဤလောကထဲ**၌**" နှင့် "ဤလောက**နှင့်စပ်ဆိုင်သော**" နှစ်ခုအကြားတွင် ကြီးမားသော ခြားနားမှု တစ်ခု ရှိပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများဖြစ်ခြင်းမှာ မည်သည့်အရာကို ဆိုလိုကြောင်း ပို၍ လေ့လာသင်ယူသည့်အခါတွင် ထိုခြားနားချက်သည် ပို၍ပင် ကြီးမားလာပါလိမ့်မည်။

## အခန်း တစ်ဆယ့်ငါး

### ဘုရားသခင်၏ သဘောသဘာဝနှင့် သဟဇာတဖြစ်သောသူများ

သင်သည် အဘယ်သူဖြစ်ကြောင်း သင် သိပါသလား။

ကျွန်ုပ်သည် ဤမေးခွန်းကို အစောပိုင်း၌ မေးမြန်းခဲ့ပါသည်။ ဒါပေမဲ့ နောက်တစ်ဖန် ပြန်မေးရန် အချိန်ကျရောက်ပြီ ဖြစ်ပါတယ်။ မှန်ပါတယ်၊ ကျွန်ုပ်တို့ဟာ လောကထဲ၌ ရှိနေကြပါတယ်၊ ဒါပေမဲ့ ကျွန်ုပ်တို့သည် ဤလောကနှင့် မသက်ဆိုင်ကြပါ။ ကျွန်ုပ်တို့သည် လက်ဝါးကပ်တိုင်ပေါ်၌ ယေရှု လုပ်ဆောင်ခဲ့သည့်အရာကို ယုံကြည်ခြင်းအားဖြင့်၊ ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းကိုခံရပြီး ဖြစ်ပါတယ် (ဧဖက် ၂း၈-၉)။ သို့သော်လည်း၊ ထိုအရာသည် ဘုရားသခင်၏ အစီအစဉ်ကို စတင်၍ နားလည်သဘောပေါက်ခြင်းသာ ဖြစ်ပါသည်။

ဒေင်ဥယျာဉ်ထဲ၌ အစပြုခဲ့သည့် ဘုရားသခင်၏ အစီအစဉ်မှာ သူ၏ လူသားမျိုးနွယ် မိသားစုနှင့် ဝိညာဉ် မိသားစုကို အတူတကွ ပေါင်းစည်းပေးရန် ဖြစ်ခဲ့ပါသည်။ ဘုရားသခင်ဟာ ဤ သဘာဝတရားနှင့်ဆိုင်သော လောကကို မဖန်ဆင်းခင်၌ ကောင်းကင်ဘုံရှိ ဘုရားသခင်၏သားများကို ဖန်ဆင်းခဲ့ကြောင်း သတိယပါ (ယောဘ ၃၈း ၇-၈)။ ဘုရားသခင်သည် ဒေင်ဥယျာဉ်ထဲ၌ ဖြစ်ပျက်ခဲ့သော ပုန်ကန်မှုကြီးပြီးနောက်တွင် ထိုအစီအစဉ်ကို မစွန့်လွှတ်ခဲ့ပါ။ ယုံကြည်သူများ အားလုံးသည် ဘုရားသခင်၏ တူညီသော စရိုက်လက္ခဏာကို ရရှိပိုင်ဆိုင်ရန် ပြောင်းလဲကြပါလိမ့်မည်။ ယုံကြည်သူများသည် ဘုရားသခင်၏ ဝိညာဉ် သားသမီး တစ်ဦးကဲ့သို့ ဖြစ်ကြပါလိမ့်မည်။ ကျွန်ုပ်တို့ ယေရှုကဲ့သို့ ဖြစ်ကြပါလိမ့်မည် (၁ ယော ၃း၁-၃)။

ကျမ်းတတ်ပုဂ္ဂိုလ်များသည် ဤအယူအဆအတွက် များစွာသော အမည်များ ရှိကြပါသည်။ လူသိအများဆုံးသောအရာမှာ ဘုန်းတော်ဝင်စားခြင်း (glorification) ဖြစ်ပါသည်။ ပေတရုသည် ၎င်းအရာကို "ဘုရားပကတိကို ဆက်ဆံရသောသူများ" ဖြစ်လာခြင်းကဲ့သို့ ရည်ရွယ်ပြောဆိုခဲ့ပါသည် (၂ ပေ ၁း၄)။ ယောဟန်က ဤသို့ ပြောဆိုခဲ့ပါသည် - "ဘုရားသခင်၏ သားတော်ဟု ခေါ်ခြင်းအခွင့်ကို ငါတို့သည် ရမည်အကြောင်း ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့" (၁ ယော ၃း၁)။ ဤ အခန်းထဲတွင် ကျွန်ုပ်သည် ထိုသတင်းစကားကို သမ္မာကျမ်းစာက မည်သို့ သွန်သင်ပေးထားကြောင်း ရေးသားဖော်ပြသွားပါမည်။

## ဘုရားသခင်၏ သားတော်များ၊ အာဗြဟံ၏ မျိုးစေ့

ဘုရားသခင်သည် ဗာဗုလုန်၌ တိုင်းနိုင်ငံများအား သူ၏ဝိညာဉ်ကောင်စီဝင်များ၏ ဩဇာအာဏာ အောက်တွင် ထားသောအခါ၊ ၎င်းတို့က ပုန်ကန်ကြမည့်အကြောင်းနှင့် သူသည် လူသားမျိုးနွယ် မိသားစုအသစ်ကို စတင်မည့်အကြောင်း ဘုရားသခင်က သိခဲ့ပါသည်။ ဘုရားသခင်သည် အာဗြဟံကို ဗာဗုလုန်အကြောင်းအရာပြီးနောက်တွင် ခေါ်ယူခဲ့ပါသည် (ကမ္ဘာ ၁၁း၁-၉)။ အာဗြဟံ၊ စာရာနှင့် ၎င်းတို့၏ သားမြေးများအားဖြင့်၊ ဘုရားသခင်သည် ဒေင်ဥယျာဉ်၌ သူ အစပြုခဲ့သည့် သူ၏အစီအစဉ်ကို ဆက်လက်လုပ်ဆောင်သွားပါလိမ့်မည်။

ဘုရားသခင်၏ လူမျိုးတို့မှာ ဣသရေလလူမျိုးဟု ခေါ်သော အာဗြဟံ၏ သားမြေးများဖြစ်ကြပါလိမ့်မည်။ ဣသရေလလူမျိုးတို့သည် ဘုရားသခင်၏အစီအစဉ်ကို လိုက်နာရန် ပျက်ကွက်ခဲ့ကြပါသည်။ သူတို့သည် မြေကြီးပေါ်တွင် ဘုရားသခင်၏ကောင်းမြတ်သော အုပ်စိုးခြင်းကို အသစ်မလုပ်ဆောင်ခဲ့ကြပါ။ သို့ရာတွင် အာဗြဟံ၏ သားမြေးတစ်ဦးသည် အောင်မြင်အောင်လုပ်ဆောင်ပါလိမ့်မည်။ ဘုရားသခင်သည် လူသားတစ်ဦး ဖြစ်လာခဲ့ပါသည်။ ယေရှုသည် ထိုလူသားဖြစ်ပြီး သူသည် ဒါဝိဒ်၊ အာဗြဟံနှင့် အာဒံ၏သားမြေးစဉ်ဆက် တစ်ယောက် ဖြစ်ခဲ့ပါသည်။ ဗာဗုလုန်၌ ပြစ်ဒဏ်ပေးခြင်းခံခဲ့ရသည့် လူမျိုးနွယ်စုတို့အား ကောင်းကြီးပေးမည့် ဘုရားသခင်၏ ကတိတော်သည် နောက်ဆုံး၌ ယေရှုအားဖြင့် စုံလင်ခြင်းသို့ရောက်ရှိခဲ့ပါသည်။ ရှင်ပေါလုက ထိုအကြောင်းအရာကို နေရာအများအပြား၌ ရေးသားခဲ့ပါသည်။ အောက်တွင် နှစ်ခုကို ဖော်ပြထားပါသည် -

> ကျေးဇူးတော် သာသနာကို အပ်ပေးသည်အကြောင်းဟူမူကား၊ငါသည် အထက်က အနည်းငယ် ရေးထားခဲ့သည့်အတိုင်း၊ ဘုရားသခင်သည် ဗျာဒိတ်တော်အားဖြင့် နက်နဲသောအရာကို ငါ့အား ပြတော်မူ၏။ ထိုစကားကို ဖတ်ရွတ်လျှင်၊ ခရစ်တော်၏ နက်နဲသောအရာ၌ ငါ လေ့ကျက်သည်ကို သင်တို့သည် သိရကြမည်။ ...... ထိုနက်နဲသောအရာဟူမူကား၊ တပါးအမျိုးတို့သည် ဧဝံဂေလိတရားအားဖြင့် ယုဒအမျိုးတို့နှင့် အမွေခံ၍ တလုံးတဝ၊ တစ်ကိုတည်းဖြစ်လျက်၊ ခရစ်တော်နှင့်ဆိုင်သော ကတိတော်ကို ဆက်ဆံရကြသတည်း။ (ဖေက် ၃း၃-၆)

> အဘယ်သို့နည်းဟူမူကား၊ သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏ သားဖြစ်ကြ၏။ ခရစ်တော်၌ ဗတ္တိဇံကို ခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။ ယေရှုခရစ်၌ ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်းဖြစ်ကြ၏။ ခရစ်တော်နှင့်စပ်ဆိုင်လျှင် အာဗြဟံ၏အမျိုးအနွယ်ပင်ဖြစ်၍ ကတိတော်အတိုင်း အမွေခံ၏အရာ၌ တည်ကြ၏။ (ဂလာ ၃း၂၆-၂၉)

ဓမ္မဟောင်း ခေတ်ကာလ အတောအတွင်း၌ ဣသရေလလူမျိုးများ မဟုတ်ကြသော လူမျိုးတို့သည် ပုန်ကန်သူ သဘာဝလွန် အုပ်စိုးသူများ၏ စိုးမိုးမှုအောက်၌ရှိသော နယ်မြေများတွင် နေထိုင်ခဲ့ကြ ကြောင်းကို အစပိုင်း အခန်းများတွင် ကျွန်ုပ် ရှင်းပြခဲ့ပါသည်။ ဤအရာသည် ဗာဗုလုန် ဗိမာန်တော် ၌ ဘုရားသခင်က ထိုလူမျိုးနွယ်များအား ထိုဝိညာဉ် အုပ်စိုးသူများထံတွင် တာဝန်လွှဲပြောင်းပေးခဲ့ သည့် အခါ၌ ဖြစ်ပျက်ခဲ့ပါသည်။ ဗာဗုလုန် ဗိမာန်၌၊ လူမျိုးတို့သည် စစ်မှန်သော ဘုရားသခင်နှင့် တိုက်ရိုက် အဆက်အသွယ်လုပ်ဆောင်ခြင်းမှ ဖြတ်တောက်ခြင်းကိုခံခဲ့ရပါသည်။ ထို့နောက် ဘုရား သခင်က ဣသရေလလူမျိုးဟုခေါ်သော လူမျိုးစုအသစ်ကို ဖန်တီးခဲ့ပါသည်။ ယခုအခါ ဣသရေလ လူမျိုးတို့သာလျှင် ဘုရားသခင်နှင့် တိုက်ရိုက် ဆက်နွယ်မှုရှိပါသည် (တရား ၃၂း၉)။ ဣသရေလ လူမျိုးတို့သည် အခြားသော လူမျိုးစုများအတွက် များစွာသော အမည်များ ရှိခဲ့ကြပါသည်။ ၎င်းတို့၏ အမည်များသည် ပထဝီဝင်နှင့်သက်ဆိုင်သော သို့မဟုတ် လူမျိုးစုတစ်စုနှင့်သက်ဆိုင်သော အနက် အဓိပ္ပါယ်များ ရှိခဲ့ပါသည်။ ဥပမာအနေဖြင့်၊ အီဂျစ်လူမျိုး၊ မောဘလူမျိုး၊ အာမလက်လူမျိုး။ သို့ရာ တွင် ဓမ္မသစ်ကျမ်းထဲ၌ စွန့်ပယ်ခြင်းခံရသော လူမျိုးများ အားလုံးအတွက် အမည်မှာ "ဟေလသ လူမျိုး" ဖြစ်ပါသည်။ ဟေလသလူမျိုးသည် "လူမျိုးနွယ်စုများ" ဟု အဓိပ္ပါယ်သက်ရောက်သည့် လက်တင် ဘာသာ စကားလုံး တစ်လုံး ဖြစ်ပါသည်။ အကယ်၍ သင်သည် ဣသရေလလူမျိုး တစ် ယောက် မဟုတ်ပါက၊ သင်သည် ဟေလသလူမျိုး တစ်ဦး ဖြစ်ပါသည်။

ဓမ္မသစ်ကျမ်း၏ အကြောင်းအရာမှာ ယေရှုဟူသော အမည်ရှိသည့် အာဗြဟံ၏ သားမြေးစဉ်ဆက် တစ်ဦးသည် ဣသရေလလူမျိုးတို့နှင့် ဟေလသလူမျိုးတို့ကိုလည်း ရွေးနုတ်ကယ်တင်ဖို့ရန် အသေ ခံပြီးနောက် အသက်ပြန်ရှင်လာခဲ့သည်ဟူ၍ ဖြစ်ပါသည်။ ယေရှု၏ တာဝန်မှာ အာဗြဟံ၏ မျိုးနွယ်စု နှင့်သက်ဆိုင်သော သားမြေးစဉ်ဆက်များကိုသာမကဘဲ စစ်မှန်သောဘုရားသခင်ထံမှ စွန့်ပယ်ခြင်း ခံရသော တိုင်းနိုင်ငံများထဲမှ လူမျိုးတကာတို့ကိုလည်း ရွေးနုတ်ကယ်တင်ရန် ဖြစ်ပါသည်။ ကျွန်ုပ် သည် အချို့သော ကျမ်းချက်များကို ရှင်ပေါလုထံမှ ကိုးကားဖော်ပြထားပါသည်။ သူ၏ မိသားစုထဲ သို့ ထည့်သွင်းမည့် ဘုရားသခင်၏အစီအစဉ်သည် လျှို့ဝှက်ဆန်းကြယ်မှု တစ်ခုဖြစ်သည်ဟု ပေါလု က ပြောဆိုခဲ့ပါသည်။ ပုန်ကန်သူ သဘာဝလွန် အုပ်စိုးသူများ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော တပါးအမျိုးသား တိုင်းနိုင်ငံများထံမှ လူမျိုးများသည် အာဗြဟံအား ပေထားသည့် ကတိတော်များ ကို အမွေခံရနိုင်သည်ဆိုသောအရာဟာ ရှင်ပေါလုအား အတော်လေးကို အံ့အားသင့်စေခဲ့ပါသည်။

ယေရှု မေရှိယ၌ သတင်းကောင်းကို လက်ခံယုံကြည်သော လူသားအားလုံးသည် စစ်မှန်သော ဘုရားသခင်၏ သားသမီးများ ဖြစ်လာကြပါသည်။ ဤဘုရားသည် အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ် တို့၏ ဘုရားသခင် ဖြစ်ပါသည် (ယော ၁း၁၂၊ ဂလာ ၃း၂၆၊ ရော ၈း၁၄)။ ထို့ကြောင့် ဓမ္မသစ်ကျမ်း သည် ယုံကြည်သူများအား "မိသားစု" ဟူ၍ ခေါ်ဆိုသော စကားလုံးများကို အသုံးပြုထားပါသည်။ ဥပမာအနေဖြင့် - သားတော်များ၊ သားသမီးများနှင့် အမွေခံ။ ဓမ္မသစ်ကျမ်းက သူတို့သည် ဘုရား

သခင်၏ "သားအရာကိုချီးမြောက်ခြင်းခံသူများ" ဖြစ်ကြ၏ဟုလည်း ဆိုထားပါသည် (ရော ၈း၁၅၊ ၂၃၊ ဧဖက် ၁း၅၊ ဂလာ ၄း၄)။ သတင်းစကားမှာ အတော်လေးကို ရှင်းလင်းပါသည်။ ယုံကြည်သူများသည် ဘုရားသခင်၏ မိသားစုထဲတွင် ရှိကြပြီး အမွေ တစ်ခုကို လက်ခံရရှိလိမ့်မည်ဟု ဖြစ်ပါသည်။ ၎င်းက ယုံကြည်သူများကို ယခုအခါ ဘုရားသခင်၏ အသစ်သော ဝိညာဉ်နှင့် လူသားမျိုးနွယ် မိသားစုထဲတွင် ထည့်သွင်းထားသည်ဟု ဆိုထားပါသည်။ ယုံကြည်သူများ၏ ကံကြမ္မာသည် အာဒံနှင့် ဧဝအတွက် ဘုရားသခင် အလိုရှိခဲ့သောအရာ ဖြစ်လာဖို့ရန် ဖြစ်ပါသည်။ သူတို့သည် ထာဝရ မသေဆုံးဖို့ရန် ဖြစ်ခဲ့ပါသည်။ သူတို့သည် ဘုရားသခင်ကို ကိုယ်စားပြုဖို့ ဖြစ်ခဲ့ပါသည်။ သူတို့သည် ဘုရားသခင်၏ မျက်မှောက်တော်ထဲတွင် ထာဝရ နေထိုင်ဖို့ရန် ဖြစ်ပါသည်။

ဒါပေမဲ့ ထိုအရာပင်လျှင် ကျွန်ုပ်တို့ မည်သူမည်ဝါဖြစ်ကြောင်း အပြည့်အဝ မဖော်ပြထားပါ။ အံ့သြစရာအကောင်းဆုံးသော အပိုင်းမှာ ယေရှုက ကျွန်ုပ်တို့ကို ဘယ်လို မြင်လဲဆိုတာ ဖြစ်ပါသည်။

## မိသားစု ပြန်လည်ဆုံစည်းခြင်း

ဟေဗြဲသြဝါဒ စာစောင်၏ ပထမဦးဆုံးသော အခန်း နှစ်ခန်းသည် ကျွန်ုပ်တို့ကို ဘုရားသခင်၏ အသစ်သော ဝိညာဉ်နှင့် လူသားမျိုးနွယ် မိသားစု၏ အံ့သြဖွယ်ကောင်းသော ရုပ်ပုံ တစ်ခုကို ဖော်ပြပေးထားပါသည်။ ဤကျမ်းချက်များသည် ကျွန်ုပ်ကို အချို့သော စိတ်လှုပ်ရှားစရာအကောင်းဆုံးနှင့် အပြင်းထန်ဆုံးသော စိတ်ခံစားချက်အား သမ္မာကျမ်းစာထဲရှိ မည်သည့်နေရာ၌မဆို ပေးထားပါသည်။

ယေရှုသည် "ကောင်းကင်တမန်တို့ထက် ကြီးမြတ်သောသူ ဖြစ်သည်"ကို ဟေဗြဲ အခန်း ၁ က သွန်သင်ပေးထားပါသည် (အငယ် ၄)။ ဘုရားသခင်၏ ဝိညာဉ် ကောင်စီထဲတွင် ယေရှုထက် ကြီးမြတ်သောသူ တစ်ဦးတစ်ယောက်မျှ မရှိပါ။ ယေရှုသည် ဘုရားသခင် ဖြစ်သောကြောင့် ဤအရာသည် အဓိပ္ပါယ်ရှိပါသည်။ ထို့နောက် လူသားဇာတိကိုခံယူရန်နှင့် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေခံဖို့ရန် သင့်လျော်သော ကောင်းကင်တမန် တစ်ပါးမှ မရှိသောကြောင့်၊ ကောင်းကင်တမန်အားလုံးသည် ယေရှုအား ဝတ်ပြုကိုးကွယ်ရန် လိုအပ်ခဲ့သည်ဟု ၎င်းက ဆိုထားပါသည် (အငယ် ၅-၆)။ ယေရှုသည် ရှင်ဘုရင် ဖြစ်ပါသည်။

ဒါပေမဲ့ ယေရှုသည် လူသား တစ်ဦးဖြစ်လာသောအခါတွင်၊ သူသည် ကောင်းကင်တမန်တို့ထက် အချိန်အနည်းငယ် နိမ့်ကျခဲ့သည်ဟု သမ္မာကျမ်းက ဆိုထားပါသည်။ သူသည် ကျွန်ုပ်တို့ကဲ့သို့ လူသားတစ်ဦး ဖြစ်လာခဲ့ပါသည်။ လူသားများသည် သက်ရှိ ဝိညာဉ်များထက် စွမ်းအားလျော့နည်း

သော သတ္တဝါများဖြစ်ကြပါသည်။ ထို့နောက် ဟေဗြဲ စာစောင်ကို ရေးသားသူက မေးမြန်းထားပါသည် -

> ကျမ်းစာတစ်ချက်၌ တစ်ယောက်သောသူက၊ လူသည် အဘယ်သို့သောသူဖြစ်၍ ကိုယ်တော်သည် အောက်မေ့တော်မူရသနည်း။လူသားသည် အဘယ်သို့သောသူဖြစ်၍ အကြည့်အရှုကြွလာတော်မူရသနည်း။ သူ့ကို ကောင်းကင်တမန်တို့အောက်၌ အနည်းငယ် နိမ့်တော်မူပြီ။ သူ၏ခေါင်းကို ဘုန်းအသရေနှင့်ပတ်ရစ်တော်မူပြီ။ ဖန်ဆင်းတော်မူသောအရာများကို အုပ်စိုးစေ၍၊ ခပ်သိမ်းသောအရာတို့ကို သူ၏ ခြေအောက်၌ ချထားတော်မူပြီဟု သက်သေခံသတည်း။ ခပ်သိမ်းသောအရာတို့ကို ချထားတော်မူ၏ဟုဆိုသော်၊ မချထားဘဲ ကျန်ရစ်သောအရာ တစ်စုံတစ်ခုမျှမရှိရ။ ယခုမူကား၊ ခပ်သိမ်းသောအရာတို့သည် ချထားလျက်ရှိသည်ကို ငါတို့မမြင်ရကြသေး။ ယေရှုသည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် လူအပေါင်းတို့အတွက်ကြောင့် အသေခံရသောအခွင့် ရှိစေခြင်းငှါ၊ ကောင်းကင်တမန်တို့အောက်၌ အနည်းငယ်နိမ့်ပြီးမှ၊ အသေခံရသောကြောင့် ဦးခေါင်းတော်၌ ဘုန်းအသရေပတ်ရစ်လျက်ရှိသည်ကို ငါတို့ မြင်ကြ၏။ (ဟေဗြဲ ၂း၆-၉)

ယေရှု လုပ်ဆောင်ခဲ့သောအရာ၏ အကျိုးရလဒ်မှာ အဘယ်နည်း။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းဟု ပြောဆိုနိုင်ပါသည်။ ထိုအရာသည် တစ်စိတ်တစ်ဒေသအားဖြင့် မှန်ပါလိမ့်မည်။ ဒါပေမဲ့ ထိုအရာသည် ဟေဗြဲစာစောင်ကို ရေးသားသူက ကျွန်ုပ်တို့အား သင်ယူစေချင်ခဲ့သည့်အရာ မဟုတ်ပါဘူး။ စာရေးသူက ကျွန်ုပ်တို့ကို သိစေချင်ခဲ့သည့်အရာမှာ ဘုရားသခင်သည် ယေရှု၌ လူသားဖြစ်လာခဲ့သောကြောင့်၊ သူ့ကို ယုံကြည်သောလူတိုင်းသည် ဘုရားသခင်၏ သားသမီးများ ဖြစ်လာနိုင်သည်ဟု ဖြစ်ပါသည်။

လူသားတို့သည် ယေရှု ဘုရား-လူသားကို ယုံကြည်ပါက၊ ဘုရားသခင်သည် တစ်နေ့နေ့တွင် ထိုလူများကို သူ၏ ပုံသဏ္ဍာန်သို့ ပြောင်းလဲပေးပါလိမ့်မည်။ ကျွန်ုပ်တို့သည် သူ၏မိသားစုဝင်များ ဖြစ်လာကြပါလိမ့်မည်။ တစ်နေ့တစ်ချိန်တွင် ကျွန်ုပ်တို့သည် သေဆုံးကြပါလိမ့်မည်။ သို့မဟုတ် ယေရှု ဤလောကသို့ ပြန်ကြွလာသည့်အခါ၌ ကျွန်ုပ်တို့သည် အသက်ရှင်ဆဲ ဖြစ်ပါလိမ့်မည်။ သူသည် မြေကြီးတစ်ခုလုံးကို ဧဒင်ဥယျာဉ်သစ် ပြုလုပ်မည့် ဘုရားသခင်၏ အစီအစဉ်အား ပြည့်စုံစေရန် ပြန်လာမည်ဖြစ်ပါသည်။ ထိုအချိန်၌ ယေရှုသည် ကျွန်ုပ်တို့ကို အခြားသော ဝိညာဉ်ကောင်စီဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးပါလိမ့်မည်။ ကျွန်ုပ်တို့သည် သူနှင့်တူလာအောင် ယေရှုသည် ကျွန်ုပ်တို့ကဲ့သို့ လူသားဖြစ်လာခဲ့ပါသည် -

> အကြောင်းမူကား၊ များစွာသောသားတို့ကို ကယ်တင်၍၊ ဘုန်းစည်းစိမ်စံစားရာသို့ ပို့ဆောင်သောအရှင်သည် ဒုက္ခဝေဒနာအားဖြင့် စုံလင်ခြင်းသို့ ရောက်ရမည်အကြောင်း၊ ခပ်သိမ်း

သောအရာတို့ကို ဖန်ဆင်း၍ အုပ်စိုးတော်မူသော ဘုရားသည် စီရင်တော်မူအပ်၏။ သန့်ရှင်းစေတတ်သောသူနှင့် သန့်ရှင်းစေအပ်သောသူများတို့သည် တစ်ပါးတည်းသော ပကတိရှိကြ၏။ ထိုကြောင့် သန့်ရှင်စေတတ်သောသူသည် သန့်ရှင်းစေအပ်သောသူတို့ကို ညီအစ်ကိုဟူ၍ ခေါ်ခြင်းငှါ ရှက်ကြောက်တော်မမူ။ ထိုသို့ခေါ်သောအချက်ဟူမူကား၊ သတင်းတော်ကို အကျွန်ုပ်ညီအစ်ကိုတို့အား အကျွန်ုပ်ကြားပြောပါမည်။ ပရိသတ်အလယ်မှာ ကိုယ်တော်ကို ချီးမွမ်း၍ သီချင်းဆိုပါမည်ဟုလာသတည်း။ တစ်ချက်ကား၊ ငါသည် ဘုရားသခင်ကို ကိုးစားမည်ဟု လာသတည်း။ တစ်ဖန်ကား၊ ငါမှစ၍ ငါ့အား ဘုရားသခင် ပေးတော်မူသော သူငယ်တို့သည် ရှိကြ၏ဟု လာသတည်း။ (ဟေဗြဲ ၂:၁၀-၁၃)

သူ၏လူသားမျိုးနွယ် သားသမီးများသည် ဝိညာဉ် ကောင်စီဝင်များထက် တန်ခိုးစွမ်းအားလျော့နည်းကြသော်လည်းဘဲ ယေရှုသည် သူတို့ကို မိတ်ဆက်ပေးရန် စိတ်လှုပ်ရှားနေပါသည်။ ယေရှုသည် လူသားဖြစ်လာခြင်းနှင့် သက်ရှိဝိညာဉ်များထက် အချိန်အနည်းငယ် နိမ့်ကျခဲ့ရခြင်းအတွက် စိတ်ကသိက အောက်မဖြစ်ခဲ့ပါဘူး။ ဤအရာအားလုံးသည် ဘုရားသခင်ရဲ့ အစီအစဉ်၏ ကဏ္ဍတစ်ခုသာ ဖြစ်ခဲ့ပါသည်။ ယေရှုသည် ကောင်စီထဲတွင် ရပ်တန့်ပြီး၊ ကျွန်ုပ်တို့ကို မိတ်ဆက်ပေးခဲ့ပါသည်။ ထို့နောက် ယေရှုက ပြောဆိုသည်မှာ - ငါနှင့် ဘုရားသခင် ငါ့အား ပေးထားသော သားသမီးများကို ကြည့်ကြပါ။ ငါတို့အားလုံးဟာ အခု မှစ၍ ထာဝရ အတူတကွ ဖြစ်ကြပြီ။ ထို့အပြင် ထိုအရာသည် အစကတည်းက ဘုရားသခင်၏ အစီအစဉ် ဖြစ်ပါတယ်။

ဘုရားသခင်၏ ကောင်းကင်ဘုံရှိ ဘုန်းအာနုဘော်တော်နှင့်ပြည့်စုံသော မိသားစုထဲသို့ ကျွန်ုပ်တို့၏ ဝင်ရောက်ခြင်းမှာ ကျွန်ုပ်တို့၏ ကံကြမ္မာဖြစ်ပါသည်။ ရှင်ပေါလုက ရောမ ၈:၁၈-၂၃ တွင် လုပစ္စာ ဤသို့ ဖော်ပြထားပါတယ် -

ငါတို့အား ပေါ်ထွန်းလတ့ံသော ဘုန်းကိုထောက်သော် ယခုမျက်မှောက်ကာလ၌ ခံရသော ဆင်းရဲဒုက္ခကို ပမာဏ မပြုထိုက်ဟု ငါသဘောရှိ၏။ ဤလောကသည် ဘုရားသခင့်သားတို့၏ ပေါ်ထွန်းခြင်းအရာကို အလွန်တောင့်တမျှော်လင့်လျက်နေ၏ ..... ထိုမျှမက ဝိညာဉ်တော်၏ ကျေးဇူးတော် အစအဦးကိုခံပြီးသော ငါတို့သည်လည်း သားအရာ၌ ချီးမြောက်ခြင်းအကြောင်း တည်းဟူသော ကိုယ်ခန္ဓာ ရွေးနှုတ်ခြင်း ချမ်းသာကို မျှော်လင့်၍ စိတ်နလုံးထဲ၌ ညည်းတွားလျက်နေကြ၏။

ပေါလုသည် ယုံကြည်သူများကို ထို တူညီသော သတင်းစကားအားဖြင့် ခွန်အားပေးခဲ့ပါသည်။ သူသည် ရောမမြို့ရှိ ယုံကြည်သူများကို "ဘုရားသခင်၏သားတော်သည် အများသော ညီအစ်ကိုများထဲတွင် သားဦးဖြစ်တော်မူမည်အကြောင်း၊ သူတို့ကို သားတော်၏ပုံသဏ္ဍာန်နှင့်တစ်ညီတည်း ဖြစ်စေခြင်းငှါ ရှေးမဆွကခွဲခန့်မှတ်သားတော်မူ၏ဟူ၍ ပြောကြားခဲ့ပါသည် (ရောမ ၈:၂၉)။ ရှင်ပေါလု

သည် ကောရိန္တုမြို့ရှိ ယုံကြည်သူများကို၊ "ငါတို့ရှိသမျှသည် မျက်နှာဖုံးကို ဖွင့်လျက်မှန်ကိုကြည့် သကဲ့သို့၊ သခင်ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍ ဝိညာဉ်တော်တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည်အတိုင်း၊ ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဍာန် တော်နှင့်အညီပြောင်းလဲခြင်းရှိရကြ၏" ဟုပြောကြားခဲ့ပါသည် (၂ ကော ၃း၁၈)။ ကျွန်ုပ်တို့၏ လူ သားပုံသဏ္ဍာန်သည် ပြောင်းလဲခြင်းရှိလိမ့်မည်ဟု သူက ပြောဆိုခဲ့ပါသည်၊ "ယခုမျက်မှောက် ပုပ် တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့ ဝင်စားရမည်။ ယခုမျက်မှောက် သေတတ်သော အရာသည် မသေနိုင်သောအဖြစ်သို့ ဝင်စားရမည်" (၁ ကော ၁၅း၅၃)။ ပေတရုသည် ဘုရားသခင် ၏မိသားစုကောင်စီထဲသို့ ဝင်ရောက်ခြင်းအကြောင်းကိုလည်း ရေးသားခဲ့ပါသည်။ ၎င်းသည်"ဘုရား ပကတိကိုဆက်ဆံရသောသူများ" ဖြစ်လာခြင်းဟု အဓိပ္ပါယ်ရကြောင်း သူက ရေးသားခဲ့ပါသည် (၂ ပေ ၁း၄)။ ယောဟန်သည် ရိုးရှင်းစွာ ရေးသားဖော်ပြခဲ့ပါသည် - "ငါတို့သည် ကိုယ်တော်နှင့်တူကြ လိမ့်မည်" (၁ ယော ၃း၂)။

## အဘယ်ကြောင့် ဤအရာသည် အရေးပါမှုရှိပါသလဲ

ခရစ်ယာန်များအနေဖြင့်၊ ကျွန်ုပ်တို့သည် ယေရှုနှင့်တူရန် လိုအပ်သည်ဟူသော အကြောင်းအရာကို ကျွန်ုပ်တို့ဟာ အကြိမ်ပေါင်းများစွာ ကြားပြီးနိုင်ပါသည်။ ကျွန်ုပ်တို့သည် တကယ်ဘဲ ကြားပြီးကြ ပါပြီ။ ဒါပေမဲ့ ကျွန်ုပ်တို့ဟာ ထိုအရာကို ကြားသောအခါ၊ ကျွန်ုပ်တို့က ၎င်းဟာ ကောင်းဖို့အတွက် ဖြစ်တယ် သို့မဟုတ် "မကောင်းမှုကို လျော့နည်းစွာ လုပ်ဆောင်စေဖို့ရန် ဖြစ်တယ်ဟု တွေးထင် တတ်ကြပါသည်။" ကျွန်ုပ်တို့သည် သမ္မာကျမ်းစာက သွန်သင်ပေးသည့်အရာကို ပြောင်းလဲကြပါ သည်။ ကျွန်ုပ်တို့သည် တစ်နေ့နေ့တွင် ယေရှုနှင့်တူလိမ့်မည်ဆိုသော ဤ သွန်သင်မှုဟာ စိတ်ကူး ၍ပင်မရနိုင်သော အယူအဆ တစ်ခုနီးပါး ဖြစ်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့ မည်သို့ ပြုမူရမည်ဆို သော ပုံစံအတွက် တာဝန်သိစိတ် တစ်ခုမဟုတ်ပါ။

ကျွန်ုပ်တို့သည် ဘယ်လောက်များများ ယေရှုနှင့်မတူကြောင်းနှင့် ထို့နောက် ပိုကောင်းအောင် လုပ် ဆောင်မည်ဆိုသော ကတိပြုခြင်းများအကြောင်းကို လိပ်ပြာမသန့်ဖြစ်နေမည့်အစား၊ ကျွန်ုပ်တို့ ဟာ တစ်မူထူးခြားစွာ စဉ်းစားဖို့ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် အတိတ်ကာလ၌ ကျွန်ုပ်တို့အတွက် သူလုပ်ဆောင်ပေးခဲ့သည့်အရာနှင့် အနာဂတ်၌ လုပ်ဆောင်ရန် သူစီစဉ်ထားသည့်အရာ၏ ကောင်း ကြီးမင်္ဂလာကို ကျွန်ုပ်တို့၏ တွေးခေါ်ဉာဏ်အား ပြောင်းလဲဖို့ရန် ခွင့်ပြုသင့်ပါသည်။ ကျွန်ုပ်တို့သည် ကောင်းမွန်လာဖို့နှင့် ကောင်းကျိုးကို လုပ်ဆောင်ဖို့ လိုအပ်ပါတယ် သို့မဟုတ် ဘုရားသခင်သည် ကျွန်ုပ်တို့ကို စိတ်ဆိုးလိမ့်မည်ဟု ကျွန်ုပ်တို့ တွေးထင်နိုင်ပါသည်။ ဒါပေမဲ့ ထိုကဲ့သို့သော တွေးခေါ် မှု နည်းလမ်းသည် ဆိုးဝါးသော သီဩလောဂျီဖြစ်ပါသည်။ ထိုသို့သော တွေးခေါ်မှု နည်းလမ်းသည်

ဘုရားသခင်၏ ဆုကျေးဇူးကို တာဝန် တစ်ခုအဖြစ်သို့ ပြောင်းလဲစေပါသည်။ ထို့အစား ကျွန်ုပ်တို့သည် တစ်နေ့နေ့တွင် ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင် လုပ်ဆောင်ရန် စီစဉ်ထားသည့်အရာအတွက် ကျေးဇူးတင်သင့်ပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို သူနှင့်တူအောင် လုပ်ဆောင်ရာတွင် စိတ်လှုပ်ရှားမှုရှိကြောင်း ကျွန်ုပ်တို့ သတိယသင့်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူနှင့်တူအောင် ရှေးမဆွကခွဲခန့်မှတ်သားတော်မူခဲ့ပါသည် (ရောမ ၈း၂၉)။ ကျွန်ုပ်တို့သည် ဤနည်းလမ်းအတိုင်း စဉ်းစားပါက၊ ထိုအခါ ကျွန်ုပ်တို့သည် မှောင်မိုက် တန်ခိုးစွမ်းအားများ၏ ကျေးကျွန်ဘဝအောက်၌ရှိသော လူတို့သည် ဘုရားသခင်၏ မိသားစုထဲတွင် ကျွန်ုပ်တို့ကို ပူပေါင်းလာချင်လိမ့်မည့် နည်းလမ်းဖြင့် အသက်ရှင်ချင်ကြပါလိမ့်မည်။ တွေးခေါ်ခြင်း နည်းလမ်း တစ်မျိုးသည် အတွင်းဘက်သို့ ကြည့်ပြီး၊ ကျွန်ုပ်တို့၏ အကြောင်းအရာ ဖြစ်ပါသည်။ အခြားသော တွေးခေါ်ခြင်း နည်းလမ်း တစ်မျိုးမှာ အပြင်ဘက်ခြမ်းရှိ ကောင်းကင်နှင့် ဘုရားသခင်ဆီသို့ ကြည့်ပါသည်။

ယုံကြည်သူများ ယခု အသက်ရှင်သင့်သည့် နည်းလမ်းမှာ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ပျော်ရွှင်အောင်ပြုလုပ်ဖို့ ပျက်ကွက်ကြလိမ့်မည်ဆိုသော ကြောက်ရွံ့ခြင်းအကြောင်း မဟုတ်ပါ။ ကျွန်ုပ်တို့သည် မှောင်မိုက်သော အုပ်စိုးသူများ၏ ကျွန်များအဖြစ်ရှိနေစဉ်တွင်ပင် ဘုရားသခင်ဟာ ကျွန်ုပ်တို့ကို ချစ်ခဲ့ပါသည်။ ခရစ်ယာန်တို့၏ အသက်ရှင်ခြင်း နည်းလမ်းသည် အယူအဆနှစ်မျိုးကို နားလည်သဘောပေါက်ခြင်း ဖြစ်ပါသည်။ ပထမတစ်ခုမှာ ကျွန်ုပ်တို့ကို ဘုရားသခင်၏ မိသားစုထဲသို့ မွေးစားလိုက်ပါသည်၊ အဓိပ္ပါယ်မှာ ယေရှုသည် ကျွန်ုပ်တို့၏ ညီအစ်ကိုဖြစ်ပြီး၊ ဘုရားသခင်က ယေရှုကို ချစ်တော်မူသကဲ့သို့ သူသည် ကျွန်ုပ်တို့ကို ချစ်ပါသည်။ ဘုရားသခင်၏ အစီအစဉ်ထဲတွင် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ မြေကြီးပေါ်တွင် ဘုရားသခင်၏ ဝိညာဉ်ရေးရာ နိုင်ငံတော်ကို ပြန်လည်တည်ထောင်ဖို့ရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အသစ်သော ဝိညာဉ်ကောင်စီဝင်များ ဖြစ်ကြပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ခမည်းတော်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သူ၏သားသမီးများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့ဟာ ဘုရားသခင် နေထိုင်သည့် နေရာတွင် နေထိုင်ရန် စီမံခန့်ခွဲထားပါသည်။ ကျွန်ုပ်တို့သည် သူ၏ဝန်ထမ်းများဖြစ်ကြပါသည်။ လူသေတို့၏ အရှင်သခင်၏ ပိုင်ဆိုင်မှုအဖြစ်ရှိနေဆဲ လူတို့နှင့် မမြင်ရသော ဝိညာဉ် တန်ခိုးစွမ်းအားများ၏ ချုပ်နှောင်ခြင်းကို ခံရသူများအား လွတ်မြောက်ပေးရာတွင် သူ့ကို ကူညီပေးခြင်း တာဝန်များအား ကျွန်ုပ်တို့ကို ပေးအပ်ထားပါတယ်။

ထိုအရာသည် ဒေင်ဥယျာဉ်ဟောင်းမှစ၍ ဒေင်ဥယျာဉ်အသစ်ထိ၊ သမ္မာကျမ်းစာက သွန်သင်ပေးသည့် အကြောင်းအရာ ဖြစ်ပါသည်။ ထိုအရာမှာ သင်၏ ကံကြမ္မာဖြစ်ပါသည်။ သင်၏ အသက်တာသည် ယခုအခါ ဘုရားသခင်၏မိသားစုထဲတွင် သင်၏နေရာကို ကြိုးစားရယူခြင်းအကြောင်းမဟုတ်တော့ပါ။ ဘုရားသခင်၏ မိသားစုထဲတွင်ရှိသော နေရာတစ်ခုကို ကြိုးစားလုပ်ယူ၍မရနိုင်ပါ။ ဘုရားသခင်၏သားတစ်ဦးဖြစ်လာခြင်းမှာ လက်ဆောင်တစ်ခုဖြစ်ပါသည်။ သင်၏အသက်တာသည် သင်

၏ကျေးဇူးသိတတ်မှုကို ဖော်ပြသည့် နည်းလမ်းတစ်ခုဖြင့် အသက်ရှင်ခြင်းအကြောင်း ဖြစ်သင့်ပါသည်။ သင်သည် ဘုရားသခင်က သင့်အား သားအရာပေးခြင်းကို ကျေးဇူးတင်သည့်အနေဖြင့် နေထိုင်အသက်ရှင်သင့်ပါသည်။ သင်သည် ဘုရားသခင်၏ မိသားစုထဲတွင် ရှိနေရခြင်းကို မွေ့လျော်သကဲ့သို့ နေထိုင်အသက်ရှင်သင့်ပါသည်။ သင်သည် ဘုရားသခင်၏ မိသားစုအား သင်နှင့်အတူလာရောက်ပူးပေါင်းရန် အခြားသော လူတို့အား အကူအညီပေးနေသင့်ပါသည်။

# အခန်း တစ်ဆယ့်ခြောက်

## ကောင်းကင်တမန်များအား အုပ်စိုးခြင်း

ကျွန်ုပ်တို့သည် ယေရှု၌ရှိသော ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့ မည်သူမည်ဝါဖြစ်ကြောင်း နားလည်သဘောပေါက်ထားခြင်းသည် ကျွန်ုပ်တို့၏ ယုံကြည်မှုအတွက် အလွန် အရေးကြီးပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကောင်းကင်ဘုံရှိ ဝိညာဉ်ကောင်စီဝင်များဖြစ်လာခဲ့ကြပါသည်၊ ထို့အပြင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခမည်းတော်ဘုရား၏ အစီအစဉ်ထဲတွင် သူ၏နိုင်ငံတော်အတွက် စတင်၍ ပါဝင်လုပ်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ အနာဂတ်တွင် ယခုရှိသည့်အရာထက် ပို၍ရှိလာပါလိမ့်မည်။ မှန်ပါတယ်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မိသားစုနှင့် ကောင်စီထဲတွင် အဖွဲ့ဝင်များ ဖြစ်ကြပါသည်၊ ဒါပေမဲ့ မည်သည့် ရည်ရွယ်ချက်အတွက် ဖြစ်ပါသလဲ။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ နိုင်ငံတော်ထဲ၌ ရောက်ရှိနေပြီဖြစ်ပါတယ် (ကော ၁း၁၃)။ ဒါပေမဲ့ သူ၏နိုင်ငံတော်သည် မြေကြီးပေါ်သို့ အပြည့်အဝ ကြွရောက်လာခြင်း မရှိသေးပါ။ ကမ္ဘာမြေကြီးသည် ဒေဝဉယျာဉ်ကဲ့သို့ မဖြစ်လာသေးပါဘူး။ သမ္မာကျမ်းစာထဲတွင် မှန်ကန်မှုရှိသော်လည်းဘဲ ရှေ့နောက်မညီသည့် ပုံစံပေါက်နေသော အရာများကို သွန်သင်ပေးထားသည့်အရာများ ရှိနေပါသည်။ မြေကြီးပေါ်ရှိ ဘုရားသခင်၏ နိုင်ငံတော်သည် ဥပမာ တစ်ခု ဖြစ်ပါသည်။ သူ၏ နိုင်ငံတော်သည် ကြွလာခဲ့ပြီ ဖြစ်ပါတယ်၊ ဒါပေမဲ့ အပြည့်အဝ မဟုတ်သေးပါဘူး။ ယခု၊ ဒါပေမဲ့ မဟုတ်သေးဘူး။ ဤအခန်းထဲတွင် ကျွန်ုပ်သည် "မဟုတ်သေးဘူး" ကဏ္ဍအကြောင်းကို ရေးသားဖော်ပြချင်ပါသည်။ ထိုအရာသည် "ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ အဘယ်နည်း" ဆိုသော မေးခွန်းကို ဖြေကြားပေးပါလိမ့်မည်။

## နိုင်ငံတော်ထဲတွင် ယခု ပါဝင်ခြင်း

ဘုရားသခင်၏ နိုင်ငံတော်ထဲတွင် ကျွန်ုပ်တို့၏ ပါဝင်လုပ်ဆောင်မှုသည် ကြိုတင်၍စီမံထားခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့ ပြုလုပ်သည့် ရွေးချယ်မှုများသည် ကျွန်ုပ်တို့ ပါဝင်လုပ်ဆောင်ပုံကို အကျိုးသက်ရောက်မှုရှိစေပါသည်။ ကျွန်ုပ်တို့သည် အချို့သော တာဝန်များကို လုပ်ဆောင်ရန် ညွှန်ကြားချက်ပေးထားခြင်းခံရသည့် ဘုရားသခင်၏ စက်ရုပ်များမဟုတ်ကြပါ။ ထိုအရာသည် ဘုရားသခင်၏ "ပုံသဏ္ဍာန်ဆောင်သူ" သူ၏ ကိုယ်စားလှယ်ဖြစ်ခြင်း၏ အယူအဆတစ်ခုလုံးကို ချိုးဖောက်ရာရောက်ပါလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူနှင့်တူအောင် ဖန်ဆင်းခဲ့ပါသည်။ သူသည် ရွေးချယ်

မှုများကို လွတ်လပ်စွာ ပြုလုပ်ပိုင်ခွင့်ရှိပါသည်။ ကျွန်ုပ်တို့သည် စစ်မှန်သော လွတ်လပ်မှုမရှိပါက၊ ကျွန်ုပ်တို့ဟာ သူနှင့်တူနိုင်ကြမည် မဟုတ်ပါ။ အကယ်၍ ဘုရားသခင်သည် ကျွန်ုပ်တို့ကို တစ်ချို့သောနည်းလမ်းအတိုင်း ပြုမူဆောင်ရွက်ရန် ဖန်တီးထားသည်ဆိုပါက၊ ကျွန်ုပ်တို့သည် သူနှင့်တူကြလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို လွတ်လပ်စွာ နာခံခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းအခွင့်ရှိကြပါသည်။ ထိုအပြင် ကျွန်ုပ်တို့သည် လွတ်လပ်စွာ ပုန်ကန်ခြင်းနှင့် မိမိတို့ကိုယ်ကို အလိုလိုက်ခြင်းအခွင့် ရှိကြပါသည်။ ထို့နောက် ကျွန်ုပ်တို့သည် ကိုယ်စိုက်သည့်အတိုင်း ရိတ်သိမ်းရပါလိမ့်မည်။ ကျွန်ုပ်တို့ စိုက်ပျိုးရန် ရွေးချယ်ထားသည့်အရာကို ဘုရားသခင်က ဆုံးဖြတ်ပေးထားခြင်းမရှိပါဘူး။

ဘုရားသခင်သည် ကျွန်ုပ်တို့ထက် အဆပေါင်းများစွာ တန်ခိုးအာဏာကြီးမားပါသည်။ သူ့ထံ၌ အစီအစဉ် တစ်ခုရှိပြီး၊ သူသည် ၎င်းကို ပြီးမြောက်အောင်လုပ်ဆောင်ပါလိမ့်မည်။ ဘုရားသခင်၏ အစီအစဉ်သည် အောင်မြင်မှုရှိပါလိမ့်မည်။ ထို့အပြင် ၎င်းသည် ကျွန်ုပ်တို့အပေါ်၌ မူတည်ခြင်းမရှိပါ။ ဘုရားသခင်သည် လူသားများ၏ လွတ်လပ်ပိုင်ခွင့်ကြောင့် သူ၏ အစီအစဉ်ကို ပြောင်းလဲစရာမလိုအပ်ပါ။ ကျွန်ုပ်တို့သည် ဘာကိုဘဲဖြစ်ဖြစ် ရွေးချယ်၍ လုပ်ဆောင်ပါစေ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏အစီအစဉ်ကို ကျရှုံးအောင် မစွမ်းနိုင်ပါ။ ပုန်ကန်သူ သဘာဝလွန် အုပ်စိုးသူများသည်လည်း ၎င်းတို့၏ လွတ်လပ်မှုကို အသုံးချခြင်းအားဖြင့် ဘုရားသခင်၏ အစီအစဉ်ကို မအောင်မြင်အောင် လုပ်ဆောင်နိုင်စွမ်းမရှိကြပါ။

အခန်း ၁ တွင် ကျွန်ုပ် ရေးသားဖော်ပြခဲ့သည့် ကောင်းကင်ဘုံရှိ ကောင်စီ အစည်းအဝေးအကြောင်းကို စဉ်းစားကြည့်ပါ။ ကျွန်ုပ်သည် သမ္မာကျမ်းစာက ပြောဆိုထားသည့်အရာများကို သင် ယုံကြည်မှုရှိမရှိ မေးမြန်းခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်သည် <u>၃ ရာ ၂၂</u> ၌ရှိသော ဘုရားသခင်နှင့် သူ၏ကောင်းကင်ဘုံရှိ ကောင်စီတို့၏ အစည်းအဝေး တစ်ခုအကြောင်းကို ရေးသားဖော်ပြခဲ့ပါသည်။ ယုတ်ညံ့သော အာဟပ်မင်းကြီးအတွက် သေဆုံးရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း ဘုရားသခင်က ဆုံးဖြတ်ခဲ့ပါသည်။ အာဟပ်သည် သေချာပေါက် သေဆုံးခဲ့ရပါလိမ့်မည်။ ဒါပေမဲ့ ဘုရားသခင်သည် သူ၏ဝိညာဉ် ကောင်စီဝင်များအား အာဟပ်၏သေဆုံးခြင်းသည် မည်သို့ ဖြစ်ပေါ်ရမည်အကြောင်းနှင့် စပ်လျဉ်း၍ ဆုံးဖြတ်စေခဲ့ပါသည် (<u>၃ ရာ ၂၂း၁၉-၂၃</u>)။

ကြိုတင်စီမံခန့်ခွဲခြင်းနှင့် လွတ်လပ်မှု နှစ်ခုစလုံးသည် ဘုရားသခင်၏ နိုင်ငံတော်၏ အုပ်စိုးမှုထဲတွင် တည်ရှိပါသည်။ သူ၏ ရည်ရွယ်ချက်များသည် ဘယ်သောအခါမှ ပယ်ဖျက်ခြင်း သို့မဟုတ် ရပ်တန့်ခြင်းကိုခံရမည်မဟုတ်ပါ။ သူ၏ ရည်ရွယ်ချက်များသည် ကြိုတင်၍စီမံပြီးသားဖြစ်ပါတယ်။ ဘုရားသခင် ဖန်ဆင်းထားသော ဝိညာဉ်များ သို့မဟုတ် လူသားများသည် ၎င်းတို့၏ လွတ်လပ်မှုနှင့်အတူ အပြစ်ကျူးလွန်ရန်နှင့် ပုန်ကန်ရန် ရွေးချယ်နိုင်ပါသည်။ သို့ရာတွင် ဘုရားသခင်၏ အစီအစဉ်သည်

ဆက်လက် ပြီးမြောက်နေပါသည်။ C.S. Lewis သည် Perelandra ဟုအမည်ရှိသော သူ၏ စာအုပ်ထဲတွင် ဘုရားသခင်အကြောင်းကို ရေးသားခဲ့ပါသည်။ "သင် ဘာပဲလုပ်လုပ်၊ ဘုရားသခင်သည် ၎င်းထံမှ ကောင်းသောအရာကို ဖြစ်ပေါ်စေပါလိမ့်မည်။ ဒါပေမဲ့ ကောင်းမွန်သောအရာ မဟုတ်ပါ။ သင်သည် သူ့ကို နာခံခဲ့ပါက သင့်အတွက် သူ ပြင်ဆင်ပေးထားပါသည်။"

ဘုရားသခင်သည် မကောင်းသော ရွေးချယ်မှုများကို ပြုလုပ်ရန် သင့်ကို ခွင့်ပြုပေးထားပါသည်။ ဒါပေမဲ့ သင် တွေ့ကြုံခံစားနိုင်ခဲ့သည့် ကောင်းမွန်သော ရလဒ်များကို သင် လွဲချော်ရပါလိမ့်မည်။ ၎င်းအစား၊ ဘုရားသခင်နောက် လိုက်လျှောက်နေသည့် အခြားသော တစ်စုံတစ်ယောက်က သင့်အတွက် စီစဉ်ထားသည့် ကောင်းသောအရာကို ရရှိသွားပါလိမ့်မည်။ မြေကြီးပေါ်၌ရှိဆဲ ဘုရားသခင်၏သားသမီးများအနေဖြင့်၊ ကျွန်ုပ်တို့သည် အဘယ်သို့ ဘုရားသခင်၏ ကောင်းကင်ဘုံရှိ ကောင်စီထဲတွင် ပါဝင်ဆောင်ရွက်ကြပါသနည်း။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ လူတို့အား မှောင်မိုက်၏ တန်ခိုးစွမ်းအားများထံမှ လွတ်မြောက်စေခြင်းအားဖြင့် ပါဝင်လုပ်ဆောင်ကြပါသည်။ ကျွန်ုပ်တို့သည် တရားမျှတရန်နှင့် သနားကြင်နာခြင်းကို ထုတ်ဖော်ပြရန် ရွေးချယ်ခြင်းအားဖြင့် ကျွန်ုပ်တို့အသက်ရှင်နေထိုင်ကြကြောင်း လူတို့အား ပြသခြင်းအားဖြင့် ပါဝင်လုပ်ဆောင်ကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အကျင့်စာရိတ္တကို အတုယူခြင်းအားဖြင့် ပါဝင်လုပ်ဆောင်ကြပါသည်။ ကျွန်ုပ်တို့သည် မကောင်းသော သဘာဝလွန် အုပ်စိုးသူများ၏ စိုးမိုးမှုအောက်ရှိ ရန်လိုသော ကမ္ဘာကြီး တစ်ခုထဲတွင်ရှိသည့် စစ်မှန်သော ဘုရားသခင်၏ သမ္မာတရားကို ကာကွယ်ပေးခြင်းနှင့် ပြန့်နှံ့စေခြင်းအားဖြင့် ပါဝင်လုပ်ဆောင်ကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်က ကျွန်ုပ်တို့ကိုအသက်ရှင်စေချင်သည့် နည်းလမ်းဖြင့် အသက်တာကို ပျော်မွေ့ခြင်းအားဖြင့် ပါဝင်လုပ်ဆောင်ကြပါသည်။ အသက်တာကို ယခု ရှင်သန်စေရန် ဤနည်းလမ်းအားလုံးဟာ ဘုရားသခင်၏ ပြည့်စုံသော အနာဂတ် နိုင်ငံတော်အတွက် ကျွန်ုပ်တို့ကို လေ့ကျင့်မှုပေးပါသည်။ ရှင်ပေါလုသည် စိတ်ထဲတွင် ၎င်းတို့၏ ကောင်းကင်ဘုံရှိ အနာဂတ်နှင့်အတူ အသက်ရှင်ခြင်းကို ရပ်တန့်လိုက်ပြီးနောက် ဤလောကီအကြောင်းအရာများနှင့်စပ်လျဉ်း၍ တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်နေကြသော ကောရိန္သုမြို့ရှိ ယုံကြည်သူများကို စာရေးသားခဲ့ပါသည်။ "ငါတို့သည် ကောင်းကင်တမန်တို့ကို တရားစီရင် (အုပ်စိုး) မည်ဟု မသိကြသလော" ဟု သူက ပြောဆိုခဲ့ပါသည် (၁ ကော ၆း၃)။ သူသည် အလေးအနက်ထား၍ ပြောဆိုခဲ့ပါသည်။ ရှင်ပေါလုသည် ထိုပြောဆိုမှုထဲတွင် တိကျသော တစ်စုံတစ်ရာအား သူတို့ကို ကြိုးစား၍ သွန်သင်ပေးနေခဲ့ပါသည်။

**လူမျိုးစုများအပေါ်တွင် ခွဲခန့်မှတ်သားပေးခြင်း**

ဘုရားသခင်ရဲ့ နိုင်ငံတော်၏ နောက်ဆုံးသော ပုံစံသည် မြေကြီးပေါ်တွင် မရောက်ရှိလာသေးပါ။ ၎င်းသည် အမှန်တကယ် ရောက်လာသောအခါ၊ မှောင်မိုက်၏ တန်ခိုးစွမ်းအားများသည် ရှုံးနိမ့်သွားပါလိမ့်မည်။ မကောင်းသော သဘာဝလွန် အုပ်စိုးသူများသည် လူမျိုးစုများအပေါ်ရှိ ၎င်းတို့၏ အုပ်ချုပ်ပိုင်ခွင့်အာဏာကို ထာဝရ ဆုံးရှုံးကြရပါလိမ့်မည်။ ၎င်းတို့သည် ဘုရားသခင်၏ အသစ်သော လူသားမျိုးနွယ် မိသားစုနှင့် ကောင်စီဖြင့် အစားထိုးခြင်းခံရပါလိမ့်မည်။ ဗျာဒိတ်ကျမ်းထဲတွင် ယေရှု ပြောဆိုထားသည့်အရာကို ကြည့်ပါ -

> သင်တို့သည် ရသမျှကို ငါလာသည်တိုင်အောင် စွဲကိုင်ကြလော့။ အကြင်သူသည် အောင်မြင်၍ အဆုံးတိုင်အောင် ငါ့အကျင့်ကို ကျင့်၏။ ငါ့ခမည်းတော်သည် ငါ့အားအခွင့်ပေးတော်မူသကဲ့သို့ လူမျိုးတို့ကို အုပ်စိုးစေခြင်းငှါ ထိုသူအား ငါသည်အခွင့်ပေးမည်။ ထိုသူသည် သူတို့ကို သံလှံတံနှင့် အုပ်စိုး၍ မြေအိုးကို ခွဲဖြတ်သကဲ့သို့ ခွဲဖြတ်လိမ့်မည်။ မိုးသောက်ကြယ်ကိုလည်း ထိုသူအား ငါပေးမည်။ (ဗျာဒိတ် ၂:၂၅-၂၈)

ယေရှုသည် ကမ္ဘာမြေအသစ်၊ ကမ္ဘာတစ်ဝှမ်းလုံးနှင့်ဆိုင်သော ဒေင်အသစ်ပေါ်၌ သူ၏ ပလ္လင်ကို လက်ခံရန် ပြန်ကြွလာသောအခါ၊ သူသည် သူ၏ ညီအစ်ကိုမောင်နှမအရင်းများနှင့် ၎င်းကို မျှဝေအသုံးပြုပါလိမ့်မည်။ ယုတ်ညံ့သော အထွတ်အထိပ်များနှင့် တန်ခိုးအာဏာစက်များသည် ၎င်းတို့ရာဇပလ္လင်များမှ လွှင့်ပစ်ခြင်းကိုခံရပါလိမ့်မည်။ ထို့နောက် ကျွန်ုပ်တို့သည် သူတို့၏ နေရာကို ခံယူကြပါမည်။ ၎င်းတို့၏ အုပ်ချုပ်ပိုင်ခွင့်အာဏာကို သစ္စာရှိသော ကောင်းကင်တမန်များအား ပေးမည်မဟုတ်ပါ။ ထိုအချိန်၌၊ ကျွန်ုပ်တို့သည် ကောင်းကင်တမန်များကို ဘုရားသခင်၏ နောက်ဆုံးသော နိုင်ငံတော်ထဲတွင် ဩဇာအာဏာ၌ သာလွန်ပါလိမ့်မည်။ ယေရှုသည် သူ၏လူသားမျိုးနွယ် ညီအစ်ကိုမောင်နှမများကို တာဝန်ပေးအပ်ပါလိမ့်မည်။

ဗျာဒိတ်ကျမ်း ၂:၂၈ တွင်ရှိသော နောက်ဆုံး ဖော်ပြချက်ကြောင့် သင် စိတ်ရှုပ်နေပါသလား။ "မိုးသောက်ကြယ်ကိုလည်း ထိုသူအား ငါပေးမည်။" ၎င်းသည် တကယ်ဘဲ ထူးဆန်းသည်ဟု ထင်ရပါသည်။ ဒါပေမဲ့ ယုတ်ညံ့သော တန်ခိုးအာဏာများကို ဖျက်စီးပြီးနောက်တွင် ကျွန်ုပ်တို့ဟာ ယေရှုနှင့်အတူ လူမျိုးတကာတို့အား အုပ်စိုးကြရလိမ့်မည်ဟု ၎င်းက ဆိုလိုထားပါသည်။ "မိုးသောက်ကြယ်" သည် ကောင်းသော၊ သဘာဝလွန် သက်ရှိအရာ တစ်ခုကို ဖော်ပြပါသည် (ယောဘ ၃၈း၇)။ ၎င်းသည် မေရှိယကို ရည်ရွယ်ပြောဆိုထားသည့် ဝေါဟာရ တစ်ခုလည်း ဖြစ်ပါသည်။ မေရှိယသည် ဘုရား-လူသား တစ်ဦး ဖြစ်သောကြောင့်၊ "ကြယ် အသုံးအနှုန်း" ကို တစ်ခါတစ်ရံ၌ သူ၏ အနာဂတ်နိုင်ငံတော်ကို ဖော်ပြဖို့ရန် အသုံးပြုထားပါသည်။ တောလည်ရာကျမ်း ၂၄း၁၇ က ဤသို့ ဆိုထားပါတယ် - "ကြယ်တစ်လုံးသည် ယာကုပ်အမျိုး၌ ပေါ်ထွန်း၍၊ ရာဇလှံတံသည် ဣသရေလလူမျိုး၌

ထင်ရှားလိမ့်မည်။" ဗျာဒိတ်ကျမ်းထဲတွင်၊ ယေရှုသည် မိမိကိုယ်ကို ဤပုံစံဖြင့် ဖော်ပြထားပါသည်၊ "ငါသည်ကား ဒါဝိဒ်၏ အမြစ်ဖြစ်၏။ အနွယ်လည်းဖြစ်၏။ ထွန်းတောက်သော မိုးသောက်ကြယ် လည်းဖြစ်၏" (ဗျာ ၂၂း၁၆)။

ဗျာဒိတ်ကျမ်း ၂း၂၅-၂၈ ၏ စကားအသုံးအနှုန်းသည် အစွမ်းထက်ပါသည်။ ယေရှုက သူသည် မေရှိယနှင့်သက်ဆိုင်သော မိုးသောက်ကြယ်ဖြစ်သည်ဟု ပြောဆိုသည်သာမ၊ ကျွန်ုပ်တို့အား မိုး သောက်ကြယ်ကိုလည်း ပေးပါသည်။ ဤအရာသည် သူက မေရှိယနှင့်သက်ဆိုင်သော အုပ်စိုးခြင်း ကို ကျွန်ုပ်တို့နှင့်အတူ မျှဝေထားသည်ဟု ပြောဆိုသည့် နည်းလမ်း တစ်မျိုး ဖြစ်ပါသည်။ ယုံကြည် သူများသည် အဓိကအချက်ကို မလွဲချော်စေဖို့အလို့ငှါ ဗျာဒိတ်ကျမ်း ၃း၂၀-၂၁ က ဤအကြောင်း အရာနှင့်စပ်လျဥ်း၍ ပို၍ပြောဆိုထားပါသည် -

> ငါသည် တံခါးရှေ့မှာ ရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါး ကို ဖွင့်အံ့၊ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်။ ငါသည် အောင်မြင်၍ ငါ့ခမည်းတော်၏ ပလ္လင်တော်ပေါ်မှာ ခမည်း တော်နှင့်အတူ။ ထိုင်နေသကဲ့သို့၊ အောင်မြင်သောသူသည် ငါ၏ ပလ္လင်ပေါ်မှာ ငါနှင့်အတူ ထိုင်နေရသောအခွင့်ကို ငါပေးမည်။ (ဗျာဒိတ် ၃း၂၀-၂၁)

သူ၏သားသမီးများကို သူ၏ထူးခြားသော လက္ခဏာအားဖြင့် ပိုင်ဆိုင်စေမည်ဆိုသည့် ဘုရားသခင် ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ အဘယ်ကြောင့် ယေရှုသည် ကျွန်ုပ်တို့ကို ကောင်စီထဲတွင် သူ၏ညီအစ်ကိုမောင်နှမများအနေဖြင့် မိတ်ဆက်ပေးပါသလဲ။ အဖြေသည် ဘုရားသခင်ဟာ နဂိုက တည်းက သူ ဖြစ်စေချင်ခဲ့သည်အတိုင်း ကျွန်ုပ်တို့ကို မြေကြီးအား အုပ်စိုးခြင်းအားဏာကို ပေးကမ်း နိုင်ပါသည်ဟု ဖြစ်ပါသည်။ ကောင်းကင်သည် ကမ္ဘာတစ်ဝှမ်းလုံးနှင့်ဆိုင်သော ဧဒင်အသစ်အားဖြင့် ပြန်လည်ရောက်ရှိလာပါလိမ့်မည်။

## ထာဝရတည်မြဲသော ဧဒင်

ကမ္ဘာဦးကျမ်း၏ ပထမဦးဆုံးသော အခန်းများမှစ၍၊ ဧဒင်သည် လူသားများအတွက်၊ သူ၏ ဝိညာဉ် "ပုံသဏ္ဍာန်ဆောင်သူများ" နှင့် သူ၏နိုင်ငံတော်အတွက် ဘုရားသခင်၏အစီအစဉ်ထဲတွင် အမြဲ တမ်း အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာထဲရှိ နောက်ဆုံးသော စာအုပ်၏ နောက်ဆုံး အခန်းထဲတွင် ဧဒင်ကို နောက်တစ်ကြိမ် ဖော်ပြသောအခါတွင် အံ့အားသင့်စ ရာ တစ်ခု မဟုတ်တော့ပါ။ ဘုရားသခင်၏ စုံလင်ပြီးသော အစီအစဉ်သည် ကျွန်ုပ်တို့ကို ဧဒင်သို့ ပြန်လည်ခေါ်ဆောင်သွားပါလိမ့်မည် -

တစ်ဖန် ကျောက်သလင်းကဲ့သို့ ကြည်လင်၍ ဘုရားသခင်နှင့် သိုးသူငယ်၏ ပလ္လင်တော်ထဲကထွက်သော အသက်ရေစီးရာမြစ်ကို ကောင်းကင်တမန်သည် ငါ့အား ပြလေ၏။ မြို့လမ်းမအလယ်၌၎င်း၊ ထိုမြစ်နှစ်ဖက်၌၎င်း၊ အသက်ပင်ရှိ၏။ ထိုအသက်ပင်သည် အသီးတစ်ဆယ့်နှစ်မျိုးကို သီးတတ်၏။ မိမိအသီးကိုလည်း လတိုင်းပေးတတ်၏။ အရွက်သည်လည်း လူအမျိုးမျိုးတို့၏ အနာရောဂါငြိမ်းစရာဖို့ ဖြစ်၏။ နောက်တစ်ဖန် ကျိန်ခြင်းဘေး တစ်စုံတစ်ခုမျှ မရှိ၊ ထိုမြို့၌ ဘုရားသခင်နှင့် သိုးသူငယ်၏ ပလ္လင်တော်ရှိ၍ ဘုရားသခင်၏ ကျွန်တို့သည် ဘုရားဝတ်ကိုပြုကြလိမ့်မည်။ မျက်နှာတော်ကို မြင်ရ၍ သူတို့နဖူး၌လည်း နာမတော် ရေးထားလျက်ရှိလိမ့်မည်။ ထိုမြို့၌ ညဉ့်မရှိရ၊ ဆီမီးကို အလိုမရှိ၊ နေ၏အရောင်ကိုလည်း အလိုမရှိ။ အကြောင်းမူကား၊ ထာဝရအရှင် ဘုရားသခင်သည် သူတို့၌ ရောင်ခြည်တော်ကို လွှတ်တော်မူ၍ သူတို့သည် ကမ္ဘာအဆက်ဆက် စိုးစံရကြလတံ့။ ဗျာဒိတ် ၂၂း၁-၅

အသက်ပင်၏အသီးဟာ လူမျိုးနွယ်စုများအား ကျန်းမာခြင်းပေးသည်ကို သင် သတိပြုမိပါသလား။ တစ်ချိန်က မကောင်းသော အုပ်စိုးသူများနှင့် တန်ခိုးအာဏာများ၏ အုပ်စိုးခြင်းကိုခံခဲ့ရသည့် လူမျိုးနွယ်စုများသည် ယခုအခါ သားတော်နှင့် သမီးတော်အသစ်များ - သင်နှင့် ကျွန်ုပ်၏ အုပ်စိုးခြင်းကို ခံရပါလိမ့်မည်။

ဤအရာသည် အသက်ပင်အကြောင်းကို ဗျာဒိတ်ကျမ်းထဲတွင် ပထမဦးဆုံးအကြိမ် ရေးသားဖော်ပြထားခြင်း မဟုတ်ပါ။ အဆုံးထိတိုင်အောင် သစ္စာရှိစွာ ယုံကြည်သူများကို ပြောဆိုရာတွင်၊ ယေရှုက ဤသို့ ပြောဆိုခဲ့ပါသည် (ဗျာဒိတ် ၂း၇၊ ၁၁)၊ "အကြင်သူသည် အောင်မြင်၏။ ထိုသူသည် ငါ၏ ပရဒိသုဥယျာဉ်၌ရှိသော အသက်ပင်၏အသီးကို စားစေခြင်းငှါ ငါအခွင့်ပေးမည် … အောင်မြင်သောသူကို ဒုတိယ သေခြင်းသည် မညှဉ်းဆဲရ။"

အသက်ပင်ကို ရည်ညွှန်းပြောဆိုခြင်းသည် ဧဒင်ဥယျာဉ်နှင့် ထင်ရှားစွာ ဆက်နွယ်မှုရှိနေပါသည်။ "ပထမဦးဆုံး သေဆုံးခြင်း" သည် အာဒံ၏ အပြစ်နှင့် ဧဒင်ဥယျာဉ်မှ မောင်းထုတ်ခံရခြင်းကြောင့် ဖြစ်ပေါ်လာသည့် ကိုယ်ခန္ဓာ၏ သေဆုံးခြင်းကို ဆိုလိုပါသည်။ လူသားအားလုံးဖြစ်သော၊ ယုံကြည်သူနှင့် မယုံကြည်သူ နှစ်မျိုးစလုံးကို နောက်ဆုံးသောတရားစီရင်ခြင်းအတွက် ဘုရားသခင်အား ရင်ဆိုင်ရန် ရှင်ပြန်ထမြောက်စေပါမည်။ "ဒုတိယမြောက် သေဆုံးခြင်း" ကို နောက်ဆုံးသော တရားစီရင်ခြင်း၌ မယုံကြည်သူများက ရင်ဆိုင်တွေ့ကြုံရပါမည် (ဗျာဒိတ် ၂၀း၈)။ ယေရှုကို ယုံကြည်သူများသည် ဘုရားသခင်နှင့်အတူ ဧဒင်ဥယျာဉ်သစ် တစ်ခု၌ ဆက်လက်နေထိုင်ခွင့်ရရှိပြီး ဒုတိယမြောက် သေဆုံးခြင်းကို ကြုံရမည်မဟုတ်ပါ။

**အဘယ်ကြောင့် ဤအရာသည် အရေးပါမှုရှိပါသလဲ**

များစွာသော ခရစ်ယာန်တို့သည် တမလွန်နှင့်စပ်လျဥ်း၍ လုံလောက်မှုမရှိသော အမြင် တစ်ခု ရှိကြပါသည်။ ၎င်းသည် မည်သည့်အရာနှင့်တူလိမ့်မည်ဖြစ်ကြောင်း သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို အကြောင်းအရာအလုံးစုံ ပြောပြထားခြင်းမရှိပါ။ ဒါပေမဲ့ အချို့သော အရာများကို ရှင်းပြထားပါသည်။ ကျွန်ုပ်တို့သည် မိုးတိမ်များပေါ်တွင် လွင့်ပါးနေစဉ်၌ မြူးဇစ်ကို တီးမှုလျက် အဆုံးမရှိသော ဝတ်ပြုကိုးကွယ်မှု သီချင်းများကို သီဆိုနေကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဆွေမျိုးများ သို့မဟုတ် သူငယ်ချင်းများနှင့် အာလာပသလ္လာပပြောဆိုရင်း ကောင်းကင်ဘုံ ဆိုဖာများပေါ်တွင် ထိုင်နေကြလိမ့်မည်မဟုတ်ပါ။

ထိုအစား၊ ကျွန်ုပ်တို့သည် ဧဒင်ဥယျာဉ်ထဲတွင် ဘုရားသခင် စီစဉ်ခဲ့သည့် အသက်တာမျိုးကို နေထိုင်ကြပါလိမ့်မည်။ ဘုရားသခင် လုပ်ဆောင်ထားသောအရာများကို မွေ့လျော်ခြင်းနှင့် ဂရုစိုက်ပေးရင်း အလုပ်ရှုပ်နေပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် တာဝန်များကို သူ့အား ဆက်လက်သစ္စာရှိသော သက်ရှိ ဝိညာဉ်များနှင့်အတူ လက်တွဲလျက် အလုပ်လုပ်ဆောင်နေပါလိမ့်မည်။ ကောင်းကင်နှင့် မြေကြီးသည် သီးခြား နေရာများ ဖြစ်တော့မည်မဟုတ်ပါ။

ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့၏ ကံကြမ္မာကို သိရှိခြင်းသည် ဤနေရာတွင် ယခု ကျွန်ုပ်တို့ နေထိုင်သည့် ပုံစံနှင့်စပ်လျဥ်း၍ ကျွန်ုပ်တို့၏ တွေးခေါ်မှုကို ပြောင်းလဲသင့်ပါသည်။ "ကျမ်းစာလာသည်နှင့်အညီ ဘုရားသခင်ကို ချစ်သော သူတို့အဖို့အလိုငှါ၊ ဘုရားသခင် ပြင်ဆင်တော်မူသော အရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့် မကြံစည်သေး" ဟု ရှင်ပေါလုက ပြောဆိုထားပါသည် (၁ ကော ၂း၉)။ ဤအရာကို သိရှိထားခြင်းသည် ကျွန်ုပ်တို့၏ ခမ်းနားကြီးကျယ်သော၊ ဘုန်းအသရေနှင့်ပြည့်စုံသော အနာဂတ်ဖြစ်ပြီး၊ ၎င်းသည် ကျွန်ုပ်တို့၏ လက်ရှိ အခြေအနေများကို မှန်ကန်သော မြင်ကွင်း၌ ထားရှိရာတွင် အထောက်အကူပြုပါသည်။

> သနားခြင်းကရုဏာ၏အဘ၊ သက်သာခြင်း အမျိုးမျိုးတို့၏အရှင်၊ ငါတို့သခင် ယေရှုခရစ်၏ ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ ငါတို့သည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကိုယ်တိုင်သက်သာခြင်းရှိသကဲ့သို့ ဒုက္ခဝေဒနာအမျိုးမျိုးကို ခံရသော သူတို့အား သက်သာစေနိုင်မည်အကြောင်း၊ ဒုက္ခဝေဒနာအမျိုးမျိုးတို့၌ ဘုရားသခင်သည် ငါတို့အား သက်သာစေတော်မူ၏ .... ညီအစ်ကိုတို့၊ အာရှပြည်၌ ငါတို့ခံရသော ဒုက္ခဝေဒနာသည် အသက်မလွတ်နိုင်ဟုထင်ရသည့်တိုင် မခံနိုင်အောင် အတိုင်းထက်အလွန် လေးလံစွာခံရကြောင်းကို သင်တို့မသိဘဲနေစေခြင်းငှါ ငါတို့အလိုမရှိ။ ငါတို့သည် မိမိကိုယ်ကို အစဉ်မကိုးစားဘဲ၊ သေသောသူတို့ကို ရှင်ပြန်ထမြောက်စေတော်မူသော ဘုရား

သခင်ကို ကိုးစားမည်အကြောင်း သေစေဟု စီရင်ခြင်းကို ကိုယ်တိုင်ခံရသကဲ့သို့ဖြစ်၏။ (၁ ကော ၁း၃-၉)

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဤအသက်တာ၌ ကာကွယ်စောင့်ရှောက်နိုင်ပါသည်။ ဒါပေမဲ့ ကျွန်ုပ်တို့သည် သေဆုံးသွားခဲ့လျှင်တောင်မှ၊ ကျွန်ုပ်တို့သည် ပလ္လင်ပေါ်မှာ ယေရှုနှင့်အတူ ထိုင်နေရသောအခွင့်ကို ရရှိရန် ရှင်ပြန်ထမြောက်ပါလိမ့်မည်။ (ဗျာဒိတ် ၃း၂၁)

ကျွန်ုပ်တို့သည် ယခု ဘုရားသခင်နှင့်အတူ ဒေင်ဥယျာဉ်ထဲတွင် နေထိုင်ခြင်း၏ ကျွန်ုပ်တို့၏ အနာဂတ် ခရီးပန်းတိုင်နှင့် ကိုက်ညီမှုရှိသော လူနေမှုဘဝပုံစံ တစ်ခုကို ရွေးချယ်နိုင်ပါသည် သို့မဟုတ် ကျွန်ုပ်တို့သည် မနာခံသောသူများ ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့၏ အနာဂတ်ကို သတိမူမိခြင်းသည် ယခု ကျွန်ုပ်တို့ ပြုလုပ်သည့် ရွေးချယ်မှုများနှင့် ယခု ကျွန်ုပ်တို့ ရှင်သန်နေထိုင်သည့်ပုံစံကို ပြောင်းလဲစေသင့်ပါသည်။ အကယ်၍ သင်သည် သင် မနှစ်သက်၍၊ ဝေဖန်ထားပြီး၊ အရေးမပါသောသူဟု သတ်မှတ်ထားသည့် လူပုဂ္ဂိုလ် တစ်ဦးနှင့် တစ်နေ့နေ့တွင် တိုက်ခန်း တစ်ခန်းကို မျှသုံးနေရလိမ့်မည် သို့မဟုတ် ရုံး တစ်ခုတည်း၌ အလုပ်လုပ်နေရလိမ့်မည်ကို သင် သိထားပါက၊ သင်သည် ယခုမှစ၍ ငြိမ်းချမ်းမှုကို လိုလားသောသူ တစ်ဦး၊ ခွန်အားပေးသူ တစ်ဦးနှင့် ထိုလူနှင့် မိတ်ဆွေသူငယ်ချင်း တစ်ဦးပင် ဖြစ်ဖို့ရန် ကြိုးစားလုပ်ဆောင်သင့်ပါသည်။ ကျွန်ုပ်တို့သည် ယခုအခါ ယုံကြည်သူ မိတ်ဆွေများကို အဘယ်သို့ အလွန် ဆိုးဝါးစွာ ဆက်ဆံနိုင်ပါသနည်း။ ဘယ်လိုကြောင့် ကျွန်ုပ်တို့သည် မယုံကြည်သူများအား ယေရှုထံသို့ရောက်အောင် အားပေးအားမြောက်ပြုရန် ကြီးစွာသော ကြိုးစားအားထုတ်မှုကို မပြုလုပ်နိုင်ရပါသလဲ။ ၎င်းအစား၊ ကျွန်ုပ်တို့သည် သူတို့ကို ရန်သူ တစ်ဦးအနေဖြင့် တိုက်ခိုက်ရန် မကြာခဏ ကြိုးစားလုပ်ဆောင်နေကြပါသည်။ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံရှိ ကျွန်ုပ်တို့၏ အနာဂတ်ကို မြင်ကွင်းထဲတွင် ရှိနေတာလည်းဖြစ်မယ်၊ မရှိတာလည်း ဖြစ်ပါမယ်။ လူတို့အပေါ်ရှိ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့၏ အာရုံစူးစိုက်မှုရှိသည့်နေရာကို ဖော်ပြပေးပါသည်။

သင့်ကို ပျော်ရွှင်နေစေဖို့ရန် ယေရှုသည် အဘယ်မျှလောက်သော ဩဇာအာဏာအား အုပ်စိုးဖို့ရန် အလိုငှါ ပေးဖို့ လိုအပ်ပါသလဲ။ ယေရှုထံမှ ထိုကဲ့သို့သော ဆုလက်ဆောင်တို့သည် အံ့ဩဖွယ်ရာဖြစ်သဖြင့်၊ မေးခွန်းသည် ထူးဆန်းတဲ့ပုံပေါ်နေနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယခု ဤနေရာ၌ သာ၍ မြင့်မားသော အဆင့်အတန်းအတွက် ယုံကြည်သူများနှင့် အဘယ်ကြောင့် ယှဉ်ပြိုင်နေကြပါသလဲ။ အဘယ်ကြောင့် ကျွန်ုပ်တို့သည် အခွင့်အရေး၊ အားရုံစိုက်ခြင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြိုးအမြတ်အတွက် တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်၍လုပ်ဆောင်နေကြပါသလဲ။ ကျွန်ုပ်တို့သည် ၎င်းတို့၏ ခရီးပန်းတိုင်နှင့်ပတ်သက်၍ ရှင်ပေါလု သတိပေးခဲ့ရသည့် ကောရိန္တု ယုံကြည်သူများထက်

သာ၍မကောင်းကြသလော့။ ကျွန်ုပ်တို့သည် ယေရှုနှင့်အတူတကွ အုပ်စိုးရန်နှင့် အုပ်ချုပ်ရန် ကျေနပ်အားရနေတာလည်းဖြစ်နိုင်သလို၊ ကျေနပ်အားရမှုမရှိတာလည်း ဖြစ်နိုင်ပါသည်။

ခရစ်ယာန်၊ သင်၏ အသက်တာကို သင် မည်သူမည်ဝါဖြစ်ကြောင်းနှင့် သင့်အတွက် ဘုရားသခင်ပြင်ဆင်ထားသော အစီအစဉ်များကို သင် သိထားသကဲ့သို့ အသက်ရှင်သွားဖို့ရန် အချိန်ကျပြီဖြစ်ပါတယ်။

## နိဂုံး

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ခရီးစဉ်၏ အဆုံးပိုင်းသို့ ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခရီးစဉ်ကို ယခုမှ အစပြုရုံသာရှိပါသေးသည်ဟု ပြောဆိုရန် ပို၍ကောင်းပါသည်။ ကျွန်ုပ်တို့သည် အချို့ အခြေခံကျသော မေးခွန်းများကို ထည့်သွင်းစဉ်းစားထားပါသည် - အခြားသော သဘာဝလွန် သက်ရှိအရာများသည် တည်ရှိကြပါသလား။ အကယ်၍ သူတို့သည် တည်ရှိကြပါက၊ ထိုအရာသည် သမ္မာကျမ်းစာက သွန်သင်ပေးသည့်အရာကို ကျွန်ုပ်တို့ နားလည်သဘောပေါက်သည့် ပုံစံအား များစွာသော ပြောင်းလဲမှုရှိစေပါသလား။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာထဲတွင် ဖော်ပြထားသည့် မမြင်ရသော လောကကို ယုံကြည်ပါက ၎င်းသည် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းအတွက် မည်သည့် အဓိပ္ပါယ်သက်ရောက်ပါသလဲ။ ကျွန်ုပ်သည် ထူးခြားဆန်းကြယ်ပြီး၊ လစ်လျူရှုခြင်းခံထားရသည့် သမ္မာကျမ်းစာ၏ အစိတ်အပိုင်းတို့ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ကျွန်ုပ်သည် သမ္မာကျမ်းစာအုပ်ထဲရှိ သဘာဝလွန် အနက်အဓိပ္ပါယ်များ အားလုံးကို စတင်၍နားလည်သဘောပေါက်လာသောအခါ၊ ကျွန်ုပ်သည် များစွာသော အကြောင်းအရာတို့ကို ကွဲပြားစွာ စဉ်းစားဖို့လိုအပ်ခဲ့ကြောင်း ကျွန်ုပ် သိမြင်လာခဲ့ပါသည်။ ဒါပေမဲ့ ကျွန်ုပ်သည် စကားလုံး နှစ်လုံးအားဖြင့် ထိုအရာအားလုံးကို အကျဉ်းချုပ်နိုင်ပါသည် - ထင်ရှားသော လက္ခဏာနှင့် ရည်ရွယ်ချက်။ သင်သည် ဤစာအုပ်ကို ဖတ်ရှုပြီးသောအခါတွင် သင်၏ "ထင်ရှားသော လက္ခဏာ" နှင့် "ရည်ရွယ်ချက်" အကြောင်း စဉ်းစားရန် စိန်ခေါ်ခြင်းကို သင်ခံရပြီးပြီဟု ကျွန်ုပ် မျှော်လင့်ပါသည်။

### ကျွန်ုပ်တို့၏ ထင်ရှားသော လက္ခဏာ - ကျွန်ုပ်တို့သည် ဘုရားသခင်၏ မိသားစုထဲတွင် နေအိမ်တစ်လုံး ရှိပါသည်

ကျွန်ုပ် ရေးသားထားသောအရာဟာ ခရစ်ယာန် တစ်ဦးဖြစ်ခြင်းသည် မည်သည့်အရာကို ဆိုလိုကြောင်း ကျွန်ုပ်တို့ ထင်မှတ်ထားသည့်အရာအတွက် အရေးကြီးသော ဆိုလိုချက်များ ပါရှိပါသည်။ ယုံကြည်သူ တစ်ဦး ဖြစ်ခြင်းသည် "ခရစ်တော်၌ တည်ရှိခြင်း" ကို ဆိုလိုကြောင်း ဓမ္မသစ်ကျမ်းက မကြာခဏ ပြောဆိုထားပါသည်။ ကျွန်ုပ်တို့သည် ဓမ္မဟောင်းကျမ်း၏ မကောင်းသော သဘာဝလွန် အုပ်စိုးသူများဟာ အစစ်အမှန်ဖြစ်ကြောင်း နားလည်သဘောပေါက်သောအခါ၌၊ ဣသရေလလူမျိုးတို့၏ ဘုရားသခင်၏ ရှေ့မှောက်၌ အခြားသော ဘုရားမရှိရဆိုသည့် ဘုရားသခင်၏ ပထမဦးဆုံးသော ပညတ်တရားသည် အလွန် နားလည်ရလွယ်ကူလာပါသည်။ မိန့်ကြားချက်သည် ပိုက်ဆံ၊ သို့မဟုတ် လှေများ သို့မဟုတ် ကားများကို အလွန်များသော အရေးပေးခြင်းအကြောင်းအရာ မဟုတ်ပါ။ ၎င်းသည် သူ၏လူမျိုးများအတွက် ဘုရားသခင်၏မနာလိုသော ချစ်ခြင်းမေတ္တာနှင့် ၎င်းတို့ကို မှောင်မိုက်၏ တန်ခိုးအာဏာစက်များထံမှ ကာကွယ်ပေးခြင်းအကြောင်း ဖြစ်ပါသည်။ ပညတ်

တရားသည် ၎င်း ပြောဆိုထားသည့်အရာကို အမှန်တကယ် အဓိပ္ပါယ်ရပါသည်။ အမြင့်ဆုံးသော ဘုရားသခင်မှတပါး အခြားသော ဝိညာဉ်ထံ၌ သစ္စာခံခြင်းသည် ရှုံးမိုက်ရာကျပါသည်။

လူတို့သည် မကောင်းသော သဘာဝလွန် တန်ခိုးစွမ်းအားများအောက်၌ ကျေးကျွန်များဖြစ်လာကြခြင်းသည် စစ်မှန်သော ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခြင်း၏ ဆိုးဝါးသော အကျိုးဆက်ဖြစ်ပါသည်။ လူတို့သည် သူတို့၏ ဖန်ဆင်းရှင်ကို အကြိမ်ပေါင်းများစွာ ငြင်းပယ်သောအခါ၊ သူသည် ပုန်ကန်သူ ဝိညာဉ်များနှင့် ၎င်းတို့နောက် လိုက်လျှောက်သော လူသားများအား ပြစ်ဒဏ်ပေးခဲ့ပါသည်။ ကျွန်ုပ်တို့အားလုံးသည် တစ်ချိန်က စွန့်ပယ်ခြင်းခံရ၍ မှောင်မိုက်၏ ယုတ်ညံ့သော တန်ခိုးအာဏာစက်များ၏ ပျက်ဆီးခြင်းနှင့် အမြတ်ထုတ်ခြင်းတို့ထံ၌ ကျွန်ပြုခြင်းကိုခံရပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ ဝေးကွာခဲ့ကြပြီး သူ၏ ပဋိညာဉ်တရားနှင့်ဆိုင်သော ချစ်ခြင်းမေတ္တာ၏ ပြင်ပလူများဖြစ်ခဲ့ကြသည်ဟု ပေါလုက ဆိုထားပါသည် (ဧဖက် ၂း၁၂)။ ကျွန်ုပ်တို့သည် ပျောက်ဆုံးနေခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် မှောင်မိုက်တရား၏ နိုင်ငံတော်ထဲရှိ အကျဉ်းချခံထားရသူများ ဖြစ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် အမြင့်ဆုံးသောဘုရားသခင်၏ရန်သူများ ဖြစ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ယုတ်ညံ့သော သဘာဝလွန် အုပ်စိုးသူများ၏လက်အောက်၌ ကျေးကျွန်များ ဖြစ်ခဲ့ကြပါသည် (ဧဖက် ၄း၁၈၊ ကော ၁း၂၁)။

လူသားများ၏ အခြေအနေကို နားလည်သဘောပေါက်ခြင်းအရာသည် သားအရာ၌ထားခြင်းနှင့် အမွေဆက်ခံခြင်းနှင့်စပ်ဆိုင်သော သမ္မာကျမ်းစာ၏ သွန်သင်မှုကို ပို၍ အဓိပ္ပါယ်ရှိလာစေပါသည်။ ၎င်းသည် ကျွန်ုပ်တို့ကို ၎င်းတို့၏ အနက်အဓိပ္ပါယ်အား နားလည်စေရန် နောက်ခံအကြောင်းအရင်းတစ်ခုကို ပေးပါသည်။ ဘုရားသခင်သည် မြေကြီးပေါ်၌ သူ၏မိသားစုနှင့်အတူ နေထိုင်မည့် သူ၏ အစီအစဉ်ကို ပြောင်းလဲရန် သို့မဟုတ် ရပ်တန့်ရန် ဆန္ဒမရှိပါ။ သူသည် သူ၏ သားသမီးများနှင့်အတူ ဖန်ဆင်းခဲ့သည့် ကမ္ဘာကြီးကို ပျော်မွေ့ဖို့ရန် သူ၏အစီအစဉ်အား ပြီးမြောက်စေဖို့ အလေးအနက်တိုက်တွန်းခဲ့ပါသည်။ ဗာဗုလုန်၌ သူသည် ပုန်ကန်သူ လူသားများ အားလုံးကို ကျောခိုင်းထားခဲ့ပါသည်၊ သို့ရာတွင် သိပ်မကြာခင်၌ သူသည် အာဗြဟံကို ခေါ်ယူပြီး၊ မိသားစုအသစ် တစ်စုကို မွေးထုတ်ခဲ့ပါသည်။ အာဗြဟံသည် ထို စွန့်ပယ်ခြင်းခံရသော လူမျိုးစုများက သူ့ထံသို့ ပြန်လာစေနိုင်မည့် သူ၏ အစီအစဉ်၏ အစိတ်အပိုင်း ဖြစ်ခဲ့ပါသည် (တမန်တော် ၁၇း၂၆-၂၇)။

သမ္မာကျမ်းစာထဲ၌ရှိသော ဝိညာဉ် လောက၏ အဖြစ်အမှန်ကို ယုံကြည်ခြင်းသည် သမ္မာကျမ်းစာကို မှန်ကန်စွာ နားလည်သဘောပေါက်ဖို့ရန်အတွက် ပဓာနကျပါသည်။ ၎င်းက ရုပ်တုကိုးကွယ်ခြင်းအပြစ်သည် အဘယ်ကြောင့် အခြားသော မည်သည့် အပြစ်မဆိုထက် ကွဲပြားခြားနားကြောင်းကို ရှင်းပြထားပါသည်။ လူတို့သည် လွဲမှားခြင်းမရှိစေဖို့ရန် ရုပ်တုကိုးကွယ်ခြင်း အပြစ်ကို အရေးကြီးဆုံးသောနေရာတွင် ဖော်ပြထားပါသည်။ ဣသရေလလူမျိုးတို့ကို ဘုရားသခင်အား သစ္စာရှိစေဖို့ရန်

ဖန်ဆင်းခဲ့ပါသည်။ ဒါပေမဲ့ သူတို့ဟာ အခြားသော ဘုရားများကို ကိုးကွယ်ခဲ့ကြပါသည်။ ထိုအခါ ဣသရေလလူမျိုးတို့အား ကတိတော်နယ်မြေမှ နယ်နှင်ဒဏ် စေလွှတ်ခဲ့ပါသည်။ ဘုရားသခင်သည် အခြားသော တိုင်းနိုင်ငံများအားပြုသကဲ့သို့ ဣသရေလလူမျိုးတို့ကို လစ်လျူရှုခဲ့ပါသည်။ ဤအရာမှာ သမ္မာကျမ်းစာထဲရှိ ကယ်တင်ခြင်းကို အဘယ်ကြောင့် ယုံကြည်ခြင်းကဲ့သို့ အမြဲတမ်း ဖော်ပြထားရသည့် အဓိက အကြောင်းအရင်းတစ်ခု ဖြစ်ပါသည်။ ဘုရားသခင်သည် သာ၍ ကောင်းမွန်သော အပြုအမူနှင့် ကောင်းကျိုးကို ရှာဖွေနေခြင်းမဟုတ်ပါ။ သူသည် ယုံကြည်ခြင်းကို ရှာဖွေနေခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် သစ္စာရှိသော ယုံကြည်သူများကို အလိုရှိပါသည်။ ကျွန်ုပ်တို့သည် အမြင့်ဆုံးသော ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ နှလုံးသားကို ပေါင်းစည်းပေးရန် ရွေးချယ်သောအခါ၊ သူသည် ကျွန်ုပ်တို့ကို မှောင်မိုက်၏ တန်ခိုးစွမ်းအားများထံမှ ကယ်တင်ပါလိမ့်မည်။ အကယ်၍ ကျွန်ုပ်တို့သည် အခြားသော ဝိညာဉ်နောက်သို့ လိုက်လျှောက်ပါက၊ ကျွန်ုပ်တို့သည် နောက်ပိုင်းတွင် ကျွန်ုပ်တို့အား မကောင်းသော သီးနှံများကို ပေးမည့် ကျွန်ုပ်တို့ ရိတ်သိမ်းရမည့် မကောင်းသော မျိုးစေ့ တစ်စေ့ကို စိုက်ပျိုးနေခြင်းဖြစ်ပါသည်။

သစ္စာရှိသော ယုံကြည်သူတစ်ဦးဖြစ်ခြင်းသည် လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှုလုပ်ဆောင်ခဲ့သည့်အရာ၌ ယုံကြည်ကိုးစားခြင်းသည် ကျွန်ုပ်တို့၏ အကျိုးကျေးဇူးအတွက်ဖြစ်သည်ဟု အဓိပ္ပါယ်သက်ရောက်ပါသည်။ သူသည် လူသားဇာတိကိုခံယူထားသော ဘုရားဖြစ်ပြီး၊ အခြား အဘယ်သူကမျှ၎င်းကဲ့သို့ လုပ်ဆောင်နိုင်စွမ်းမရှိခဲ့ပါ။ မှန်ကန်သော အသက်တာ တစ်ခုကို ရှင်သန်ပြီး၊ ကောင်းကျိုးများကို ဆောင်ရွက်ခြင်းအရာသည် ကျွန်ုပ်တို့ကို ချစ်ဖို့ရန်နှင့် ကယ်တင်ဖို့ရန် ဘုရားသခင်အား တွန်းအားမပေးပါ။ ကျွန်ုပ်တို့သည် သူ၏ ပညတ်တရားများကို လိုက်နာပြီး၊ မှန်ကန်သော အသက်တာ တစ်ခုကို ရှင်သန်ကြပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့အတွက် သူ လုပ်ဆောင်ပေးခဲ့သည့် အရာအတွက် ကျွန်ုပ်တို့သည် ကျေးဇူးတင်သောကြောင့် ဖြစ်ပါသည်။ သူ၏ပညတ်တရားများသည် ကျွန်ုပ်တို့ကို ရှင်သန်နေထိုင်ရန် အကောင်းဆုံးသော နည်းလမ်းအား သွန်သင်ပေးပါသည်၊ ထို့အပြင် ပျော်ရွှင်မှုနှင့် ရောင့်ရဲခြင်းသို့ ပို့ဆောင်ပေးပါလိမ့်မည်။ သူ့အသက်တာ၏ ပြုမူပုံသည် အဆုံးပိုင်းတွင် ကျွန်ုပ်တို့နှင့် အခြားသူများကို ပျက်ဆီးစေသည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းမှ ကျွန်ုပ်တို့ကို ထိန်းကျောင်းပေးပါလိမ့်မည်။ သူ၏နည်းလမ်းအတိုင်း အသက်တာကို ရှင်သန်ခြင်းသည် ကျွန်ုပ်တို့ကို ဘုရားသခင်နှင့် အခြားသော သူ၏ မိသားစုနှင့်အတူ သဟဇာတဖြစ်စေပါလိမ့်မည်။ ကျွန်ုပ်တို့၏မိသားစုသည် ယခုအခါ အမြင့်ဆုံးသော ဘုရားသခင်ကို သစ္စာရှိသော လူသားများနှင့် ဝိညာဉ်များ ပါဝင်ကြပါသည်။ ကျွန်ုပ်တို့အားလုံးသည် ဧဒင်ဥယျာဉ်သစ်ထဲ၌ သူ၏နိုင်ငံတော်ထဲတွင် အတူတကွ နေထိုင်ကြပါလိမ့်မည်။

**ကျွန်ုပ်တို့၏ ရည်ရွယ်ချက် - ကျွန်ုပ်တို့အားလုံးသည် ဒေသဥယျာဉ်ကို နဂိုအတိုင်းပြန်ဖြစ်စေမည့် ဘုရားသခင်၏ အစီအစဉ်ထဲတွင် အခန်းကဏ္ဍ တစ်ခု၌ ပါဝင်ကြပါသည်**

ဘုရားသခင်၏ မိသားစုဝင်ဖြစ်ခြင်းသည် အခြေအနေ တစ်ရပ်သာရှိပါသည် - ယေရှုခရစ် အနေဖြင့် ကျွန်ုပ်တို့ထံ ကြွဆင်းလာခဲ့သည့် ဘုရားတကာတို့၏ ဘုရား၌ ယုံကြည်ခြင်း။ မိသားစုဝင်ဖြစ်ခြင်းသည် အံ့ဩဖွယ်ကောင်းသော အထူးအခွင့်အရေးများအား ကျွန်ုပ်တို့ကို ပေးရုံသာမကဘဲ အသက်တာ၌ ရှင်းလင်းသော ရည်ရွယ်ချက် တစ်ခုကိုလည်း ပြင်ဆင်ပေးပါသည်။

ဘုရားသခင်၏ မိသားစုဝင်များ၌ တာဝန် တစ်ခု ရှိပါသည်။ သူတို့သည် ကောင်းမွန်သော အုပ်စိုးခြင်းကို လူတို့အား ဘုရားသခင်၏ မိသားစုထဲသို့ ဝင်ရောက်လာရန် ဖိတ်ခေါ်ခြင်းအားဖြင့် တိုင်းနိုင်ငံအားလုံး၌ ပြန့်နှံ့စေရာတွင် ဘုရားသခင်၏ ကိုယ်စားလှယ်များ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် <u>တမန်တော် အခန်းကြီး ၂</u> တွင် အစပျိုးခဲ့သည့် နိုင်ငံတော်များ၏ ကြီးမားသော ကပြောင်းကပြန်ဖြစ်ခြင်းကို ဆက်လက်လုပ်ဆောင်ရန် ဘုရားသခင်၏ နည်းလမ်းဖြစ်ကြပါသည်။ ထိုဖြစ်ရပ်သည် "အသင်းတော်" နှင့် "ခရစ်တော်၏ ကိုယ်ခန္ဓာ" ဟု ခေါ်သော ယုံကြည်သူ တစ်စုကို ဖန်တီးပေးခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဤတာဝန်ကို ယေရှု ပြန်ကြွလာသည့် အချိန်တိုင်အောင် လုပ်ဆောင်ရပါမည်။ မကောင်းမှုသည် ပထမ ဒေသ်၏ ကျရှုံးမှုပြီးနောက်၌ ရောဂါပိုး တစ်ခုကဲ့သို့ လူသားအားလုံးထံတွင် ပြန့်နှံ့သွားခဲ့ပါသည်။ သတင်းကောင်းမှာ ဖြေဆေး ဖြစ်ပါသည်။ ပျောက်ကင်းသက်သာပြီးသော လူသားများသည် ဖြေဆေးအား အခြားသော ကုးစက်ခံရသူများကို ဝေမျှပေးနိုင်ပါသည်။ ကျွန်ုပ်တို့သည် ယခု အမြင့်ဆုံးသော ဘုရားသခင်နှင့်စပ်လျဉ်း၍ သမ္မာတရား၏ သတင်းကောင်းကို သယ်ဆောင်ပေးသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် သူ၏ချစ်ခြင်းတရားကို လူမျိုးနွယ်စု အားလုံးအတွက် ဖြန့်ဝေပေးနိုင်ပါသည်။ ကျွန်ုပ်တို့သည် သူ၏ မိသားစုနှင့်အတူ သူ ဖန်ဆင်းထားသော မြေကြီးပေါ်တွင် နေထိုင်မည့် သူ၏ အစီအစဉ်အကြောင်း သတင်းအချက်အလက်ကို ဖြန့်ဝေနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဒေသဥယျာဉ်သစ် တစ်ခုကို ဖန်တီးမည့် သူ၏ အစီအစဉ်အကြောင်းကို ပြောကြားနိုင်ပါသည်။

ကမ္ဘာကြီး၏ တိုက်ကြီးများသည် နှစ်စဉ်နှစ်တိုင်း အကွာအဝေး အနည်းငယ် ရွေ့လျားသွားသည်ဆိုသည်မှာ သိပ္ပံနည်းကျသော အဖြစ်မှန် တစ်ခု ဖြစ်ပါသည်။ ဒါပေမဲ့ ဤ ရွေ့လျားမှုသည် လူသားများ၏ အသိဉာဏ်များအတွက် ရှာဖွေမတွေ့ရှိနိုင်ပါ။ ကျွန်ုပ်တို့သည် ၎င်းအကြောင်းကို သိကြသည်မှာ ၎င်းအရာ ဖြစ်ပျက်ပြီးနောက် ကျွန်ုပ်တို့သည် ပြောင်းလဲမှုကို စေ့စပ်သေချာစွာ တိုင်းတာပြီး ရှာဖွေတွေ့ရှိသောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်၏ နိုင်ငံတော်၏ ပြန့်နှံ့ခြင်းသည်လည်း ထိုနည်းအတိုင်း ဖြစ်ပါသည်။ ၎င်းသည် အချိန်နှင့်အမျှ ရွေ့လျားနေပြီး ကြီးထွားနေပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ၎င်း၏ ကြီးထွားမှုကို ကျွန်ုပ်တို့၏ ကိုယ်ပိုင် မျက်စိများဖြင့် မမြင်တွေ့နိုင်ပါ။ နေ့

စဉ်နေ့တိုင်း မကောင်းသော သဘာဝလွန် အုပ်စိုးသူများအောက်တွင်ရှိသော ၎င်းတို့၏ မှောင်မိုက်တရား၏နိုင်ငံတော်မှ ၎င်းတို့၏ ကျွန်ဘဝကို စွန့်ခွာနေကြသည့် လူများစွာ ရှိကြပါသည်။ ဤလူများသည် ဘုရားသခင်၏ မိသားစုထံ လာရောက်ပူးပေါင်းကြပါသည်၊ ထိုအခါ သူ၏ နိုင်ငံတော်သည် နောက်ထပ် လူတစ်ဦးထံသို့ ပြန့်သွားပါသည်။ သတင်းကောင်းထဲတွင်ပါရှိသည့် ဘုရားသခင်၏ ဘုန်းတန်ခိုးသည် လူသေတို့၏အရှင်သခင် အောက်၌ရှိသော လူသားများကို ၎င်းတို့၏ အကျဉ်းထောင်မှ တစ်ယောက်ပြီး တစ်ယောက် လွတ်မြောက်ခွင့်ပေးပါသည်။ ဒါပေမဲ့ ဤမမြင်ရသော ကြီးထွားမှုသည် အမှန်တကယ် ဖြစ်ပျက်နေပါသည်။

ကျွန်ုပ်တို့သည် မြင်တွေ့ရခြင်းမရှိလျှင်တောင်မှ ဘုရားသခင်သည် သူ၏ အစီအစဉ်ကို ပြီးမြောက်အောင်လုပ်ဆောင်နေဆဲဖြစ်ကြောင်း ကျွန်ုပ်တို့သည် နားလည်၍ ယုံကြည်ပါက၊ ဤ ကြီးမားသော နိုင်ငံတော် ကပြောင်းကပြန်ဖြစ်ခြင်းအမှု၌ ပါဝင်ပတ်သက်နိုင်ကြပါသည်။ ကျွန်ုပ်တို့သည် မမြင်ရသော၊ သဘာဝလွန် လောကကို ယုံကြည်ပြီး၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသက်တာ များနှင့် တိုင်းနိုင်ငံများ၏ ကြီးမားသော အဖြစ်ပျက်များ၌လည်း သက်ဝင်လှုပ်ရှားမှုရှိနေသည်ကို မယုံကြည်ပါက၊ ၎င်းသည် အဓိပ္ပါယ်မရှိပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ရည်ရွယ်ချက်ဖြင့် အသက်ရှင်စေချင်ပါသည်။ သူသည် သူ၏အစီအစဉ်အာ ပြီးမြောက်စေရန် သူ၏ မမြင်ရသော လုပ်ဆောင်ချက်များနှင့် သစ္စာရှိသော ဝိညာဉ်များသည် လုပ်ဆောင်နေကြကြောင်း ကျွန်ုပ်တို့ကို ယုံကြည်စေချင်ပါသည် (ဟေဗြဲ ၁း၁၄)။ ကျွန်ုပ်တို့သည် မမြင်ရသောလည်းဘဲ၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသက်တာများ၌ လှုပ်ရှားမှုရှိနေပါသည်။ ထို့အပြင် တစ်ကမ္ဘာလုံးဆိုင်ရာ ဒေင် တစ်ခုနှင့်စပ်လျဉ်း၍ ဘုရားသခင်၏ ပန်းတိုင်သည် တားဆီး၍မရအောင် ရှေ့ဆက်နိုင်စေဖို့ရန် အတူတကွ သူသည် ကျွန်ုပ်တို့ကို သူနှင့် ပူးပေါင်းစေချင်ပါသည်။

ဘုရားသခင်သည် အခြားသူများကို ၎င်းတို့၏ ကျွန်ဘဝမှ လွတ်မြောက်အောင် ကူညီစေဖို့ရန် ယေရှုနှင့် ဘုရားသခင်၏ နိုင်ငံတော်ထံသို့ သူတို့ကို ညွှန်ပြပေးခြင်းအားဖြင့် သင့်ကို အသုံးပြုချင်ပါသည်။ နေ့စဉ်နေ့တိုင်း ကျွန်ုပ်တို့သည် မှောင်မိုက်တရား၏ အုပ်စိုးမှုအောက်၌ရှိသော လူများနှင့် တွေ့ဆုံလေ့ရှိကြပါသည်။ ဤအရာများသည် သူတို့ကို ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များအားဖြင့် သနားကြင်နာခြင်းနှင့် တရားမျှတခြင်းကို ထုတ်ဖော်ပြသရန် အခွင့်အရေးများ ဖြစ်ပါသည်။ ဤအရာသည် ဆိုးယုတ်၍ မစုံလင်သော လောကတစ်ခု၌ ကျွန်ုပ်တို့ အသက်ရှင်နေစဉ်တွင် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ ရည်ရွယ်ချက် ဖြစ်ပါသည်။ ကျွန်ုပ်တို့ လုပ်ဆောင်သောအရာနှင့် ပြောဆိုသမျှတိုင်းသည် အရေးကြီးပါသည်။ ကျွန်ုပ်တို့သည် အကျိုးရလဒ်များကို တွေ့မြင်ရခွင့် သို့မဟုတ် ၎င်းသည် အဘယ်ကြောင့် အခြားသူများအား အကျိုးသက်ရောက်မှုရှိစေခဲ့သည်ကို သိရှိခွင့်အား ဘယ်သောအခါမှ ရရှိချင်မှရရှိပါလိမ့်မည်။ ကျွန်ုပ်တို၏ အလုပ်မှာ မမြင်တွေ့ရန် သို့မဟုတ် မသိရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အလုပ်သည် ၎င်းကို လုပ်ဆောင်ရန်သာ ဖြစ်ပါသည်။ ယုံကြည်ခြင်းဖြင့်

အသက်ရှင်ခြင်းသည် အလိုအလျောက် ဖြစ်ပေါ်လာသော တစ်စုံတစ်ရာ မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အစီအစဉ်နှင့် ကျွန်ုပ်တို့အတွက် သူ၏ရည်ရွယ်ချက်ကို လိုက်နာလျက် အသက်ရှင်ရန် ရွေးချယ်ဖို့ လိုအပ်ပါသည်။

## အပြစ်လွှတ်ခြင်းဆိုင်ရာ ဆုတောင်းခြင်း

### အပြစ်လွှတ်ခြင်းဆိုင်ရာ ဆုတောင်းခြင်း - တန်ဖိုးကြီးမားသော လက်ဆောင် တစ်ခု

အပြစ်လွှတ်ခြင်းဆိုင်ရာ ဆုတောင်းခြင်းသည် အသက်တာ၏ တစ်ချိန်ချိန်၌ ကျွန်ုပ်တို့အားလုံး ကြိုးစားရှာဖွေသည့်အရာ တစ်ခုဖြစ်ပါသည်။ ခွင့်လွှတ်ခြင်းသည် လွယ်ကူစွာ မရရှိသလို၊ လွယ်ကူစွာ ပေးကမ်း၍လည်း မရနိုင်သည့် တန်ဖိုးကြီးမားသော လက်ဆောင်တစ်ခုဖြစ်ပါသည်။ အပြစ်မှလွှတ်ခြင်းသည် အသက်တာအတွက် မရှိမဖြစ်အရာ ဖြစ်ပါသည်၊ ၎င်းသည် ကျွန်ုပ်တို့ကို အတိတ်မှ အမှားများထံမှ လွတ်မြောက်စေပြီး၊ အနာဂတ်အတွက် မျှော်လင့်ချက်ကို ပေးပါသည်။ လူသားများအတွက် အသေခံဖို့ရန် မြေကြီးပေါ်သို့ ယေရှု ခရစ်တော် ကြွလာခြင်းသည် အပြစ်မှလွှတ်ခြင်းအတွက် ဖြစ်ပါသည်။

### အပြစ်လွှတ်ခြင်းဆိုင်ရာ ဆုတောင်းခြင်း - ယေရှု ခရစ်အားဖြင့် ဖြစ်မြောက်နိုင်ခဲ့ပါသည်

အပြစ်မှလွှတ်ခြင်းအတွက် ဆုတောင်းခြင်းသည် ဘုရားသခင်ထံ ယဇ်ပူဇော်သည့် ဆုတောင်း တစ်မျိုးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး တိုက်ရိုက် ထိခိုက်နာကျင်စေကြသော်လည်းဘဲ၊ ကျွန်ုပ်တို့၏ ဒုစရိုက်အပြစ်များ အားလုံးသည် နောက်ဆုံး၌ ဘုရားသခင်ကို ထိခိုက်နာကျင်စေပါသည်။ ဤအရာသည် အဘယ်သို့ ဖြစ်နိုင်သည်ကို သင် စဉ်းစားနေနိုင်ပါသည်။ ကျွန်ုပ်တို့၏ ဒုစရိုက်အပြစ်များသည် အရာအားလုံးတတ်စွမ်းနိုင်သော စကြဝဠာ ဖန်ဆင်းရှင်အား အဘယ်သို့ ထိခိုက်နာကျင်စေနိုင်ပါသလဲ။ ဘုရားသခင်က အရေးတောင်စိုက်ပါရဲ့လား။ ကမ္ဘာဦးကျမ်း ၆ ထဲတွင်၊ ဘုရားသခင်ဟာ လူသားများက တစ်ဦးပေါ်တစ်ဦး ထိခိုက်စေခဲ့သည့် အမှားများ အားလုံးအတွက် ဝမ်းနည်းကြေကွဲခဲ့ရသည်ကို ကျွန်ုပ်တို့ တွေ့မြင်ရပါသည် - "မြေကြီးပေါ်မှာ လူအပြစ်ကြီး၍၊ သူ၏ စိတ်နှလုံးအကြံအစည် ရှိသမျှတို့သည် အစဉ်မပြတ် ဆိုးညစ်ခြင်း သက်သက်ရှိကြောင်းကို၊ ဘုရားသခင် သိမြင်တော်မူလျှင်၊ မြေကြီးပေါ်မှာ လူကို ဖန်ဆင်းတော်မူသည်ကို နောင်တရ၍၊ နှလုံးတော် ပူပန်လျက်ရှိတော်မူ၏" (က ၆း၅-၆)။

အရာအားလုံးကိုသိသော ဘုရားသခင်သည် မကောင်းမှုအကြောင်း တွေးလိုက်ရုံမျှနှင့်ပင် ဝမ်းနည်းကြေကွဲခဲ့ပါသည်။ ထို့ကြောင့် နောက်ဆုံးသော အပြစ်လွှတ်ခြင်းသည်လည်း ဘုရားသခင်ထံမှ လာရပါမည်။ သို့ရာတွင် သူ၏ တရားမျှတခြင်းကြောင့်၊ အပြစ်လွှတ်ခြင်းကို အခမဲ့မပေးနိုင်ပါ။ ဘုရားသခင်အတွက် တရားမျှတသော တရားသူကြီး တစ်ဦးဖြစ်ဖို့ရန်မှာ အမှားတိုင်းကို ထည့်တွက်ရပါမည်။ ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ဖို့ရန် ယေရှု ခရစ်တော်သည် ကားမဲလ်တောင်ပေါ်ရှိ လက်ဝါးကပ်တိုင်၌ ကျွန်ုပ်တို့၏ ကိုယ်စား အသေခံပေးခဲ့ပါသည်။ သူ၏ ဒုက္ခဝေဒနာသည် ကျွန်ုပ်တို့၏ ဒုစရိုက်အပြစ်များအတွက် ပေးဆပ်ပေးခဲ့ပါသည်။ "ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏အပြစ်ကို လွှတ်စေခြင်းငှါ သွန်းသော ငါ၏အသွေးဖြစ်၏" (မဿဲ ၂၆း၂၈)။

သူ၏ ချစ်ခြင်းမေတ္တာတွင်၊ ကျွန်ုပ်တို့၏ အသိစိတ်သည် အပြစ်နှင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ လွတ်မြောက်ဖို့ရန် လိုအပ်သည်ကို ဘုရားသခင်က သိခဲ့ပါသည်။ အပြစ်များမှ လွတ်မြောက်ခြင်းသည် ကျွန်ုပ်တို့၏အကြီးမားဆုံးသော လိုအပ်ချက်ဖြစ်သည်ကို သူက သိထားခဲ့ပါသည်။ နောက်ဆုံးသော ချစ်ခြင်းမေတ္တာ လုပ်ဆောင်ချက်အနေဖြင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အမှားများကြောင့် နာကျင်မှုဝေဒနာကို ခံစားခဲ့ရုံသာမကဘဲ၊ ကျွန်ုပ်တို့ အပြစ်ကျူးလွန်သောအခါ ကျွန်ုပ်တို့ကို ကမ်းလှမ်းထားသော အပြစ်လွှတ်ခြင်းအားရရှိစေဖို့အလို့ငှါ ၎င်းတို့၏ အကျိုးဆက်များအတွက်လည်း ပေးဆပ်ခဲ့ရပါသည်။ ကျွန်ုပ်တို့ လုပ်ဆောင်ရမည့်အရာမှာ အပြစ်လွှတ်ခြင်း၏ အခမဲ့ လက်ဆောင်ကို လက်ခံရယူဖို့ရန် ဖြစ်ပါသည်။

## အပြစ်လွှတ်ခြင်းဆိုင်ရာ ဆုတောင်းခြင်း - ဘုရားသခင်ထံ ခွင့်လွှတ်မှုကို တောင်းလျှောက်ပါ

သင်သည် ဒုက္ခရောက်နေသော စိတ်ဝိညာဉ် တစ်ခုအား ဖြေသိမ့်ပေးရန်  အပြစ်လွှတ်ခြင်းဆိုင်ရာ ဆုတောင်းခြင်းကို ရှာဖွေရင်း ဤစာမျက်နှာကို အမှတ်မထင် တွေ့ရှိခဲ့ခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့မဟုတ် သင်ဟာ အခြားသောသူကို သင့်အား အလွန်အမင်း ထိခိုက်နာကျင်စေခြင်းအတွက် ခွင့်လွှတ်ဖို့ရန် ကြိုးစားနေရခြင်းနှင့် ရုန်းကန်နေရနိုင်ပါသည်။ ယေရှု ခရစ်တော်ကို မိမိတို့၏ ကယ်တင်ပိုင်ရှင်အနေဖြင့် လက်ခံယုံကြည်သောသူတိုင်းအတွက် အပြစ်လွှတ်ခြင်းကို အခမဲ့ပေးထားပြီးပြီဖြစ်ပါတယ်။ ကျွန်ုပ်တို့သည် မိမိတို့၏အမှားများကို ဝန်ခံ၍ အပြစ်လွှတ်ခြင်းအတွက် တောင်းလျှောက်ပါက၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ခွင့်လွှတ်ပေးပါလိမ့်မည် - မေးခွန်း မေးမြန်းစရာမရှိပါ - "ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏" (၁ ယော ၁း၉)။

ကျွန်ုပ်တို့သည် ယေရှုကို ငြင်းပယ်ပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အပြစ်လွှတ်ခြင်းဆိုင်ရာ ဆုကျေးဇူးကို ငြင်းပယ်ခြင်းဖြစ်ပါသည်။ ငါတို့သည် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ရန် ဆန္ဒမရှိ

ပါဟု ကျွန်ုပ်တို့သည် ပြောဆိုနေခြင်းဖြစ်ပါသည် (၁ ယော ၁း၁၀)။ ဘုရားသခင်ထံမှ အပြစ်ဖြေလွှတ်ခြင်းကို လက်မခံခြင်းသည် ကျွန်ုပ်တို့၏ လွတ်လပ်သော ရွေးချယ်မှုဖြစ်သော်လည်းဘဲ ကျွန်ုပ်တို့သည် နောင်တွင် ကျွန်ုပ်တို့ ကျူးလွန်ခဲ့သည့် အပြစ်အားလုံးအတွက် တာဝန်ယူရပါလိမ့်မည်။ သင်နှင့် ပြန်လည်သင့်မြတ်ဖို့ရန်မှာ ဘုရားသခင်၏ နက်ရှိုင်းသော ဆန္ဒ ဖြစ်ပါသည်။ "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်ဆီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏" (ယော ၃း၁၆)။ အကယ်၍ သင်သည် အမှန်တကယ် ခွင့်လွှတ်ခြင်းကိုခံလိုပါက၊ ယေရှု ပြောဆိုခဲ့သည့်အရာကို သုံးသပ်ဆင်ခြင်၍ သင်၏ အရှင်သခင်နှင့် ကယ်တင်ပိုင်ရှင်အနေဖြင့် သူ့ကို လက်ခံပါ။ သင်သည် အပြစ်လွှတ်ခြင်းကိုခံရ၍ ဘုရားသခင်သည် ပြုပြင်ပြောင်းလဲခြင်းအမှုကို သင်၏အသက်တာထဲ၌ စတင်ပြုလုပ်လာပါလိမ့်မည်။

## အပြစ်လွှတ်ခြင်းဆိုင်ရာ ဆုတောင်းခြင်း - အသစ်သော အသက်တာကို လက်ခံပါ

အပြစ်လွှတ်ခြင်းဆိုင်ရာ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့ကို အသစ်သော မျှော်လင့်ချက်နှင့် အသစ်သော စတင်မှု တစ်ခုအား ပေးပါသည်။ ကျွန်ုပ်တို့၏ ဒုစရိုက်အပြစ်များအားလုံးကို ဘုရားသခင်က ချေဖျက်ပေးပါသည်။ "ထိုအခါ ငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ ပြစ်မှားခြင်း၊ လွန်ကျူးခြင်းများကို မအောက်မေ့ဘဲနေမည်ဟု ထာဝရဘုရားမိန့်တော်မူ၏" (ဟေဗြဲ ၈း၁၂)။

အကယ်၍ သင်သည် အပြစ်သားတစ်ယောက်ဖြစ်ကြောင်း နားလည်ထားပြီး ယေရှုခရစ်တော်သည် တစ်ဦးတည်းသော အပြစ်မှ ရွေးနုတ်ကယ်တင်သူအနေဖြင့် ဆင်းကြွလာခဲ့သည်ကို ယုံကြည်ပါက၊ သင်သည် အပြစ်လွှတ်ခြင်းဆိုင်ရာ ဆုတောင်းခြင်းကို နားလည်သဘောပေါက်နေပြီဖြစ်ပါတယ်။ မေးခွန်း မေးစရာရှိသည်မှာ - ဘုရားသခင်၏ လက်ဆောင်ဖြစ်သော သူ၏သားတော် ယေရှု ခရစ်တော်ကို လက်ခံခြင်းအားဖြင့် ဆုတောင်းခြင်းကို အကောင်ထည်ဖော်ရန် သင် အဆင်သင့်ဖြစ်ပြီလား။ ဖြစ်ပြီဆိုပါက၊ ခရစ်တော်ကို လက်ခံယုံကြည်ပြီး၊ သင်၏အပြစ်များကို နောင်တရ၍ သင်၏ ကျန်ရှိနေသေးသော အသက်တာကို သူ့ထံ၌ သင်၏ အရှင်သခင်အနေဖြင့် ဆက်ကပ်အပ်နှံလိုက်ပါ။

"ခမည်းတော်ဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်၏ ပညတ်တရားများကို ချိုးဖောက်ပြီး၊ အကျွန်ုပ်၏ အပြစ်များသည် အကျွန်ုပ်ကို ကိုယ်တော်ထံမှ ဝေးကွာစေပြီကို အကျွန်ုပ် သိပါ၏။ ကျွန်ုပ်သည် အမှန်တကယ် ဝမ်းနည်းမိပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် ယခု ကျွန်ုပ်၏ အတိတ်ကာလ၏အပြစ်ဒုစရိုက်နှင့်ပြည့်သော အသက်တာမှ ကိုယ်တော်ထံသို့ ပြန်လှည့်လာချင်ပါသည်။ ကျေးဇူးပြု၍ ကျွန်ုပ်ကို အပြစ်မှခွင့်လွှတ်တော်မူပြီး၊ နောက်တစ်ဖန် အပြစ်ဒုစရိုက်ပြုခြင်းမှ ရှောင်ရှားနိုင်အောင် မစတော်မူပါ။ ကိုယ်တော်၏ သားတော် ယေရှု ခရစ်တော်သည် ကျွန်ုပ်၏ အပြစ်များအတွက်

အသေခံ၍ သေခြင်းတရားမှ ရှင်ပြန်ထမြောက်ခဲ့ပြီး အသက်ရှင်၍ အကျွန်ုပ်၏ ဆုတောင်းသံအား နားညောင်းတော်မူသည်ကို အကျွန်ုပ်သည် ယုံကြည်ပါ၏။ ကျွန်ုပ်သည် ယနေ့မှစ၍ ယေရှုကို အကျွန်ုပ် အသက်တာ၏ အရှင်သခင်ဖြစ်လာဖို့ရန်၊ အုပ်စိုးရန်နှင့် အကျွန်ုပ်၏ နှလုံးသားထဲတွင် စိုးမိုးဖို့ရန် ဖိတ်ခေါ်ပါသည်။ ကိုယ်တော်ကို နာခံဖို့ရာ အကျွန်ုပ်အား ကူညီမစဖို့ရန်နှင့် ကျန်ရှိနေသေးသော အကျွန်ုပ်၏ အသက်တာတစ်လျှောက်လုံး ကိုယ်တော်၏ အလိုဆန္ဒကိုသာ လုပ်ဆောင်ဖို့အလို့ငှါ ကျေးဇူးပြု၍ ကိုယ်တော်၏ သန့်ရှင်းသော ဝိညာဉ်တော်အား စေလွှတ်တော်မူပါ။ ယေရှုနာမအားဖြင့် အကျွန်ုပ် ဆုတောင်းပါ၏၊ အာမင်။"

> "သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်" (တမန်တော် ၂း၃၈)။

အကယ်၍ သင် ယနေ့ ယေရှုကို လက်ခံရန် ဆုံးဖြတ်ပါက၊ ဘုရားသခင်၏ မိသားစုမှ ကြိုဆိုပါတယ်။ ယခု၊ ကိုယ်တော်နှင့် သာ၍ နီးကပ်လာစေရန် နည်းလမ်း တစ်ခုအနေဖြင့်၊ ကျွန်ုပ်တို့၏ကတိပေးပြီးသောအရာများအား ဆက်လက်ဆောင်ရွက်ဖို့ရန် သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို ပြောဆိုထားပါသည်။

- ခရစ်တော် မိန့်ကြားထားသည့်အတိုင်း ဗတ္တိဇံကို ခံယူပါ။
- ခရစ်တော်၌ရှိသော သင်၏ အသစ်သော ယုံကြည်ခြင်းကို အခြားတစ်စုံတစ်ယောက်အား ပြောကြားပါ။
- နေ့တိုင်း ဘုရားသခင်နှင့် အချိန်ယူပါ။ အချိန်အများကြီး ယူရမည်ဟု မဆိုလိုပါဘူး။ နေ့စဉ်နှင့် အမျှ ကိုယ်တော်ထံသို့ ဆုတောင်းခြင်းနှင့် သူ၏ နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်း၏ အလေ့အထကို ကြီးထွားစေပါ။ သင်၏ ယုံကြည်ခြင်းနှင့် သင်၏ သမ္မာကျမ်းကို နားလည်သဘောပေါက်ခြင်းအား တိုးပွါးလာစေဖို့ရန် ဘုရားသခင်ထံ တောင်းလျှောက်ပါ။
- ယေရှု၏ အခြားသော နောက်လိုက်တော်များနှင့် မိတ်သဟာယဖွဲ့ခြင်းကို ရှာဖွေပါ။ သင်၏ မေးခွန်းများကို ဖြေကြားရန်နှင့် သင့်ကို ထောက်မပေးမည့် ယုံကြည်သူ မိတ်ဆွေ တစ်စုကို ဖွဲ့စည်းတည်ဆောက်ပါ။
- ဘုရားသခင်ကို သင် ဝတ်ပြုကိုးကွယ်နိုင်မည့် ဒေသခံ စုဝေးပွဲ တစ်ခုကို ရှာပါ။

သင် ဘယ်လို ထင်ပါသလဲ။

ကျွန်ုပ်တို့အားလုံးသည် အပြစ်ဒုစရိုက်ကို ပြုကြပြီး၊ ဘုရားသခင်၏ တရားစီရင်ခြင်းကို ခံထိုက်သူများ ဖြစ်ကြပါသည်။ ခမည်းတော် ဘုရားသည် သူ့ကို ယုံကြည်သောသူများအတွက် ထိုတရားစီရင်ခြင်းကို ဖြည့်ဆည်းပေးရန် သူ၏ တစ်ပါးတည်းသော သားတော်ကို စေလွှတ်ခဲ့ပါသည်။ ဖန်ဆင်းရှင်နှင့် ဘုရားသခင်၏ အဆုံးအစမရှိသော သားတော်ဖြစ်သည့် ယေရှုသည် အပြစ်ကင်းစင်သော အသက်တာနှင့် အသက်ရှင်နေထိုင်ခဲ့ပြီး၊ ကျွန်ုပ်တို့ကို အလွန် ချစ်သောကြောင့် ကျွန်ုပ်တို့ ခံထိုက်သော အပြစ်ဒဏ်ကို ခံယူလျက်၊ ကျွန်ုပ်တို့၏ အပြစ်များအတွက် အသေခံခဲ့ပြီးနောက် မြေ၌မြှုပ်နှံခံရပြီး ကျမ်းစာလာသည်အတိုင်း သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့ပါသည်။ အကယ်၍ သင်သည် သင်၏ စိတ်နှလုံးထဲ၌ ဤအရာကို အမှန်တကယ် ယုံကြည်၍ စိတ်ချမှုရှိပါက၊ ယေရှုကိုသာလျှင် သင်၏ ကယ်တင်ပိုင်ရှင်အနေဖြင့် လက်ခံပြီး၊ "ယေရှုသည် အရှင်သခင်ဖြစ်သည်" ဟု ကြေညာပါက၊ သင်သည် တရားစီရင်ခြင်းမှ ကယ်တင်ခံရပြီး၊ ဘုရားသခင်နှင့်အတူ ကောင်းကင်ဘုံ၌ ထာဝရ နေထိုင်ရပါလိမ့်မည်။